mgyoe.com SAMPLE BOOK

# ဒဂုန်တာရာ

## ဝတ္ထုတိုပေါင်းချုပ်

ပထမအုပ်



mgyoe.com

BATIK design by freepik

myoe.com SAMPLE BOOK

ဒဂုန်တာရာ၏ ဤဝတ္ထုတိုများမှာ
ထွက်ရှိပြီး ဝတ္ထုတိုပေါင်းချုပ်များအဖြစ်
ထပ်မံရှာဖွေဖြည့်စွက်ထားသည်များဖြင့်
စုစုပေါင်း ၁၀၇ ပုဒ်တိတိ
စုစည်းမိသည်ကို နှစ်တွဲခွဲလျက်
ပြန်လည်စီစဉ်ကြခြင်း ဖြစ်ပါသည်။

အတော်အတန်ပြည့်စုံနိုင်ပြီဆိုသော်လည်း
လက်လှမ်းမမီသေးသည်များ
ကျန်ရှိနေပါဦးမည်။
ဆက်လက်စုဆောင်း
လုပ်ဆောင်ကြရဦးမည် ဖြစ်ပါသည်။

ISBN 9789997137197
DGT34
9 789997 137197
MMK 15,000.00

myoe.com

mgyoe.com SAMPLE BOOK

ဝတ္ထုတိုများပေါင်းချုပ် (ပထမအုပ်)၊ ဒဂုန်တာရာ
မျက်နှာဖုံးပန်းချီ - တော်တီဆွေ
အတွင်း Sketch - ဘငွေးကြည်
စာမျက်နှာ ၁–၅၅၀ မျက်နှာ၊ ၁၄ · ၅ စင်တီ× ၂၀ · ၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၅၊ ဇွန်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊
[စံပယ်ဦးဝတ္ထုတိုများ- ၁၉၆၁၊ မာလာမြိုင်ပုံနှိပ်တိုက်၏ ပထမအကြိမ်မူ၊
ဝတ္ထုတိုပေါင်းချုပ်- ၁၉၆၉၊ ပုဂံစာအုပ်တိုက်၏ ပထမအကြိမ်မူ၊
ကြယ်ရိပ်ပန်းနု- ၁၉၉၃၊ အားမာန်သစ်စာပေ၏ ပထမအကြိမ်မူနှင့်
မိုးနှင့်မြေ ရေနှင့်ကြာ- ၂၀၁၈၊ စိတ်ကူးချိုချိုစာပေ၏ ပထမအကြိမ်မူများ]

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com SAMPLE BOOK



# ဒဂုန်တာရာ၊ ဝတ္ထုတိုများပေါင်းချုပ်

## ပထမအုပ်

### စံပယ်ဦး ဝတ္ထုတိုများ (၁၉၄၀-၁၉၅၄)


| | | | |
|---|---|---|---|
| | | * စာရေးသူ၏အမှာ (ပထမအကြိမ်ထုတ်မှ) | ၃ |
| | | * စာရေးသူ၏အမှာ (ဒုတိယအကြိမ်ထုတ်မှ) | ၆ |
| ၁၉၃၉-၄၀ | ၁။ | ပွင့်ခါစ | ၉ |
| ၁၉၄၇ | ၂။ | လံခြားဝါလား | ၁၂ |
| ၁၉၄၉ | ၃။ | ရော်ကျကြွေခြောက် | ၁၆ |
| | ၄။ | မြဝတ်ရည် | ၂၅ |
| | ၅။ | စံပယ်ဦး | ၃၆ |
| ၁၉၅၀ | ၆။ | စန္ဒကေသီ | ၄၁ |
| ၁၉၅၂ | ၇။ | မယ့်ရင်တွင်း | ၅၉ |
| ၁၉၅၄ | ၈။ | လူ့ဥမ္မာ | ၇၆ |
| | ၉။ | တစ္ဆေ | ၈၇ |
| | ၁၀။ | မြမြလန်းစင် | ၉၄ |
| | ၁၁။ | ဆည်းဆာ | ၁၁၁ |
| | ၁၂။ | ရဲဘော် | ၁၂၂ |
| | ၁၃။ | စိန်ပင်စိန်ပင် တစ်ကျိုက်တစ်ကျိုက် | ၁၃၅ |


မူလအသုံး – စပယ်ဦး

mgyoe.com

mgyoe.com SAMPLE BOOK

## ဝတ္ထုတိုပေါင်းချုပ် (၁၉၃၇-၁၉၆၇)


| | | | |
|---|---|---|---|
| ❋ | | ဝတ္ထုရေးသူ၏အမှာ (ပထမအကြိမ်ထုတ်မှ) | ၁၄၇ |
| ၁၉၃၇ | ၁၄။ | အိုတံငါ | ၁၅၁ |
| ၁၉၄၀ | ၁၅။ | ရန်ပုံငွေ | ၁၅၆ |
| ၁၉၄၁ | ၁၆။ | လွတ်လပ်ရေး (၁) | ၁၆၄ |
| ၁၉၄၇ | ၁၇။ | ဧည့်ခန်းဆောင်နှင့် မီးဖိုချောင် | ၁၆၉ |
| ၁၉၄၈ | ၁၈။ | မြဝတ်လွှာ | ၁၇၅ |
| | ၁၉။ | ရွှေ | ၁၈၃ |
| | ၂၀။ | အမိကရုဏ်း | ၁၉၀ |
| | ၂၁။ | ဤအနမ်း | ၁၉၆ |
| ၁၉၄၉ | ၂၂။ | ကိုကို | ၂၀၅ |
| | ၂၃။ | မော်ကွန်းသစ် | ၂၂၀ |
| | ၂၄။ | လွတ်လပ်ရေး (၂) | ၂၃၄ |
| | ၂၅။ | မမမိ | ၂၄၉ |
| | ၂၆။ | ပယင်းလုံ့လုံ့ | ၂၆၃ |
| | ၂၇။ | သောင်းကျန်းသူ | ၂၈၀ |
| | ၂၈။ | ညိုမြိဂုမ္ဘာန် | ၂၉၅ |
| ၁၉၅၀ | ၂၉။ | လွှမ်းသူ့ပန်းခွေ | ၃၁၄ |
| | ၃၀။ | ကြက်မြီးပါတီ | ၃၂၃ |
| | ၃၁။ | ရေနံ့သူခိုး | ၃၃၇ |
| | ၃၂။ | သူခိုး | ၃၄၇ |
| | ၃၃။ | ဟိုတယ်မယ် | ၃၅၂ |
| ၁၉၅၁ | ၃၄။ | လင် လင် | ၃၆၄ |
| ၁၉၅၂ | ၃၅။ | ကြာပဒုံ | ၃၈၂ |
| ၁၉၅၃ | ၃၆။ | နှင်းဆွတ်ခွာညို | ၄၀၁ |
| | ၃၇။ | ကြော်ငြာကပ်သူ | ၄၁၆ |
| ၁၉၅၅ | ၃၈။ | ဥက္ကာ | ၄၂၄ |
| | ၃၉။ | တိမ်ခိုးမျှင် အကွက်ဆင် | ၄၃၉ |
| | ၄၀။ | ပန်းလိပ်ပြာ ဝဲကာ | ၄၅၂ |
| ၁၉၅၆ | ၄၁။ | နန္ဒဝန်ချောင် | ၄၅၉ |
| | ၄၂။ | မာလာ | ၄၆၉ |


mgyoe.com

mgyoe.com SAMPLE BOOK


၁၉၅၇ ၄၃။ ရာဂလော စာဂလော ၄၈၁
၁၉၅၈ ၄၄။ အပျိုစင် အအိုခင် ၄၉၃
၄၅။ ဘာဝနှစ်ခု ၅၀၆
၄၆။ တောဝတ္ထု ၅၁၉


## ဒုတိယအုပ်


၁၉၅၉ ၄၇။ မြို့ဝတ္ထု ၅၅၁
၄၈။ မယားငယ် ၅၅၉
၄၉။ ခင်သူ ကြင်သူ ၅၇၄
၅၀။ သင်းပျံ့မွှေးရီ ၅၈၆
၅၁။ သခင်ကြက်သွေး၏ ကျဆုံးခန်း ၅၉၉
၅၂။ ရေနှင့် ကြာ ၆၁၀
၁၉၆၀ ၅၃။ အနီးအဝေး ၆၂၀
၅၄။ ရင်ခုန်သံကဗျာများအတွက် ၆၃၄
၁၉၆၁ ၅၅။ အစိမ်းနှင့် အနီ ၆၄၇
၅၆။ အမုန်း ၆၅၅
၅၇။ ခင်ထားမို ၆၆၅
၅၈။ လက်လက်လော ရွှေရောင်လော ၆၇၃
၅၉။ ဆယ်နှွေ ဆယ်မိုး ၆၈၃
၆၀။ မွှေးမြရီဝေသော ညတစ်ည ၆၉၃
၆၁။ အခြေခံစခန်း ၇၀၃
၆၂။ ပိုးကန့်လန့်ကာ ၇၁၃
၆၃။ ကိုင်းနေသော ပေါက်ပင်များ ၇၂၁
၁၉၆၇ ၆၄။ ရာဇဝင်ကို ဖြတ်သန်းခြင်း ၇၃၂


### ကြယ်ရိပ်ပန်းနု ဝတ္ထုတိုများ (၁၉၇၂-၁၉၉၀)


* ဝတ္ထုရေးသူ၏အမှာ (ပထမအကြိမ်ထုတ်မှ) ၇၄၇
၁၉၄၈ ၆၅။ လိုင်စင်စီ ၇၅၃
၁၉၇၂ ၆၆။ ကြယ်ရိပ်ပန်းနု ၇၅၉
၆၇။ သင်းမြခိုင် ၇၆၇
- ၆၈။ ဖဲမွှေ့ရာပေါ်ဝယ် ၇၇၄


mgyoe.com

mgyoe.com SAMPLE BOOK


| | | | |
|---|---|---|---|
| ၁၉၇၇-၇၈ | ၆၉။ | နေ့အရောင် ညအရောင် | ၇၈၄ |
| ၁၉၇၉ | ၇၀။ | အင်ကြင်းမြိုင်၏ မြို့ပြခံစားမှု | ၇၉၁ |
| ၁၉၈၀ | ၇၁။ | ဘဲလ်ဖလဲ ဘိုးဘွားပွဲ | ၈၀၁ |
| ၁၉၈၂ | ၇၂။ | ဆန်ဖရန်စစ္စကိုရောက် မြသီတာသို့ ပေးစာ | ၈၁၂ |
| ၁၉၈၃ | ၇၃။ | ဘာကလေရောက် မြသီတာထံမှ ပြန်စာ | ၈၁၉ |
| | ၇၄။ | ဆိပ်ဖလူးရန့်၌ မိမိကိုယ်ကို တွေ့ရှိခြင်း (၁) | ၈၂၄ |
| ၁၉၈၄ | ၇၅။ | ချိန်းတွေ့ကြတဲ့ ညတစ်ည | ၈၃၁ |
| ၁၉၈၅ | ၇၆။ | လှမ်းဆုံလမ်းခွ | ၈၃၈ |
| | ၇၇။ | ခေတ်နောက်ပြန်ဆွဲသူ | ၈၄၄ |
| ၁၉၈၆ | ၇၈။ | ဝင်းပပ | ၈၅၃ |
| ၁၉၈၇ | ၇၉။ | မမဒေဝီဆရာကျော် | ၈၆၅ |
| | ၈၀။ | မြစိမ်းရောင် ဧကရီ | ၈၇၁ |
| ၁၉၈၈ | ၈၁။ | လေစိမ်းတွေ တိုက်နေတယ် | ၈၇၇ |
| | ၈၂။ | ဗန္ဓုရ ဦးမြတ်စံနှင့် သူ၏သမီး | ၈၈၃ |
| ၁၉၈၉ | ၈၃။ | လွတ်လပ်သော မြသံလွင် | ၈၉၀ |
| ၁၉၉၀ | ၈၄။ | တတိယ မျိုးဆက်သစ် | ၈၉၉ |
| ၁၉၉၁ | ၈၅။ | တင့်မေမောင်အတွက် | ၉၁၁ |
| - | ၈၆။ | သင်းမြမြင့် | ၉၂၀ |
| ၁၉၉၂ | ၈၇။ | ချစ်သော ခေမာသီရိ | ၉၂၇ |


## မိုးနှင့်မြေ၊ ရေနှင့်ကြာ ဝတ္ထုတိုများ (၁၉၅၉-၂၀၀၉)


| | | | |
|---|---|---|---|
| - | ၈၈။ | ပျိုးခင်းကိုဝင် | ၉၃၇ |
| ၁၉၅၉ | ၈၉။ | မေတ္တာဘွဲ့ | ၉၄၇ |
| ၁၉၉၂ | ၉၀။ | ဆိပ်ဖလူးရန့် သင်းပျံ့မွှေးမြ | ၉၅၈ |
| ၁၉၉၃ | ၉၁။ | နေကြာပွင့် | ၉၆၆ |
| | ၉၂။ | ချစ်မုန်းချစ် | ၉၇၈ |
| | ၉၃။ | ရေအယဉ် | ၉၈၅ |
| | ၉၄။ | မြစ်အိမ်တော် | ၉၉၃ |
| ၁၉၉၄ | ၉၅။ | နှင်းဆီပွင့် | ၁၀၁၀ |
| | ၉၆။ | ကံ့ကော်ပွင့် | ၁၀၁၉ |
| | ၉၇။ | သက်တံရောင် ငန်းဖြူကန် | ၁၀၃၀ |


mgyoe.com

mgyoe.com SAMPLE BOOK


| | | | |
|---|---|---|---|
| ၁၉၉၇ | ၉၈။ | သဇင်ဖြူလွ | ၁၀၄၀ |
| | ၉၉။ | နှော်အဲလစ်ဇဘက်ဖူး | ၁၀၅၁ |
| ၂၀၀၀ | ၁၀၀။ | ကံ့ကော်ပွင့်တာ စောနေပြီ | ၁၀၆၅ |
| ၂၀၀၂ | ၁၀၁။ | နန်းသိင်္ဂီ၏ မျိုးချစ်စိတ် | ၁၀၇၀ |
| | ၁၀၂။ | စုံလင်ထွေပြား မြားမြောင်ရစ်ပတ် | ၁၀၇၆ |
| ၂၀၀၈ | ၁၀၃။ | ဗိသုကာ ခေမာသီရိ | ၁၀၈၅ |
| ၂၀၀၉ | ၁၀၄။ | မိုးနဲ့မြေ | ၁၀၉၀ |


## ထပ်တိုးဖြည့်စွက်သော ဝတ္ထုတိုများ


| | | | |
|---|---|---|---|
| ၁၉၃၈ | ၁၀၅။ | နေရစ်တော့သက်လှယ်ရယ် | ၁၁၁၃ |
| ၁၉၃၉ | ၁၀၆။ | ပုဂံသား | ၁၁၂၂ |
| ၁၉၆၅ | ၁၀၇။ | ဆိပ်ဖလူးရန့်၌ မိမိကိုယ်ကို တွေ့ရှိခြင်း (၂) | ၁၁၃၁ |

* ※ စာရေးသူ၏ သက္ကရာဇ်မှတ်တမ်း ၁၁၄၁
* ※ ဒဂုန်တာရာ၏ ကလောင်ခွဲအမည်များ ၁၁၄၉


■

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# စံပယ်ဦးဝတ္ထုတိုများ

[ ၁၉၄၀-၁၉၅၄ ]

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

## စာရေးသူ၏ အမှာ
(ပထမအကြိမ်ထုတ်မှ)

(၁)

ယခု 'စံပယ်ဦး' ဝတ္ထုပေါင်းချုပ်တွင် ၁၉၃၉ ခုမှ ၁၉၅၆ ခုအတွင်း ရေးသားခဲ့သော ဝတ္ထုတို ၁၄ ပုဒ်ကို ရွေးချယ်၍ထားသည်။ ကာလအပိုင်းအခြားအားဖြင့်ဆိုရလျှင် ၁၇ နှစ်အတွင်း ဖြတ်သန်းသောခေတ်ဟု ဆိုရပေလိမ့်မည်။ စာရေးသူ၏ စာသည် ၁၉၃၃ နှစ်ကစ၍ စတင်ပုံနှိပ်ခြင်းခံရလေရာ၊ အကြမ်းအားဖြင့် သူ၏ စာရေးသက်တမ်းမှာ အနှစ် အစိတ်ခန့်ရှိပေပြီ။ ယင်း အနှစ်အစိတ်ကာလ၌ ဝတ္ထုပေါင်းချုပ် ထုတ်ဝေခြင်းသည် ပထမအကြိမ် ဖြစ်ပေသည်။ သူသည် ဝတ္ထုပေါင်းချုပ် ထုတ်ဝေရန် ကြံစည်အားထုတ်သည်မှာ ၁၉၅၆ ခုနှစ်လောက်ကတည်းကဖြစ်သည်။ သို့သော် အထမမြောက်ခဲ့ပေ။ ယခု ငွေတာရီစာစဉ်မှ ထုတ်ဝေပေးသဖြင့် သူက ငွေတာရီစာစဉ်ကို ကျေးဇူးတင်သည်။

'စံပယ်ဦး'သည် စာရေးသူကိုယ်တိုင် စီစဉ်ရွေးချယ်သော ဝတ္ထုပေါင်းချုပ်ဖြစ်သည်။ သူသည် စစ်မဖြစ်မီခေတ်က ဝတ္ထု နှစ်ပုဒ်၊ သုံးပုဒ်ခန့် ပါဝင်ရန် ရည်ရွယ်ရင်းရှိသည်။ သို့သော် သူ့လက်ထဲတွင် မရှိသဖြင့် မပါဝင်နိုင်တော့ပေ။ သူက သူ၏စိတ်ကူး၊ သူ၏အတွေးအခေါ်များကို ကိုယ်စားပြုသော ဝတ္ထုများ ပါဝင်စေချင်သည်။ ဥပမာ ၁၉၃၉ ခုလောက်က ရေးသားသော 'ဒို့ရေနံ' ဝတ္ထု၊ ၁၉၄၀ က ရေးသားသော 'ကျောင်းဆရာမ' ဝတ္ထုစသော ဝတ္ထုတိုကလေးများကို ထည့်သွင်းရန် ရည်ရွယ်မိသည်။ သို့သော် ယင်းဝတ္ထုတို့မှာ ရှာ၍ မရနိုင်တော့ပြီ။

သူ၏ပထမဆုံး စတင်ပုံနှိပ်ခြင်းခံရသော ဝတ္ထုမှာ 'မှုန်ပြာရီ'အမည်ရှိ ဝတ္ထုဖြစ်ပေသည်။ ယင်းဝတ္ထုမှာ သူ ရှစ်တန်း၌ ကျောင်းတက်စဉ် ပြဋ္ဌာန်းသော ကျောင်းသုံးစာအုပ်မှ အိတ်ဂျီဝဲရေးသော 'တောတွင်းမှ ရတနာ'ဝတ္ထုကို မှီး၍ ဘာသာပြန်ထားသောဝတ္ထုဖြစ်လေသည်။ ယင်းဝတ္ထုကို တက္ကသိုလ်သိပ္ပံမဂ္ဂဇင်းက ဖော်ပြလေသည်။ မဂ္ဂဇင်း အယ်ဒီတာအဖွဲ့က ဝတ္ထုထည့်သွင်းကြောင်း

mgyoe.com

 SAMPLE BOOK

အကြောင်းကြားခြင်းမပြု၍ သူ၏ဝတ္ထုပါပြီး တစ်နှစ်ကျော် ကြာသောအခါမှ သိရလေသည်။ ထိုအခါက သူသည် လက်တည့်စမ်းနေသော အသင်ကျောင်းသားကလေးဖြစ်ပေသည်။

သူသည် ကဗျာသမားအဖြစ်ဖြင့် စာအရေးသင်သူဖြစ်သည်။ ငယ်စဉ်က ရှေးဟောင်း ကဗျာလင်္ကာများကို ဖတ်ရှု၍ ကြီးပြင်းလာခဲ့သည်။ ကဗျာ၌ သန်လွန်းသဖြင့် စကားပြေကို သိပ်မရေးလှချေ။ ရေးသော်လည်း မကောင်း။ ကဗျာအသုံးအနှုန်းများ ပါနေတတ်သည်။ သို့သော် တက္ကသိုလ်ကျောင်း ရောက်သောအခါ မည်သည့်အကြောင်းကြောင့်မသိ၊ ကဗျာ အရေးနည်းကာ စကားပြေ၌ စိတ်ဝင်စားလာသည်။ သူသည် ကမ္ဘာ့ဝတ္ထုတိုပေါင်းချုပ် လက်ရွေးစင်စာအုပ်ကို ဖတ်ရင်း ဝတ္ထုအတတ်ပညာကို လေ့လာမိသည်။ ယင်းစာအုပ်မှ ကောင်းနိုးရာတို့ကို မှီး၍ ဘာသာပြန်ရေးသားလေ့ရှိသည်။ ကိုယ်ပိုင်ဝတ္ထုများလည်း ရေးသည်။ သူသည် ကျောင်းသားဘဝက စာပေအနုပညာ ရည်ရွယ်ချက်မရှိဘဲ စမ်းသပ်ရေးသားခဲ့လေသည်။

(၂)

စစ်ပြီးခေတ်၌ သူသည် တာရာမဂ္ဂဇင်းထုတ်ဝေရင်း ကိုယ်ပိုင်ဝတ္ထုများကို ရေးစပြုလာတော့သည်။ ထိုအခါကစ၍ စကားပြေကို စမ်းသပ်ရေးခြင်းဟု ဆိုရပေမည်။ တာရာမဂ္ဂဇင်း ထုတ်ဝေသည့် ကာလအတွင်း၌ မရေးမဖြစ်၍ ရေးသားခဲ့လေသည်။ ထို့နောက် တာရာမဂ္ဂဇင်း ထုတ်ဝေခြင်း ရပ်စဲလိုက်သောအခါ အရေးနည်းလာသည်ဟု ဆိုနိုင်လေသည်။ သူသည် ရေးချင်သည့်အခါမှ ရေးသည်။ သူ့စိတ်ထဲ၌ ခံစားချက်ရှိလာမှရေးသည်။ တစ်ပါးသူအား ပြောပြလိုသောဆန္ဒ ပေါ်ပေါက်လာမှရေးသည်။ သို့နှင့် စကားပြေသမားဖြစ်လာရလေတော့သည်။ စကားပြေရေးသော်လည်း စကားပြေ၌ မနိုင်နင်းချေ။ သူ့ကို ကဗျာစိတ်ကူးများ၊ ကဗျာစကားလုံးများက နှောင့်ယှက်တတ်သည်။ ဆိုလိုသည်မှာ သူသည် စကားပြေကို ကဗျာကဲ့သို့ သီကုံးချင်နေလေသည်။

ရေတွက်ကြည့်သောအခါ ၁၉၃၃ ခုမှ ၁၉၆၀ ခုအထိ ဝတ္ထုပေါင်း ၁၀၀ ခန့် ရေးသားခဲ့သည်ကို တွေ့ရလေသည်။ ၁၀၀ စလုံး အကောင်းချည်းမဟုတ်ပေ။ စမ်းသပ်ရေးနေသော ဘဝတွင်ပင် ရှိနေသေးသည်ဟု သူ့ကိုယ်သူ ဝေဖန်မိသည်။ မြန်မာစကားပြေအရေးအသားကို နိုင်နင်း ကျွမ်းကျင်ရန် များစွာ ကြိုးစားရပေမည်။ ထို့အတူ ဝတ္ထုတိုအနုပညာဆိုသည်မှာလည်း ရှင်သော အနုပညာတစ်ရပ်ဖြစ်သည်ကို တွေ့ရပြန်သည်။ ဘာသာစကား တည်ရှိနေသရွေ့ ဝတ္ထုတို

mgyoe.com SAMPLE BOOK


အနုပညာသည် မသေ။ တစ်ခေတ်ထက်တစ်ခေတ် တိုးတက်ဆန်းသစ်လျက်သာ နေပေမည်။ နောင်တစ်နေ့ သူ၏ဝတ္ထုသည် ယနေ့ သူ့ဝတ္ထုနှင့် တူချင်မှ တူပေမည်။ သူသည် စမ်းနေလေသည်။

(၃)

ဝတ္ထုတိုများအနက် 'ရော်ကျကြွေခြောက်'ဝတ္ထုနှင့်ပတ်သက်၍ ပြောစရာရှိသည်။

ရော်ကျကြွေခြောက်ကို ၁၉၄၉ ခု ဟံသာဝတီ လွတ်လပ်ရေး နှစ်ပတ်လည် စာစောင်အတွက် ရေးခဲ့သည်။ ထိုအခါက တက်နေသော ဖဆပလအစိုးရကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဖော်ပြပါရှိသော 'ဆိုရှယ်လစ်နိုင်ငံတော်သို့' သူတကယ်တမ်း ရည်ရွယ်လုပ်ဆောင်သည့် အစိုးရ၊ (ဝါ) စနစ်သစ်ဖြင့် လုပ်ဆောင်သော အစိုးရအဖြစ် သဘောထား၍ ရေးခဲ့သည်။ ဤသဘောထားကို နောက်ကားခံ၍ ဖတ်ရှုရန် တောင်းပန်လိုပေသည်။ သို့မှသာ ရေးသူ၏ဆိုလိုရင်းသည် ပေါ်လွင်မည်ဖြစ်သည်။ သူသည် ကိုလိုနီစနစ်၏ အရိုက်အရာဖြစ်သော ဗျူရိုကရက်စနစ်ဟောင်းကို စနစ်သစ်ဖြင့် အစားထိုးရန် ရည်မှန်း၍ ရေးခဲ့ခြင်းဖြစ်ပေသည်။

ယခု ဤဝတ္ထုကို ပြန်ဖတ်ကြည့်သောအခါ အစိုးရစနစ်သည် ယခင်အတိုင်း မပြောင်းလဲ၊ ပင့်ကူမျှင်ကို ဆေးခြယ်နေခြင်းထက် မကျော်လွန်သေးသည်ကို တွေ့နေရပေသည်။ ထို့ကြောင့်ပင် ယင်းဝတ္ထုသည် ခေတ်နှင့် ဆန့်ကျင်နေပေသည်။

(၄)

ဝတ္ထုတိုပေါင်းချုပ် ထုတ်ဝေခြင်းသည် စာရေးသူအဖို့ စာပေဘဝ၏ မှတ်တိုင်တစ်တိုင် စိုက်ထူလိုက်ခြင်းပင်ဖြစ်သည်ဟု ယူဆလေသည်။ ဆိုပါတော့ ...၊ ၁၇ နှစ်သော ကာလအတွင်း သူ၏ အတွေးအခေါ်ကို တင်ပြခြင်းမည်ပေသည်။ ၁၇ နှစ်ဟူသည် စာရေးသက်တမ်းအနေဖြင့် ဘာမျှမဟုတ်ပေ။

စာဖတ်သူတို့သည် သူ၏စာပေများကိုဖတ်ရှု၍ ဝေဖန်ကြစေသတည်း။

**ဒဂုန်တာရာ**
(၁၉၆၁၊ ပထမအကြိမ်)

●

mgyoe.com

mgyoe.com SAMPLE BOOK

## စာရေးသူ၏ အမှာ
(ဒုတိယအကြိမ်ထုတ်မှ)

### (၁)

အလင်းတိုက်စာပေမှ ကိုအောင်ချိမ့်က စံပယ်ဦး ဒုတိယနှိပ်ခြင်းအတွက် အမှာစာရေးဦးမလားဟု မေးလိုက်သည်။ ဒီတော့မှ ကျွန်တော်လည်း အမှာစာရေးရမည်ကို သတိရသည်။ စံပယ်ဦးဝတ္ထု ထွက်သည်မှာ နှစ် ၃၀ ရှိပြီ။ အနှစ် ၃၀ ဆိုသည်မှာ မျိုးဆက်တစ်ဆက်ကျော် နှစ်ဆက်နီးပါးဟု သာမန်အားဖြင့်ပြောလျှင် ရမည်။ စံပယ်ဦးဝတ္ထုတိုပေါင်းချုပ်တွင် အစောဆုံး ၁၉၃၉ မှ ကျွန်တော်၏ စကားပြေအဖွဲ့အနွဲ့ပါသည်။ ဒီလိုဆိုလျှင် လွန်ခဲ့သော ၅၂ နှစ်က ရေးခဲ့သော အဖွဲ့အနွဲ့။ နောက်အကျဆုံးကတော့ ၁၉၅၄ လောက်က ရေးသော ဝတ္ထုတိုများဖြစ်သည်။ ဒီတော့ လွန်ခဲ့သော အနှစ် ၃၇ နှစ်က ရေးခဲ့သော စကားပြေအဖွဲ့အနွဲ့ ဖြစ်သည်။ ဝတ္ထုရေးသူက ဘာများ မှာစရာလိုပါသလဲ။

လွန်ခဲ့သော အနှစ် ၅၀ က စာဖတ်ပရိသတ်ကို မှာရမည်လော၊ လွန်ခဲ့သော အနှစ် ၃၀ ကျော်က ပရိသတ်ကိုလော၊ သို့မဟုတ် ယနေ့ စာဖတ်ပရိသတ်ကိုလော။

### (၂)

ကျွန်တော်တို့သည် စကားပြောသောအခါ (သို့မဟုတ်) စာရေးသားသောအခါ ဘယ်သူ့ကို စကားပြောသလဲ၊ ဘယ်ပရိသတ်ကိုလဲဟူသော အသိက ဝင်နေသည်။ ထို့ကြောင့်ပင် အမှာစကားကို ရေးသားရခြင်းဖြစ်ပေသည်။

စာပေဆိုသည်က ပြောင်းလဲနေသော သဘောရှိသည်။ ရေစီးသကဲ့သို့ တသွင်သွင် စီးဆင်းနေသည်။ လွန်ခဲ့သော အနှစ် ၅၀ ကျော်က ကျွန်တော်၏ စကားပြေအဖွဲ့အနွဲ့သည် ယနေ့ စကားပြေ အဖွဲ့အနွဲ့နှင့် တူချင်မှတူမည်။ တူတာတွေလည်း ရှိနိုင်သည်။ စာဖတ်ပရိသတ်သည်လည်း ဒီသဘောပင်။

mgyoe.com

mgyoe.com SAMPLE BOOK

အနှစ် ၅၀ ကျော်က စာဖတ်ပရိသတ်နှင့် ယနေ့ လူငယ် နုပျိုပွင့်သစ် စာဖတ်ပရိသတ်တို့သည် ရသခံစားရာတွင် တူချင်မှ တူမည်။

ဒါကို ကျွန်တော် သတိပြုမိသည်။ တစ်ခါက ကျွန်တော့်မိတ်ဆွေ စာပေမွေ့သူ ဆရာဝန် ပါမောက္ခတစ်ဦးက ကျွန်တော့်အရေးအသားသည် ပြောင်းလဲနေသည်ဟု စကားဝိုင်းတစ်ခုတွင် ပြောလိုက်သည်။ ကျွန်တော့်ရင်ထဲတွင် ဒိတ်ခနဲလာရိုက်သည်။ ငါ ဘာပြောင်းလဲပါလိမ့်။ တွေးစရာဖြစ်လာရသည်။

ကျွန်တော်သည် မိမိရေးသားခဲ့သော စာများကို ပြန်၍ ဖတ်လေ့မရှိ။ မဂ္ဂဇင်းထဲတွင် ပါသည့်အခါတော့ တစ်ခေါက် ဖတ်ဖြစ်သည်။ ဖတ်သည်မှာ အခြားကြောင့်မဟုတ်။ စာလုံး အကျအနရှိ၊ မရှိ စစ်ဆေးသည့်သဘောပင် ဖြစ်သည်။

"ဟုတ်ရဲ့လား" ဟု ကျွန်တော်က ထပ်၍ မေးလိုက်သည်။ "ဟုတ်ပါတယ်" ဟု သူက လေးလေးနက်နက် ပြန်ပြောသည်။

သူသည် ကျွန်တော်၏စာများကို အဆက်မပြတ် ဖတ်ရှုနေသူဖြစ်သည်။ သူက ကျွန်တော့်ထက် အသက် ၂၀ ခန့် ငယ်သည်။ ဘယ်နေရာတွေမှာ ပြောင်းသလဲ။ အတွေးမှာလား၊ စိတ်ကူးမှာလား၊ အရေးအသား စကားလုံး အနေအထားလား။ သဒ္ဒါဘက်မှာလား၊ စာရေးဟန်မှာလား ကျွန်တော် တွေးစရာဝင်လာသည်။ သို့သော် မိမိကိုယ်ကို ပြန်လည် သုံးသပ်ခြင်းဆိုသည်ကား လွယ်သောအရာမဟုတ်။ ကဗျာအဖွဲ့အနွဲ့တွင် ကျွန်တော် နည်းနည်းပါးပါး ပြောင်းလဲသည်ကို သတိပြုမိသည်။ စကားပြေကိုတော့ ကောင်းစွာ သတိမပြုမိ။

သူပြောလိုက်တော့မှ နည်းနည်း တွေးစရာများ လှုပ်လှုပ်ရှားရှားလာသည်။

(၃)

တစ်လောက မွေးနေ့တွင် စာရေးဆရာများထ၍ စကားပြောကြရာတွင် ကျွန်တော့်ထက် ၁၀ နှစ်ခန့်ငယ်သူ စကားပြေဆရာတစ်ဦးက ကျွန်တော့်ကို သူသည် ကဗျာဆရာအဖြစ်သာ အသိအမှတ်ပြုသည်။ ထို့နောက် ဆက်လက်၍ ကျွန်တော်၏ စကားပြေထဲတွင် ကဗျာကို တွေ့ရသည်ဟု သူက ပြောသည်။ ယင်းပြောစကားကို အဓိပ္ပာယ်အမျိုးမျိုး ကောက်ကြမည်ထင်သည်။

တစ်ယောက်က ကျွန်တော်သည်လည်း စကားပြေတွင် မည့်ဟူသော စကားဖြင့် ပြောလိုက်သည်။ ကျွန်တော်သည်လည်း မိမိကိုယ်ကို မေးခွန်းထုတ်မိသည့်အခါ ထုတ်မိသည်။ ငါလည်း စကားပြေသမားလော၊ ကဗျာသမားလော။

mgyoe.com SAMPLE BOOK

ကျွန်တော် နားလည်သည်ကတော့ စကားပြေရေးချင်သည့် ခံစားမှု ပေါ်လာလျှင် စကားပြေရေးလိုက်သည်။ ကဗျာရေးချင်သည့် ခံစားမှုပေါ်လာလျှင် ကဗျာရေးလိုက်သည်။ ဒါပဲဖြစ်သည်။ စကားပြေရယ်၊ ကဗျာရယ်ဟု ကြိုတင်၍ သတ်မှတ်ရွေးချယ်ခြင်းမရှိ။ စကားပြေနှင့် ကဗျာသည် ပုံသဏ္ဌာန် ခြားနားသော်လည်း ကျွန်တော့်အဖို့မှာ ရေးဖွဲ့ရမည့် အကြောင်းအရာကို တည်၍ စာပေပုံစံကို ရွေးချယ်ခြင်းသာဖြစ်သည်ဟု ထင်မိသည်။

စကားလုံးများကိုတော့ ကျွန်တော် ရွေးချယ်၍သုံးလေ့ရှိသည်။ မိမိ၏ စိတ်ကူး၊ မိမိ၏ ခံစားမှုကို အတတ်နိုင်ဆုံး ဖော်ပြသောစကားလုံးကို သုံးသည်။ အသစ်ရှာတန် ရှာရသည်။ အဟောင်းသည်လည်း အဓိပ္ပာယ်ရှိနေလျှင် သုံးသည်။ အသစ်ရယ်၊ အဟောင်းရယ် မဟုတ်။ မိမိဖော်ပြလိုသော အရာကို ကိုယ်စားပြုသည့် စကားလုံးဖြစ်လျှင် ပြီးသည် ကျွန်တော် ယူဆသည်။

(၄)

ယခု စံပယ်ဦးဝတ္ထုတိုပေါင်းချုပ်စာအုပ်သည် ယနေ့ ပရိသတ်အတွက်ဖြစ်မည်ဟု ခန့်မှန်းရသည်။ နှပျိုပွင့်သစ်စ လူငယ်များဖြစ်နိုင်သည်။ သူတို့သည် ကျွန်တော်၏ စကားပြေကို မည်သို့သဘောထားမည်နည်း။ ကျွန်တော် စိတ်ဝင်စားသည်။ ကျွန်တော်ထက် အသက် ၃၀-၄၀ ငယ်သော စာဖတ်ပရိသတ် စာပေမွေ့သူများနှင့် တွေ့သည့်အခါ သူတို့က အများအားဖြင့် ကျွန်တော်၏ ကဗျာကို အရေးလုပ်၍ ပြောသည်ကို ကြားရပေသည်။

စကားပြေကို သိပ်အရေးလုပ်၍မပြော။ ထိုအခါ ကျွန်တော်က စိတ်ထဲတွင် နည်းနည်း စိတ်မကောင်းဖြစ်ရသည်၊ မကျေမနပ်ဖြစ်ရသည်။ ကျွန်တော်၏ စကားပြေအဖွဲ့အနွဲ့သည် သူတို့ကို မဆွဲဆောင်နိုင်သလော။

ယခု ကျွန်တော်၏ စပယ်ဦးဝတ္ထုများ ထုတ်ဝေသည့်အတွက် ထုတ်ဝေသူတို့အား ကျေးဇူးတင်ရသည်။ စံပယ်ဦးသည် ယနေ့တိုင် မွှေးမြနေသေးသလော။ မွှေးနေသေးလျှင် ရေးရကျိုးနပ်သည်၊ မမွှေးမြတော့ဘူးဆိုလျှင်...

ဒဂုန်တာရာ
(၁၀-၁၀-၁၉၉၁)

•

mgyoe.com

mgyoe.com SAMPLE BOOK

## မှုင်းခါစ

၁

အိမ်ရှေ့ရှိ သစ်တော်ပင်ကလေးသည် ထွက်ခါစ ဝါကြန့်ကြန့် နေရောင်ခြည်၌ လန်းလန်း စွင့်၍ နေလေသည်။

အပြာနုရောင် ဇာခန်းဆီးကို အသာဖယ်၍ ပြတင်းပေါက်မှ အောက်သို့ ငုံ့ကြည့်လိုက် လျှင်ပင် နံနက်ခင်း သာယာမှုတွေကြားထဲမှ ညက နှင်းတွေကျသဖြင့် သစ်တော်ပင် အရွက် များသည် လေလှုပ်တိုင်း တဖျတ်ဖျတ်လက်၍နေသည်ကို တွေ့ရ၏။ အကိုင်းအခက်များသည် ပင်လယ်လေက ကလိသဖြင့် ညွတ်၍ ညွတ်၍ ယိမ်းနွဲ့ကြလေရာ လောက၏အလှအပကို ပေးသော နံနက်ခင်း နေမင်းကို ဦးညွတ်ပူဇော်သည်နှင့် တူလေ၏။ လန်းဆတ်စွာ သီးပွင့် နေသော သစ်တော်သီးအခိုင်များသည် ဝါသော နေရောင်ဝယ် အလင်းနှင့် အမှောင်ကို အကွက်ဖော်ပေးထားသကဲ့သို့ မှတ်ထင်ရလေ၏။

တစ်ဖန် သစ်တော်ပင်ကလေးကို ကျော်၍ အဆုံးအစမရှိသော ကမ္ဘာမျက်နှာပြင်ကို အကြမ်းပြေးကြည့်လိုက်ပြန်သည်။

နံနက်ခင်းကား အလှအပဖြင့် ပြည့်နေလေသည်။

ဂျိုးများသည် အ... အ... အ... ဟု အော်မြည်ကာ သစ်ပင်တွေအကြား၌ ပျံသန်း၍ နေကြလေပြီ။ အလှအပကို ကြည်နူးအားရ၍ ရွှေချိုးဖြူသည် ကဗျာတေးကို သီဆိုလိုက် လေပြီ။ ခပ်လှမ်းလှမ်း မြစ်ကွေ့ဆီမှ ကမ်းစနှင့် လှိုင်းရိုက်သော ရေသံ အသံဗလံများသည် လေကြောတွင် ပျံ့ဝဲ၍ ပါလာကာ သူ့ဆီသို့ ပျံ့လွင့်လာလေသည်။

"ဟာ– ရေချိုးချိန် ရောက်နေပါပကောလား"

အပျိုမကလေးသည် တိုးတိုးကလေးဆိုရင်း ပြတင်းပေါက်မှ အိပ်ခန်းဆီသို့ သွားကာ မျက်နှာသုတ်ပဝါ၊ ဆပ်ပြာကိုယူလျက် မြစ်ဆိပ်သို့ ပေါ့ပါးဖျတ်လတ်စွာ ပြေးသွားလေ၏။

သူ့ကိုယ်သူ အစောဆုံးဟု ထင်မိသော်လည်း လင်မယားနှစ်ယောက်က သူ့ထက် စောစွာ ရေချိုးနေသည်ကို တွေ့ရလေ၏။ လင်မယားနှစ်ယောက်ကား တစ်ယောက်နှင့်

mgyoe.com

SAMPLE BOOK

တစ်ယောက် ရေနှင့်ပက်ကာ ကျီစယ်နေကြဆဲ။ အပျိုမကလေးသည် သူတို့အား အလျှင်း ဂရုမစိုက်သလို ရေထဲဆင်းကာ ကူးခပ်နေလေ၏။

"အို… သူ သိဝ်ကဲတာပဲ။ ဆံပင် ရေစိုရင် တော်တော်နှင့် မခြောက်နိုင်ဘူး သိလား။ ရှိကြီးခိုးပါရဲ့၊ ဒီလိုတော့ မကစားပါနဲ့ ကိုကိုရယ်…" မယားသံ ပျောက်သွားလျှင် ဟဲဟဲ… ဟဲဟဲ… ရယ်နေသော ယောကျ်ားသံနှင့်အတူ ရေပက်သံ ပေါ်လာပြန်လေ၏။

"ကြည့်ပါလားလို့… မပက်ပါနဲ့ဆို။ ကိုကို၊ ပြောတာမရဘူးလား။ ဒီတစ်ခါလုပ်ရင်တော့ ခင် စိတ်ဆိုးမှာပဲ"

လင်မယားနှစ်ယောက်ကား လွတ်လပ်စွာ ကျီစယ်နေကြဆဲ။ အပျိုမကလေးသည် သူတို့အား ရှက်သလို ကျောပေးလျက် ရေချိုးနေလေ၏။ အတန်ကြာလာလျှင် အပျိုမကလေးသည် ရေချိုးပြီး၍ မျက်နှာသုတ်ပဝါကို ခြုံကာ သူတို့ဘက်သို့ လှည့်ကြည့်လိုက်လေ၏။ သူ့အား ပြုံး၍ ကြည့်နေသော လင်၏မျက်လုံးနှင့် အကြည့်ချင်းဆုံနေလေ၏။

တဒင်္ဂအတွင်း အပျိုမလေး၏ စေတသိက်ဝယ် ပီတိဖြင့် မွှမ်းသွားလေသည်။ ကမျာကယာ ကုန်းပေါ်သို့ တက်လျက် သူ့အား စိုက်ကြည့်နေသော ယောကျ်ားပျိုကို တစ်ချက်ကြည့်ကာ သူ့ခြံဝင်းနှင့် အိမ်ဆီသို့ ပေါ့ပါးလျင်မြန်စွာ ပြေးသွားလေ၏။ ယောကျ်ားပျိုကား ငေး၍ ကျန်ရစ်ခဲ့လေ၏။

၂

ညသည် မွေးနေလေ၏။

လသည် လောကအား ငွေပြာရောင် စိန်ကတ္တီပါ စောင်ဖြင့် ယုယပိုက်ထွေးထားလေသည်။ ဆင်ဝင်ရှေ့ရှိ နှင်းဆီပန်းများသည် လေညင်းဝယ် တနွဲ့နွဲ့ နော့နေကြလေသည်။ ကောင်းကင်သည် ဝင်း၍ နေလေ၏။ တစ်ခါတစ်ခါ တိမ်တိုက်အဖြူများသည် တရိပ်ရိပ် လွင့်ပါး၍ နေကြလေရာ လရောင်သည် မှုန်မှိုင်း၍သွားလေ၏။ တိမ်တိုက်များကျော်သွားလျှင် လသည် သာမြဲသာနေပြန်လေသည်။ ခြံထောင့်ရှိ စိန်ပန်းပင်ကြီးမှ အရွက်များသည် လရောင်ကြောင့် တလက်လက် ဝင်းနေကြလေသည်။

ပြတင်းပေါက်မှ အပျိုကလေးသည် တံခါးပေါင်ကို လက်တင်မှီကာ အဆုံးအစမရှိသော ချစ်စရာ လရောင် လဟာပြင်ဝယ် ကြည်နူးလျက် တွေးတောနေလေသည်။

သူ့အတွေးအဆများသည် အလွန်ယဉ်နေဆဲ။

အောက် ခြံဝင်းတံခါးဆီမှ လေချွန်သံတစ်သံကို ကြားရလေ၏။ သူသည် ခြံဝဘက်သို့ ကြည့်လိုက်လေသည်။ ရာဇမတ်ကွက် မှောင်ရိပ်ကြားမှ မှုန်ဝါးဝါးသဏ္ဌာန်တစ်ခုသည် သူ့အား လက်ယပ်ခေါ်နေသည်ကို သူတွေ့ရလေ၏။ အပျိုမကလေး၏ ရင်သည် တဒိတ်ဒိတ် ခုန်နေ၏။ သွေးချိန်အမှတ်အားသည် မြန်သည်ထက် မြန်လာ၏။ ပီတိသွေးအဟုန်

mgyoe.com SAMPLE BOOK


သည် အာရုံကြောဟူသမျှ ပျံ့နှံ့ ရစ်ထုံသွားလေ၏။

မှုန်ဝါးဝါးသဏ္ဍာန်မှာ နံနက်က သူနှင့်ရေဆိပ်တွင် အကြည့်ချင်းဆုံခဲ့သော ယောကျ်ားပျိုဖြစ်လေသည်။

အပျိုမကလေးသည် ရွှင်မြူးနေသော သမင်မကလေးပမာ ပေါ့ပါးလျင်မြန်စွာ အောက်ထပ်သို့ ဆင်းသွားကာ မကြာမီ ယောကျ်ားပျိုအနီးသို့ ရောက်သွားလေ၏။ သူတို့နှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက် ကြည့်နေကြလေသည်။

လကို တိမ်တိုက်အဖြူက ကွယ်သဖြင့် မှုန်မှိုင်းသွားပြန်လေ၏။

အချစ်သက်သေတို့သည် ထိုအခါမျိုး၌ မျက်လုံးတို့တွင်သာ တည်ကြကုန်၏။ စကားအကြည်ဓာတ်တို့သည် ရွှန်းနေကြကုန်၏။ အချစ်စိတ်ကြောင့် ရဲရင့်သော ယောကျ်ားပျိုသည် အပျိုကလေး၏လက်နှစ်ဖက်ကို အသာဆုပ်ကိုင်လိုက်လေ၏။ မိန်းကလေးသည် မရုန်း။ သို့ရာတွင် သူ၏လက်သည် တဆတ်ဆတ်တုန်လျက်ရှိ၏။

"မင်း ငါ့ကိုချစ်ရဲ့လား"

ယောကျ်ားပျိုသည် လက်ကိုလွှတ်ကာ ခါးကိုဖက်လျက် နမ်းရန် အားပြုဆဲ အပျိုမကလေးသည် အတင်းရုန်းထွက်၍ "ရှင်... ရှင်... ဘာလုပ်တာလဲ... ကျွန်မ ရှင့်ကို မချစ်ဘူး" ဟု ငေါက်ကာ ရန်တွေ့လေ၏။

သူသည် အံ့သြနေလေသည်။

"ဒါဖြင့် ဘာပြုလို့ ငါ လက်ယပ်ခေါ်တော့ မင်း... အိမ်ပေါ်က ဆင်းလာသလဲ"

အပျိုမကလေးသည် သူ၏အမေးကိုမဖြေဘဲ သူ့အား တွန်းပစ်ခဲ့ကာ အိမ်ပေါ်သို့ အပြေးတက်သွားလေ၏။ လသည် လင်း၍လာဆဲ၊ ယောကျ်ားပျို၏ ခေါင်းငုံ့ကာ ပြန်သွားသော မှုန်ဝါးဝါးသဏ္ဍာန်သည် တဖြည်းဖြည်း အိမ်ကြီးနှင့် ဝေးသည်ထက် ဝေးသွားလေ၏။ ညသည် ချစ်စရာကောင်းနေလေ၏။ အပျိုမကလေးသည် အပြာနုရောင် ဇာခန်းဆီးကို အသာဖယ်၍ ပြတင်းပေါက်မှ အောက်သို့ ငုံ့ကြည့်လိုက်လေ၏။

အိမ်ရှေ့ရှိ သစ်တော်ပင်ကလေးသည် ခါတိုင်းကဲ့သို့ပင် တထိန်ထိန်သာနေသော လရောင်ဝယ် လန်းလန်းစွင့်၍နေလေသည်။

တက္ကသိုလ်မဂ္ဂဇင်း နှစ်ပတ်လည်၊ ၁၉၃၉-၄၀။

mgyoe.com

mgyoe.com SAMPLE BOOK

# လုံခြားဝါလား*

စွပ်ပယားသည် နံဖူးတွင် စွဲသီး၍နေသော ချွေးပေါက်များကို လက်ဖြင့် အသာသပ်ချရင်း လုံခြားခြေခုံပေါ်တွင် တင်ပါးလွှဲထိုင်ချလိုက်လေသည်။

ထိုနေရာကား မောင်ဂိုမာရီလမ်းနှင့် ဆူးလေဘုရားလမ်းထောင့် လူထုအိမ်သာအနီးရှိ ပလက်ဖောင်းဘေးတွင် ဖြစ်လေသည်။ သူသည် ပုဇွန်တောင်ဈေးမှ မရပ်မနား ပြေးလာခဲ့ရသဖြင့် ခေတ္တ အမောပြေ နားနေခြင်းဖြစ်လေသည်။

ငယ်ငယ် ပျို့တုန်း သန်တုန်း အရွယ်ကမူ သူသည် သည်လောက်ခရီးကို အပျော့ ထင်ခဲ့သူဖြစ်လေသည်။ ညဘက် ၁၂ နာရီပွဲ ဘိုင်စကုပ်အပြီး အိုလံပီယာရုံမှ အလုံအထိပင် လင်မယား ခပ်ဝဝ နှစ်ယောက်ကိုတင်ပြီး ပြောင်လက် ညက်ညောသော ရန်ကုန် ကတ္တရာစေး လမ်းပေါ်တွင် လေအုံဟုန်ဖြင့် တသွင်သွင် ဆွဲခဲ့ပေသည်။

ရင်ကော့ကာ သင်းမြသော ကစော်နံ့ကလေး စာဝေ့ဝေ့ဖြင့် အိမ်လွမ်းသော တေးကို သီဆိုရင်း ပြေးနေသော စွပ်ပယား၏ အမူအရာကိုကြည့်ပြီး လုံခြားပေါ်မှ မောင်က "ခင်ရေ... လုံခြားဝါလားက တယ်နိပ်တာပဲကွ။ သိပ်လည်း ပြေးနိုင်တာပဲ။ ဒီလောက် အပြေးကောင်း တာကိုတော့ တစ်ခါမှ မတွေ့ဖူးဘူးနော်... နော် ခင်ရေ၊ နောက်ပြီး သိပ်လည်း ငြိမ်တာပဲ။ ဒီလို လုံခြားမျိုးသာ စီးရရင် ဘယ်မော်တော်ကားဝယ်မလဲကွ" ဟု ပြောလိုက်လေသည်။

"လုပ်တော့မယ် ကိုက၊ မော်တော်ကား တယ်ပြီး ဝယ်စီးနိုင်တာကိုးရှင့်"

"ဒီလို လုံခြားဝါလားမျိုးဆိုကွာ လခပေးငှားပြီး ကိုယ်ပိုင်လုံခြားလုပ်ရရင် မကောင်းဘူးလား"

ငယ်ငယ်ကတည်းက ရန်ကုန် လမ်းမတော်တွင် ကြီးပြင်းခဲ့ရသော စွပ်ပယားမှာ မြန်မာစကားကို ကောင်းစွာနားလည်သူဖြစ်၍ သူ့လုံခြားပေါ်တွင် ပြောနေကြသော လင် မယား၏ ချီးကျူးသံကိုကြားရလျှင် မောရမှန်းပင် မသိဘဲ လုံခြားဝါလားဟူသော ဂုဏ် မာနဖြင့် ခြေကို ခပ်ငြိမ့်ငြိမ့်၊ ခပ်မှန်မှန်ဖြင့် သွက်သွက်ကလေးဆွဲကာ ပြေးနေလေသည်။

---

* လန်ချား

mgyoe.com

mgyoe.com SAMPLE BOOK

ကော်မရှင်နာလမ်း ထောင်ကြီးဘေးရှိ အမှောင်ရိပ်များကို ဖြတ်သန်းလာတိုင်း လံခြား ပေါ်မှ လင်မယားသည် တခစ်ခစ် ရယ်ကာ လှုပ်ရှားတတ်သည်။ သို့သော် သူသည် မမှုဘဲ သူ့လံခြားကို ဝေါခနဲ ဝေါခနဲ ဖြတ်ကျော်သွားသော မော်တော်ကားနှင့် ပြိုင်ရသည်ဟုမှတ်ကာ လမ်းဘေးရှိ သစ်ပင်များ၊ ဓာတ်မီးတိုင်များကို တရိပ်ရိပ် ပြေးလွှားကျော်ဖြတ်ခဲ့ပေသည်။

"လံခြားဝါလားကတော့ တကယ်ပဲဟေ့"

"ဟုတ်တယ်နော်၊ သိပ်မြန်တာပဲ နော်... ကိုရေ"

မောင်၏ ရင်ခွင်ကိုမှီ၍ ပြောသော ပျော့ပျောင်းသည့် အသံသည် လျှလျှကလေး ထွက်လာလေသည်။

အလုံရောက်သောအခါ ပျော်ရွှင်နေသော လင်မယားသည် သူ့ကို ငွေဒင်္ဂါးတစ်ကျပ် ပေးလိုက်သည်။ စွပ်ပယားသည် "အစ်ကို့" ဟု တုန်ယင်သောအသံဖြင့် တုံ့ပြန်ကာ လှုပ တောက်လင်း၍ ချစ်စဖွယ် ငွေဒင်္ဂါးကို လမ်းဘေးအုတ်ခုံတွင် ထင်ခနဲ သာယာကြည်အေး သော အသံကို ခေါက်မြည်လျက် ကမ္ဘာလာ အဝတ်နားတွင် ကျစ်ကျစ်ပါအောင် ချည်နှောင်၍ ထားခဲ့လေသည်။

ထိုအဖြစ်အပျက်များသည် လွန်ခဲ့သော အနှစ် ၂၀ လောက်ကဖြစ်၍ ယခုအခါ ကစော်မှုးသည့် ညများတွင် အိပ်မက်မက်လေ့ရှိသော စိမ်းလန်းစိုပြည်သည့် ညဥ့်ဦးအတိတ် ၏ အိပ်မက်များသာ ဖြစ်တော့သည်။

ယခုအခါ စွပ်ပယားသည် အိုမင်းလေပြီ။

သူသည် အသက် ၅၀ ကျော်လေပြီ။ သို့သော် သူကိုယ်တိုင် မွေးနေ့သက္ကရာဇ်ကို သိသူမဟုတ်၍ အတိအကျကား မပြောနိုင်ရှာပေ။ ယခင်ကဆိုလျှင် ဘယ်လောက်ပဲ ပြေးရ ပြေးရ၊ မောသည်မရှိ။ ယခုကား မောလည်း မောတတ်လာပြီ။ မိုးသည်းသည်းထဲ ပြေးရသည့် အခါ ချမ်းတုန်လာတတ်၍ လူဆွဲရင်းပင် "အစ်ကို့ နေပါဦး" ဟု တောင်းပန်ပြီး ကစော် တစ်မော့လောက် ကျိုက်ပြီးမှ လိုရာခရီးသို့ ဆက်နိုင်သည်။

"ဂျာလတီးရျောင်း–ဂျာလတီးရျောင်း" ဟု ခြေနင်းခုံကို ဆောင့်ကာ မကြာခဏ အကြိမ်းအမောင်း အငေါက်အငမ်းကို ခံရတတ်သည်။

ရှေးကမူ ပြေးလွန်း၍ ဖိမ်လိုသော လင်မယားများ-တက်စီးလျှင် "ဖြည်းဖြည်းဆွဲ ပါကွ၊ ကိုယ့် လံခြားဝါလားက တယ်ပြေးတာကိုး" ဟု ရယ်မောပြောဆို တောင်းပန်ခြင်းကိုပင် ခံခဲ့ရသည်။ ရှေး ပျိုစဉ်တုန်းကမူ ကပ်စေးနဲသောသူများကို သူက ပြန်၍ အတိုက်အခံ ပြောခဲ့ဖူးလေသည်။ အချို့ တောကသူများကို သူကပင်အော်ကာ မတန်အတန်ကို တောင်းခဲ့ ဖူးသည်။ ယခုမူ မိမိ၏ အိုမင်းသော ရုပ်ရည်ကိုကြည့်ပြီး မည်သူကမျှ မပေးကြ။ ကလေးများ ကပင် "အဘိုးကြီး... သွား သွား" ဟု အော်ပစ်ကြလေပြီ။

ဂျပန်ခေတ်က သူ့အတွက် အတော် အကျပ်အတည်း တွေ့ခဲ့ရသည်။ ယခင်ကလို

mgyoe.com

mgyue.com SAMPLE BOOK
လေထိုးသော တိုင်ယာများမှာ ဝယ်၍မရ။ ရပြန်ကလည်း ဈေးကြီး၍ မဝယ်နိုင်။ တောက သားရေပြား အပြတ်အသတ်များကိုသာ ဆက်၍ ရန်ကုန်တွင် အသက်မသေရုံ နေခဲ့ရပေသည်။ ဂျပန်ခေတ်တွင် မြန်လည်းမြန်၊ ခရီးဝေးလည်း သွားနိုင်သော ဆိုက်ကားကို လူသုံးများကြလေသည်။ သားရေလုံးနှင့် လံခြားဝါလားများမှာ အတော်မျက်နှာငယ်ကြရသည်။ သူသည် သူ့ကိုဖြတ်ကျော်၍ တဘောက်ဘောက်နှင့် ဘဲကိုတီးကာ တရိပ်ရိပ်သွားသော ဆိုက်ကားယာဉ်များကို မကြာခဏ စိတ်ထဲက ကျိန်ဆဲမိလေသည်။

ယခင်ခေတ်က တေခဲ့ပေခဲ့သော ဒဏ်များသည် ဆင်းရဲလှသော ဂျပန်ခေတ်တွင် ခိုက်တော့သည်။ လမ်း ၃၀ က ကုလား ကပြားမကလေးများနှင့် ကစော်ယစ်ချိန်တွင် ပလူးခဲ့သော အတွေ့သည် ညောင်းရောဂါ၊ ဆီးရောဂါများဖြစ်အောင် ပြုခဲ့ကြသည်။ ထိုအခါ ရောဂါရသဖြင့် လံခြားမှန်အောင် မဆွဲရသဖြင့် ပဲကိုပင် နပ်စေ့မစားရတော့ပေ။

စွပ်ပယားသည် ချွေးများကို သပ်ကာ သပ်ကာ မစ်ရင်း အတိတ်ပုံကားချပ်ကလေးများသည် သူ့ရှေ့ရှိ အိမ်သာမှ စီးကျလာသော ဆီးစီးကြောင်း ကြေးမုံရိပ်ဝယ် လှုပ်ရှားကာ ထင်ဟပ်နေကြလေသည်။

ပျို့ရွယ်စဉ်က အတိတ်များသည်သာ သူ့အဖို့ လှပသော အိပ်မက်များဖြစ်ပေသည်။

သူသည် အနည်းငယ် အမောပြေလာလျှင် ဆာလောင်ခြင်းဖြင့် လမ်းထောင့်ရှိ ဗယာကြော်သုပ်ကို ဝယ်စားလေသည်။ ပြီးလျှင် ကွမ်းယာဆိုင်မှ ဘီလီတစ်လိပ် ဝယ်သောက်သည်။

အိုလာတော့လည်း ဖိမ်ခံချင်သေးတာပဲ။

သူသည် လံခြားခြေခုံတွင် ပြန်ထိုင်ရင်း ဧည့်သည် စီးသူကို မျှော်နေလေသည်။ စတူဒီဘေကာ ကားကြီးများ၏ သက်တံရောင်တို့သည် တစ်လမ်းလုံး ဝင်းထိန်နေကြသည်။

အိုလာကတည်းက သူ့လံခြားကို အခေါ်နည်းလာသည်ကို သူသည် စိတ်နာနေလေသည်။ စင်စစ် ညောင်းရောဂါ၊ ဆီးရောဂါများက နှိပ်စက်သဖြင့် နဂိုအိုမင်းခြင်းထက် ရင့်ရော်ခြင်း၊ မကျန်းမာ မဖျတ်လတ်ခြင်းက ဖြည့်စွက်ကြသည်။ လူတွေက အဘိုးကြီးကို မဆွဲနိုင်ဘူး အောက်မေ့နေတယ်။ ငါ ကောင်းကောင်း ဆွဲနိုင်ပါသေးတယ်။

ဘယ်လိုပင် စိတ်တင်းသော်လည်း အမောက်နှင့် ကောင်မလေးနှစ်ဦးသည် လံခြားစီးရန် သူ့ကို ငေးကြည့်လာပြီးမှ "ဟင်... အဘိုးကြီး သိပ်ဆွဲနိုင်မှာမဟုတ်ဘူး" ဟုဆိုကာ တခြား လံခြားကို ခေါ်လိုက်လေသည်။ "အစ်မ... ငါ ကောင်းကောင်းဆွဲမယ်" ဟု ပြောသည်ကိုပင် မကြားချင်ယောင်ဆောင် ထွက်သွားကြသည်။

သူသည် ဟင်းခနဲ သက်ပြင်းချမိလေသည်။ သူ့ရင်တွင်း၌ကား "ငါ မအိုဘူး၊ ငါ မအိုသေးဘူး" ဟု ပုံ့တင်ထပ်လျက် ရှိလေသည်။

နောက်ဆုံး လူမရသဖြင့် သူသည် ဘိုင်စကုပ် အပြီး မီရန်ဂလုပ်ရုံဘက်သို့ ဆွဲလာခဲ့လေသည်။ ရုပ်ရှင်ရုံရှေ့တွင်ကား ကားများ၊ လံခြား၊ ဆိုက်ကားများသည် ပြွတ်သိပ်နေကြ

mgyoe.com SAMPLE BOOK


လေသည်။ သူ ပလက်ဖောင်းသို့ ဆိုက်လျှင်ဆိုက်ချင်း ရုပ်ရှင်ပြီး၍ ရုံဝမှ လူတွေ အန်ထွက်လာလေသည်။ သူသည် ကိုင်းနေသောခါးကို စန့်ကာ လူကိုစောင့်နေလေသည်။ မျက်နှာကို ပြုံးအောင် ကြိုးစားသည်။ သို့သော် ရွတ်တွ ချိုင့်ဝင်၍နေသော မျက်နှာသည် ရှင်လန်းတောက်ပခြင်းကို ပုံသွင်း၍မရပေ။

လူများသည် သူ့ကိုကျော်ကာ တခြားလံခြား၊ ဆိုက်ကားများကိုသာ စီးသွားကြလေသည်။ ပျို့ရွယ်သော အခြား လံခြားဝါလားများသည် စီးသူထံသို့ သူ့ထက်ဦးအောင် ပြေး၍ သွားနိုင်ကြသည်။ သူကား အမြဲ နောက်ကျ၍ နေလေသည်။

တစ်စတစ်စနှင့် လူများ စဲသွားလေပြီ။ သူကား တစ်ယောက်မျှ စီးသူမရသေး။ အခုခေတ်က လူငယ်တွေခေတ်ကိုး။

ဟင်း... ခနဲ သက်ပြင်းချပြီး သူသည် တစ်နေရာသို့ ကူးတော့မည်ဟု လံခြားလက်ရန်းကို မ,လိုက်စဉ် အသက် ၅၀ ကျော်ခန့် သူနှင့်ရွယ်တူ မြန်မာအဘိုးကြီးတစ်ယောက်သည် အသက် ရှစ်နှစ်ရွယ် မြေးကလေးကို လက်တွဲကာ ဆင်ဝင်အောက်မှ ဟိုကြည့်သည်ကြည့် ငေးကြည့်မျှော်ငံ့နေသည်ကို တွေ့ရလေသည်။

သူသည် အချက်ပဲဟု တစ်ခါတည်း တွေးကာ ထိုလူကြီးထံသို့ အပြေးသွား၍ ကြိုလေသည်။ သို့သော် သူ့ထက်ဦးသူ ရှိလေပြီ။ ခပ်ငယ်ငယ် တောင့်တင်းသန်မာသော လံခြားဝါလားတစ်ဦးသည် သူ့ထက်ဝေးသော နေရာလမ်းထိပ်က လှမ်းမြင်ပြီး တအားပြေးလာရာ သူ့အရင် နှာဖျားတစ်လုံးစာလောက် ရှေ့ရောက်ပြီး ထိုးကပ်လိုက်လေသည်။

စွပ်ပယားသည် မောကာ နောက်ကျနေလေပြီ။ ချွေးတို့ဖြင့် ပြောင်လက်သော မျက်နှာပေါ်တွင် မချိသော အမဲ့ကလေးသည် ပေါ်လာသည်။ အိုတာများ နေရာတကာ အောက်ကျတာပဲ။ သွက်လက်လျင်မြန်သော လံခြားကုလားပျိုသည် သူ့ကို စီးတော့မည်ဟု အသေအချာတွက်ကာ အဘိုးကြီးကို တစ်ချက် မထီလေးစား လှည့်ကြည့်လိုက်ပြီး ထိုင်ခုံကို တဘုတ်ဘုတ်ပုတ်ကာ နေရာလုပ်ပေးလိုက်လေသည်။

သို့သော် လူကြီးကား "ဘ... ဘ... ဒီကုလားက ငယ်တယ်၊ ဒါမှမြန်တာ" ဟူသော မြေးကလေး၏စကားကို လုံးဝဂရုမစိုက်ဘဲ သူ့ထံသို့ ကွေ့ဝင်ပြီး တက်စီးလိုက်သည်။

"ငါက တို့အဘိုးကြီးချင်းမှ စီးချင်တာ။ ဘာလုပ်မလဲ မြန်တာ၊ ကားတွေက ရှုပ်ပါဘိသနဲ့" ဟု ရေရွတ်ပြီး "ဟေ့–လံခြားဝါလား ရေကျော်ကိုသွား" ဟု အမိန့်ပေးလိုက်လေသည်။

စွပ်ပယားသည် မြောက်ခနဲ လံခြားကို မ,ဆွဲလိုက်သည်။ သူ့ထံသို့ ငယ်စဉ် သန်တုန်းမြန်တုန်းက စိတ်ဓာတ်သည် ဖျန်းခနဲ ပြန်ရောက်လာကာ တက်ကြွသောစိတ်၊ ရွှင်ပျသောစိတ်၊ ကြည်နူးသောစိတ်ဖြင့် ကတ္တရာလမ်းပေါ်တွင် တရိပ်ရိပ်ပြေးနေလေသတည်း။

တာရာမဂ္ဂဇင်း၊ ဒီဇင်ဘာ၊ ၁၉၄၇။

mgyoe.com

mgyoe.com SAMPLE BOOK

# ရော်ကျကြွေခြောက်

ပြောင်းတော့မည်ရှုတ်
မင်းလွင်မှုတ်သော်
ကျေးနှုတ်ဖူးစ
ရော်ကျကြွေခြောက်။
နတ်ရှင်နောင်

၁

"ဒီမယ်... လက်မှတ်ယူပြီးမှ ဝင်ပါခင်ဗျ"

အတွင်းဝန်ရုံး တံခါးပေါက်မကြီးမှ အစောင့်တပ်သားလေးက ခပ်ဆတ်ဆတ်ပြောလိုက်မှ ငေးငိုင်ငိုင်ဖြင့် ဝင်လာသော ပထမတန်းဝန်ထမ်းအရာရှိ အတွင်းဝန် ဦးဘမော်သည် ခြေလှမ်းကို တုံ့လိုက်မိသည်။

"အို... ဟုတ်သားပဲ"

သူသည် လက်တစ်ဖက်မှအိတ်ကိုစမ်းသပ်ရင်း ပြန်ပြောလိုက်သည်။ သူသည် မျက်နှာထားနှင့် သူ့ကိုစိုက်ကြည့်နေသော အစောင့်တပ်သား၏ ရင်ဘတ်မှ အနီခံရွှေကြယ်တံဆိပ်ကို ပြန်၍ကြည့်မိသည်။ အမှန်အားဖြင့် သူသည် အိမ်က ထွက်လာကတည်းက တွေနေသဖြင့် လက်မှတ်ကို မေ့နေလေသည်။

အစောင့်တပ်သားလေးမှာလည်း တစ်မနက်လုံး အဝင်လူများကို စစ်ဆေးကြည့်ရှုနေရာ ငြီးငွေ့နေခိုက်ဖြစ်သဖြင့် ခပ်ဆတ်ဆတ်ပင် ပြောမိလိုက်ခြင်းဖြစ်ပေသည်။

အတွင်းဝန် ဦးဘမော်ကား ငေးနေရာမှ မျက်နှာလေး ငယ်သွားသည်။ သူသည် ခွင့်ရှည်ရက် နောက်ဆုံးရက်ဖြစ်သော မနေ့ကပင် အနားယူရန် အကြံပေးသော အစိုးရထံမှ စာကို ရရှိသဖြင့် ခပ်လေးလေး ခပ်တွေတွေဖြစ်ကာ စိတ်အားလျော့နေခိုက် ယခုတစ်ဖန် လက်မှတ်မပါသဖြင့် အစောင့်တပ်သားကလေးက ငေါက်လိုက်၍ အားငယ်မိလေသည်။

mgyoe.com

mgyoe.com SAMPLE BOOK



သူသည် လုပ်သက်ရင့်သော အရာရှိကြီးတစ်ဦးဖြစ်သည်။ အင်္ဂလိပ်အစိုးရလက်ထက်တွင် နှစ်ပေါင်းများစွာ အလုပ်လုပ်လာခဲ့သူဖြစ်သည်။ ဂျပန်ခေတ်ကလည်း ရွှေဘိုအထိ စစ်ပြေးခဲ့ရပြီးနောက် ဆားပေါ်ထွန်းအစိုးရ ဆင်းမလာသို့ ပြေးသောအခါ သူ့မှာ နေရစ်ခဲ့ရသည်။ ဂျပန်ခေတ်တစ်ခေတ်လုံး ဝန်ကြီးချုပ်ရုံးတွင် လုပ်ခဲ့သည်။ ဂျပန်ငွေနှင့် ဆင်းတောင့်ဆင်းရဲနေခဲ့ရသည်။

အင်္ဂလိပ်တို့ ပြန်ဝင်လာပြီး ယခင်က အဆောင်အယောင်အတိုင်း ပြောင်လက်စွာ နေရတော့မည်ဟုရှိရာမှ ယခု 'လွတ်လပ်သော' အစိုးရတက်သောအခါ ရာထူးမှ အနားယူခွင့်ပေးသဖြင့် စိတ်ပျက်နေသည်။ ခွင့်ယူရန်အကြံပေးသော စာကို ဖတ်ရင်း "အမယ်... ငါ့ကို ဘာပြုလို့များ အတင်းအနားယူခိုင်းပါလိမ့်၊ ခုတက်လုပ်နေတာက ကောင်လေးတွေပါ၊ ငါတို့ အတွင်းဝန်ရုံးအပေါ်ထပ် ပန်ကာအောက်မှာ အင်္ဂလိပ်တွေနဲ့ ကြမ်းတစ်ပြေးတည်း လုပ်နေတုန်းက ဒီကောင်လေးတွေက သပိတ်မှောက်တုန်းအရွယ်၊ အတွင်းဝန်ရုံးကို ဝိုင်းသပိတ်တားတဲ့အရွယ်၊ ကျောင်းသားလေးတွေ ရှိသေးတာပဲ" စသည်ဖြင့် တွေးခဲ့သည်။

ငိုင်နေသော ဦးဘမော်သည် အခြားလူများနှင့်အတူ အဝတွင် စီတန်းကာ ဝင်ခွင့်လက်မှတ်ကို စောင့်ယူလျက်ရှိလေသည်။ သူ့နောက်မှ ရပ်နေသော အသက် ၂၀ ရွယ်လူငယ်နှစ်ဦးသည် သူ့ကို တိုးဝှေ့ကာ ရှေ့ရောက်ပြီး ဖျတ်လတ်စွာပင် လက်မှတ်ယူသွားလေပြီ။ သူကား တိုးလည်း မတိုးဝှေ့ချင်၊ အစီအစဉ်အတိုင်း စောင့်နေရာမှ သည်းမခံနိုင်ဘဲ အဝတ်အစား ခပ်နွမ်းနွမ်း ကုလားတစ်ဦးကို ဖယ်ကာ လက်မှတ်ပုံစံစာရွက်ကို ယူလိုက်လေသည်။

ထိုအခိုက် ဝန်ကြီး အလံတလူလူနှင့် ကားတစ်စီး ဝင်လာရာ တပ်သားများက လှံစွပ်သေနတ်ကို မ,ကာ အရိုအသေပေးလိုက်ကြသည်။ ကြည့်စမ်းကွယ်... ဝန်ကြီးဆိုတာ အသက် ၃၀ တောင်မပြည့်သေးဘူး၊ လယ်သမားအဖွဲ့ချုပ်က ဥက္ကဋ္ဌဖြစ်တာနဲ့ ဝန်ကြီးနေရာရတာပဲ၊ တော်လှန်ရေးမှာ ခေါင်းဆောင်တဲ့ ငယ်ငယ်ရွယ်ရွယ်နဲ့ ဘာတတ်မှာလဲ။

"ဝင်နိုင်ပါပြီ"

အတွင်းဝန် ဦးဘမော်သည် ဆုံလည်တံခါးမှ ဝင်သွားလေသည်။

၂

အမှောင်ရိပ်တို့သည် သန်းလျက်ရှိပေပြီ။ နေရောင် မပျောက်တပျောက်ဝယ် ဆိုင်တန်းများမှ လျှပ်စစ်မီးရောင်တို့သည် နန္ဒင်းပွင့်ကဲ့သို့ ဖျော့တော့တော့ ဝါကြန့်ကြန့်ဖြစ်နေသည်။

ကြည့်စမ်းပါ၊ ပြာမှိုင်းသော ကောင်းကင်ထက်ဝယ် မိုန်မည်းစပြုနေသော တိမ်ဖြူအရောင်တို့မှာ ရှန်းရင်းဆန်ခတ်ဖြစ်နေကြသည်။ တချို့ တိမ်ဖြူအစအနများသည် ဖရိုဖရဲနှင့် ပေါ်နေပြီး တစ်ဖက်တွင်ကား အံစင်းစင်းနှင့် ကန့်လန့်ဖြတ်ကာ စိန်ပေါ်ကျောင်းဘက်သို့

mgyoe.com

mgyoe.com SAMPLE BOOK

ကျသွားလေသည်။

တိမ်ဖြူအောက်မှ တိုက်တာများမှာ တောက်ပခြင်းလုံးဝမရှိဘဲ ငေါင်းစင်းစင်းဖြစ်နေကြသည်။ အဆောက်အဦအားလုံးတို့မှာ အလင်းနှင့်အမှောင် တစ်ဝက်စီရှိကာ အဖြူနှင့်အနက် မီးခိုးရောင်သန်း၍နေလေသည်။

ဤဆည်းဆာရောင်ဝယ် နောက်တွင် ကျန်ရစ်ခဲ့သော အတွင်းဝန်ရုံးကြီးမှာ ပျက်ပြိုလဲကျနေသော ရောမမြို့၏ အပျက်အစီးများလောက်မျှ စိတ်ဝင်စားဖွယ် ရာဇဝင်စိတ်ကို မလှုံ့ဆော်။ သုသာန်အနီးရှိ ခရစ်ယာန်ဘုရားရှိခိုးကျောင်းပျက်ကြီးလိုပင် မှတ်ထင်မိသည်။

ဦးဘမော်မှာ အတွင်းဝန်ရုံးမှ မှောင်စတွင် ထွက်လာခဲ့လေသည်။ သူသွားတွေ့သော ဝန်ကြီးမှာ လူထုအစည်းအဝေးတစ်ခုသို့ တက်နေသဖြင့် စောင့်နေရာနောက်ကျသွားသည်။ ဝန်ကြီးမှာ ရုံးဆင်းချိန်ကို ဂရုထားသူမဟုတ်။ တော်တော် မှောင်သည်အထိပင် လုပ်စရာရှိသည်များကို လုပ်နေသည်။ ပြန်ခါနီးကျမှ သူနှင့်စကားပြောခွင့်ရသည်။

ဝန်ကြီးသည် စကားပြောရာ၌ ယဉ်ကျေးသိမ်မွေ့သည်။ ဘာတစ်ခုကိုမျှ မခံသာအောင်တဲ့တိုးကြီးမပြောဟု သူက သဘောရသည်။ အလုပ်ရည်ရင့်ခြင်းကို တန်ဖိုးထားကြောင်း၊ လုပ်သက်ကို လေးစားကြောင်း၊ တစ်ဖန်လုပ်ရည်ရင့်သော လုပ်သက်နှင့် အစိုးရ၏ တာဝန်သစ်များကို မြော်မြင်စွာ ကြည့်ရှုတတ်ခြင်းတို့ တွဲဖက်ထားဖို့ လိုကြောင်း။

"ကမ္ဘာကြီးဟာ ပြောင်းလဲနေတယ်။ စနစ်ဟောင်းတွေဟာ ရင့်ရော်ကျပြီး စနစ်သစ်တွေ ဖူးပွင့်လာပြီ။ တန်ဖိုးသစ်၊ လူထုသစ်၊ အခြေသစ် အနာဂတ်သစ်...။ အဲဒီလိုပြောင်းလဲလာတဲ့အဟုန်ကို သိမြင်မှ သတိထားမှဖြစ်လိမ့်မယ်။ နို့မို့ရင် နောက်ကျန်ရစ်ပြီး အဟောင်းအမြင်းတွေကြားမှာပဲ နစ်ပြီး အလိုလို သေသွားမှာပဲ။ ကျွန်တော်တို့က ရှေးဟောင်းကို ပစ်ပယ်တာမဟုတ်ပါဘူး။ အဟောင်းထဲကပဲ အသစ်ဟာ ပေါ်ထွန်းရမှာပါ"

သူသည် ဝန်ကြီး၏စကားများကို ခေါင်းတညိတ်ညိတ်ဖြင့် ညိတ်ကာ နားထောင်နေလေသည်။ နောက်ဆုံး သိလိုက်သည်ကား အလုပ်လုပ်ရာတွင် နှေးကွေးပြီး ခေတ်မမီတော့သည့်အတွက် ဆိုရှယ်လစ်အစိုးရသစ်၏ လုပ်ငန်းများကို နားမလည်သည့်အတွက် ယခုရာထူးမှ အနားယူရန် ဝမ်းနည်းစွာ တောင်းပန်ရကြောင်း ဆိုခြင်းဖြစ်တော့သည်။

သူစီးလာသော အော်စတင် တစ်ပတ်ရစ် ကားကလေးသည် လမ်းသွားလမ်းလာ ဆိုက်ကားများကို ကျော်တက်ကာ ပန်းဆိုးတန်းသို့ရောက်လေပြီ။ ရေဒီယိုသံများမှာ ဆူညံနေသည်။ ကုလားဘာဂျာသံနှင့် မက်ဆီကို တေးသံသည် ပေါင်းစပ်နေသည်။

ဒီနောက်ပေါက် ကောင်လေးတွေ နိုင်ငံရေးသမားပေါက်စလေးတွေက ငါ့ကို ဗျူရိုကရက်လို့ အောက်မေ့နေကြတယ်။ သင်းတို့က တစ်ဆိတ်ရှိ စကားလုံးတွေကို ရွတ်တတ်တာပဲ ရှိတာပဲ။ အောက်တန်းစားတွေက တက်ဖြစ်နေကြတာ။ ရှေးက လူကြီးတွေကမှ တော်တာ။ အဝတ်အစားဝတ်ရာမှာတောင် ကွာတယ်။ တို့လူကြီးတွေက ရှူးဖိနပ်နဲ့ ဘန်ကောက်တောင်

mgyoe.com

m.gyoe.com SAMPLE BOOK
ရှည်နဲ့၊ ယခုကောင်လေးတွေက စုတ်စုတ်နုပ်နုပ်နဲ့၊ ဟိုဝန်ကြီးများ ပင်နီအပေါ်ဖုံးနဲ့ မန္တလေး တစ်ပတ်နွမ်းလုံချည်လေးနဲ့၊ သူတို့က အစကတည်းက ဒီအစားထဲက လာတာ၊ ဘာဝတ်တတ် စားတတ်မလဲလေ။

ကုလားတန်းကျော်လျှင် တရုတ်တန်း ရောက်လာသည်။ သူ့စိတ်ထဲတွင်ကား အားလျော့ပန်းလျနေသည်။ တရုတ်တန်းမှာ တရုတ်တေးသံ ထွက်မလာ။ ကျယ်လောင်သော အင်္ဂလိပ်သီချင်းသံတို့ဖြင့်သာ သောသောညံလျက်ရှိလေသည်။

'လမ်းမတော်ကို ချိုး၍ ပြည်လမ်းသို့ ရောက်သောအခါမူ ညဟုဆိုလောက်အောင်ပင် အမှောင်သည် နက်ရှိုင်းထူထပ်လျက် ရှိလာလေပြီ။ သစ်ပင်အိမ်ရာ တိုက်တာတို့မှာ ပြာမှိုင်းသော ဘေးပုံသဏ္ဍာန်အဖြစ်သာ တွေ့ရတော့သည်။

ကားအဟုန်သည် မြန်လာသည်၊ ကားသည် ငြိမ့်နေသည်။ တတ္တိပါအနက်ပေါ်မှ လှုပ်တုပ်လှုပ်တုပ်နှင့် လက်နေသော ချစ်စဖွယ် တာရာစိန်ပွင့်များကို မှန်ထဲမှ ငေးကြည့်မိသည်။ သူ့မျက်စိထဲတွင်ကား ကြယ်ပွင့်များသည် ဝါးနေကာ အတွင်းဝန်ရုံးကြီး လဲကျနေသည်ကို မြင်နေသည်။ စင်မြင့်ပေါ် တက်တတ်ရုံ၊ တော်လှန်ရေးဆိုပြီး ပြောက်ကျားစစ်တိုက်တတ်ရုံနဲ့ ဝန်ကြီး တက်ဖြစ်နေကြတာ။ အရာရှိတွေမရှိဘဲနဲ့ အုပ်ချုပ်ရေးလုပ်လို့ရမယ် ထင်သလား။ ဝေးလိုက်တာ၊ အခုကြည့်၊ သူတို့တက်မှ အချင်းချင်း သတ်ဖြတ်နေကြတယ်။

သူသည် နဖူးရှိ ချွေးပေါက်များကို လက်ကိုင်ပဝါဖြူဖြင့် သုတ်ကာ ကားအကွေ့တွင် ငြိမ့်ခနဲဖြစ်မိသည်။ သူသည် ခဏခဏသက်ပြင်းချလေသည်။

သူတို့က အင်္ဂလိပ် အမေရိကန်ကို ဆဲချင်ကြတယ်။ သင်းတို့ ဘာနားလည်သလဲ၊ အခုကားစီးနေရတာ အမေရိကန်က လာတာမဟုတ်လား၊ သူတို့သာ ကြာရှည်ဆက်လုပ်ရင် လှည်းစီးရမှာ။ နောက်ပြီးလဲ..း.

ဆင်ဝင်အောက်တွင် ထိုးရပ်လိုက်မှ သတိရတော့သည်။ ဟယ်လ်ပင်လမ်းရှိ တစ်ထပ်တိုက် အိမ်ထဲမှ လူသံသူသံတို့ဖြင့် ဆူညံနေလေသည်။ လျှပ်စစ်မီးရောင်တို့ဖြင့် ယှက်သန်းနေသည်။ မီးရောင်ဝယ် ပိုးဖဲကတ္တီပါရောင်စုံသည် တဖိတ်ဖိတ်တောက်နေသည်။ အို… မေ့နေလိုက်တာ သမီးလီလီရဲ့ မွေးနေ့ပွဲပါကလား။

စန္ဒရားသံလည်း လျှံထွက်လာလေသည်။

"ဟာ… ဒယ်ဒီပြန်လာပြီ"

သမီးအကြီး ရိုစီသည် ဧည့်ခန်းထဲမှ အပြေးကလေးထွက်လာကာ ဖခင်အား ဆီးကြို လေသည်။

"ဒယ်ဒီက သိပ်နောက်ကျတာပဲ…။ လီလီကဖြင့် ဒယ်ဒီ့ကို မျှော်နေလိုက်ရတာ" ဟု သမီးအလတ် ဒေစီက ယောကျ်ားပျို သုံးလေးယောက်နှင့် ရယ်မောဧည့်ခံစကား ပြောနေရာ စားပွဲမှ ထလာကာ ဖခင်ကို နှုတ်ဆက်လေသည်။
m.gyoe.com

SAMPLE BOOK

ဝဝဖိုင့်ဖိုင့် ရွှေမျက်မှန်နှင့် နှုတ်ခမ်းနီနီ ပါးနီနီ ဆံပင်ဆိုးဆေးမကောင်းသဖြင့် ဆံဖြူတစ်ကွက်ပေါ်နေသော မိန်းမကြီးကမူကား ဇာခန်းဆီးကို အသာ မတင်ထွက်လာ၏။

"ဝန်ထောက်မင်းက သမီးမွေးနေ့များ မေ့နေသလား။ မှောင်မှရောက်တယ်၊ ဧည့်သည်တွေ တချို့တောင် ပြန်ကုန်ကြပြီရှင့်။ ဟိုအတွင်းဝန် ဦးအောင်မြင့်ဆို ခုနကမှ ထပြန်တာ။ ကြေးတိုင်ဝန်ထောက် ဦးဘိုးဟန်ကတော့ အစောကြီးရောက်လာတယ်ရှင့်။ မီးရထားအရေးပိုင် ဦးအေးဖေက နေမကောင်းတာနဲ့ အရေးပိုင်ကတော်ပဲ လာတယ်။ ဟိုဘက်အိမ်က အငြိမ်းစားစစ်ကဲကြီး ဘဘသိန်းတောင် တော်တော်ကြာ ထိုင်နေသေးတယ်။ ပြန်ကြားရေးဝန် ဦးတင်ဦးကတော့ ခဏပဲနေတယ်၊ အစည်းအဝေးရှိတယ်ဆိုပြီး ပြန်သွားလေရဲ့။ ဆိပ်ကမ်းမင်းကြီး ဦးအောင်စိုးရော၊ မင်းကြီးကတော်တို့ စုံတွဲ လာတယ်ရှင့်။ နောက်ပြီး ဝတ်လုံတော်ရ မစ္စတာချာတာဂျီရယ်၊ တရားသူကြီး ဦးချစ်မောင်ရယ်က အတူလာသွားကြတယ်။ ဗိုလ်မှူးကတော်ရော သားသမီးတွေရော တစ်ပြုံကြီးပဲ။ မေ့နေလိုက်တာ ရန်ကုန်အရေးပိုင် ဦးအောင်သန်းလည်း..."

"မင်းကတော်... ဒီမှာ စုစုတို့ နုနုတို့ လာနေတယ်။ မင်းကြီးကတော်လည်းပါတယ်" ဟု ခပ်လှမ်းလှမ်း ဧည့်သည်တစ်ဦးက ပြောလိုက်သဖြင့် အထက်တန်းစား မင်းစိုးရာဇာများ၏ မာတိကာကို ကုန်စင်အောင်ပင် မပြောရသေးဘဲ "ကြွပါ... ကြွပါ" ဟု ဆိုကာ ဆင်ဝင်ဝသို့ သွားရပြန်လေသည်။

လီလီကား စန္ဒရားတီးနေရသဖြင့် ဖခင်ကိုမမြင်။ စာတိုက်မင်းကြီး၏ သား ချာလီက တယောထိုးသည်။ အတွင်းဝန်ဦးဘသန်း၏ သား မောင်မြသွင်က အဆို...။

ကြွရောက်လာကြသော မင်းပရိသတ်အားလုံးကား ယခင်အင်္ဂလိပ်အစိုးရပိုင်းမှ များသည်။

ဧည့်ခန်းဆောင်တွင် လူငယ်များသာရှိသည်။ အထူးသဖြင့် လီလီ၊ ရိုစီ၊ ဒေစီ စသော သမီးများ၏ ယောက်ျားဧည့်သည်များနှင့် ကျောင်းနေဖက် သူငယ်ချင်းများဖြစ်ကြလေသည်။

အငယ်ဆုံးပင်စီမှာ ယခင်စစ်မဖြစ်မီ အင်္ဂလိပ်ခေတ်ကို အိပ်မက်ပမာ မီရုံသာရှိရာ ဂျပန်ခေတ်၊ နောက် ဖ-ဆ-ပ-လခေတ်တွင် ကြီးပြင်းလာသူဖြစ်သည့်အတိုင်း ပြောင်းလဲခြင်းကို တွေ့ကြုံနားလည်သည်။ ပင်စီသည် ဧည့်ခန်းဆောင်ဘေး ဝရန်တာတွင် တက္ကသိုလ်သမဂ္ဂဥက္ကဋ္ဌ ကိုစိန်လှနှင့် ဆိုဗီယက် အမျိုးသမီးအကြောင်း ဆွေးနွေးလျက်ရှိသည်။

ပင်စီမှာ သူ့အစ်မကြီးများလို ဘယ်အရေးပိုင်သား၊ ဘယ်မင်းကြီးတူ၊ ချာလီ၊ တွန်မီ ဂျွန်နီစသော အင်္ဂလိပ်ခေတ်ဟောင်း၏ ပေါင်းသင်းဆက်ဆံရေး၌ သိပ်ပြီး ပန်းစားသူမဟုတ်။ ဘယ်လယ်သမားပါတီ၏ အတွင်းရေးမှူး၊ ဘယ်ဆိုရှယ်လစ်ပါတီ၏ ဝါဒဖြန့်ချိရေးမှူး၊ ဘယ်နိုင်ငံရေးရာ အတွင်းဝန်စသော ခေတ်သစ်၏ ပေါင်းသင်းဆက်ဆံရေးသစ်၌သာ ပျော်ဝင်လိုသူဖြစ်သည်။ ပင်စီမှာ သူ၏အမည်ကိုပင် ရင်ရင်မော်ဟု ပြောင်းထားသည်။

mgyo.com

mgyoe.com SAMPLE BOOK

"မော်စကိုကလာတဲ့ စာအုပ်တစ်အုပ်တည်းက သူ့ရဲ့ကောင်းမ တညာအကြောင်းဖတ်ရတယ်၊ နာဇီတွေသိမ်းထားတဲ့ ရွာတစ်ရွာမှာ တညာက ဂျာမနီတွေရဲ့ စစ်မြင်းဖောင်းတစ်ခုကို မီးရှို့မယ် အလုပ်မှာ အဖမ်းခံရသွားတယ်၊ ဖက်ဆစ်တွေကလေ တညာကို နှိပ်စက်လိုက်ကြတာ သိပ်ကို သနားစရာကောင်းတာပဲ၊ နောက်တစ်နေ့ ရွာလယ်မှာ အသတ်ခံရရှာတယ်၊ ရင်ဖြင့်လေ ဒါဖတ်ပြီး သိပ်ကို ထိခိုက်သွားတာပဲ"ဟု ပင့်စိက ပြောနေလေသည်။

သမဂ္ဂဥက္ကဋ္ဌ ကိုစိန်လှက ပြုံးကာ "စတာလင်က ဒီဒုတိယကမ္ဘာစစ်ကြီးကို မျိုးချစ်စစ်ပွဲလို့ ကြွေးကြော်ပြီး တိုက်တာပဲ"

ဧည့်ခန်းဆောင်ဘက်မှ သီချင်းဆုံးသဖြင့် လက်ခုပ်သံများ ပေါ်ထွက်လာလေသည်။ သိပ်အံ့ဩဖို့ကောင်းတယ်၊ လှပတဲ့တေးတစ်ပုဒ်၊ ရင်ခုန်ဖွယ်သီချင်း၊ အနုပညာတစ်ရပ် စသော ဩဘာသံများအကြားဝယ် လီလီမှာ ရယ်မောလျက်ရှိလေသည်။

"လီလီ နောက်တစ်ပုဒ်ထပ်တီးဦးကွယ်"

အားလုံးက ပွဲတောင်းကြပြန်သည်။ တယောထိုးသူ ချာလီက အင်္ဂလိပ်အသံများကို စမ်းလျက်ရှိသည်။

"ရေကူးအလှ ဇာတ်ကားထဲက သီချင်းတီးကွယ်"

လီလီသည် စန္ဒရား၏ ခလုတ်ဖြူများပေါ်ဝယ် လက်ကလေးများကို လှုပ်ရှားလိုက်လေသည်။ အင်္ဂလိပ်တေးသံ၏ အတွန့်အတက်အညွန့်အခက်များသည် ခုန်ကြွကာ ကစားနေသည်။

အတွင်းဝန်ဟောင်း ဦးဘမော်မှာ ယခုမှပင် အသက်ရှူမှန်လာတော့သည်။ ညနေစောစောက အလုပ်သမားဝန်ကြီးနှင့် စကားပြောရစဉ်က မွန်းကြပ်ပြီး ချွေးပြန်သလောက် ယခုပေါ့ကာ သွက်လက်၍လာသည်။ ယခုမှပင် သူ့ငယ်ပတ်ဝန်းကျင်အစစ်၊ သူ၏ပေါင်းသင်းဆက်ဆံရေးအစစ်၊ သူ့နေရာအစစ်သို့ ပြန်ရောက်ပေပြီ။

ဦးဘမော်သည် လီလီတီးနေသော တေးအတွန့်ဝယ် ကိုယ်ကိုကြွကာ ခေါင်းပေါင်းကို ချွတ်၍ အပေါ်သို့တက်သော လှေကားရင်းရှိ အကျီချိတ်တွင်ပင် တင်လိုက်သည်။

"လာ ကိုဘမော်... ဆရာကြီးရဲ့ ဒီဘတ်ကြွပါဦးဗျ... စောင့်နေလိုက်ရတာမင်..."

ထမင်းစားခန်းမှ ထုတ်ထားသော သံပန်းအကာနှင့် အဆောင်ရှိမှောင်ရိပ်မှ အရက်သံတစ်သံထွက်လာသည်။ ကေန္ဒ ပုလိပ်မင်းကြီးဟောင်း ဦးလတ်နှင့်တူသည်၊ အစစ်ပါပဲ။

ဦးဘမော်သည် ထိုအမှောင်ရိပ်သို့သွားလေသည်။ ဦးလတ်နှင့်အတူ ဝတ်လုံတော်ရ ဦးဘသက်တင်လည်း ဘီယာ မော့နေသည်။ ကြိမ်ကုလားထိုင် သုံးလေးလုံးနှင့် သစ်သားစားပွဲအစိမ်းခင်းထားသည်။ ဖန်ခွက်များတွင်ကား ပယင်းရင့်ရင့်၊ ဝါဝါ၊ ညိုညို...။

ဧည့်ခန်းဆောင်မှ လီလီတို့၏ ရယ်မောသံ၊ သီချင်းဆိုသံ၊ ယခုစားပွဲပေါ်မှ အရက်ဖန်ခွက်၊ လာဘ်ရတိုင်း သွားမြူးလေ့ရှိသော တရုတ်ဟိုတယ်ကိုပင် သတိရသေးတော့...။

mgyoe.com

mgyoe.com SAMPLE BOOK
ဦးဘမော်သည် ယခုပင် ရှင်လန်းပေါ့ပါးစွာနှင့် မြူးရှုံလာတော့သည်။ သူ၏ နေရာ အစစ်အမှန်။

(၃)

အပြင်ဘက်တွင်ကား လေသည် နေရာတိုင်းဝယ် တိုးဝှေ့ကာ ပြေးလွှားလျက်ရှိသည်။ ဟယ်လ်ပင် လမ်းမပေါ်ဝယ် သစ်ရွက်ရော်ဝါကလေးများသည် တိုင်ကူးတမ်းကစားနေကြသည်။

မြင့်မားထူထပ်သော သစ်ကိုင်းများအကြားမှ ဖြတ်သန်းထွက်လာသော ဝင်္ကပါရိပ်ဝယ် သစ်ရွက်တို့၏ လှုပ်ရှားချက်တို့သည် ဝိုးဝါးထင်နေကြလေသည်။ ခပ်လှမ်းလှမ်းရှိ အမေရိကန်သံအမတ်အိမ်မှ ရေဒီယိုသံသည် ငွေလရောင် ဖဲပြားသုတ်တွင် လျှောစီးလျက်ရှိသည်။

လီလီတို့၏ စိတ်အားထက်သန်စွာ တီးမှုတ်သီဆိုနေကြသော တူရိယာသံဝယ် အရက်ဖန်ခွက်ချင်းထိ၍ ချွင်ခနဲမြည်သောအသံမှာ အမှုမဲ့ အမှတ်မဲ့ပင် အရာမထင်ဖြစ်နေတော့သည်။

ဦးဘမော်က ဆွေးပြင်းလိပ်ကိုသာ အတွင်းဖွာရင်း "ခက်တာက ဒီအကောင်တွေ လာရင် အရင် အင်္ဂလိပ်လက်ထက်က အရာရှိတွေကို ထုတ်ပစ်ချင်တယ်"

"ဘယ်ရမလဲဗျ၊ သေတောင်မရဘူး"ဟု ပုလိပ်အရာရှိဟောင်း ဦးရာဇတ်က ထောက်ခံသည်။

"အင်္ဂလိပ်က စနစ်မှာ အင်မတန်ကောင်းတယ်ဗျ၊ ကမ္ဘာမှာကို ရှားတယ်။ အခုမှ စနစ်လုပ်လာတာမဟုတ်ဘူး၊ ရှေးလက်ထက်ကတည်းက ဆက်လက်တည်မြဲလာခဲ့တဲ့စနစ်ဗျ၊ ခုကောင်လေးတွေက ဘာနားလည်သလဲ။ သပိတ်မှောက်၊ သခင်အသင်းထဲဝင်၊ နောက် ဘီအိုင်အေထဲ ဝင်တိုက် တော်လှန်ရေးသမားတဲ့။ သိပ်ရယ်စရာကောင်းတယ်။ ဂျပန်အလာ အင်္ဂလိပ်အပြေးမှာ တော်လှန်တာပါ။ ဂျပန်ကြောင့်ပါ၊ သူတို့ သတ္တိရှိလို့မဟုတ်ပါဘူး"ဟု ဝတ်လုံတော်ရက ဆိုလေသည်။

"ဟုတ်တယ်၊ ဒီကောင်လေးတွေ သတ္တိမရှိပါဘူး။ ကျုပ်ရာဇဝတ်ဝန်ထောက် ဘဝတုန်းက လူမိုက်ငဖျော်ကို အချုပ်ခန်းထဲမှာ ပုလိပ်နှစ်ယောက်ချုပ်ခိုင်းပြီး လိုမ့်ကန်လိုက်တာ ဘယ်ပြန် ညာပြန်ပေါ့။ ဗိုလ်လုပ်လာခဲ့တဲ့ ငဖျော် လှုပ်တောင် မလှုပ်နိုင်ဘူး။ ပါးစပ်က သွေးတွေထွက်လာတယ်။ ကျုပ်လောက် ဒီတော်လှန်ရေးသမားလေးတွေ သတ္တိရှိမလားလို့"ဟု ပုလိပ်မင်းကြီးဟောင်း ဦးလတ်က မဲ့ရွဲ့ကာ ပြောလေသည်။ သူသည် ဂျပန်အတက်တွင် ဂျပန်ကို ပြေးကပ်ပြီး ရန်ကုန် ပုလိပ်မင်းကြီးလုပ်ကာ အထည်ကုန်တိုက်များ ဖောက်ပြီး ပစ္စည်းချမ်းသာသဖြင့် ယခုအခါအငြိမ်းစားနေသူဖြစ်သည်။

"နောက်ပြီး ဖက်ဆစ်တော်လှန်ရေးတဲ့။ အင်္ဂလိပ်အမေရိကန်ကြောင့် သူတို့ဂျပန်ကို

mgyoe.com SAMPLE BOOK
ခံချနိုင်တာပါဗျာ။ သူတို့မှာ ဘာလက်နက်ရှိလို့လဲ။ တစ်ခါက စီအက်သတင်းလွှာတစ်ခုမှာ ပါသလို ဗမာ့တပ်မတော်ဟာ နိုင်တဲ့ဘက်ကို ကူးတာပါ၊ ဒါနဲ့တောင် တစ်နေ့က အစည်းအဝေးမှာ "နယ်ချဲ့အင်္ဂလိပ်သူလျှိုကို နှင်ထုတ်လော့ ... တဲ့။ တော်တော်ကျေးဇူးကန်းတဲ့ကောင်လေးတွေ၊ သူတို့ တစ်ခါလာ လူထု၊ လူထုနဲ့ဘာလူထုလဲ၊ လူထုဆိုတာ နွားပါ။ လူထုက တော်လှန်တာတဲ့၊ ကျုပ်က သိပ်ရယ်ချင်တယ်၊ လူထုဆိုတာများ ကြီးစိုးရင် ကျုပ်တော့ မြန်မာပြည်မှာ မနေဘူး"ဟု ပုလိပ်မင်းကြီးဟောင်းက ခပ်ထွေထွေနှင့် ကြိမ်းလျက်ရှိလေသည်။

ဦးဘမော်ကမူ ခပ်အေးအေးပင် ဘီယာတစ်မော့ မော့လိုက်ရင်း–

"ကျုပ်တို့လို အရာရှိဟောင်းတွေကို ဖြုတ်ပြီး နိုင်ငံအုပ်စိုးလို့ ဘယ်တော့မှမရနိုင်ဘူးဗျ၊ ဘာပဲဖြစ်ဖြစ် အင်္ဂလိပ်စနစ်က စည်းကမ်းတကျရှိတယ်။ အလုပ်လုပ်သူကို သူ့နေရာနဲ့သူ တန်အောင် လခကောင်းကောင်းပေးတယ်၊ အဆောင်အယောင်ပေးတယ်။ ဘုံဝါဒဆိုတာ ဘယ်တော့မှမဖြစ်နိုင်ဘူး။ မင်းစေနဲ့ အတွင်းဝန် လခတူပေးလို့ ဖြစ်မလားဗျ"

"ဆိုရှယ်လစ်ဝါဒဆိုတာ အလုပ်မှာ မလွယ်ဘူးနော်။ သူတို့ဘိုးအေ ဆိုဗီယက်ရုရှားမှာတောင် ဖြစ်သေးတာမဟုတ်ဘူး။ ဘယ်အလုပ်ဖြစ်ဖြစ် ဗြုန်းခနဲ ဒိုင်းခနဲလုပ်လို့ရတာမဟုတ်ဘူး၊ တဖြည်းဖြည်းပေါ့။ ကျုပ်တော့ ဘာပဲဖြစ်ဖြစ် တော်လှန်ရေးနည်းကို မကြိုက်ဘူး"ဟု ဝတ်လုံတော်ရ ဦးဘသက်တင်က ဖန်ခွက်ထဲသို့ ရေခဲထပ်ထည့်ရင်း ပြောလိုက်လေသည်။

"အစိုးရအလုပ်ဆိုတာ အရမ်းလုပ်လို့မဖြစ်ဘူး။ ဒီတော့ အရာရှိကြီးတွေနဲ့ ဆက်လက်ပြီး..."

ထိုအခိုက် မင်းကတော် ဝဝဖိုင့်ဖိုင့်သည် စာတစ်ရွက်ကို ကိုင်ကာ သူတို့အပါးသို့ လာရောက်လျက် "ဒီမယ် ကိုဘမော်၊ ဟိုဘက်လမ်းက --- က စာလာပေးတယ်"

ဦးဘမော်သည် စာကိုလှမ်းယူလိုက်သည်။

ဦးဘမော်

(အတွင်းဝန်)

ဦးခင်ဗျား...

အလုပ်သမားများအရေးနှင့်ပတ်သက်၍ တိုင်ပင်ဆွေးနွေးလိုပါသည်။

ခေတ္တကြွပါရန်။ ကျွန်တော်တို့ စောင့်နေပါသည်။ အလုပ်သမားပါတီ

ဒုတိယဥက္ကဋ္ဌ သခင်လှကြူးလည်း ရှိပါသည်။

သခင်မြတ်ထွန်း

နိုင်ငံရေးအတွင်းဝန်

အလုပ်သမားသမဂ္ဂအတွင်းရေးမှူး

mgyoe.com

mgyoe.com SAMPLE BOOK

စာဖတ်ရင်း ဦးဘမော်၏ လက်မှာ အရက်ရှိန်ကြောင့်လား၊ ဘာကြောင့်လားမသိ တုန်နေလေသည်။ ဝတ်လုံတော်ရနှင့် ပုလိပ်မင်းကြီးဟောင်းက "ဘယ်က စာလဲ" ဟု ဝိုင်းမေးကြသည်။

သူသည် ပြန်၍ပင် မဖြေအားဘဲ ချက်ချင်း နေရာမှထကာ "ခုသွားမယ်လေ ဆရာကြီးတို့ ခဏလေးနော်။ ကျုပ်အခုပဲ ပြန်လာမှာပါ" ဟု ဆို၍ စာရွက်ကို ခေါက်ကာ အိတ်ထဲ ထည့်လိုက်သည်။ သောက်ဖော် သောက်ဖက်များကား ငေးကာနေကြခိုက် ပျာယီးပျာယာနှင့် နှစ်လှမ်း၊ သုံးလှမ်း လှမ်းပြီးမှ ဦးဘမော်က "ခေါင်းပေါင်းပေးပါဦးကွဲ.၊ မြန်မြန်လုပ်ပါ၊ ဟိုလေ့ကားရင်းက ချိတ်မှာလေ၊ ပေး... ပေး..."

ဦးဘမော်သည် ကမန်းကတန်းပင် ခေါင်းပေါင်းကို စွပ်ကာ ဆင်ဝင်အောက်သို့ ပြေးသွားလာသည်။ ကျန်ရစ်သော သူ၏ဧည့်သည်များကား "ဘယ်သူ... နိုင်ငံရေးအတွင်းဝန် ဟုတ်လား" ဟု မေးလျက် ကျန်ရစ်ကြသည်။

အတွင်းဝန် ဦးဘမော်သည် အရက်နံ့ပျောက်အောင် တံတွေးကို ထွေးပစ်ရင်း ငွေလဲရောင် ဖိတ်ကျနေသော ဟယ်လ်ပင်လမ်းပေါ်ဝယ် ခပ်သုတ်သုတ်လျှောက်သွားနေသည်။

ကောင်းကင်ပြင်တွင်ကား ငွေနားကွပ်ထားသော တိမ်တိုက်ဟောင်းနေရာတွင် ငွေဇာပါး တိမ်လွှာသစ်များ ရောက်နေလျက် စိန်ကြယ်ပွင့်ကလေးများသည် ငွေဇာ၊ မြဇာ၊ ပုလဲဇာ၊ နီလာဇာတွန့်များအကြားမှ အတင်းလုကာ တိုးထွက်တောက်ပနေလေသတည်း။

**ဟံသာဝတီ နှစ်ပတ်လည်၊ ၁၉၄၉။**

mgyoe.com

mgyoe.com SAMPLE BOOK

# မြဝတ်ရည်

(၁)

"သိန်းရေ ဘယ်ရောက်လာပြီလဲ"

မအေးသိန်းသည် သားရေသေတ္တာကို လက်တင်ထားရာမှ သူ့ညီမကို ငေးကြည့်ရင်း

"မသိတော့လားကွယ်–သွင့်နေရာက အပေါက်မရှိဘူးလား။ အသာဖယ်ကြည့်ပါလား" ဟု ပြောလိုက်လေသည်။

သို့သော် မော်တော်ကား စက်သံ၊ မိုးသံ၊ လေသံများကြောင့် သွင်က ကိုယ်ကို ရှေ့သို့ ကုန်းညွတ်ကာ မကြားသလို ငေးစိုက် နားထောင်နေလေသည်။ မအေးသိန်းက နောက်တစ်ခါ ထပ်ပြောရလေသည်။

မိုးသည် နေ့လယ်ကတည်းက သည်းထန်စွာ ရွာသွန်းလျက် ရှိပေသည်။

တာလပတ်အုပ်ထားသော အရုပ်ဆိုး အကျည်းတန် လော်ရီကားကြီးသည် မိုးရေထဲတွင် ပြေးလျက်ရှိသည်။ သို့သော် ခါတိုင်းလောက် မလျင်မြန်။ အဘယ်ကြောင့်ဆိုသော် ရန်ကုန် ပြည်လမ်းမကြီးမှာ မှိုင်းမှုန်၍နေသည်။ မိုးသည် အကွေ့များကို ကာဆီး၍ထားသည်၊ ထို့ကြောင့် ရဲရဲမမောင်းနိုင်။ ထို့အပြင် မိုးရေကြောင့် ပြောင်ချော၍ နေလေရာ လမ်းဘေး ချော်သွားမည်ကို စိုးရိမ်ရပေသည်။

ရှေ့တွင် ဘာရှိလိမ့်မည်ကို သဲသဲကွဲကွဲ မမြင်ရ။ ကောင်းကင်မှ ရေကာတာကြီး ကျိုးကျသလို မိုးရေတို့သည် ဒလဟော စီးဆင်းသွန်ကျလာသည်။ မိုးတိမ်တို့မှာ မည်းမှောင်၍နေသည်။ လမ်းတွင် ကျောက်စွန်း ကျောက်ကမ်းပါးယံလားဟု အောက်မေ့ရသည်။ သို့သော် နီးကပ်လာမှ ချုံပုတ်များ ဖြစ်နေကြကုန်သည်။

သွင်သည် အနည်းငယ်ဟနေသော တာလပတ်ကို လက်နှင့် ကုတ်ကတ်ကာ ဖယ်လေသည်။ တော်တော်နှင့်ကွာမလာ။ မိုးသက်လေမှာ ရှေ့ကပိတ်၍တိုးနေရာ အရှိန်ကောင်းလှပေသည်။

"အပြင်ကို မမြင်ရဘူးလား" ဟု မအေးသိန်းက လှမ်းမေးလိုက်လေ၏။

mgyoe.com

SAMPLE BOOK

သွင်သည် ဘာမျှမဖြေ။ တာလပတ်ကိုသာ ဖယ်လျက်ရှိ၏။

တာလပတ်သည် လေတစ်ချက် အပင့်လိုက်၊ သွင်ကလည်း လက်နှင့် အကော်လိုက် အနည်းငယ် ဟလာလေ၏။ အဟတွင် မိုးသက်လေသည် အတွင်းသို့ ရိုက်သွင်းလိုက်လေရာ မျက်နှာတစ်ခြမ်းကို ရေစဉ်သွားလေသည်။

"ဟဲ့... အသွင် ဘာလုပ်တာလဲ" ဟူသော တစ်ဖက်မှ မိန်းမကြီး၏အသံတစ်သံ ထွက်လာလေ၏။

လေးဖက်လေးတန် တာလပတ်အုပ်ထားသဖြင့် ထရပ်ကားကြီးထဲတွင် မှောင်ကျနေပေသည်။ ဒရိုင်ဘာ ရှေ့ခန်းမှသာ အလင်းရောင် အနည်းငယ် ထွက်နေ၏။ အရိပ်သဏ္ဌာန်ဖြင့် လူဟုသာ သိနိုင်၏၊ ဘာမျှမသဲကွဲ။ အမှောင်နှင့် မိုးသံ လေသံကသာ အားလုံးကို လွှမ်းမိုးနေလေသည်။

"ဘာမှမလုပ်ပါဘူး မေမေ" ဟု သွင်က ဖြေလိုက်၏။ သို့သော် မေမေကား ကြားမည် မဟုတ်ပေ။

မအေးသိန်းသည် သွင်၏အပါးသို့ တိုးကပ်လာသည်။ အေးလည်း အေးမြရာ အသားချင်းထိသည့်အခါ နွေး၍သွားလေသည်။ မအေးသိန်း၏ ဆံပင်မှ စံပယ်နံ့ သင်းနေလေသည်။

"ဘယ်ရောက်ရောက်ပေါ့ကွာ။ သာယာဝတီက လွတ်လာရင် ပြီးတာပဲပေါ့။ ရန်ကုန်ရောက်ရင် တော်ပြီ။ သန်းခေါင်ရှောက်ရောက်၊ သန္တွဲရောက်ရောက်" ဟု မအေးသိန်းက ပြောလိုက်သည်။

မအေးသိန်း၏အသံမှာ အနည်းငယ်ကျယ်သည်။ သို့သော်ကား တစ်ဖက်မှ ကြားရမည်မဟုတ်ပေ။

ကားအကွေ့တွင် ယိမ်းထိုးနေသော သဏ္ဌာန်တစ်ရပ်ကို ဝိုးတဝါးမြင်လိုက်ရသည်။ ဘလေဇာ အင်္ကျီနက်ပြာနှင့် ယောကျ်ားပျို။ သာယာဝတီမှ လိုက်လာသူ လူစိမ်းဧည့်သည် ဖြစ်သည်။ သူသည် ပဲအိတ်များကို မှီ၍နေလေသည်။ ကားစင်းလုံး ငှားလာကြရာ ထွက်ခါနီးမှ တောင်းပန်၍ ခေါ်ခဲ့ရသော ခရီးသည်ဖြစ်လေသည်။ မည်သူမည်ဝါမသိ။ မင်းပြောင်းမင်းလွဲ အခါတွင် ရွေးချယ်နေ၍ မဖြစ်ပေ။

"သွင်တော့ ဘယ်ရောက်နေပြီဆိုတာ သိပ်သိချင်တာပဲ" ဟု သွင်က မအေးသိန်း၏ လက်ကိုဆုပ်ကာ ပြောလေသည်။

မအေးသိန်း၏ လက်မှာ ပူနွေးနေသည်။ သူမသည် လက်ပြတ်အင်္ကျီလေးနှင့် ဖြစ်၏။ မအေးသိန်းမှာ ဆေးကျောင်းသူဖြစ်လေသည်။ ဓာတုဗေဒ၊ တိရစ္ဆာန်ဗေဒ လက်တွေ့သင်တန်းများ တက်ရသည့်အခါ အင်္ကျီစစ်များ အစုတ်အစားကို စွန်းပေတတ်သည်။ ခွဲရသည့်အခါလည်း သွေးစဉ်တတ်သည်။ ထို့ကြောင့် ကျောင်းတက်လေ့ရှိသော အင်္ကျီလက်ပြတ်ကို

mgyoe.com SAMPLE BOOK
ဝတ်နေခြင်းဖြစ်လေ၏။ သွင်ကား အနုပညာဘက်ကို လိုက်သူဖြစ်သည်။ သူတို့ညီအစ်မ နှစ်ယောက်မှာ အထက်အောက် နှစ်နှစ်သာ ကွာလေသည်။ ဆယ်တန်း တစ်နှစ်တည်း အောင်ကြ၍ ညီမက အနုပညာဘက်လိုက်ပြီး အစ်မက သိပ္ပံပညာဘက် လိုက်လေသည်။

(၂)

လော်ရီကားကြီးသည် ဘုန်းကြီးပျံမှ ကျွဲရုပ်ကြီးကဲ့သို့ တဝူးဝူး အော်မြည်ကာ မိုးရေထဲတွင် ပြေးနေလေသည်။

လမ်းဘေးရှိ သစ်ပင်တို့သည် မိုးသက်လေတွင် တစ်ဖက်သို့ ကိုင်းညွှတ်နေကြ၏။ တစ်ခါတစ်ခါ လျှပ်လက်လိုက်သည့်အခါ သစ်မြစ်ခွဆုံအောက်တွင် မှေးကပ်တွယ်ငြိနေသော စံပယ်ပွင့် အစအနများကို တွေ့ရ၏။ စံပယ်ပွင့်များကား ရုပ်လုံးမပီတော့၊ တစ်ရွက်စီ လွင့်ကာ ကြေမွနေကြ၏။

ခိုကပ်စရာမရှိ။ မိုးရေသည် အိုင်ထွန်းလျက် နေ၏။ သစ်ပင်ခွကြားရှိ သိုက်မြုံတစ်ခုတည်းတွင် ငှက်ကလေးများသည် ဝပ်နေကြ၏။ သူတို့သည် အပြင်ရှိ ပြင်းထန်လှသော ဓာတ်ကြီးလေးပါးကို တုန်လှုပ်နေကြ၏။ စိတ်ငယ်သော ငှက်အို နှစ်ကောင်က မန္တန်ကို ရွတ်ဖတ်နေကြ၏။ ငှက်ပေါက်စကလေးများသည် အသိုက်မှေး သစ်ခွတစ်ခုထဲဝယ် ကွေးလွေး ပုလုနေရာက ခေါင်းပြူကာ အပြင်သို့ စုံစမ်းကြည့် ကြည့်လိုက်ကြလေသည်။ သူတို့သည် မိုးရေထဲတွင် ပြေးလာသော ကျွဲမည်းကြီးကို မြင်ကြရသည်။ ငှက်ကလေးက ခြေထောက်တိုတို အမြီးမပါသော ကျွဲမည်းကြီးကို အံ့သြကာ "ဒါ တစ္ဆေပဲ" ဟု အောက်မေ့လျက်ရှိ၏။ တစ္ဆေ... တစ္ဆေ... ကြောက်ပါတယ်။

လျှပ်တစ်ချက် ပြက်လိုက်ပြန်၏။

သည်တစ်ခါတွင်မူ ကျွဲမည်းမည်းကြီးသည် သူတို့အသိုက်ကို ဖျက်ရန်လာသည်ဟု မှတ်ပြီး မျက်စိကို မှိတ်ထားလိုက်ကြလေသည်။

သိုက်ခွဲတွင် ကပ်နေသော စံပယ်ပွင့်ချပ် အစအနကို မြင်ရ၏။ လျှပ်အလက်တွင် သိုက်မြုံနံရံများကို သွားမြင်ရ၏။ စိမ်းဖန့်ဖန့် သစ်ရွက်ခြောက်များ။ အမျှင်ချင်း ယှက်ထွေးလုံးကပ်နေသော အမြွေး။ အမေ၏ ယုယသောအကြည့်...။

ညီအစ်မနှစ်ယောက်သည် အတင်း တွန်းဖယ်၍ ကာထားသော တာလပတ်အကြားမှ ကြည့်လိုက်ရာ မိုးသက်လေ ဝိုးတဝါးသာ မြင်ရလေသည်။ စိုစွတ်နေသော သစ်ပင်အို၊ အမှောင်ရိပ်သန်းသော သစ်ပင်ခွကြား။ သို့သော် ရိုပ်ခနဲ နောက်တွင် ကျန်ရစ်ခဲ့ကြလေသည်။ ရွာများကိုကား မမြင်ရ။ မှိုင်းညို့ညို့ သစ်ပင်ချုံနွယ်တို့ကိုသာ မြင်ရပေသည်။

ရှေးကလည်း ဤလမ်းကို လာခဲ့ဖူးသည်။ ယခုလို မိုးရွာနေစဉ်မဟုတ်ပေ။ ယခုလို ကြမ်းတမ်းလှသော လော်ရီကားကြီးနှင့် အပြေးအလွှား လာခဲ့သည်မဟုတ်။ အိစက်သော

mgyoe.com

 SAMPLE BOOK

ကားဆိုဖာတွင် ထိုင်ကာ ကားမှန်ပြတင်းမှ ရှုမျှော်ခင်းများကို ငေးကာ ကြည်နူးလာခဲ့ရသည်။

"ဘယ်ရောက်နေမှန်းလည်း မသိပါဘူး သွင်ရာ" ဟု မအေးသိန်းက ပြောလေ၏။

"ဒီမယ် ကားမောင်းတဲ့ ဆရာကြီး" ဟု သွင်က မနေနိုင်တော့ဘဲ ကားဒရိုင်ဘာ အခန်းဘက်သို့ မျက်နှာပြုကာ လှမ်းအော်လိုက်လေ၏။

"ကျွန်မတို့ အခု ဘယ်ရောက်လာပြီလဲ" သုံးခါလောက် အော်မှ အဖြေထွက်လာ၏။

ကားမောင်းသူသည် တစ်ကြိမ်တည်းနှင့်ကြားအောင် အော်၍ ဖြေကြားလိုက်သည်။ ကားသည် အရှိန်အနည်းငယ် လျှော့ရာမှ နောက် ဆက်လက်၍ မှန်သွားလေသည်။

တစ်ဝက်တစ်ပျက် ကြားလိုက်ရသော မေမေက လှမ်း၍ "ဘယ်ရောက်လာပြီတဲ့လဲ သွင်" ဟု မေးလိုက်လေ၏။

သွင်သည် မေမေ့ဘက်သို့ ကုန်းညွတ်ကာ "မြောင်းတကာ ကျော်လာပြီတဲ့" ဟု ပြောလိုက်လေသည်။

"မိုးမချုပ်ခင်မှ ရန်ကုန်ရောက်ပါ့မလား"

ကားထဲမှ လူးလွန့်လာကြလေသည်။ စကားပြောသံဖြင့် ပွဲတင်ရိုက်လာသည်။

စောစောက ငြိမ်သက်ကာ ပဲအိတ်ကို မှီ၍နေသော ယောက်ျားပျိုသည် မျက်နှာနှင့် လက်ပတ်နာရီကိုကပ်ကာ အချိန်ကို ကြိုးစားစုံစမ်းနေပုံ ရလေသည်။ သွင်ကား ဒရိုင်ဘာ ခန်းနှင့် ကပ်နေသဖြင့် ထိုးထွက်လာသော အလင်းရောင်မှ နာရီလက်တံကို မြင်ရလေသည်။

"ဘယ်နှနာရီရှိပြီလဲရှင်"

"ငါးနာရီခွဲလို့ ငါးမိနစ် လွန်နေပြီ"

ကားသည် လမ်းအကွေ့ ချိုင့်ခွက်ပေါ် အကျတွင် ဆောင့်လိုက်သည်။ သွင်သည် မအေးသိန်းဘက်သို့ ယိမ်းထိုးသွားသဖြင့် ရယ်မောနေကြလေသည်။

"ရန်ကုန်ကို စောစောမှ ဝင်နိုင်ပါ့မလား"

ယောကျ်ားပျိုက မေမေ့ဘက်လှည့်ကာ ပြောလိုက်၏။ မေမေက မကြားသဖြင့် ပြန်မပြော။ မိုးသံလေသံနှင့် ဘာမျှမကြားရ။

ကားအဆောင့်တွင် လော်ရီကား ထောင့်ထဲမှ ကလေးငိုသံသည် ထွက်လာလေသည်။ အမေလုပ်သူ၏ ချော့သံပါ ကြားရလေသည်။

မအေးသိန်းက ကလေးချော့နေသော မိန်းမဘက်သို့လှည့်ကာ "နေကောင်းရဲ့လား" ဟု မေးလိုက်လေသည်။ ယခုပင် သူမသည် အတူလိုက်လာသော ခရီးသည်အား မေးမြန်းဖို့ သတိရလေသည်။

"နည်းနည်း ဗိုက်ထဲက နာတယ်"

mgyoe.com

mgyoe.com SAMPLE BOOK


(၃)

မအေးသိန်းမှာ မျက်လုံးပြူး၍ သွားလေသည်။

သူတို့သည် ချက်ချင်း အထုပ်အပိုးပြင်ကာ အိမ်မှ ထွက်ခဲ့ကြရသည်။ အိမ်တွင် အဖေလုပ်သူက ,ကျန်ရစ်ခဲ့သည်။ ကွန်မြူနစ်ပါတီ၊ တော်လှန်သော ဗမာ့တပ်မတော်၊ စာရေးသမဂ္ဂ၊ ကျောင်းသားသမဂ္ဂ၊ ပြည်သူ့ရဲဘော် စသော ပြည်သူ့ဒီမိုကရေစီ တပ်ပေါင်းစုက သာယာဝတီကို သိမ်းပိုက်ထားသည်မှာ ရှစ်လ၊ ကိုးလခန့်ရှိပေပြီ။ ယခု အစိုးရတပ်များက ချီတက်လာသည်ကြားရပြီး၊ သူပုန်များသည် မြို့မှ ထွက်ခွာစပြုလေပြီ။ သေနတ်သံ အဆက် မပြတ် ကြားရသည်။ သူပုန်များ အဆုတ်၊ အစိုးရတပ်မတော်လည်း ကျကျနန မသိမ်းပိုက် နိုင်သေးသည့်အတွင်း မြို့မှာ ပရမ်းပတာဖြစ်နေ၏။ ကာကီရောင် ယူနီဖောင်းများ ပျံ့ဝဲနေ ကြ၏။ အစစ်နှင့်အတုကို မခွဲနိုင်။ အဖမ်းအဆီး အသတ်အဖြတ်လည်း ပေါလှပေ၏။

မအေးသိန်း၊ သွင်နှင့် မေမေတို့သည် ကပျာကယာ အထုပ်အပိုး ပြင်ကာ ထရပ်ကား တစ်စီးကို စင်းလုံးငှားကာ ရန်ကုန်သို့ ထွက်ပြေးခဲ့ကြ၏။ မြို့အထွက်တွင် ကလေးလေး ချီထားသော အဝတ်အစား နွမ်းနွမ်းပါးပါးနှင့် တောသူ မိန်းမတစ်ဦးက "ကျွန်မတို့လည်း အခုပြေးလာရတာပါရှင်။ ဒီနယ်က လွတ်ရင် တော်ပါပြီ" ဟု တောင်းပန်သဖြင့် ကားပေါ်သို့ တင်ခဲ့ကြခြင်းဖြစ်လေသည်။ အမည်မှာ မံသန်းငွေ၊ ကိုယ်ဝန်ဆောင်ရှိသည့်အပြင် ကလေး လေးကို ချီထားသဖြင့် သနားဖွယ်ဖြစ်ရာ အားလုံးက ကြည်ကြည်သာသာနှင့် ခွင့်ပြုလိုက် ကြ၏။ ကိုယ်ဝန်မှာ အတော်ထွက်၍ နေလေ၏။

"ဗိုက်က သိပ်နာသလား" ဟု မအေးသိန်းက ထပ်၍ မေး၏။

"နာတယ်"

ထို့နောက် ကလေး ထပ်ငိုသဖြင့် စကားပြတ်သွား၏။ မိုးသည် သည်းမြဲသည်းလျက် ရှိ၏။ သွင်သည် မအေးသိန်းအနားသို့ တိုးကပ်လာ၏။

"ဘာပြုလို့တဲ့လဲ သိန်း"

"ဗိုက်နာတယ်တဲ့"

သွင်သည် ရယ်မော၍ နေလေသည်။

"ဒါဖြင့် ဘယ့်နှယ်လုပ်မလဲ"

"မသိဘူး"

"သိန်းက ဆရာဝန်လောင်းပဲ။ လူနာကို အကဲမခတ်တတ်ဘူးလား"

သွင်က သူ့ဘာသာသူပြောပြီး ရယ်နေပြန်၏။ သိန်းက အသာ လက်နှင့်ကုတ်လိုက် မှ အသံရပ်သွားလေသည်။

"နေ့စေ့လစေ့ ဟုတ်၊ မဟုတ် ကိုယ်မေးကြည့်ဦးမယ်"

မိုးသည် တိတ်လာမယောင်နှင့် ထပ်ရွာချပြန်သည်။ သည့်တစ်ခေါက်တွင်မူ လေသိပ်

mgyoe.com

 SAMPLE BOOK

မပါ။

"ဒီမယ်–ရှင့်ကိုယ်ဝန်က ဘယ်နှလရှိပတုံး" ဟု မအေးသိန်းက မသန်းငွေ အပါးသို့ ကပ်ကာ မေးလေ၏။ ကလေးငယ်သည် မိုးတွင်း အိပ်မက်ဝယ် မှေးနေပြန်လေပြီ။

"ဘယ်နှလလဲတော့ မပြောတတ်ဘူး။ ဒါပေမဲ့ အတော်ရင့်နေပြီထင်တယ်။ ကျွန်မ တို့လည်း ကိုယ်ဝန်ရှိကတည်းက အေးအေးမနေရပါဘူးရှင်။ ကလေးအဖေက သူပုန်ဘက် မှာ ဝင်တိုက်နေတယ်"

"ဪ... ဪ"

မအေးသိန်းမှာ တောသူမ၏ဘဝကို စိတ်ဝင်စားနေသည်။

"ကျွန်မတို့ရွာ မီးရှို့ခံရတာ နှစ်ခါရှိပြီရှင့်။ ဂျပန်အပြေးမှာ ဂျပန်က ကွန်မြူနစ်ရွာဆိုပြီး မီးရှို့တယ်။ ရွာတစ်ဝက်ကျော်ကျော်လောက် မီးထဲပါကုန်တယ်။ နောက် အင်္ဂလိပ်တွေ ဝင်လာတော့လည်း မရှိမဲ့ ရှိမဲ့နဲ့ အိမ်တွေ ပြန်ဆောက်ထားတာ ကွန်မြူနစ်ရွာဆိုပြီး..."

ကားသည် တံတားတစ်ခုအဆင်း ရေချိုင့်တဲတစ်ကွက်ကို ဖြတ်လိုက်ရာ ကားထဲမှ လူများသည် ယိမ်းထိုးသွားလေသည်။

အပြင်ဘက်တွင်ကား မိုးကြိုးများသည် ထစ်ချုန်းလျက်ပင်ရှိသည်။ လေမပြင်းတော့ သဖြင့် တာလပတ်ကို တစ်ဝက် မ,တင်လိုက်သည်။ ယခုမှပင် အလင်းရောင် ဝင်လာနိုင် တော့သည်။ တောရွာသူ၏ မျက်နှာမှာ ပုံပန်းသဏ္ဌာန်ပေါ်၍ လာသည်။

"အခု အရမ်းလိုက်ဖမ်းနေကြတယ်။ ကျွန်မ ယောကျ်ားကတော့ ပြေးတာ ကြာပါ ပြီ။ ဒါပေမဲ့ ကျန်ရစ်ခဲ့တဲ့ လူတွေကို ရန်မူမှာစိုးလို့ ကျွန်မလည်း ကလေးဆွဲပြီး ပြေးလာရ တာပါ။ အမယ်လေး... နာလိုက်တာ ကျွတ်... ကျွတ်..."

သူမသည် မျက်နှာကို ရှုံ့မဲ့လိုက်လေ၏။ ထို့နောက် ပြန်၍ ကြည်လာသည်။

သူမ၏ မျက်နှာမှာ နီကြန်ကြန်ဖြစ်နေသည်။ သနပ်ခါး မလိမ်းသည်မှာ ကြာမြင့်ပြီ ဖြစ်၍ ချောမွေ့ ညက်ညောခြင်းမရှိ။ နေ၊ မိုး တို့ကို အမြဲတမ်း ရင်ဆိုင်သူဖြစ်သဖြင့် နဂိုက ညိုသော အသားမှာ အနီရင့် သမ်းနေလေသည်။

မှုန်တိမှုန်မွှား အလင်းရောင်ဝယ် သူမ၏မျက်နှာမှာ အလင်းတစ်ဝက်၊ အမှောင် တစ်ဝက် ပြတ်သားသော ပုံသဏ္ဌာန်ကို ထင်စေ၏။ ကြေးတို့ဖြင့် ညစ်ထေးသော အင်္ကျီမှာ မွကြေလျက်ရှိ၏။ ထဘီမှာ ဘယ်အဆင်ဟု တပ်အပ်မပြောနိုင်။ ချောကလက်ရောင် ခပ်ဖျော့ ဖျော့သို့ လုနေသည်။ နဂိုက ကြက်သွေးရင့်မှာ နေနှင့် လေဝယ် လွင့်၍လာရာ အနီတို့မှာ ဆိုစလောက်ရုံသာ ကျန်ရစ်တော့သည်။ အပွင့်မှာ ဝါကြန့်ကြန့်ဖြစ်နေသည်။ အဖြူပွင့်မှာ ဖုန်ကြေးညှော်တို့ အထပ်ထပ် လိမ်းကပ်နေသဖြင့် တဖြည်းဖြည်းညစ်ကာ ဝါလာသော အဝါ ဖြစ်လေသည်။

မျက်နှာအမူအရာမှာ ခိုင်မာသည်။ လူ့ဘဝ၏ ဒုက္ခအထွေထွေကို ခံစားခဲ့ရသော

mgyoe.com

mgyoe.com SAMPLE BOOK


ကြောင့်လည်းကောင်း၊ ပျက်စီးခြင်းများကို ရင်ဆိုင်ခဲ့ရသောကြောင့်လည်းကောင်း ခံနိုင်ရည်ရှိသော ခိုင်မာခြင်းဖြစ်လေသည်။

လူ့ဘဝဆိုသည်မှာ တိုက်ပွဲဟုသာ သူ နားလည်လေသည်။ သူမသည် မွေးကတည်းက တိုက်ပွဲနှင့် ကြုံခဲ့ရပေသည်။ မိခင် နို့မထွက်သည့်အခါ နို့ဆီ၊ နို့မှုန့် စသော အဖိုးကြီးများဖြင့် အစားမထိုးနိုင်၊ အဆာခံခဲ့ရသည်။ ကြင်နာတတ်သော ဘဝတူ လယ်သူမကြီးထံမှ နို့စို့ရသည်။ လူမှန်းသူမှန်း သိသောအခါ အမေနှင့် လယ်တောသို့ လိုက်လေသည်။ သူမသည် စိုစွတ်သော မိုးရေနှင့် ပူရှိန်သော နေဝယ် ကစားမြူးထူးခဲ့ရသည်။ ခရေပွင့် ဝါဝါနှင့် စိမ်းစိမ်းလဲ့လဲ့ ကြယ်များသည် သူမ၏ ကစားစရာများပင်။ ကြီးပြင်းလာသောအခါ နွားကျောင်း၊ လယ်စိုက်၊ ထို့နောက် လယ်ကူလီ ဖြစ်လာလေသည်။ ၁၉ နှစ်တွင် ယောကျ်ားသနာ ရလေသည်။ လင်သည်သည် ဂျပန်ကို တော်လှန်ခြားနားခဲ့လေသည်။ ယခုကား...။

သူသည် ကိုယ်ဝန်ကြီးနှင့် ရွာမှ ပြေးခဲ့လေသည်။

## (၄)

"ရန်ကုန်မှာ အသိရှိသလား"

မအေးသိန်းက အပါးသို့တိုး၍ ကပ်ကာ မေးလိုက်သည်။

"သာယာဝတီက လွတ်ရင် ပြီးတာပဲဆို လိုက်လာတာပဲ။ ရန်ကုန်မှာ အသိမရှိပါဘူး"

မအေးသိန်းက ရည်ရွယ်ချက်မရှိသည့် သူ့ဘဝလမ်းကြောင်းကို အံ့သြနေသည်။ ဘဝတည်တံ့ရေးအတွက် အမြဲတိုက်နေရသည့် လူများသည် အဘယ်မှာ ရည်ရွယ်ချက်ထားဖို့ အချိန်ရမည်နည်း။

"ဖျာပုံဘက်မှာတော့ ကျွန်မတို့ ဆွေမျိုးတွေရှိတယ်။ အဲဒီကို စုံစမ်းပြီး သွားရမှာပဲ"

"ဖျာပုံဘက်မှာ အေးရဲ့လား"

"ဒီလိုပဲ နေမှာပေါ့၊ အစိုးရရှိတဲ့ နယ်ရှိ၊ သူပုန်ရှိတဲ့နယ် ရှိပေါ့"

ပြောရင်း မသန်းငွေသည် ဗိုက်ကို တစ်ချက်နှိပ်လိုက်သည်။

"ကျွန်မ ဘာလုပ်ပေးရမလဲ ဟင်..."

မိုးသည် စဲစပြုလာလေပြီ။ လေငြိမ်သွားသည်။ မိုးရေများ အထဲသို့ မပက်။ တစ်ချက်ငွေ့လိုက်မှ စဥ်ကာ ဝင်လာသည်။

အပြင်ဘက်တွင်ကား မှောင်စ ပြုလာလေပြီ။ မိုးရိပ်ကြောင့် အမှောင်မှာ စောနေ၏။

"ဘယ်ရောက်ပြီလဲ သိန်း၊ ဆပ်သွားတော ကျော်ပြီထင်တယ်"

အသွင်က လှမ်းမေးလိုက်၏။

ပဲအိတ်ကို မှီနေသော ယောကျ်ားပျိုက ဝင်၍

"ရေ့ရွာဟာ မီးသွေးပုတ်ရွာထင်တယ်"

mgyoe.com

 SAMPLE BOOK

အသွင်က ပြုံးလဲ့လဲ့လုပ်ကာ "သြော်... သြော်" ဟု ပြန်၍ ပြော၏။

မအေးသိန်းသည် ပိုမိုထက်သန်လာကာ "မွေးခါနီးရင် ဒီလိုပဲ ဗိုက်နာသလားဟင်" ဟု မေးသည်။

"ဟုတ်တယ်၊ ခါးလည်း ကိုက်လာတယ်။ အလို... နာလိုက်တာ" ဟု ပြောကာ မသန်းငွေသည် ထိုင်နေရာက လှဲချလိုက်သည်။

"ဟုတ်တယ်၊ လှဲနေတာ ကောင်းတယ်။ ကျွန်မ ပြောမလို့ဘာ၊ နေမကောင်းရင် အသာလှဲနေ"

ကားသည် တရိပ်ရိပ်ပြေးလျက်ရှိသည်။ အသွင်ကား မိုးရေစိုစွတ်သော စိမ်းညို့ညို့ ရှုခင်းများကိုသာ ငေးကာ လိုက်ပါလာလေသည်။ ကြည့်စရာ အထူးတလည်မရှိ။ ရေမြောင်း၊ လယ်တော၊ သစ်ပင်၊ ရေမြောင်း၊ လယ်တော။

"ခါတိုင်း ဘယ်လိုလုပ်သလဲ"

"ဒီလိုပဲ နေလိုက်တာပဲ။ ဗိုက်နာလာရင် ရွာဖျားက လက်သည် ဒေါ်ဝွမ်းကို မှာလိုက်တယ်"

အမှောင်ရိပ်များသည် သမ်းစပြုလေပြီ။ မိုးရေများမှာ အစက်သာ ကျနေတော့သည်။ သို့သော် ဘယ်ကြည့်ကြည့် ပြာမှုန်မှုန်ကိုသာ တွေ့ရလေသည်။

"ရန်ကုန်ရောက်ရင် ဆေးရုံတွေ ရှိပါတယ်" ဟု မအေးသိန်းက အားပေးသည်။

မသန်းငွေသည် ပြန်မဖြေဘဲ ဗိုက်ကို နှိပ်နေရာမှ "ဗိုက်က တော်တော်နာလာပြီ" ဟု အသံလျော့ဖြင့် မဲ့ကာဆိုလေသည်။

မအေးသိန်းသည် မနေနိုင်ဘဲ သူ့မေမေအား သွားပြောလေသည်။ မေမေသည် နေရာမှရွှေ့ကာ ကိုယ်ဝန်ဆောင်သည်အပါးသို့ လာလေသည်။ မသန်းငွေသည် လဲလျောင်း နေရာမှ တစ်ချက် တစ်ချက် တအင်အင် ညည်းသည်။

"ငါတော့ လမ်းမှာ မွေးလိမ့်မယ်ထင်တယ်။ ရန်ကုန်တောင် နေမှာမဟုတ်ဘူး" ဟု မအေးသိန်း မေမေက ပြောလေသည်။

လမ်းသည် အနည်းငယ်ကောင်းလာသည်ဟု မှတ်ရလေသည်။ ကားသည် ခုန်ပေါက်ခြင်းမရှိဘဲ ချောမွေ့စွာပင် သွားနေသည်။

"သိန်းရေ... မီးသွေးပုတ်ကျော်ပြီ"

အမှောင်ဝယ် လရိပ်သည် ခပ်ရေးရေး ခပ်ဖျော့ဖျော့ ပေါ်လာလေပြီ။

"ရန်ကုန် ဘယ်တော့ ရောက်မလဲ ဟင်..." ဟု မသန်းငွေက အသံယဲ့ယဲ့ဖြင့် မေးလိုက်လေသည်။

"၇ နာရီလောက်တော့ ရောက်ကောင်းပါရဲ့။ ရန်ကုန်မှာဆိုရင် သားဖွားရုံတွေရှိတယ်"

mgyee.com

mgyoe.com SAMPLE BOOK

"ကျွန်မတော့ ဆေးရုံတွေ ဘာတွေ မတက်ဖူးဘူး။ တောမှာ ဒီလိုပဲဖြစ်တာပါပဲ။ ဆေးရုံက အားကြီးပိုက်ဆံပေးရတယ်ဆို"

"အခမဲ့လည်း ရှိပါတယ်" ဟု မေမေက ပြောလေသည်။

ညည်းသံ ထွက်လာပြန်လေသည်။

"ကိုဘိုးထင်... ကိုဘိုးထင်..."

မသန်းငွေသည် လင်သည်၏ နာမည်ကို တမ်းတလျက်ရှိလေသည်။ ကလေးလေးမှာ နှစ်ခြိုက်စွာ အိပ်ပျော်လျက်ရှိရာ အမေ၏ ဝေဒနာကိုမသိ။ မသန်းငွေသည် အင်–အင် ညည်းနေပြန်သည်။ အကွေ့ချိုင့်တစ်ခုကို ရှောင်လိုက်ရာ ကားသည် ယိမ်းထိုးသွားသည်တွင် ကျွတ်–ကျွတ်–ကျွတ်–ကျွတ် ဟု စုတ်သပ်လိုက်လေသည်။

"ခက်တာပဲ" ဟု မအေးသိန်းက မသန်းငွေ၏ လက်ကိုဆုပ်ကာ လမ်းဘေးသို့ လှည့်ပြောလိုက်သည်။

လမ်းဘေးတွင် ခြံကြီးများသည် မားမားတည်နေကြသည်။ ခြံကြီးများသည် မှောင်ပိန်းကာ ဘေးတိုက်ပုံသဏ္ဍာန်သာ အရိပ်ထင်နေတော့လေသည်။

"အမယ်လေး... နာလိုက်တာ"

မိုးတိမ်များသည် လွင့်ပါးကြလေပြီ။ ဒီရေကျသောအခါ ရေများ လျှောဆင်းသွားကြသလို တိမ်များသည် တရိပ်ရိပ်နှင့် ပျောပါသွားကြလေသည်။ ကမ္ဘာစွန်းနှင့် တွေ့သည့်အခါ ထစ်နေလေ၏။

လရိပ်မှာ ရောင်ပြန်ကလေးသည် ရေးရေးပြူလာလေသည်။ တိမ်များက လုံးလုံးနေရာ ဖယ်မပေးကြ၊ ခိုကပ်နေကြသေးသည်။

ကိုယ်ဝန်ဆောင်၏ ညည်းသံမှာ တိုးတိုးမှ တစ်ဖန် တစ်ချက်တစ်ချက် ကျယ်လောင်လာသည်။ မအေးသိန်း၏ အမေသည် နှိပ်ပေးနေသည်။ မအေးသိန်းက အားရှိအောင် လက်ကလေးများကို ဆုပ်နယ်၍ ပေးလေသည်။

"ဘာမှအားမငယ်နဲ့၊ ကျွန်မတို့တစ်တွေ အားလုံး ကူပေးမယ်။ မေမေလည်း ရှိသားပဲနော်"

လ၏ မျက်နှာမှေးမှေးမှိန်မှိန်ကို ဝိုးတဝါး မြင်လာရလေပြီ။ လတစ်ခြမ်းပွဲသည် စမ်း၍ စမ်း၍ လာနေသည်။ သို့သော် ... သိပ်မရဲလှ။ မဝံ့တဝံ့နှင့် ခပ်ရွံ့ရွံ့နှင့် ဖြစ်နေလေ၏။

"အမယ်လေး... လုပ်ပါဦး"

ကိုယ်ဝန်ဆောင်သည် ရှုံ့မဲ့ကာ အော်လိုက်လေသည်။ ကားသည် ထောက်ကြန့်ကို ကျော်လေပြီ။ အသွင်ပင် သီချင်းတအေးအေး နေရာမှ ရပ်လိုက်လေသည်။ ပဲအိတ်မှီနေသော ယောကျ်ားပျိုသည် ဘာမှမလုပ်တတ်သလို ငိုင်နေလေသည်။

mgyoe.com

 SAMPLE BOOK

မအေးသိန်းက မနေနိုင်ဘဲ "ဒီမယ် ကားမောင်းတဲ့ ဆရာကြီး၊ ကားရပ်ပါဦး" ဟု လှမ်းအော်လိုက်လေသည်။

ကားသည် အရှိန်လျော့သွားသည်။

"ဒီမှာ ကားရပ်ပါဦးရှင့်။ ဒီက သိပ်ဗိုက်နာနေတယ်"

မေမေသည် ရောက်လာကာ ဒရိုင်ဘာအား အကျိုးအကြောင်း ပြောပြသည်။ လော်ရီကားကြီးသည် လမ်းဘေးသစ်ပင်အောက်တွင် ညင်သာစွာ ထိုးရပ်လိုက်သည်။ တအင်အင် ညည်းနေသော အသံသည် ကားစက်သံရပ်သွားသောအခါ ကြားရလေသည်။

"လာဘ်ကောင်းတယ်ဟေ့" ဟု စပယ်ယာက ပြောကာ မီးအိမ်တစ်ခုကို ညှိထွန်းလေသည်။

"ယောကျ်ားတွေ ဖယ်ကြ" ဟု ဒရိုင်ဘာက ရယ်၍ လှမ်းပြောသည်။ ပဲအိတ်မှီနေသော ယောကျ်ားပျိုသည် ဘုမသိဘမသိနှင့် ဆင်းလိုက်လေသည်။

ကားထဲတွင်ကား မိန်းမသားများသာ ကျန်တော့သည်။ အားလုံး ကိုယ်ဝန်ဆောင်အပါးတွင် ဝိုင်းဝန်းနေကြသည်။ ကားခေါင်မိုးတွင် ချိတ်ဆွဲထားသော မီးအိမ်မှ ဝါတာတာ မီးလျှံသည် အနည်းငယ်မျှသော အလင်းရောင်ကိုသာ ပေးစွမ်းနိုင်ရှာသည်။

"တို့ကား လာဘ်ကောင်းတယ်ဟေ့" ဟု စပယ်ယာ၏အသံသည် သဲ့သဲ့မျှ ထွက်လာ၏။

မိခင်လောင်းသည် "ကိုဘိုးထင်ရေ" ဟု တမ်းတသည်။ သို့သော် လင်သည့်ကား ဘယ်တောတွင် ရောက်နေသည်မသိ။ ရှုံးနိမ့်နေသလော...၊ အောင်ပွဲရနေသလော...။

ပတ်ဝန်းကျင်မှာ တိတ်ဆိတ်၍ နေလေသည်။ အဝေးမှ ညဥ့်ပိုးမွှားများအော်သံ၊ ဖားကလေးများ၏ ညည်းသံသာလျှင် သဲ့သဲ့ပေါ်ထွက်လာသည်။ ထိုအကြားဝယ် မိခင်လောင်း၏ ညည်းသံသည် လွှမ်းမိုးနေလေသည်။

သုံးလေးခါ ဆက်၍ ညည်းသံများပေါ်လာပြီးနောက် တစ်ဖန် တိတ်သွားသည်။ လသည် ရွှံ့ရွှံ့ ရွှံ့ရွှံ့နှင့် စမ်းလာရာမှ ရဲ၍လာလေပြီ။

ကားထဲမှ ကြည်လင်ချိုမြသော အူဝဲ ဟူသော ကလေးငိုသံသည် ညဥ့်ယံကို ပဲ့တင်ထပ်လိုက်လေသည်။ မအေးသိန်းသည် ဝမ်းသာအားရနှင့် "မွေးပြီ... မွေးပြီ" ဟု ကျူးရင့်လိုက်လေသည်။

ခပ်လှမ်းလှမ်း သစ်ပင်အောက်တွင် သွားထိုင်နေသော ယောကျ်ားများသည် ကလေးငိုသံကြား၍ ကားအနီးသို့ ချဉ်းကပ်လာကြလေ၏။

စပယ်ယာက "ဘာလေးလဲ" ဟု လှမ်းမေးသည်။ သူ့အသံမှာ ဝမ်းမြောက်ခြင်းဖြင့် တုန်ယင်နေသည်။

အတွင်းမှအဖြေကား ထွက်မလာ။ သို့သော် အူဝဲ... အူဝဲ... ဟူသော အသံသည်

mgyoe.com SAMPLE BOOK

လူ့ဘဝ ကဗျာ၏ ကာရန်အစကို ဖော်ကျူးလေပြီ။ အတော်လှမ်းလှမ်းမှ သေနတ်သံတစ်သံ ထွက်လာသည်။

လသည် ရဲရဲဝံ့ဝံ့ပင် တိမ်ဝဲ္ဌပြိုကာ ဝင်ကြွားလေပြီ။

တာရာမဂ္ဂဇင်း၊ ဇူလိုင်၊ ၁၉၄၉။

mgyoe.com

mgyoe.com SAMPLE BOOK

# စံပယ်ဦး

(၁)

အသင်သည် လယ်ပိုင်ရှင် ဦးဝေလင်း၏ ဧည့်ခန်းဆောင်တွင် ရပ်ကာ ငေးနေလေသည်။

အသင်သည် လယ်သူဖြစ်၍ မြို့ရှိ လယ်ရှင်ထံသို့ လာခဲ့လေသည်။ မနက်စောစော ကတည်းက လှေကလေးနှင့် လာခဲ့သည်။ အရုဏ်ဦးမြူတို့သည် ဝေဆိုင်းလျက်ရှိလေရာ ကြယ်တစ်ပွင့်စ နှစ်ပွင့်စမှာ မြစ်ရေထဲသို့ ကျရောက်နေလေသည်။ သူတို့သည် ရေထဲသို့ နစ်မြုပ်၍မသွားဘဲ နီဖျော့ဖျော့ မြူရိပ်၌ ပေါလောပေါ်ကာ တဖျတ်ဖျတ် လက်နေကြသည်။

လှေသည် ထိုကြယ်ပြောက် နေရာဆီသို့ ဦးတည်သွားနေလေသည်။ သို့သော် ကြယ်ကလေးမှာ ဝေး၍သာ သွားလေသည်။

"ကြယ်ကလေးက လူတွေနဲ့ ဝေးအောင် ပြေးနေတယ်" ဟု အသင်က လှေဦးမှ လှော်နေသော သူ့မောင် သာဆင့်ကို လှမ်းပြောလိုက်လေသည်။

မြစ်အကွေ့ကျော်၍ ဇလပ်ပင်စုသို့ ရောက်လာလေပြီ။

"ဟုတ်တယ် အစ်မရဲ့၊ ကြယ်ကလေးက ကျွန်တော်တို့ လှေထက် ကျော်ပြေးနေတယ်"

မကြာမီ နွယ်ကြိုးများ တွဲလောင်းကျဆင်းကာ အမှျင်အမြွေးများ ယှက်သန်း ဖွဲ့ဆိုင်းလျက်ရှိသော ဇလပ်ပင်ကြီး အောက်မှ လှေကို ဖြတ်သွားရလေသည်။

ပလုံခနဲ ဇလပ်သီးတစ်လုံး ကြွေကျသံ ကြားရသည်။ လှေသည်လည်း ဇလပ်ပင်ရိပ်မှ ထွက်စပြုလေပြီ။

"အစ်မ ဇလပ်သီး ကြွေတယ်"

"ဟဲ့... မဆယ်နဲ့၊ တို့မြို့အရောက် နောက်ကျနေမယ်"

အသင်သည် လှေကို တစ်ချက် ယက်လိုက်ရာ လှေသည် လှိုင်းကလေးများကိုခွဲ၍ တစ်ရှိန်ထိုး တက်သွားလေသည်။ ဇလပ်သီး ကြွေကျသဖြင့် ငြိမ်နေသော ငွေသားမြစ်ပြင်မှာ တွန့်ရှုံ့ကာ အဝိုင်းအဝိုင်း ဖြစ်သွားလေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

"ကြည့်စမ်း အစ်မ၊ ကြယ်တွေပွားသွားပြီ။ သုံး–လေး–ငါး၊ ဟော ခြောက်ခုဖြစ်သွားပြီ အစ်မ၊ နော်... နော်"

လှိုင်းဂယက်ကလေးများကြောင့် ရေတွင်ကျနေသော အရုဏ်ဦး တာရာကလေးသည် ကြေးမုံဝယ် ဝါးဆွားကာ အပွင့်ကလေးများသည် ကွဲသွားကြသည်။

သာဆင့်မှာ ပျော်မြူးနေသောစိတ်ဖြင့် လက်တစ်ဖက်က ရေကိုယက်ကာ ဆော့နေလေသည်။

"ဟဲ့... ကောင်လေး မဆော့နဲ့၊ လှော်မှာသာ လှော်"

မြူတို့သည် နီရာမှ တဖြည်းဖြည်း ဝါစပြုလေပြီ။ ကမ်းစပ်တွင် မှိုင်းမှုန်၍ နေသော မြူတို့မှာ ပျက်ပြယ်စပြုလေပြီ။ ကောင်းကင်မှ ပပ်ကြားအက်ရာများကို အထင်းသား မြင်လာရလေပြီ။ အက်ရာများမှ ပတ္တမြားရည် စို့ထွက်လာသည်။

ထို့နောက် ပတ္တမြားလုံးကြီးသည် မြစ်လယ်တွင် ဘွားခနဲ တွဲလွဲချိတ်လိုက်လေပြီ။ မြစ်ရေမှာ ရဲခနဲ နီလာသည်။ ပတ္တမြားမြစ်ရေ၊ ပတ္တမြားမြစ်ကမ်း... ပတ္တမြားဖလပ်ရွက်၊ ပတ္တမြား ဓနိပင်။ သာဆင့်၏ ဖန်ကတုံးမှာပင် ပတ္တမြားဆေးခြယ်ထားလေပြီ။

"အစ်မရေ၊ ပတ္တမြားလုံးကြီးနှစ်လုံး ဖြစ်နေတယ်နော်"

ဇာပဝါကိုလုပ်ကာ နေနတ်မယ်ပျိုကလေးသည် မြစ်ကြေးမုံဝယ် အလှကြည့်နေသည်။ တောရိပ် တောင်ရိပ်တို့သည် ပြတ်ပြတ်သားသား ပေါ်လေပြီ။

ကျေးငှက်ကလေးတို့သည် တေးသီကျူးနေလေပြီ။ ကြယ်ကလေးမှာ ရေနက်ထဲ ရောက်သွား၍ သူ၏ကံကြမ္မာကို သာဆင့်က ပူပန်နေလေသည်။

"အစ်မရေ၊ ကြယ်ကလေးက ရေငုပ်သန်ရဲ့လားဟင်။ ရေအောက်က သစ်ခေါက်တွေအောက်မှာ ငြိနေလို့ ပြန်တက်နိုင်ပါ့မလား။ ကြယ်ကလေး ပြန်တက်ပါဗျာ" ဟု သာဆင့်က လက်အုပ်ချီကာ ဆုတောင်းလေသည်။

"ညကျရင် ပြန်တက်မှာပေါ့။ ရေအောက်မှာ သွားအစာရှာတာ..."

"ကနကုတ်နဲ့ သွားတွေ့ရင် ဘယ့်နှယ်လုပ်မလဲ နော် အစ်မ"

"ဟဲ့... ကောင်လေး... လှော်ဦး၊ နောက်နှစ်ကွေ့လောက် ကွေ့လိုက်ရင် မြို့ရောက်မှာပဲ"

ကျီးကန်းတစ်အုပ်သည် သူတို့ကိုဖြတ်ကာ ပျံသန်းသွားကြသည်။ ခေါ်တောကုလားခုတ်သော ငှက်တစ်စင်းမှာ ဘုရားရှိခိုးနေသဖြင့် ရေလယ်တွင် လည်ကာ မျောနေ၏။

အသင်ကား ယမုံနာ၏ ကြည်နူးသာယာဖွယ် ရှုခင်းကို စိတ်မဝင်စား၊ ရီးနေပြီ။ မြို့သို့သာ စိတ်ကစောနေသည်။ လှေဝမ်းကပ်တွင် တင်ထားသော အုန်းသီး၊ ငှက်ပျောခိုင်၊ ဒိန်ချဉ်များကို တစ်ချက် လှမ်းကြည့်ရင်း ဒီနှစ်တော့ ခါတိုင်းထက် ၅၀ လောက် ပိုဈေးမယ်။ ပေးမှ ပေးပါ့မလားဟု တွေးနေလေသည်။ အုန်း၊ ငှက်ပျော၊ ဒိန်ချဉ်များမှာ လှယ်ရှင်ဖို့

mgyoe.com

SAMPLE BOOK

လက်ဆောင်များ ဖြစ်ကြလေသည်။

အသင်၏ စိတ်ကူးထဲတွင် ဈေးငွေ၊ အတိုး စသည်များကိုတွက်ကာ နောက်နှစ်အတွက် စပါး ဘယ်လောက် ပိုထွက်အောင်လုပ်ရမည်ကိုသာ စဉ်းစားနေလေသည်။

အသင်သည် မျက်နှာသုတ်ပဝါကို ပြင်၍ပေါင်းကာ မြစ်လယ်သို့ ငေးမောနေသော သာဆင့်အား "ဟဲ့... သာဆင့် လှော်ဟာ၊ ရောက်တော့မယ်။ စက်တွေတောင် မြင်လာရပြီ" ဟု လှမ်းပြောလိုက်လေသည်။

မြို့အစွန်ရှိ သွပ်မိုးဂိုဒေါင် စပါးစည့်ခေါင်တိုင်နှင့် ဆန်စက်ကို မြင်နိုင်လေပြီ။ 'ဘောဂဗလဆန်စက်' ဟူသော စာလုံးကိုပင် ဖတ်ကြည့်နိုင်လေပြီ။

နေရောင်ပူနွေးနွေးသည် အသင်၏ မျက်နှာကို လာရိုက်သည်။

## (၂)

အသင်သည် ဧည့်ခန်းဆောင်ထောင့်ရှိ နံရံတွင် ချိတ်ဆွဲထားသော ပန်းချီကားချပ်ကို ကြည့်ရင်း အံ့အားသင့်နေလေသည်။

စံပယ်ပွင့်များ။ ခပ်ရိုင်းရိုင်း ဖူးပွင့်နေကြသော တောစံပယ်ပွင့်များ။

"တို့တောမှာ စံပယ်တွေ သိပ်ပေါတာ၊ မမြင်ချင်လို့အဆုံး၊ မပန်ချင်လို့ အဆုံး။ သူတို့မြို့ကတော့ ပန်းချီဆွဲပြီး ကျကျနန အမြတ်တနိုးထားတယ်နော်" ဟု အသင်က တွေးလေသည်။

ပန်းချီကားဘောင်မှာ ဘိလပ် ရွှေဘောင်ဖြစ်၍ ခမ်းနားလှပေသည်။

"ဘာများ ဆန်းလို့လဲတော်" ဟု အသင်က တွေးသည်။ စံပယ်ပန်းများမှာ လှတော့လှသည်။ ခါတိုင်း တောမှာ သူတို့မြင်နေကျထက်တော့ ပိုလှသည်။ ပွင့်လွှာချပ်များမှာ ငွေရောင်ကဲ့သို့ ဖြူဖွေးစင်ကြယ်၏။ တောတွင် မြင်နေကျထက် ပို၍ ငွေသွေးကျ၏။ အဖြူစက်များမှာ ဟိုတစ်ပြက် ဒီတစ်ပြက် ပြိုးပြက်ကာ လင်းနေ၏။ အသင်သည် နောက်သို့ တစ်လှမ်းဆုတ်ကာ စောင်းငဲ့၍ ကြည့်ပြန်လေသည်။

"ဟုတ်တယ်... တို့တောက စံပယ်နဲ့မတူပေါင်။ သူက ငွေရောင် တယ်တောက်တာပဲ။ အဖြူစက်တွေ သိပ်များတယ်" ဟု အသင်က စိတ်ထဲမှ ဝေဖန်နေ၏။

ပန်းချီကားအောက်တွင် 'စံပယ်ဦး' ဟု အမည်ပေးထားသည်။ သူတို့ဟာက ဘယ့်နှယ်ပါလိမ့်။ တောမှာ ကျုပ်တို့ မခူးချင်အဆုံးဟာက မြို့မှာ အမြတ်တနိုး ပုံရေးပြီး ပြရပါကလား။ အသင်သည် ရယ်ချင်နေလေသည်။

"အစ်မရေ... ဒီမှာ လာကြည့်စမ်း"

အသင်သည် သာဆင့်ကြည့်နေသော ပန်းချီကားကို သွားကြည့်သည်။ မြစ်ကမ်းစပ်မှ တဲကလေးတစ်တဲ။ တဲခြေတံမှာ ရေစပ်နုန်းထဲတွင် စိုက်ထားသည်။ တဲမှာ ခနော်ခနဲ့။

mmgyi.com

mgyoe.com SAMPLE BOOK

ကဲလား တစ်ချပ်လောက်နှင့် ထောက်ကာ ဖွင့်ထားသည်။ ကမ်းစပ်မှ ယိုင်နေသော တံတား တစ်ခု။ ရေစပ်မှာ ရွံ့ဗွက်များ၊ ဘဲကလေးတစ်ကောင် ကူးနေသည်။ ဘဲကလေးအေးတွင် အရွက် ချွန်းမြမြနှင့် ခရာပွင့်ဖြူလွလွများက ထိုးထိုးထောင်ထောင်။

"အစ်မရယ်... ဒါများ အလုပ်တစ်ခုလုပ် ပုံဆွဲထားတယ်။ ဘာများထူးဆန်းလို့လဲ။ ခရာပင်ဆိုတာ သိပ်ပေါတာ" ဟု သာဆင့်က မဲ့ကာ ရွဲ့ကာ ပြောလိုက်လေသည်။

အသင်သည် ဤတောကားကို အနားကပ် ကြည့်မိလေသည်။

"ဟုတ်ပါရဲ့၊ ဘာများဆန်းသလဲ။ ရွံ့ညွှန်ဗွက်တွေများ ရေးထားလိုက်တာ၊ စိတ်ပျက် စရာ။ ရွံ့ဗွက်များ ကြီးကြီးကျယ်ကျယ်လုပ် ပန်းချီရေးရတာ အံ့ပါရဲ့တော်... အောက်နားက ဘာစာတန်းထိုးထားပါလိမ့်"

"တို့တောရွာ"

"အမယ် တို့တောရွာဆိုပါကလား။ ပန်းချီကားဘောင်ကလည်း ရွှေကွပ်လို့။ တော် တော်အဖိုးတန်မှာပဲ။ သူတို့မြို့က ပန်းချီဆရာတွေ ဘာလို့များ တို့တော စိတ်ပျက်စရာကို ပုံဆွဲရပါလိမ့်နော်။ တဲကလေးတွေ မိုးမလုံ၊ နေမလုံ၊ ရွံ့ဗွက်တွေကထူ၊ ခြင်ကကိုက်၊ သူတို့ မြို့လို လံခြားတို့၊ မော်တော်ကားတို့၊ ဓာတ်ရှင်ရုံတို့လည်း မရှိဘူး"

"တို့တောရွာတဲ့၊ သူတို့ တောများ ဘယ်နှခါ ရောက်ဖူးလို့လဲ။ မော်တော်ဘုတ်နဲ့ လာ၊ ကြက်တောင်းပြီး အရက်သောက် ပြန်သွားကြတာပဲ။ တဲက တဲနဲ့လည်း မတူဘူး။ ကဲလား ထောက်တာကလည်း မှားနေတယ်။ ခနိမိုးကလည်း သိပ်လှနေတယ်။ တကယ်က ဒီလိုမှမဟုတ်ဘဲနော်"

"ခရာပင်က သာမတူသေး။ အရွက်က ဆူးတောင်တွေလိုဟာလည်း မပါဘူး။ ခရာ ပွင့်ကလည်း ငွေပန်းလိုပဲ။ ကြည့်လို့တော့ ကောင်းပါရဲ့။ တကယ်နဲ့လည်း မတူဘူး။ အလကားပါ၊ ပန်းချီဆရာက တတ်လည်း မတတ်ပါဘူး။ ဒါနဲ့ တို့တောရွာတဲ့၊ ရယ်စရာ သိပ်ကောင်းတာပဲနော်။ ကျွန်တော်တို့ရွာနော်၊ သူတို့ရွာမဟုတ်ဘူး" ဟု သာဆင့်က တဖျစ် တောက်တောက် ပြောနေလေသည်။

ဧည့်ခန်းဆောင်မှာ တောကားများဖြင့် ပြည့်နေသည်။ သာဆင့် သဘောအရမူ ဒီတော ကားတွေဟာ အတုတွေပဲဟု အောက်မေ့လေသည်။

"ဟဲ့ ကောင်လေး တိတ်၊ ခြေသံကြားတယ်။ အဘတို့ အိပ်ရာက နိုးပြီထင်တယ်"

သည်တော့မှ သာဆင့်လည်း ရပ်သွားသည်။

"အလကား မြို့ကလူတွေ ညာတာပါ။ တောကို တကယ် သူတို့ကြိုက်တာ မဟုတ် ပါဘူး။ ကြိုက်ရင် တောလာနေပါလား။ ရွံ့ဗွက်ထဲ လမ်းလျှောက် ခြင်ကိုက်ခံကြည့်ပါလား။ အလကားပါ၊ ဘယ်တော့မှမိနပ်ချွတ်တာမဟုတ်ဘူး။ ရွံ့ပေမှာ သိပ်ကြောက်၊ ခြင်ကိုက် မှာ သိပ်ကြောက်တဲ့ လူညာတွေပါ"

mgyoe.com

mgyoe.com SAMPLE BOOK

အသင်သည် ညှော်ခန်းဆောင်ထောင့်ရှိ ကြေးပန်းအိုးအောက်တွင် ကျနေသော စက္ကူစာစ်ရွက်ကို လှမ်းကောက်လိုက်လေသည်။

ဝတ္ထုမဂ္ဂဇင်း အဖုံးမှ ပုံကား။

ရွှေတိဂုံဘုရားခြေရင်း မော်တော်ကားအနီကြီး ရပ်ထားပုံ၊ ကားထဲမှ မြို့သူခေတ်ဆန်မယ်က ထွက်လာပုံ။ အသင်တို့ မောင်နှမ နှစ်ယောက်သည် ခေါင်းပူးကာ ကြည့်ကြလေသည်။

"ရွှေတိဂုံဘုရားလည်း ပါတယ်နော်။ မော်တော်ကားကြီးကလည်း သိပ်လှတာပဲ။ အနီရောင်။ အင်္ကျီလက်က ပြတ်လို့ ဘာဖြစ်လို့လဲ ဟင်၊ စုတ်သွားတာလား" ဟု သာဆင့်က မေးလေသည်။

"မသိတော့လား" ဟုသာ အသင်က ဖြေသည်။ အသင်သည် ကြေမွလုမတတ် တွန့်နေသော ပုံကားကို တရိုတသေ ဖုန်များခါကာ ဆန့်နေသည်။

"အစ်မ သိမ်းထား၊ ကျွန်တော်တို့ အိမ်မှာ ဆွဲထားရအောင်။ ရွှေတိဂုံဘုရားပုံလည်း ပါတယ်။ မြို့သူနဲ့ မော်တော်ကားလည်း ပါတယ် နော်… နော်"

ထိုအခိုက် လှေကားဆီမှ စကားပြောသံ ခြေသံ အသံဗလံများ ကြားရလေသည်။

အသင်သည် စက္ကူရွက်ကို သပ်နေရင်းက ကမန်းကတန်း ခေါက်ကာ ထဘီကြားသို့ ထားမည်ပြုသည်။

"အစ်မ… ဘုရားပုံပါတယ်၊ ငရဲကြီးလိမ့်မယ်။ ထဘီထဲ မထည့်နဲ့" ဟု သာဆင့်က မျက်လုံးပြူး မျက်ဆန်ပြူးနှင့်ပြောမှ အသင်က သတိရလေသည်။ ခြေသံများလည်း နီးလာလေပြီ။

"အစ်မ… မြန်မြန်"

အသင်သည် စက္ကူအခေါက်ကလေးကို ခေါင်းပေါင်းထားသော မျက်နှာသုတ်ပဝါထဲသို့ တုန်ယင်သောလက်ဖြင့် ကပျာကယာ သွင်းလိုက်လေသည်။

တာရာမဂ္ဂဇင်း၊ ဒီဇင်ဘာ၊ ၁၉၄၉။

mgyoe.com

mgyoe.com SAMPLE BOOK

# စန္ဒကေသီ

ဝသန်ယွန်းတွင်
ခွေဝန်းပုန်းညက်
ခြောက်သွေ့လျက်က
ပွင့်သက်လူးလွန့်
ရင်းမာညွန့်မှ…

(၁)

စန်းစန်းသင့်သည် ကဗျာတစ်ပုဒ်ကို ရေးစပ်နေရာမှ တစ်ဝက်တစ်ပျက်တွင် ရပ်လိုက်ကာ ကလောင်တံကို ချလိုက်ပြီး သက်ပြင်းရှူနေမိလေသည်။

စောစောက မိုးသည် မစဲဘဲ တသည်းသည်းရွာချနေရာမှ ယခုမူ ဖွဲ၍ ဖွဲ၍ လာပေပြီ။ ပိတ်ထားသော ပြတင်းမှန်ပေါ်တွင်ကား ပုလဲရေပေါက်တို့သည် စွဲလွဲခိုနေကြသည်။ မိုးဖွဲဖွဲထဲတွင် ဝါဝင်းသော နေရောင်ခြည်သနီးလာသည်။ မိုးဖွဲဖွဲတွင် နေရောင်ပြက်လိုက်သည်ကို စန်းစန်းသင့်သည် အင်မတန်ချစ်တတ်သည်။

ထို့ကြောင့်ပင်လျှင် စန်းစန်းသင့်သည် ကာရန်ရှာ၍ မသွက်လက်သော ကဗျာရေးလက်စကို ချကာ ပြတင်းကို ငေးကြည့်နေမိလေသည်။

အမှန်အားဖြင့် စန်းစန်းသင့်သည် ကဗျာဆရာမဟုတ်ပေ။ ဝတ္ထုရေးဆရာနှင့် ဝေဖန်ရေးဆရာသာဖြစ်ပေသည်။ ယခု သူမ ရေးသားလျက်ရှိသော ဝတ္ထုရှည်ကြီး၏ တစ်နေရာအတွက် ကဗျာတစ်ပုဒ်ကို စပ်ဆိုနေခြင်းဖြစ်ပေသည်။

သူမ၏စာဖတ်ခန်းဘက်သို့ ငိုက်ယွန်းလျက်ရှိသော တရုတ်စံကားပင် အကိုင်းတို့သည် မှန်ပြတင်းဝယ် ထင်းထင်းကြီး ပေါ်နေလေသည်။ မှန်သားပေါ်တွင် ရေစက်များတင်နေရာ အဆစ်အဆစ်နှင့် ကောက်ချိတ်လိမ်တွန့်လျက်ရှိသော စံကားအိုကိုင်းများမှာ ပို၍ကောက်နေလေသည်။

mgyoe.com

SAMPLE BOOK

မှန်ပေါ်ရှိ ရေစက်က အောက်သို့ စီးကျသည့်အခါ အကိုင်းများသည် စီးကျ၍နေ၏။ ရေစက်က သီးကာတင်နေသည့်အခါ အကိုင်းတို့သည် အဆစ်ကြီးကြီးဝယ် ထစ်နေကြ၏။ လေက တစ်ချက် တစ်ချက် ပြင်းပြင်းတိုးဝှေ့လိုက်သည့်အခါ တွဲလွဲခို၍သီးနေသော ရေစက်သည် လျှောကျသွားလေရာ စံကားအိုကိုင်းသည်လည်း အောက်သို့လျှောကျကာ ညွတ်ကွေးသွားပြန်လေ၏။

အို...

"ပီကာဆို၊ မာတင်စီ စတဲ့ ခေတ်စမ်း ပန်းချီဆရာတွေဟာ သည်လို ထင်မြင်ချက် ဆန်းဆန်းတွေကို ခြယ်ရေးဖော်ပြတာ နေမှာပဲနော်" ဟု စန်းစန်းသင့် စိတ်ထဲ၌ ရေရွတ်မိလေသည်။

စံကားပင် အကိုင်းများဟုကား သိပါ၏။ သို့သော် ခါတိုင်း မြင်တွေ့နေကျ အကိုင်းများအတိုင်းကား မဟုတ်။ မှန်ပေါ်တွင် ထင်နေသော မိုးရေစက်များမှတစ်ဆင့် တွေ့မြင်ရသော ထင်မြင်ချက်များပင်။

သစ်ကိုင်းများတွင် ရေညှိတို့ ပေကျံနေသဖြင့် စိမ်းညိုညိုဖြစ်ရနေ၏။ စံကားပွင့် အဖြူများသည် အဆုပ်လိုက် လှိုင်းလှိုင်းလူးနေကြ၏။ ဝါသော စံကားဝါ၊ နီသော စံကားနီ။ သို့သော် မှန်ပေါ်တွင်ကား ခါတိုင်းမြင်နေကျ ပီပီသသ စံကားပွင့်များအတိုင်းမဟုတ်။ အဝါနှင့် ပန်းရောင်တို့သည်သာ အရိုင်းအရိုင်းကွဲနေကြပေ၏။

ပီကာဆိုသည် ငယ်စဉ် ပဲရစ်မြို့ ပန်းချီလောကတွင် ခြယ်ရေးနေစဉ်က ဓာတ်ပုံရိုက်ကူးသကဲ့သို့ တူသောရုပ်သဏ္ဌာန်များကို လက်ရာကောင်းကောင်းနှင့် ရေးနိုင်စွမ်းသူဖြစ်၏။ ဤကဲ့သို့ ဓာတ်ပုံရိုက်သကဲ့သို့သော ပန်းချီကား မြောက်မြားစွာကို ရေးခြယ်နိုင်စွမ်းရှိပြီးသည့်ခေတ်မှ လွန်မြောက်ကာ သူ၏ ပန်းချီသည် ပင်ကိုဆန်းသစ်ခြင်းသို့ ရောက်လာသည် မဟုတ်လော။

သူသည် ထင်မြင်ချက်များကို ခြယ်ရေးစပြုလာ၏။ သာမန်မျက်စိရိုးရိုးနှင့် ပြကတေ့တွေ့မြင်သော စံကားပင်မျိုးမဟုတ်တော့ဘဲ ရေစက်များထင်နေသော မှန်မှတစ်ဆင့် မြင်ရသော စံကားပင်မျိုးကို ခြယ်ရေးလာ၏။ မိမိ၏ ပင်ကိုဆန်းသစ်သော စိတ်ကူးမှတစ်ဆင့် ထွက်လာသော စိတ်၏ ထင်မြင်ချက်များကို ခြယ်ရေးလာ၏။ ယင်းသည် ခေတ်စမ်းပန်းချီပေလော။

စန်းစန်းသင့်သည် ဤသို့တွေးကာ အနုပညာ၏ ဖြစ်ပေါ် တိုးတက်လာပုံကို စဉ်းစားမိပြန်လေသည်။

စန်းစန်းသင့်သည် 'စန္ဒကေသီ' အမည်ခံ နာမည်ကျော် စာရေးဆရာမဖြစ်ပေသည်။ သူမသည် ဝတ္ထုများကို ရေးသားလာသည်မှာ ငါးနှစ်မျှရှိပေပြီ။ အပျိုပေါက် ၁၃–၁၄ နှစ်အရွယ်ကတည်းက ကဗျာ အတိုအထွာများကို စတင်ရေးသားလာခဲ့ပေသည်။

mgyoe.com SAMPLE BOOK

သူမအဖို့ကား 'စာပေအစ ကဗျာက' ဟု ဆိုနိုင်သည်။ သူမသည် ကဗျာကို စတင်ရေးသားလေသည်။ သို့သော် မိမိရင်ထဲက အတွေးအခေါ်ကို ဖော်ပြနိုင်စွမ်းရှိသည့် ကဗျာအစစ်ကားမဟုတ်ပေ။ စကားလုံးများကို ဟိုစမ်း သည်စမ်း ကဗျာတွဲကာ ကစားကြည့်ရင်းကာရန်ချိတ်မိသည်များကို ပေါင်းစပ်ထားခြင်းမျှသာဖြစ်မေသည်။ ယင်းကို ကဗျာဟု ခေါ်နိုင်ပါမည်လော။ ကာရန်သည် ကဗျာလော။

ဥပမာ 'ဆောင်ခန်းလေသာ...' ဟု စတင်လိုက်လျှင် 'ရောင်လျှမ်းဝေဖြာ၊ သောင်ကမ်းခေမာ၊ အောင်နန်းတေဇာ၊ မောင်သန်းပေတာ' စသည်ဖြင့် နောက်ဆက်တွဲကာရန်များကို စမ်းကာစမ်းကာ တွေ့ရှိရလေသည်။ ယင်းသည် အတွေးလော။ ကာရန်အနောက်မှ စက်ကိရိယာကဲ့သို့ လှည့်လည်၍ လိုက်လာသော စကားလုံး အတွဲမျှသာဖြစ်ပေသည်။

သို့သော် ငယ်ငယ် ကလေးဘဝကမူ ဤကဲ့သို့ ရောက်တတ်ရာရာ စကားလုံးများကို ကစားကာ စမ်းသပ်ကြည့်သော ကာရန်ဖြစ်လာသည့် စာစုများကို ကဗျာဟု မှတ်ထင်ခဲ့ပေသည်တကား။

စန်းစန်းသင့်သည် သို့တွေးရင်း တစ်ဝက်တစ်ပျက် ကဗျာလေးကို ကြည့်မိပြန်ကာ ဆက်၍ ရေးရန် ကလောင်တံကို ကိုင်လိုက်ပြန်သည်။

ရင်းမာညွန့်မှ
ယှက်ကွန့်ပုရစ်
ဖူးစသစ်သည်
ပေါ်လုစ်နီတျာ
ပြာရရာလျှင်...

စန်းစန်းသင့်သည် ရေးစပ်ရင်း သိပ်သဘောမကျသဖြင့် ရပ်ကာ ငေးမိပြန်သည်။ မိုးဖွဲကလေးသည် ပါးစပြုလေပြီ။

နေရောင်သည် ဝင်း၍လာလေပြီ။ မှန်ပေါ်တွင် တင်နေသော ရေစက် ရေပေါက်ကလေးတို့သည် ကလယ်ကလယ်နှင့် ဝိုင်းဝိုင်းလည်၍နေရာ နေရောင်က ပြက်လိုက်သည့်အခါ ပယင်းရည် ပြေး၍လာသည်။ မှန်ပြတင်းသည် ပယင်းရောင်တောက်၍လာသည်။ မှန်တွင် တွန့်ယှက်ကာ မှုန်ဝါးဝါးထင်နေသော စကားပင်အို အကိုင်းအခက်များသည်လည်း ပယင်းရောင် ဝါဝါဖြင့်သန်း၍ နေတော့သည်။ ပယင်းပွင့်၊ ပယင်းရွက်၊ ပယင်းအကိုင်းအခက်၊ ပယင်းရေစက်၊ ပယင်းဇာမြိတ်။

စန်းစန်းသင့်သည် ငေးကြည့်နေရာမှ စားပွဲစွန်းရှိ ဖိတ်စာတစ်စောင်ကို သွားမြင်လိုက်သည်။ တက္ကသိုလ် မြန်မာအသင်းမှ ဖိတ်စာဖြစ်သည်။ ယနေ့ညနေ အသင်းဖွင့်ပွဲတွင်

mgyoe.com

SAMPLE BOOK
'စစ်ပြီး မြန်မာစာပေ' အကြောင်း ဟောပြောရဦးမည်ပါကလား။

ဘာမှလည်း မပြင်ဆင်ရသေး။ သို့သော် ခေတ်ပေါ်စာပေဖြစ်သဖြင့် အကိုးအကား သိပ်မပါ။ မိမိနေ့တိုင်းတွေ့နေကျ စာပေလောကမှ မှတ်မိသရွေ့ကိုပဲ လက်တန်းပြောရပေတော့မည်။

စန်းစန်းသင့်သည် ဖိတ်စာကိုကြည့်ရင်း ရင်ထဲက ဖိုမိလေသည်။

ဖိုမိသည့်အကြောင်းမှာ အခြားကြောင့်မဟုတ်။ လူသူပရိသတ်တွင် တရားဟောပြောခြင်းကို သိပ်မလုပ်ချင်သည်မှာ ကြာပြီ။ ဝတ္ထုတစ်ပုဒ်ကိုပဲဖြစ်ဖြစ်၊ စာပေဝေဖန်စာကိုပဲဖြစ်ဖြစ် ရေးချင်သည်။ ယခုလို ပွဲလမ်း အခမ်းအနားကို မတက်ချင်။

သို့သော် မိမိမှာ နာမည်ထင်ရှားလာပြီဖြစ်သဖြင့် ပွဲလမ်းသဘင် အခမ်းအနားကို မတက်၍လည်းမဖြစ်။ သွားတန်သရွေ့လည်း သွားရသေးသည်။ အမျိုးသား ပန်းချီသမဂ္ဂ၏ နာယက စာကြည့်တိုက် အကြံဉာဏ်ပေးလူကြီး၊ ယဉ်ကျေးမှုအဖွဲ့ချုပ် ဒုတိယသဘာပတိ၊ စာရေးဆရာအသင်း ငွေထိန်း စသည့် နေရာများတွင် ဆောင်ရွက်နေရ၏။

စန်းစန်းသင့်သည် တက္ကသိုလ် မြန်မာအသင်းမှ ဖိတ်စာနှင့် တစ်ဝက်တစ်ပျက် ကဗျာကို တစ်လှည့်စီကြည့်ရင်း ရင်ထဲတွင် ဖိုလှိုက်၍လာသည်။

ဘယ်သွားသွား မလွတ်လပ်။ သတင်းထောက်တို့ကလည်း မိမိအနားသာ ဝိုင်းကာ ဓာတ်ပုံတဖျပ်ဖျပ် ရိုက်တတ်ကြသည်။ တစ်နေ့က ပြည်ထောင်စုကလပ် ကပွဲသို့သွားစဉ်ကလည်း မရမက ဓာတ်ပုံရိုက်ယူကြသဖြင့် တစ်ဖက်လှည့်နေသည့်ပုံကိုသာ ရသည်။ သို့သော် ပညာရေးဝန်ကြီးနှင့် အာလာပ သလ္လာပ စကားပြောနေသော စာရေးဆရာမ စန္ဒကေသီဟူ၍ ဖော်ပြကြသည်။ သတင်းစာထဲပါ၊ ဂျာနယ်ထဲပါနှင့် အင်မတန် စိတ်ပျက်စရာကောင်းလှသည်။ တစ်ခါတစ်ရံမူ စိတ်ပျက်စရာထက် မိမိကိုယ်ရေးကိုယ်တာကိုပင် ထိခိုက်တတ်သေးသည်။

သို့သော် ငယ်ငယ် စာရေးဆရာဖြစ်စဉ်ကမူ ကျော်စော ထင်ရှားခြင်းကို အင်မတန်မှ တပ်မက်မိသည်။ သတင်းစာ ဂျာနယ်များကို လှန်လှောကာကြည့်ရင်း ကျော်စောထင်ရှားသူများအကြောင်းကို စိတ်ဝင်စားစွာ ဖတ်မိသည်။ တစ်ခါကမူ ဤထင်ရှားသော ဘဝကို ရော်ရမ်းကာ အိပ်မက်မက်ခဲ့၏။

ယခုကား ဘယ်သွားသွား မလွတ်လပ်၊ ဘာလုပ်လုပ် မလွတ်လပ်။

စန်းစန်းသင့်သည် အင်မတန် အညင်သာဆုံးသော အရှိုက်ဖြင့် ရှိုက်ငိုကာ ငယ်စဉ်က သူ့အမေအား ပြောဖူးသည့် စကားကို အမှတ်ရတော့သည်။ နားထဲတွင် ထိုစကားသံလေးသည် မြည်ဟည်း၍လာသည်။

စန်းစန်းသင့်သည် ငိုရှိုက်၍ နားကိုပိတ်ထားမိလေသည်။

"မေမေ... မေမေ... မေမေ့သမီး စန်းစန်းသင့်လေ၊ စာရေးဆရာမ ဖြစ်တော့မယ်–

mgyoe.com

mgyoe.com SAMPLE BOOK
သိလား၊ စာရေးဆရာမ ဖြစ်တော့မယ်"

ပုံတင်သံကလေးသည် ပယင်းရောင်ပြတင်းမှ တိုးဝှေ့ကာ ပြန်ရိုက်ပြီး မြည်ဟည်းနေသည်။

"စာရေးဆရာမ ဖြစ်တော့မယ်၊ စာရေးဆရာမ ဖြစ်တော့မယ်"

(၂)

ဟုတ်သည်။ ငယ်ငယ်တုန်းက သူ့အမေအား "မေမေ... မေမေ... မေမေ့သမီး စန်းစန်းသင့်လေ... စာရေးဆရာမ ဖြစ်တော့မယ် သိလား၊ စာရေးဆရာမ ဖြစ်တော့မယ်" ဟု ပြောခဲ့လေသည်။

ပထမဆုံး မိမိပို့သော ကဗျာကလေး ဥက္ကလာမဂ္ဂဇင်းတွင် စတင်ထည့်သွင်းသည်ကို တွေ့ရစဉ်ကဖြစ်သည်။

ထိုအခါကလောက် တစ်ခါမျှ ဝမ်းမြောက်ခြင်းဖြင့် မတုန်လှုပ်ခဲ့။ ဝမ်းသာလွန်းအားကြီးသဖြင့် ကတုန်ကယင်ဖြစ်ကာ ဖိုလှိုက်နေမိသည်။

ကျောင်းကပြန်လာလျှင် "မေမေ... စာမလာဘူးလား ဟင်" ဟု လွယ်အိတ်ကို မချခင်က မေးရသည်မှာ အမော။

မေမေက "ကောင်မလေး ဘာပြုလို့ ခဏခဏ မေးနေတာလဲ။ စာရရင် မေမေက သမီးစားပွဲပေါ်မှာ တင်ထားမှာပေါ့" ဟု ပြောခဲ့၏။

ဥက္ကလာမဂ္ဂဇင်းတိုက်သို့ ကဗျာတစ်ပုဒ် ပို့ပြီးကတည်းက စာပို့ကုလားကို မျှော်ရသည်မှာ အမော။ မိမိတို့အိမ်မှာ ဥက္ကလာမဂ္ဂဇင်းကို နှစ်ပိုင်းဖြင့် ဝယ်ယူကြည့်သူဖြစ်ရာ လဆန်းလျှင် ငါ့ကဗျာကလေးများ ပါလာမလားဟူသော မျှော်လင့်ချက်ဖြင့် မျှော်ရပါ၏။

စာပို့ကုလားက လာပေးသော မဂ္ဂဇင်းထုပ်ကို ရလျှင်ရချင်း ပတ်ထားသည့် စက္ကူအညိုပတ်ကလေးကို ကမန်းကတန်း ခွာ၏။ ကမန်းကတန်းခွာသဖြင့် မဂ္ဂဇင်းအသားပင် စုတ်သွားရာ အစ်မလုပ်သူ တင်တင်ကြီးက "ဟဲ့ သင့်သင့် ဖြည်းဖြည်းလုပ်၊ ပျာပျာ ပျာပျာ မလုပ်စမ်းနဲ့၊ လိပ်ထားတာ။ အထဲက မဂ္ဂဇင်းစာရွက် စုတ်သွားမှာပေါ့၊ အသာအလိုက်သင့် ခွာယူရတယ်" ဟု ပြောသည်ကိုပင် မရ။

မေမေကမူကား ပက်လက်ကုလားထိုင်ထက်တွင် ဆွယ်တာ ထိုးနေရင်းက "စန်းစန်းသင့်ကလေ–ဒီမဂ္ဂဇင်းများ စာတိုက်က ရောက်ရင် ဘယ့်နှယ်ဖြစ်မှန်းမသိဘူး" ဟု ဆို၏။ သို့သော် ပြုံးရယ်ကာ သမီး၏ စိတ်အားထက်သန်ခြင်းကို သဘောကျလျက် ရှိပေ၏။

စန်းစန်းသင့်သည် အပတ်များ ပြေ၍ မဂ္ဂဇင်း ပေါ်လာလျှင် ကဗျာကယာ မာတိကာကို အရင်လှန်ကြည့်ရ၏။ အစ်မ တင်တင်ကြီးက "နင်ရေးတာ မပါဘူး မဟုတ်လား ဟယ်"
mgyoe.com

mgyoe.com SAMPLE BOOK

ဟု နောက်နေသည်။

စန်းစန်းသင့်ကား အသက်ပင် မရှူနိုင်။ မာတိကာကိုသာ ဒုတိယအကြိမ် ထပ်မံဖတ်ကြည့်နေ၏။ ရေးသူ စန္ဒကေသီဟူသော စာလုံးနှင့်တူတာ တစ်စက်မျှမတွေ့။

မေမေပင် ဆွယ်တာထိုးရာမှ ရပ်ကာ စန်းစန်းသင့်၏ အမူအရာကို ငေးကြည့်နေ၏။ အစ်မအကြီးဆုံး ဝန်ထောက်ကတော်ဲ ရင်ရင်ကြီးက "သင့်သင့်နှယ်. အသက်တောင် မရှူဘူး" ဟု ရယ်မောနေ၏။

တတိယအကြိမ် ထပ်ဖတ်ပြန်၏။

"နင့်ကဗျာ မပါပါဘူးဟယ်" ဟု တင်တင်ကြီးက နောက်လေသည်။

မာတိကာတွင် မပါသည်ကို တွေ့ရသောအခါ မျက်နှာပျက်စပြုလာ၏။ အတွင်းစာသားထဲတွင် ညှပ်ကာ ပါများ ပါလာမလားဟု မဂ္ဂဇင်းကို လှန်ကြည့်ပြန်သည်။ အမှန်အားဖြင့် ဥက္ကလာမဂ္ဂဇင်းမှာ မာတိကာတွင် စာတိုစာစကမကျန် ထည့်လေ့ရှိရာ မာတိကာတွင် မပါလျှင် ပါမည်မဟုတ်ပေ။

"လွယ်အိတ်များ ချထားပါဦး ဟဲ့" ဟု မေမေက လှမ်းပြောလိုက်သည်။

တစ်ရွက်စီ လှန်နေရာက ဆုံးခါနီးသောအခါ ရင်ထဲတွင် တင်းကျပ်၍ လာလေ၏။ ဖိုလှိုက်ဖိုလှိုက်လာ၏။ ဘယ်ကိုမှ မကြည့်။ ပုံနှိပ်ထားသော စာလုံးများသည် ဝါး၍လာ၏။ ဝတ္ထုကို ခြယ်ထားသော အရုပ်ကားမှ မိန်းမပျိုကလေး၏ ခေါင်းသည် နှစ်ထပ်ဖြစ်လာ၏။ မျက်ရည်ဥကလေးသည် ရွဲကာ ကျတော့မည်ကိုသိသဖြင့် လက်နှင့် အသာသုတ်လိုက်လေသည်။

မေမေက နှစ်သိမ့်သောအားဖြင့် "သမီးရဲ့ကဗျာ နောက်လမှ ပါမှာနော်" ဟု ဆိုသည်။ သည်တော့မှ စန်းစန်းသင့်သည် မထိန်းနိုင်တော့ဘဲ တစ်ချက်ရှိုက်လိုက်ကာ မဂ္ဂဇင်းကို ပစ်ချပြီး အခန်းထဲသို့ ပြေးဝင်သွားလေတော့သည်။

နောက်တစ်နေ့မှာလည်း ကျောင်းဆင်းလျှင် စာကိုမေးရ၏။ စာပို့ကုလားကို မျှော်ရပါ၏။

"မထည့်ရင် မထည့်ဘူးလို့ စာပြန်ရေးပေါ့နော်။ တံဆိပ်ခေါင်းလည်း အပိုထည့်လိုက်ရက်သားနဲ့" ဟု တွေးသည်။ စာပို့ကုလား မျှော်ရသည်ကို ဘယ်တော့မျှမမောပန်း။

စနေနေ့ ကျောင်းပိတ်ရက်တွင်ကား အိမ်နားမှ နော်ရင်းရှင်တို့၊ ဂရီတာထွန်းဖေတို့ လာခေါ်သည်ကိုပင် အကစားမလိုက်။ အိမ်တွင်ကပ်ကာ စာပို့ကုလားကိုသာ တစ်နေ့လုံး မျှော်နေရလေ၏။

နောက်ထပ် ကဗျာတစ်ပုဒ်ရေးပြီး၍ ပို့လိုက်ပြန်၏။ ရင်ထဲတွင်ကား ပို၍ လှပ်လှပ်လှပ်လှပ်ဖြစ်လာသည်။ သည်အတွင်း ကဗျာတွေ ရေးလိုက်သည်မှာကား မနည်းလှ။

ရှေးဟောင်းပျို့ကဗျာ လင်္ကာတွေ ရတု ရကန်တွေကို ညတိုင်းဖတ်၏။ သည်ရှေး

mgyoe.com

mgyoe.com SAMPLE BOOK


ဟောင်း ကဗျာလင်္ကာများထဲမှ စကားလုံးမျိုးကို အတော်သိလာသည်။ ကာရန်စကားလုံးများနှင့် အတော်အတန် အကျွမ်းတဝင်ဖြစ်လာသည်။

သူမ စပ်ဟပ်နေသည်ဆိုသော ကဗျာများထဲတွင် သူမ ဖတ်သော ရှေးဟောင်း ရတု ရကန် မျို့လင်္ကာ ကဗျာထဲမှ ကာရန်အချိတ်အဆက်မျိုး၊ စကားလုံးမျိုးများသည် ဝင်လာလေသည်။ သူမကိုယ်တိုင်ကမူ ကူးယူသည်ဟု လုံးလုံးမသိ။

ဥပမာ၊ တောတောင်သေလာဟု စလိုက်လျှင် ဟေမဝါဝဲယ်ဟု ဆက်ရလာတတ်၏။ ရှင်ဥတ္တမကျော်၏ ရတုထဲမှဖြစ်သည်ဟုကား လုံးလုံးမသိ။ သို့သော် သူမ၏ မှတ်ဉာဏ်ထဲတွင် ဖတ်လာခဲ့ရသော ကာရန်များ၊ စကားလုံး အချိတ်အဆက်များသည် ထင်ကျန်ရစ်နေရာ ကဗျာစပ်၍ ကာရန်ရှာသောအခါ ထိုမှတ်ဉာဏ်တွင် ထင်ဟပ်နေသော ကာရန်များသည် ထွက်လာတတ်ပေသည်။

အထူးသဖြင့် စန်းစန်းသင့်မှာ စာပေဝါသနာရှိစ၊ သင်စ အရွယ် နုနယ်သေး၍ ကဗျာလင်္ကာများကို များများစားစား ဖတ်ဖူးသည်မဟုတ်ရာ သာ၍ကူးချသော ကဗျာမျိုး ထွက်လာပေသည်။

စန်းစန်းသင့်သည် လဆန်းတိုင်း ဥက္ကလာမဂ္ဂဇင်းကို စောင့်မျှော်ကာ မာတိကာကို လှန်ကြည့်ရ၏။ ညနေ ကျောင်းပြန်လာတိုင်း စာရောက် မရောက်ကို မေးရ၏။ သို့သော် စာလည်း မလာ။

သည်အတွင်း ကဗျာများကို စပ်လျက်ရှိသည်။

ငယ်ရွယ် နုနယ်သေးသော စန်းစန်းသင့်အဖို့ ကဗျာရေးစရာ အကြောင်းအရာကား မရှိ။ ယခင် ကဗျာများတွင် ထပ်၍နေသော လ၊ ပန်းပွင့်၊ မိုး၊ လရောင်၊ သစ်ရွက်စိမ်း စသည်တို့ကိုသာ ရေးမိလေသည်။ ကာရန် အဟောင်းများကိုပင် ဟပ်မိလေသည်။ ကဗျာသင်စကား ဤသို့ပင် အဟောင်းကို အသစ်မှတ်ကာ တကုပ်ကုပ် ရေးမိတတ်ပေသည်။

သို့သော် စန်းစန်းသင့်ကား မိမိရေးစပ်ပြီးစီးသော ကဗျာအတွက် မာန်မတက်မိ။ ဤစိတ်ကလေးကား စာရေးဆရာ အကျော်အမော်ဖြစ်မည့် အမြုတေ စိတ်ကလေးပင်။ မိမိက ကဗျာများကို ရေးစပ်လျက်ကပင် ရှေးစာဆိုတော်ကြီးများ၏ ကဗျာလင်္ကာများကို ဖတ်ကြား လေ့လာ၍ နေပေရာ မိမိ၏ အင်မတန် သေးနုပ်သေးသော ကဗျာကလေးများနှင့် ယှဉ်မိလေသည်။ ဤသို့ ယှဉ်ကြည့်မိခြင်းကား မိမိ၏စာကို မိမိဝေဖန်ရေးပင်။

မိမိတွဲစပ်နေသော ကာရန်ထဲမှ ရှေးဟောင်းကဗျာရှိ ကာရန်ဟု သိရှိလာသည့်အခါ ချက်ချင်း အသစ်တစ်မျိုးကို ရှာဖွေမိ၏။

စာပို့ကုလားထံမှ စာနှင့် မဂ္ဂဇင်းများကို မျှော်ရသည်မှာ မောရသည်မရှိ။ တစ်လပြီး တစ်လ ကူးလာသည်။ စန်းစန်းသင့်သည် လဆန်းတိုင်း ဥက္ကလာမဂ္ဂဇင်းတွင် မိမိကဗျာကို မတွေ့ရသည့်အခါ ငိုရှိုက်မိရင်းပင် ကဗျာများ ဆက်ကာ စပ်နေ၏။

mgyoe.com

သို့နှင့် စာမေးပွဲသည် နီးကပ်လာလေပြီ။ ဖေဖေ၏ ဆုံးမချက်ကြောင့် ညတိုင်း စာကို မှန်မှန်ကြည့်ရလေပြီ။ သို့သော် စန်းစန်းသင့်ကား ကဗျာစပ်မပျက်၊ ကဗျာဖတ်မပျက်။ ကိုးခန်းပျို့၊ နဝဒေးရတုများကိုပင် လေ့လာလျက် ရှိလေပြီ။

စန်းစန်းသင့်သည် မာန်မာနကင်းစွာပင် ပကတိ ရိုးသားသော စာပေစိတ်ဖြင့် ကဗျာများကို ရေးစပ်လေ့ကျင့်ကာ ဥက္ကလာမဂ္ဂဇင်းတိုက်သို့ တံဆိပ်ခေါင်း၊ စက္ကူအုံကုန်ခံ၍ ပေးပို့ရင်း စာမေးပွဲ ဝင်မည့်ရက် ကပ်လာလေသည်။

စန်းစန်းသင့်သည် ကဗျာအရေး နှေးလာသည်။ စာမေးပွဲ နီး၍ ကျောင်းစာကြောင့် ကဗျာလင်္ကာကို လျှော့သည်မဟုတ်။ စာအဖတ် များလာသောအခါ ချင့်ချိန်ဝေဖန်တတ်သော ဉာဏ်က အနည်းငယ် ရင့်သန်လာပြီဖြစ်သဖြင့် စကားလုံး ရွေးချယ်ရသည်မှာ ကြာလာ၏။ တော်တော်နှင့် သဘောကျမဖြစ်။

ရှေးဟောင်း ကဗျာလင်္ကာထဲမှ ကာရန်များ ဖြစ်နေပြန်သဖြင့် ထပ်၍ ကာရန်အသစ် ရှာဖွေရပြန်၏။ တစ်ဖန် စကားလုံးက လုပြန်ပါလည်း အဓိပ္ပာယ် အဆက်အစပ် လုံးဝမရှိသဖြင့် ထပ်ပြင်ရပြန်၏။ ဤသို့ဖြင့် ကဗျာအစပ် နှေးလာလေတော့သည်။

ကျောင်းကအပြန် တစ်နေ့တွင်ကား မေမေလည်း အလည်သွားခိုက်နှင့် ကြုံသဖြင့် ခါတိုင်းလို "မေမေ... စာပါလား" ဟု မမေးဖြစ်ဘဲ မိမိ၏စာဖတ်ခန်းသို့ တန်းဝင်သွားလေသည်။ ငါ့ကဗျာလည်း ဥက္ကလာမဂ္ဂဇင်းမှာ ပါမှာ မဟုတ်ပါဘူးလေ–ဟု စိတ်လျှော့စပြုနေသော အချိန်ဖြစ်၏။

သူမသည် လွယ်အိတ်ကို ပစ်တင်ကာ ကျောင်းဂါဝန် အပြာကလေးကို ချွတ်နေ၏။ ကျောင်းမှသင်ပေးသော သီချင်းသွားကလေးကို မမေ့အောင် ညည်းနေသည်။ သို့ညည်းရာမှ အိပ်ရာထက်သို့ မျက်စိရောက်သွားရာ ဥက္ကလာမဂ္ဂဇင်း ပါဆယ်ထုပ်ကို တွေ့ရလေ၏။

စန်းစန်းသင့်သည် ခါတိုင်းထက် စောစွာ ရောက်လာသော မဂ္ဂဇင်းကို အပတ်မှခွာလေသည်။ စိတ်ပျက်နေသဖြင့် ခါတိုင်းလို ပျာပျာသလဲမရှိ။ အေးဆေးစွာပင် စက္ကူအညိုပတ်ကို ခွာသဖြင့် အထဲက မဂ္ဂဇင်းသားမှာ စုတ်သွားခြင်းမရှိ။ ပြီးနောက် အသာလှန်ကာ မာတိကာကို ကြည့်မိလေသည်။

'ရေယမုန်

ရေးသူ စန္ဒကေသီ'

သူမသည် မျက်လုံးကို မယုံနိုင်လောက်အောင် ဖြစ်သွားသည်။ ဝမ်းသာလွန်းသဖြင့် လက်ကလေးများပင် တုန်ယင်လာသည်။

တစ်ခါထပ်ကာ မိမိကဗျာကလေးကို ဖတ်ကြည့်မိပြန်သည်။ အယ်ဒီတာက တစ်လုံး တစ်ပါဒမျှ ပြင်ဆင်ဖြည့်စွက်ခြင်းမရှိ။ မိမိရေးပေးသည့် မူအတိုင်းပင် ပုံနှိပ်စာလုံးအဖြစ်ဖြင့်

mgyee.com

mgyoe.com SAMPLE BOOK
တွေ့ရသည်မှာ အိပ်မက်ထဲကထက်ပင် ဆန်းကြယ်၍ နေပေတော့သည်။

ပုံနှိပ်စာလုံးများမှာ ဝိုင်းစက်ကာ ချစ်စရာကောင်းသည်ဟု မှတ်ထင်ရသည်။ ကဗျာလည်း ပို၍ကောင်းလာသည်ဟု အောက်မေ့မိသည်။

စန်းစန်းသင့်သည် ဝမ်းသာလွန်းသဖြင့် ဖိုရှိုက်သော နှလုံးဖြင့် အထပ်ထပ် ကဗျာကို ဖတ်နေသည်။ သုံးလေးခေါက်နှင့်လည်း အားမရနိုင်။ နောက်တစ်ဖန် ဥက္ကာလာမဂ္ဂဇင်းကို ရင်ခွင်ဝယ်ပိုက်ကာ ခုန်နေသော ရင်ကို ဖိထားလေသည်။ သူမ၏ မျက်နှာကား ကြည်ဝင်းတောက်ပနေသည်။

သတင်းစာ အစောင်စောင်မှ စန္ဒကေသီအကြောင်း ချီးကျူးရေးသားကြပုံကို စိတ်ကူးယဉ်ကြည့်မိသည်။ ပွဲလမ်း အခမ်းအနားများသို့ တက်ရောက်သည့်အခါ သတင်းစာများက အထူးတလည် ဖော်ပြကြပုံ၊ သစာင်းထောက် ဓာတ်ပုံဆရာများက ပုံအမျိုးမျိုး ရိုက်ကာ ဖော်ပြကြပုံတွေကို အသာ မျက်စိကလေးမှေးကာ စိတ်ကူးကြည့်သည်။

အသင်းအဖွဲ့များတွင် ကဗျာလင်္ကာအကြောင်း ဟောပြောရဦးမည်။ စာပေနှင့် ပတ်သက်၍ ပြဿနာများပေါ်သည့်အခါ မိမိအား မေးမြန်းသဖြင့် ဝေဖန်ချက်များ ပြောကြားရပေဦးမည်။ မိမိသည် လူများအလယ်သို့ ဖြတ်သွားလျှင် "ဒါ စန္ဒကေသီဆိုတဲ့ စာရေးဆရာမပေါ့" ဟု မကြားတကြားပြောကာ ဝိုင်းကြည့်ကြပေမည်။

ဤသို့လျှင် သတင်းစာဂျာနယ်တို့တွင် ဖတ်ရသော စာပေလောကအကြောင်း သတင်းများအလိုက် စိတ်ကူးယဉ်မိ၍ ကြည့်နေရာမှ အိမ်ထဲသို့ ဝင်လာသော မေမေ့အသံကို ကြားလိုက်ရသည်။

"ဟဲ့... မြတင်၊ စန်းစန်းသင့် ကျောင်းကမလာသေးဘူးလား" ဟု အိမ်မှ ထမင်းချက်ကို လှမ်းမေးနေသည်။

"လာပြီ မမလေး"

"နေ့လယ်က ဥက္ကာလာမဂ္ဂဇင်း စာတိုက်က လာပို့တယ်။ ဒီကောင်မလေး တွေ့ပြီလား မသိဘူး"

စန်းစန်းသင့်သည် "မေမေရေ... မေမေ" ဟု အော်ကာ အခန်းထဲမှ အပြင်သို့ ပြေးထွက်လာသည်။ ဧည့်ခန်းအကူးတွင် မေမေနှင့် တွေ့သည်။

"ဘာလဲဟဲ့... ဘာဖြစ်တာလဲ၊ ဒီကောင်မလေးဟာ..."

စန်းစန်းသင့်သည် မေမေ၏ ခါးကိုဖက်ကာ "ကြည့်စမ်း မေမေ၊ ကြည့်စမ်း" ဟု ဥက္ကာလာမဂ္ဂဇင်းမှ သူမ၏ ကဗျာပါသော စာမျက်နှာကို ပြသည်။

"နေစမ်းပါဦးဟယ်။ မေမေ မျက်မှန်တပ်ပါရစေဦး"

"ဒီအတိုင်း မြင်ရပါတယ်။ တွေ့လား၊ ရေးသူ စန္ဒကေသီတဲ့။ အဲဒါ စန်းစန်းသင့်ကလောင်နာမည်လေ"

mgyoe.com

mgyie.com SAMPLE BOOK

မေမေမှာ သည်အတိုင်းပင် ပြုံးရယ်ကာ သူမ၏ကဗျာကို ဖတ်ရှုနေသည်။

မီးဖိုချောင်ဘက်မှ အစ်မ တင်တင်ကြီး ရောက်လာသည်။

"ဘာလဲဟဲ့...၊ ဒီကောင်မလေး အသံဟာ ညံ့နေတာပဲ" ဟု တင်တင်ကြီးက ဆိုသည်။

"သင့်သင့်ကဗျာ ပါလာပြီ သိလား" ဟု ခါးထောက်ကာ အသံခပ်ပြတ်ပြတ် ပြောသည်။

"အောင်မယ်" ဟု တင်တင်ကြီးက ဆိုကာ မေမေဖတ်နေသော ဥက္ကလာမဂ္ဂဇင်းကို ခေါင်းချင်းဆိုင်ကာ ကြည့်သည်။

"ဟုတ်တယ် တင်တင်၊ စန်းစန်းသင့်က သမီးထဲမှာ အတော်ဆုံး" ဟု မေမေက ကြွားလေရာ စန်းစန်းသင့်က လျှာထုတ်၍ ပြလိုက်သည်။ တင်တင်ကြီးကမူ နှုတ်ခမ်းမဲ့လိုက်သည်။

အများအားဖြင့် မဂ္ဂဇင်းအယ်ဒီတာများမှာ ကဗျာကို နားမလည်သူများဖြစ်လေရာ ကံအားလျော်စွာ နေရာလိုသဖြင့် နေရာဖြည့်သဘောနှင့် ထည့်လိုက်ဟန် တူလေသည်။ ကာရန်မမိ အလွန်ညံ့ဖျင်းသော ကဗျာများသာ ဖယ်ရှားတတ်၍ အစပ်အဟပ်မမှားသော ကဗျာတို့ကို လွယ်လွယ်ပင် စာမျက်နှာ တစ်ဝက်တစ်စိတ် လိုနေသော နေရာတွင် စာဖြည့်သဘောနှင့် ထည့်တတ်ပေ၏။ စန်းစန်းသင့်၏ ကဗျာကား အတွေးမပါ။ စကားချည်းဖြစ်သော်လည်း ကာရန်မမှားသဖြင့် ထည့်လေသလား မသိပေ။

စန်းစန်းသင့်သည် မေမေ၏ ခါးကိုသာ ဖက်ကာ မျက်နှာနှင့် ရင်ဘတ်ကို အပ်လျက် "မေမေ–မေမေ့သမီး စန်းစန်းသင့်လေ၊ စာရေးဆရာမ ဖြစ်တော့မယ် သိလား၊ စာရေးဆရာမ ဖြစ်တော့မယ်" ဟု ပြောလေသည်။

ထိုအခါကမူ စန်းစန်းသင့်သည် စာရေးဆရာမအဖြစ်၏ ကျော်စောထင်ရှားခြင်းကို များစွာတောင့်တမိသည်။

ထိုညတစ်ညလုံး အိပ်မက်ထဲတွင် စာရေးဆရာမ စန္ဒကေသီသည် ပတ္တမြားဝေါယာဉ်ကိုစီးကာ ပင်လယ်ထဲတွင် လည်နေလေသည်။ ရေနတ်သားများက နှင်းဆီပန်းများနှင့်ပေါက်ကာ ဩဘာပေးကြသည်။ မြောက်ဝင်ရိုးစွန်းရှိ ရေခဲလျက်ရှိသော သီတာသို့ ရောက်သော်အခါ ပတ္တမြားဝေါယာဉ်ကြီးမှာ ရေခဲသွားသည်။ ဝေလငါးကြီးက အတောင်ပံနှင့်ရိုက်ရာ နှင်းဆီပွင့်တို့မှာ စွတ်စို၍သွားသည်။

စန်းစန်းသင့်သည် တအင်အင်နှင့် ညည်းကာ ယောင်နေသဖြင့် "ဟဲ့... စန်းစန်းသင့်၊ စန်းစန်းသင့်" ဟု မေမေက တင်ပါးကလေးကို ပုတ်ကာ သိပ်ပေးနေသည်။

ဖွင့်ထားသော ပြတင်းမှ ငွေလရောင်သည် အိပ်မက်ရှင် စန္ဒကေသီပေါ်သို့ ထိုးရိုက်လျက်ရှိလေသည်။

mgyoe.com SAMPLE BOOK

(၃)

တက္ကသိုလ်သို့ ရောက်သည့်နှစ်ကစ၍ စန်းစန်းသင့်သည် ကဗျာများကို သိပ်မရေးတော့ပေ။

စာရေးသင်ခါစ၊ စာပေစိတ် မွေးဖွားစ ကလေးအရွယ်ကမူ ကဗျာများကိုသာ ရေးစပ်နေမိလေသည်။ ကာရန်ဟပ်မိသည့်အခါ ကဗျာဖြစ်ပြီဟု အောက်မေ့မိသည်။ သို့သော် ရှေးကဗျာလင်္ကာ ဂန္ထဝင်မှ ပျို့၊ ရတု၊ ရကန် စသည်များကို နာနာဖတ်လာရသောအခါမူကား မိမိကဗျာများမှာ ထိုစပ်ပြီးသား ကဗျာမှ စာလုံးများကိုပင် ထပ်ကာ ကူးယူခြင်းမျှသာဟု သိရှိလာလေ၏။

တောတောင်၊ မြစ်၊ ချောင်း၊ မိုး၊ ဆီးနှင်း၊ သစ်ပင်၊ ပန်းပွင့်၊ နွေဦးလတပေါင်း၊ လရောင်၊ စက်ရာခန်း၊ ရွှေသဲဘွင် စသည့် အကြောင်းအရာများ ရှိပြီးသား ကာရန်မျိုး၊ စကား အစပ်အဟပ်မျိုးနှင့် ထပ်တလဲလဲ စပ်နေမိခြင်းမှာ မိမိဖတ်ရသော ရှေးစာပေများ၏ အတုမျှသာ ဖြစ်နေပါတကားဟု သိရှိလာရ၏။

သို့သိရှိလာရာမှ စကားအသစ်ကို ရှာဖွေမိပြန်သည်။ စကားလုံး အသစ်အဆန်းများ ရသောအခါမူ စကားဆန်းချည်းဖြစ်ကာ စိတ်ကူးမပါဘဲ ရှိနေပြန်သည်။ စိတ်ကူးသစ်ရဖို့မှာ ပြဿနာတစ်ရပ်ဖြစ်နေလေသည်။

အကြောင်းအရာသစ်တည်းဟူသော စိတ်ကူးသစ်ကို ရွေးချယ်လာသောအခါမူကား ကဗျာတစ်ပုဒ်ဖြစ်ဖို့ အင်မတန် ခဲယဉ်းသည်ကို တွေ့လာရလေ၏။ ဥက္ကာလာမဂ္ဂဇင်းကမူကား သူမ၏ ကဗျာများကို ထည့်သွင်းပေးနေ၏။ နာမည်နည်းနည်းရသောအခါ အခြားမဂ္ဂဇင်း ဂျာနယ်တိုက်များကလည်း ထည့်သွင်းပေးကြ၏။

ကဗျာရေးရာ၌ အကြောင်းအရာကို အရေးထားလာသောအခါ ကာရန်ကို သဘောကျရဖို့ ခဲယဉ်းလာသည်ကို တွေ့လာရလေသည်။ တစ်ခါတစ်ရံ မိမိပြောလိုသော အကြောင်းအရာကို အတိအကျ ဖော်စွမ်းနိုင်သော ကာရန် စကားစပ်များ မတွေ့သဖြင့် တစ်လခန့်ပင် ကြာအောင် စမ်းသပ်နေသည်ကို တွေ့ရသည်။ ဆန်းသစ်သော အကြောင်းအရာတို့ လိုက်လာပြန်သောအခါ ကဗျာတစ်ပုဒ်ဖြစ်ဖို့ အတော်ခဲယဉ်းလာလေသည်။

ငယ်စဉ် စာပေလေ့ကျင့်ခါစကမူ ကာရန်ကို ငဲ့နေတတ်၏။ ကာရန်၏ နောက်သို့သာ တကောက်ကောက် လိုက်ခဲ့၏။ နောက် စာအဖတ်များပြီး ရင့်သန်လာသောအခါမူကား ကာရန်နှင့် အကြောင်းအရာသည် ပြဿနာဖြစ်လာကာ နောက်အကြောင်းအရာကို မူတည်စပြုလာလေသည်။ အကြောင်းအရာဆိုရာမှာလည်း တောတောင် လရောင် စသော သဘာဝသယံဇာတထက် လူ့လောကအဖြစ်အပျက်ကိုသာ ကြည့်ရှုစိတ်ဝင်စားသည့်အခါ ပို၍ခက်ခဲလာသည်ကို သိရှိရလေ၏။

ထိုအတွင်း ဝတ္ထုတိုများကို ရေးကြည့်လေသည်။

စကားပြေမှာ နေ့စဉ်ပြောနေကျစကားများကို ယဉ်ကျေးသိမ်မွေ့အောင် အချောကိုင်

mgyoe.com

mgyde.com SAMPLE BOOK
ထားခြင်းဖြစ်လေရာ ဝတ္ထုတိုရေးရာ၌ ကာရန်ရှာသည်ထက် သွက်လက်လာသည်ကို တွေ့ရ၏။ သို့နှင့် ဝတ္ထုများသာ ဆက်လက်ရေးနေလေ၏။

ငယ်ငယ်က ကဗျာအခံရှိသဖြင့် စကားပြေတွင် လှပ၍ ကြည်လင်သော အသုံးအနှုန်းများ ရလာ၏။ အများအားဖြင့် ကာလပေါ်ဝတ္ထုရေးဆရာများမှာ ကဗျာလင်္ကာရေးပေါင်း စာပေများ၌ ခေါက်မိသူ နည်းလေရာ စန်းစန်းသင့်၏ ကဗျာဆန်သော ဝတ္ထုများမှာ စာပေလောက၌ ဆန်းသစ်နေကာ 'ဟန်' တစ်မျိုးဖြင့် ထူးခြားစွာ ထွက်လာလေ၏။ ထို့ကြောင့်ပင် စာဖတ်ပရိသတ်က စန်းစန်းသင့်၏ဝတ္ထုများကို စွဲမက်တသ လာကြလေသည်။

တက္ကသိုလ်မှ မြန်မာစာကထိက ဦးငွေတင်က စန်းစန်းသင့်အား ဘာ့ကြောင့် ကဗျာမရေးတော့သလဲဟု မေးသောအခါ–

"ကျွန်မ ငယ်ငယ်ကတော့ ကဗျာကို အသေအလဲ ဝါသနာပါတာပါပဲ။ ညအိပ်မက်မက်တာတောင် ကာရန် အစပ်အဟပ်ကို ရှာတယ်လို့ အိပ်မက်မိပါတယ်။ သည်လောက်တောင်ပါပဲ" ဟု စန်းစန်းသင့်က ကလေးသဖွယ်ပြော်ပြနေသည်။

စန်းစန်းသင့်၏ကဗျာများကို နှစ်သက်သော မြန်မာစာ ကထိက,က ပြုံးကာနားထောင်၍နေသည်။

"တကယ်ပါပဲ ဆရာ။ စကားလုံး လှလှကလေးတွေ၊ ကာရန်ငြိငြိတွေ ရှာရတာ သိပ်ပျော်တာပဲ။ အဲဒီတုန်းကတော့ စာပေတွေမှာသာ မွေ့လျော်မိတာပဲ။ နောက် စာပေတွေ များများ ဖတ်လာတော့ ပြောင်းလဲလာတယ်။ စကားလုံးတို့၊ ကာရန်တို့ ဆိုတာဟာ အတွေးကို တင်ပြဖို့ ဖန်ခွက်ပဲ။ ထည့်စရာရှိလို့ ဖန်ခွက်ဟာ ပေါ်လာရတာပဲ။ အဲဒီတော့ ကဗျာရေးရတာ နည်းနည်းခက်လာတာပေါ့"

ကထိက ဦးငွေတင်မှာ စာရေးဆရာမဟုတ်သော်လည်း စာပေကို စိတ်ဝင်စားသူဖြစ်သည်။

"သူများရေးပြီးသား အကြောင်းအရာ၊ သူများရေးပြီးသား စကားတွေကို ရေးတာကတော့ ငယ်ငယ်တုန်းကသာ ရေးတာ။ နောက်ကျတော့ ကိုယ့်ကဗျာကို ကိုယ်အားမရဘူး။ ဆန်းသစ်တာကိုမှ ကဗျာလို့ထင်လာတယ်။ အဲသည်မှာ ကဗျာအရေးနည်းပြီး စာအဖတ်ကများတယ်။ ရင်ထဲမှာကို မနေနိုင်အောင် လှုပ်ရှားထကြွလာမှ ကဗျာကို ရေးဖြစ်တော့တာပဲ။ အဲသည်အချိန်မှာ ဝတ္ထုကို စရေးရင်းနဲ့ နောက် ဝတ္ထုသာ အရေးများပြီး၊ ကဗျာဟာ နည်းလာတာပဲ ဆရာ"

ကျောင်းတက်ရင်း ရေးသော စန်းစန်းသင့်၏ ဝတ္ထုများကား ထင်ရှားစပြုလာ၏။ စာပေသန့်သန့်သာ ထုတ်ဝေသော 'စာပေနှင့် အနုပညာ' အမည်ရှိ စာပေမဂ္ဂဇင်းတွင် စန်းစန်းသင့်၏ဝတ္ထုများနှင့် ကဗျာတစ်ပုဒ်စ နှစ်ပုဒ်စကို အရေးယူဖော်ပြလေရာ သူမ၏ နာမည်မှာ စာပေလောကတွင် တောက်ပ၍လာလေသည်။ အထူးသဖြင့် ပညာရှိပိုင်း စာပေ
mgyde.com

mgyoe.com SAMPLE BOOK


လောကတွင် အရေးပြုခြင်းခံရလာလေသည်။

"ဝေဖန်စာတွေ ရေးလာတာကကော" ဟု မြန်မာစာ ကထိက,က မေးပြန်သည်။

"တကယ်ဆိုတော့ ကျွန်မဟာ ဝေဖန်စာ မရေးချင်ပါဘူး။ စာပေ အနုပညာကိုသာ ဖန်တီးဆန်းသစ်ချင်တာပါပဲ။ ဒါပေမဲ့ ခုကာလပေါ် စာပေလောကမှာက ရောရောထွေးထွေး ဖြစ်နေတာတွေ မြင်တော့ မနေနိုင်တာနဲ့ ရေးမိတာပါပဲ။ တချို့ စာရေးဆရာတွေက ပညာ အခြေခံဆိုတဲ့ ရှေးစာကြီး ပေကြီး ပျို့ကဗျာ လင်္ကာလည်းမရှိကြ။ ခေတ်ပညာလည်း လုံလောက်အောင် မတတ်၊ လူ့လောက အဖြစ်အပျက်ကိုလည်း လေးလေးနက်နက် မလေ့လာ ကြဘူး။ ဒါနဲ့ ဖြစ်ကတတ်ဆန်း လျှောက်ရေးနေကြတော့ အနုပညာမှုမှာလည်း တန်ဖိုးမရှိ။ အတွေးအခေါ်မှာလည်း အမြင်မရှိ။ အဲဒါတွေ တွေ့ရတော့ အားမရတာနဲ့ စာပေတိုးတက်ရေး ကို ရှေးရှုပြီး ဆွေးနွေးတဲ့သဘောနဲ့ စာဖတ်ပရိသတ်ကို တင်ပြတာပါပဲ။ နောက် စာပေနှင့် အနုပညာ မဂ္ဂဇင်း အယ်ဒီတာက ဝေဖန်ပေးဖို့ စာအုပ်တွေပို့၊ ကျွန်မကလည်း ဝေဖန်စာ ထင်မြင်ချက်ရေးပေးရင်းနဲ့ ဝေဖန်ရေးသမားတစ်ယောက်လို ဖြစ်သွားတာပါပဲ ဆရာ။ တကယ်ဆိုတော့ ကျွန်မစိတ်က စာပေကိုသာ ဖန်တီးချင်တာပါပဲ။ ကျွန်မရဲ့ပင်ကိုက ဝေဖန်ရေးသမားလည်း မလုပ်ချင်ပါဘူး"

## (၄)

ဘီအေတန်း ပထမနှစ်လယ်လောက်တွင် စန်းစန်းသင့်သည် ကျောင်းမှထွက်လေသည်။ စာပေနှင့် အနုပညာမဂ္ဂဇင်း အယ်ဒီတာမှာ မကျန်းမာသဖြင့် တစ်နှစ်ခွင့်ယူလေရာ စန်းစန်း သင့်မှာ ဝင်လုပ်ရလေသည်။

စန်းစန်းသင့်မှာ အယ်ဒီတာအဖြစ်ဖြင့် စာပေသန့်သန့်ကိုသာ ရွေးချယ်လေရာ ပညာ အခြေခံ လုံလောက်အောင်မရှိဘဲ ငါ့စာ ပုံနှိပ်စာလုံးပါ ပြီးရောဟူသော နာမည်ကြီးချင်သူ လူတချို့၏ မုန်းခြင်းကို ခံရလေ၏။

စန်းစန်းသင့်ထံ ပထမပို့သောအခါမူ စန္ဒကေသီ၏ဝတ္ထုများ မည်မျှကောင်းကြောင်း၊ စာပေနှင့် အနုပညာမဂ္ဂဇင်း မည်မျှအဆင့်အတန်းမြင့်ကြောင်း ရေးသော ဆောင်းပါးများ ပို့ကြသည်။ နောက် သူတို့၏စာပေမဝင်သောစာများကို သူမက ပယ်သည်မှာ များလာ သောအခါ စာမူအတွက် အခက်အခဲတွေ့ရသော မဂ္ဂဇင်းတစ်စောင်ထံကပ်ကာ စန္ဒကေသီ အား ရှုတ်ချသော ဆောင်းပါးများ ရေးကြပြန်လေသည်။ ထိုမဂ္ဂဇင်းမှာ စန်းစန်းသင့်၏ မှန်ကန်သော ဝေဖန်မှုကြောင့် စာဖတ်ပရိသတ်၏ အထင်သေးခံနေရရာ ဝမ်းမြောက်စွာနှင့် ထည့်လေသည်။ စပျစ်သီးများ ချဉ်လာလေတော့သည်။

ထိုအပယ်ခံရသော လူတစ်သိုက်က စန်းစန်းသင့်ကို အမနာပ ရေးကြလေရာ စန်းစန်းသင့်မှာ ပိုမို၍ပင် နာမည်ထွက်လာ၏။ ရွှေအစစ်မှာ ပွတ်လေ ပြောင်လက်လာလေ

mgyoe.com

mgyone.com SAMPLE BOOK

ဖြစ်ရာ စန်းစန်းသင့်မှာ ဆန်းစစ်သည့်အခါမှ ပို၍တောက်ပလာလေသည်။

စန်းစန်းသင့်၏အမည်မှာ စာပေနယ်တွင် မေ့ချန်၍မရအောင် ထင်ရှားကျော်စောခြင်းအဖြစ်သို့ ရောက်လာသည်။

ထိုနှစ်တွင် စန်းစန်းသင့်သည် တက္ကသိုလ်ကထိက ဦးငွေတင်ကို ချစ်မိလေသည်။ သို့သော် တစ်နေ့တစ်နေ့ စာပေတွင်သာ မြုပ်နေသော စန်းစန်းသင့်ကို ဦးငွေတင်က ချစ်၍မရအောင်ဖြစ်လာသည်။ ဦးငွေတင်မှာ ဘဝ,ဝမ်းကျောင်းရေးအတွက်သာ မြန်မာစာဌာနတွင် လုပ်သူဖြစ်လေရာ စန်းစန်းသင့်ကဲ့သို့ စာပေနှင့် မခွဲတမ်းနေသော သူမကို ငြီးငွေ့လာလေ၏။

အရှေ့အာရှတိုက် ယဉ်ကျေးမှုဆက်သွယ်ရေး မိတ်ဆက်အဖွဲ့ဝင်အဖြစ် အင်ဒိုနီးရှားသို့ လေ့လာရန် စန်းစန်းသင့် လိုက်ပါပြီး နှစ်လခန့်အကြာ ပြန်လာသည့်အခါတွင်ကား ချစ်သူနှစ်ဦးမှာ စကားများရလေသည်။

“စာပေနဲ့ ကိုနဲ့ ဘယ်သူ့ပိုခင်သလဲ ပြောကွယ်”

ကိုငွေတင်မှာ ဒေါသဖြင့် နီနေသည်။

“သည်ပြဿနာ သင့်သင့်တို့ကြားမှာ ပေါ်မလာဘူး ထင်ပါတယ် ကိုရယ်...။ အနုပညာစိတ်နဲ့ ကိုယ်ကာယချင်း ရင်းနှီးတဲ့ကိစ္စကို ဘယ်လိုလုပ်ပြီး အလေးတူချိန်စက်တယ်ဆိုတာ သင့်ဖြင့် နားမလည်ပေါင်”

“လင်မယားအဖြစ် ပေါင်းသင်းခြင်းဆိုတာမှာ လူနှစ်ယောက်ဟာ တစ်ယောက်တည်းအနေ ကိုယ်ကာယမှာရော စိတ်မှာရော ပေါင်းစပ်စည်းလုံးခြင်းပဲလို့ ကို နားလည်တယ်။ ခုလို နှစ်လကျော်၊ သုံးလ ကို့ကိုမေ့ပြီး...”

“အင်ဒိုနီးရှားမှာ သင့်သင့်ဟာ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်တွေကို လေ့လာနေတာပဲ၊ ပန်းချီဆရာ ကိုဝဏ္ဏနဲ့အတူ...”

“တော်ပါတော့ သင့်သင့်ရယ်၊ သင့်သင့်နဲ့ ကိုဝဏ္ဏနဲ့...”

“ကို ဘာတွေပြောနေတာလဲ”

“သင့်သင့်တို့အကြောင်းကို တိုင်းပြည်က သိနေတယ်။ သဇင်းစာတွေထဲမှာ ဘယ်လိုပါသလဲ သိရဲ့လား၊ ဓာတ်ပုံတွေကို မြင်ရဲ့လား။ သင့်သင့်ဟာ ကျော်စောထင်ရှားတဲ့သူဆိုတာ သိရဲ့လား”

“ကိုဝဏ္ဏမှာ ချစ်စရာ ဇနီးသည်ရှိတယ်ဆိုတာကော သိရဲ့လားရှင့်...”

“သိတယ် သိတယ်။ သင့်သင့်ဟာ...”

“တော်ပါတော့ ကိုရယ်၊ သင့်သင့်”

စန်းစန်းသင့်သည် ရှိုက်ငိုကာ အခန်းထဲသို့ ဝင်ပြေးပြီး တံခါးပိတ်လိုက်လေသည်။ မနာလိုစိတ်ဖြင့် မွှန်ထူသော ဦးငွေတင်ကို စန်းစန်းသင့်က မုန်းတီးလေသည်။ အနုပညာသည်၏ မာနနှင့် အနုပညာထက် ကိုယ်ကာယ ထိတွေ့ခံစားမှုကိုသာ

mgyone.com

mgyoe.com SAMPLE BOOK
တပ်မက်သော ပုရိသစိတ်တို့သည် ခိုက်ရန်ဖြစ်ကြလေသည်။ သို့နှင့် ချစ်သူနှစ်ဦးသည် ကွဲကြလေသည်။ နောက်တစ်နေ့တွင် စန်းစန်းသင့်သည် ရှမ်းပြည်သို့ ထွက်သွားလေသည်။

(၅)

ရှမ်းပြည်တွင် ပန်းချီဆရာ ကိုဝဏ္ဏသည် တောတောင်စုံမြိုင်ကို ခြယ်ရေးလေသည်။ စန်းစန်းသင့်ကမူ ရှမ်းတောရွာတစ်ရွာ၏အဖြစ်အပျက်ကို 'ကမ္ဘောဇ' အမည်ဖြင့် ဝတ္ထုရှည် တစ်ပုဒ်ရေးသားလေသည်။

ညနေစောင်းတွင် ယူကလစ်တပ် ရနံ့များကို ရှူရှိုက်ကြရင်း သူတို့သည် သုခုမပညာအကြောင်း ဆွေးနွေးကြသည်။ ပန်းချီနှင့် စာပေမှာ မောင်နှမတော်သော ပညာရပ်များဖြစ်ကြလေရာ အချင်းချင်း ချစ်ခင်လေးမြတ်စွာ ဆက်သွယ်မိကြလေသည်။

"သာမန်မျက်စိနဲ့မြင်ရတဲ့ ကမ္ဘာလောကကြီးကို မြင်ရတဲ့အတိုင်း ဓာတ်ပုံရိုက်ကူးသလို ရေးခြယ်ရတာက ငြီးငွေ့လာပြီကွယ်။ ပုံကားပေါင်းလည်း များလှပါပြီကွယ်။ ဓာတ်ပုံရိုက်သလို ဒီသဏ္ဍာန်ကို ရိုက်ရင် ဒီပုံပဲ ထွက်လာမှာပဲ၊ ဘာထူးတော့မှာလဲ"

"သို့ပေမဲ့ ကမ္ဘာကြီးမှာ ပုပုရွရွရှိနေကြတဲ့ လူရဲ့နေထိုင်မှုကို ရှင် ဘယ်လိုသဘောရသလဲဆိုတဲ့ အတွေးတစ်ရပ်ကို ဆေးမင်နဲ့ မဖော်ပြချင်ဘူးလားရှင်"

"စိတ်ထဲမှာ ထင်မြင်သဘောရမိတာကို ဆေးမင်နဲ့ ဖော်ပြချင်ပါတယ်။ သို့သော် ဘယ်လိုဖော်ပြရမလဲဆိုတာက ခက်နေတယ်"

"စမ်းသပ်ပြီး ရေးကြည့်ပါလားရှင့်၊ ရေးရင်း နည်းရလာမှာပေါ့။ လိုလျှင်ကြံဆ နည်းလမ်းရလို့ဆို မဟုတ်လား"

ရှမ်းပြည်က ပြန်လာသောအခါ ကိုဝဏ္ဏ၏ပန်းချီများမှာ ပြောင်းလဲလာလေသည်။ စန်းစန်းသင့်၏ 'ကမ္ဘောဇ' ဝတ္ထုမှာလည်း ရှမ်းတောကျေးလက်၏ဘဝကို ဖော်ထုတ်ပြသထားပေသည်။

သူတို့နှစ်ဦးမှာလည်း ခင်မင်ရင်းနှီးလာလေသည်။ အနုပညာရပ်ကို အဘယ်ပုံဆန်းသစ်အောင် ဖန်တီးရမည်ဟူသောအကြောင်းကို စားပွဲ၌ ခေါင်းချင်းဆိုင်ကာ တိုင်ပင်နှီးနှောကြလေသည်။ နှီးနှောရင်း တစ်ယောက်နှင့်တစ်ယောက် ထိတွေ့ကြလေသည်။

ကထိက ဦးငွေတင်မှာ ပိုက်ဆံရှိသော ရွယ်တူအပျိုကြီးတစ်ဦးနှင့် ရသွားလေရာ ဟာ၍ ကျန်ရစ်သော စန်းစန်းသင့်မှာ ကိုဝဏ္ဏနှင့်လက်ပွန်းတတီးနေရာ၌ သာယာကြည်နူးမှန်းမသိ ကြည်နူးလာလေသည်။

တစ်နေ့သ၌ ပန်းချီခန်းထဲတွင် နှစ်ယောက်သား အမျိုးသားပန်းချီ ပြန်လည်ဆန်းသစ်ရေးကို ဆွေးနွေးနေကြသည်။

"ခက်တာက ခုခေတ်မှာ မြန်မာပန်းချီပြပါဆိုရင် ဘယ့်နှယ်လုပ်မလဲ၊ အနောက်တိုင်း

mgyoe.com

mgyoe.com SAMPLE BOOK

နည်းနာနဲ့ ရေးတာ ဘယ်လောက်ပဲကောင်းကောင်း၊ မြန်မာတောတောင်ရေမြေပဲရေးရေး၊ လက်ရာက အနောက်ဆန်ရင် ဒါဟာ အမျိုးသားမှုမဟုတ်ဘူး။ ယွန်းထည်ထဲက တစ်ကြောင်းဆွဲ ပုံကမှ ပျော့ပျော့ပျောင်းပျောင်းနဲ့ မြန်မာဆန်သေးတယ်၊ အမျိုးသားမှုလို့ ခေါ်နိုင်သေးတယ်"

ထိုအခိုက် ကိုဝဏ္ဏ၏ဖနီးသည် ချစ်စဖွယ် ရီရီသည် အပါးသို့ ရောက်လာလေသည်။ သူမ၏စိမ်းဆတ်သောအကြည့်ကို စန်းစန်းသင့်သည် သတိထားမိလိုက်သည်။ မနာလိုစိတ်သည် မျက်လုံးအကြည့်နှင့် နှုတ်ခမ်းတွင် ဖော်ပြလေပြီ။

သည်တော့မှ စန်းစန်းသင့်၏အချစ်သည် လှုပ်ရှား၍လာသည်။

ကိုဝဏ္ဏကလည်း သူ့ကိုချစ်သည်ကို သိသည်။ သို့သော် စန္ဒကေသီဟူ၍ ထင်ရှားသော စာရေးဆရာမ စန်းစန်းသင့်သည် မယားရှိပြီးပန်းချီဆရာအား ဘယ်နည်းနှင့်မျှ လက်ထပ်နိုင်မည်မဟုတ်ပေ။

သူတို့နောက်ကွယ်၌ တီးတိုးပြောကြသည်ကို ကြားရလေသည်။ နှစ်ပတ်လည် ပန်းချီပြပွဲ၌ 'ခေတ်ပေါ် မြန်မာပန်းချီ တိုးတက်ရေး' ဟောပြောရာတွင် မိမိ၏ယုံကြည်ချက်၊ ထင်မြင်ချက်ကို အဘယ်ပုံ ပန်းချီဖြင့် ရေးခြယ်ပြသင့်သည်ဟူသော အခန်း၌ ကိုဝဏ္ဏကို ကိုးကားလေသည်။ နောက်တစ်နေ့ သတင်းစာများ၌ စန်းစန်းသင့်၏စကားရပ်များကို ဝေဖန်ကြလေသည်။

စန်းစန်းသင့်သည် အတန်ကြာ ဘယ်ပွဲလမ်းမှမသွားဘဲ အိမ်တွင်နေကာ စာဖတ်နေသည်။ ပုဂံခေတ်ကျောက်စာမှ စကားပြေအရေးအသားကို လေ့လာနေသည်။ စကားအသုံးအနှုန်း၌ မည်မျှကြွယ်ဝပုံကို အကဲခတ်ကြည့်သော ဆောင်းပါးရှည်ကြီးရေးသည်။ ကိုဝဏ္ဏနှင့်လည်း မတွေ့ဘဲနေလိုက်သည်။

ကိုဝဏ္ဏမှာ အရှေ့တိုင်း ပန်းချီပညာရပ်ကို လေ့လာစူးစမ်းရန် အိန္ဒိယပြည် တဂိုး၏ သျှန်တိနိကေတန်သို့ ထွက်သွားသည်။ မသွားခင် စန်းစန်းသင့်ထံသို့ 'ခုနေအခါမျိုးမှာ အမေရိကန်က ဒေါ်လာနဲ့ပြပြီး တစ်ကမ္ဘာလုံးကို လွှမ်းမိုးရန် လုပ်နေတဲ့အခါမျိုးမှာ ရှေးဟောင်းရာဇဝင် အခြေခံရှိခဲ့တဲ့ အရှေ့တိုင်းကလည်း အမျိုးသားအင်အားကို တောင့်တင်းသန်စွမ်းသည်ထက် သန်စွမ်းအောင် လုပ်ရမှာပဲ။ နောက်ပြီး ကျွန်တော်လည်း ခင်ဗျားကို သတိရနေမှာပဲ" ဟု သဘောၤထွက်သည့်နေ့က စာရေး၍ ပို့လေသည်။

၆

စန်းစန်းသင့်သည် ရေးပြီးသားကဗျာကို ပြန်ဖျက်လိုက်လေသည်။

ရင်းမှာပွင့်တာ၊ ပုန်းညက်ပွင့်ရော်တွေ ကြွေတာ ရေးလို့ ဘာမှမထူးပါဘူးဟု အောက်မေ့ကာ အသစ်တစ်ပုဒ်ကို စပြန်လေသည်။

mgyoe.com

mgyoe.com SAMPLE BOOK


'မိုးသက်လေဝှေ့
တိုးကာဝေ့သည်
ခြောက်သွေ့တစ်ဝက်
စိုတစ်ဝက်နှင့်
စိမ်းရွက်ညွတ်ကော့...'

နောက်ထပ်ရေးသော အပိုဒ်ကိုလည်း မကြိုက်သဖြင့် စက္ကူကို ဆုတ်ကာ ခြေလှမ်း ပစ်လိုက်သည်။

မိုးကား စဲသလောက် ရှိသွားလေပြီ။

စာရေးရသည်မှာ မလွယ်တော့။ ညနေ တက္ကသိုလ်တွင် ဟောပြောရမည့်အတွက်က စိတ်ထင့်လာပြန်သည်။ လက်တန်းပြောမည်ဆိုပေမဲ့ အချက်အလက်တို့မှာ အစီအစဉ်ကျနဖို့ လိုသေးသည်။ ထင်မြင်ချက်များ မှန်ကန်ကာ မှုတအောင် နည်းနည်းရေးချကြည့်ရဦးမည်။

စန်းစန်းသင့်သည် ဖိုလ်ဂျက်စွာနှင့်ပင် ခေါင်းထဲပေါ်လာသမျှကို ချမှတ်ကြည့်သည်။ ရေးပြီး ပြန်ဖတ်ကြည့်ရာ တစ်ချက် နှစ်ချက်မှာ ပြင်းထန်လွန်းသဖြင့် နည်းနည်းပြင်သည်။ ဖြည့်စရာရှိသည်ကို ဖြည့်စွက်သည်။

ကောင်းကင်သည် လင်း၍ လာလေသည်။ မှန်ပြတင်းတွင် တင်နေသော မိုးရေတို့သည် စီးကျသွားကာ လက်နေသည်။ စံကားပင်အိုကြီး၏ သစ်ကိုင်းများသည် ကြည်လင်၍ လာသည်။ ဝါဖျော့ဖျော့ နီလဲ့လဲ့ဖြူလွလွ အပွင့်များသည် ပီသလာသည်။

စန်းစန်းသင့်သည် ခုမှ နာရီကို ကြည့်မိသည်။ ၃ နာရီ ထိုးပြီးလေပြီ။ ၄ နာရီ ကျော်ကျော်တွင် တက္ကသိုလ်မှ လာခေါ်မည်။ ရေးစပ်ထားသော ကဗျာစာရွက်အကြမ်းကို ဖန်တုံးနှင့် ခုကာ ဟောပြောပွဲအတွက် ရေးမှတ်ထားသော မှတ်စုကို ခေါက်လေသည်။

သို့ခေါက်ရင်း ရင်ထဲတွင် လှုပ်ရှားလာလေသည်။ တကယ်ဆိုတော့ ထင်ရှားကျော်စောခြင်းမှာ ကြောက်ဖို့ကောင်းသည်။ လွတ်လွတ်လပ်လပ်မရှိ၊ ကိုယ်လုပ်ချင်တာ မလုပ်ရ။

အောက်ထပ်မှ ကားဆိုက်သံကြားရသည်။ ဝတ္ထုကုမ္ပဏီတစ်ခုထံမှ ထင်သည်။ လှေကားမှ ခြေသံသဲ့သဲ့ကြားရလေသည်။

"မမ... တက္ကသိုလ် မြန်မာအသင်းက ရောက်နေတယ်" ဟု အိမ်နေ မြတင်က အခန်းဝမှ ပြူကာ ပြောလိုက်သည်။

"အစည်းအဝေးစဖို့ လိုသေးတယ်မဟုတ်လား"

သို့သော် မတတ်နိုင်ပေ။ ကမန်းကတန်း အဝတ်အစားလဲကာ လိုက်သွားရပေဦးမည်။ နောက်ပြီး အစည်းအဝေးတွင် သဘာပတိလုပ်မည့် ကထိက ဦးငွေတင်နှင့်လည်း မျက်နှာချင်း မဆိုင်ချင်။

mgyoe.com

mgyoe.com SAMPLE BOOK

ရင်တဖိုဖိုနှင့်ပင် စန်းစန်းသင့်သည် မှန်တင်ခုံစွန်းရှေ့တွင်ရပ်ကာ ပေါင်ဒါ သနေလေသည်။ မှန်တင်ခုံစွန်းဝယ် ပညာရေးဝန်ကြီးက လက်ဆောင်ပေးသော ငွေခွက်ကလေးကို သွားမြင်သည်။ ထိုငွေခွက်တွင် 'စန္ဒကေသီ သို့' ဟု ရေးထိုးထားသည်။

အပြင်ဘက်တွင်ကား ‌လေသည် တော့ကစားနေသည်။ ကျေးငှက်တို့သည် တေးသီလျက်ရှိကြသည်။

ရှုမဝမဂ္ဂဇင်း၊ ဒီဇင်ဘာ၊ ၁၉၅၀။

mgyoe.com

mgyoe.com SAMPLE BOOK

# မယ်ရှင်တွင်း

(၁)

မြသိင်္ဂီသည် ကိုယ်တစ်ဝက်ပေါ် မှန်ဝန်း၌ လွှမ်းထားသော ဇာပဝါဖြူကလေးကို အသာ လက်ဖြင့်ဖယ်ပစ်လိုက်ပြီး နောက်သို့လှည့်မကြည့်ဘဲ 'ယွန်းသေတ္တာလေးထဲက ပတ္တမြား လက်စွပ် ပေးစမ်းပါဟော့၊ ကြားလား နန်းခင်...' ဟု ပြောလိုက်လေသည်။

"ဟုတ်ကဲ့ မမ"

အပြင်ဘက်၌ကား မိုးတစိမ့်စိမ့် ရွာသွန်းနေသည်။ နေ၏အလင်းရောင်ဟူ၍ ဝင်းဝင်း ပပ မမြင်ရ။ ကောင်းကင်ပြင်ကြီးမှာ ခဲသားပမာ မည်းပြာပြာအဆင်းသာ ပြေးလျက်ရှိပေ သည်။

ဤမှောင်ပျပျဝယ် မှန်ကြေးမုံရိပ်၌ ထင်နေသော မြသိင်္ဂီ၏ပုံသဏ္ဌာန်ကို မြသိင်္ဂီက မျက်ခွံအသာမှေးကာ ကြည့်နေလေသည်။ မိုးအေးသဖြင့် ရေမချိုးနိုင်။ မျက်နှာသုတ်ပဝါ ရေဆွေးထဲ နှစ်ကာ ကြေးညှော်စင်ရုံ ပွတ်သပ်သုတ်သင်ပြီး မှန်ရှေ့ရှိ နောက်မှီမပါသော ခုံ၌ထိုင်ရင်း အဝတ်အစားလဲနေခြင်းဖြစ်သည်။ ကန်စွန်းနွယ်ပန်းများဖြင့် အခွေအလိပ် ပျော့သွယ်ပျောင်းလျသော ဇာပဝါစကလေးတစ်ဖက်မှာ မှန်ပေါင်အစွန်းနှင့်ငြိကာ ကန်စွန်း တစ်ပွင့်သည် မှန်ထဲရှိ မြသိင်္ဂီ၏ဆံထုံးနှင့် လာတိုက်မိနေလေသည်။ ဤဇာပဝါကလေးမှာ ရှမ်းပြည် သိန္နီစော်ဘွားသမီး စောသက်ထားကိုယ်တိုင် အမှတ်တရထိုးကာ လက်ဆောင် ပေးသော ဇာပန်းဖြစ်သည်။ လွန်ခဲ့သော ၁၅ နှစ်ခန့်ကဖြစ်၍ ကန်စွန်းတစ်နွယ် နှစ်နွယ်ပင် ချည်မျှင်ကွဲကာ စုတ်ကုန်ပေပြီ။ မှန်ထဲရှိ သူမ၏ဆံထုံးနှင့် လာတိုက်ဟန်ပြုနေသော ကန်စွန်းပွင့်မှာ အလွှာတစ်ထပ်ပင်မရှိတော့ပြီ။ နှစ်ပရိစ္ဆေဒကလည်း ကြာခဲ့ပေပြီကော။

မြသိင်္ဂီသည် ဇာပန်းကွက်ဟောင်း၏ အစအနကိုငေးရင်း သူမ၏ ရုပ်ပုံကို စိုက်၍ ကြည့်မိပြန်သည်။ မှန်ကို စေ့စေ့စပ်စပ်ကြည့်၍ မပြင်မဆင် မဖြီးမသသည်မှာ ကြာပေပြီ။ အသက်အရွယ်ကြီးလာပြီဖြစ်၍ မှုန်မှုန်သ၍လည်း မနေချင်တော့ပေ။ မှန်ကြည့်သည် ဆိုရာမှာလည်း အင်္ကျီထဘီ အရောင်အသွေး ကျ မကျ၊ အစွန်းအကွက် ပါ မပါလောက်သာ

mgyoe.com

mgyo SAMPLE BOOK

အဝေးမှ ရိုးတိုးရိပ်တိတ် ကြည့်ရုံသာ ကြည့်ခြင်းဖြစ်သည်။ ထို့ကြောင့်ပင် မှန်ဝန်းကို ဓာစကလေး အမြဲတစ်ဝက်လွှမ်းထားသည်ကို ဖယ်ပစ်ရသည်မရှိ။ ဖယ်ပစ်စရာလည်း မလို။ မှန်ကြည့်၍ ခြယ်ခြယ်လိမ်းလိမ်းလုပ်ရန် အပျိုအရွယ်ကလေး မဟုတ်တော့ပြီ။ ဇရာခိုင်း၍ လူကြီးပိုင်းသို့ ဝင်ခဲ့ပြီမဟုတ်လော။ ယနေ့ညနေမူ ပွဲကြီးလမ်းကြီး သွားစရာရှိသဖြင့် စိတ်က ငယ်စိတ်ဝင်လာသလို ပေါ့ပါးလာပြီး ကြည့်မိခြင်းဖြစ်လေသည်။

မှန်ထဲ၌ကား မြသိဂီ၏ဆံပင်တို့မှာ ပိတုန်းရောင် ကေသွယ် မလျားတော့ပြီ။ ဆံပင်မကြာခဏ ကျွတ်သဖြင့် ကျဲလာကာ အလုံးအရင်းနှင့်မရှိဘဲ ပါးနေရသည့်အထဲ ဆံပင်အဖြူက ကွက်တိကွက်ကျား ပေါက်တတ်သဖြင့် ဆေးဆိုးရသည်။ သို့သော် အလုပျက်လောက်အောင် ကျဲ၍ကားမနေ။ ဆင်ပိန်ကျွဲလောက်ဆိုသကဲ့သို့ ငယ်ငယ်က ဆံပင်၏ကောင်းခြင်းနှင့် ပြည့်စုံခဲ့သူမှာ အရုပ်ဆိုးလုအောင်ကား မဖြစ်လုသေး။ ဆံထုံးထုံးပုံ လျော့ရဲသဖြင့် ကပိုကရိုဆန်ဆန် ကြည့်၍ ကောင်းပါသေးသည်ဟု သူ့ကိုယ်ကို ထင်မှတ်မိသည်။ မျက်နှာအရောင်အသွေးမှာကား ငယ်စဉ်ကလောက် မစိုပြည်သည်ကို ငြင်းကွယ်၍မရအောင် သိပါ၏။ ငယ်ငယ်ကမူ ဝါဝါဝင်းဝင်း တင်းတင်းရစ်ရစ်ဖြစ်ခဲ့၏။ ယခုကား လျော့ပြေကာ တွန့်လာပေပြီ။ ပါးနေရာ နားထင်နေရာဆိုလျှင် အနည်းငယ် ရှုံ့တွလာကာ ကြမ်းလာသလို မှတ်ရသည်။ သို့သော် သနပ်ခါး လိမ်းကျံထားသဖြင့် အဝေးပရိသတ်က မမြင်နိုင်ဟု တထစ်ချယုံကြည်သည်။ ထိန်လင်းသော မီးရောင်တွင် အချိုင့်အခွက် အတွန့်အရှုံ့များကို မြင်နိုင်မည်မဟုတ်။

မှန်ထဲတွင် သေသေချာချာ ကြည့်မိပြန်သည်။ မှန်ခုံရှေ့ရှိ ယွန်းဘူး အပြာကလေးထဲမှ တို့ဖတ်နှင့် ယူတို့သည်။ ပေါင်ဒါသပြီးသောအခါ ချောပြေလာသည်ဟု အောက်မေ့မိသည်။ ပျိုမျစ်သည့် ရွှေရောင်သစ်သစ်မဟုတ်သော်လည်း ပါးနှစ်ဖက်၌ အဝါရောင်ပျော့ပျော့ညက်ညက် ဝင်းနေသေးသည်။ မြသိဂီသည် မျက်နှာကို စောင်းလိုက် တည့်လိုက် လှည့်ကာ ကြည့်ရင်း နှုတ်ခမ်းပေါ်၌ အပြုံးရိပ်သန်းလာလေသည်။ မှန်ထဲ၌ နန်းခင်၏ အရိပ်ပေါ်လာကာ ပတ္တမြားလက်စွပ်ကို ခုံစွန်း၌တင်ရင်း "မမ စောင်ကလေး ယူသွားဦးမလား" ဟု မေးသည်။

မြသိဂီက နဖူးသို့ကျလာသော ဆံစများကို သပ်ရင်းက "အေး ယူသွားရင် ကောင်းမလား... အေးတော့ မအေးဘူးထင်ပါရဲ့" ဟု မအေးစေလိုသဖြင့် ဥတုကို အကောင်းဘက်မှ နေကြည့်၍ပြောသည်။

"အေးတယ် မမ... ကျွန်မတော့လက်ဖျားတွေတောင် နည်းနည်းအေးနေတယ်။ ယူသွားရင် ကောင်းမယ်ထင်တယ်"

ထိုအခါကျသော်မှ မြသိဂီသည် မိမိလက်ဖျားများကို ကိုင်စမ်းကြည့်လေသည်။ ဟုတ် သည်၊ နွေးနွေးထွေးထွေးမဟုတ်။ မြေ့မြေ့ကလေး အေးနေသည်။ အေးသည်ကိုကား နည်းနည်းမျှမကြိုက်။ မိမိမှာ အမှန်အားဖြင့် အအေးဓာတ်ကို များစွာမှ ခံနိုင်သူဖြစ်သည်။

mgyo.com

mgyoe.com SAMPLE BOOK
ကမ္ဘောဇ ရှမ်းပြည်တစ်ခွင်ဝယ် ဆယ်နှစ်မျှ နေလာခဲ့သည်။ ဟိုအခါတုန်းကမူ ပျိုသောအရွယ် ဖြစ်၍ ရွှေရောင်လက်သော ဟော်နန်းဆောင်များ၌ နေလာသည်။ ဟော်နန်းများ၌ လှည့် လည်နေစဉ် ခေတ်များက နန်းခင်မှာ စောင်းသံ၊ သီချင်းသံဆိုလျှင် ထမင်းမဆာဘဲ နား ထောင်နိုင်သော အပျိုတော် ပေါက်စကလေးဖြစ်ပေ၏။ သူ၏တေးဂီတကို အသေအလဲ လေးစားချစ်ခင်ရာမှ သံယောဇဉ်ငြိတွယ်ကာ နောက်ဆုံးဝယ် မြသိင်္ဂီ သွားလေရာ တကောက် ကောက် လိုက်နေသော တပည့်မတစ်ဦးဖြစ်လာခဲ့၏။ တပည့်မဆိုသော်လည်း မြသိင်္ဂီထံမှ ဘာပညာမှမရ။ သို့သော် မြသိင်္ဂီ၏ ဝေယျာဝစ္စကို မမောမပန်းတမ်း လုပ်ပေးရမှ ကျေနပ် သော မွေးစားသမီးကလေးပမာဖြစ်နေခဲ့ပေ၏။

မြသိင်္ဂီက စောင်ယူရေးအတွက် ဘာမျှမပြောသေးဘဲ ငြိမ်သက်နေသဖြင့် နန်းခင်က ပူပူပင်ပင် "ယူသွားတာ မမှားဘူး မမ၊ မအေးရင်လည်း မခြုံနဲ့ပေါ့"

အမှန်အားဖြင့် ရာသီက အေးသည်။ ညက တစ်ညလုံးလည်း မိုးရွာသေးသည်။ မနက်ကလည်း တစ်ခဏလေး နေပွင့်သလို အရောင်ပြုလာပြီးနောက် မိုးသည်းလာတော့ သည်။ မဲစဲဘဲနေရာမှ ယခု တဖွဲဖွဲပင် ရှိနေသေးသည်။

"ဟို... မိလ္လာရောင် အပြာအနားကွပ် သိုးမွေးစောင်လေးထုတ်နော်... သိတယ် မဟုတ် လား၊ ထားဝယ်က လယ်ဝန်ကတော် လက်ဆောင်ပေးတာဟာလေ"

"သိပါတယ် မမ၊ အပြင်က အဝတ်ဗီရိုထဲမှာ မဟုတ်လား"

"ဟုတ်တယ်ထင်တယ်။ ငါလည်း ဘယ်ထားမိမှန်းတောင်မသိဘူး။ ဗီရိုထဲမှာ မတွေ့ရင် စန္ဒကူးသေတ္တာထဲမှာ ရှိလိမ့်မယ်"

နန်းခင်သည် မှန်ဝန်းထဲမှ ပျောက်သွားပြန်လေသည်။

အေးမှာကိုတော့ သူကြောက်သည်။ လွန်ခဲ့သော ဆယ်နှစ်ခန့်က မေမြို့မှ ပြန်အလာ အအေးမိလာပြီး တစ်လကျော် နှစ်လလောက် ဖျားခဲ့ကာ မိမိလည်ချောင်းမှာ ဝေဒနာဖြစ်ခဲ့ ရသည်။ ထို့နောက် အသံပျက်လာသည်ဟု အတပ်စွဲနေတော့သည်။ ထိုကာလကစ၍လည်း မိမိ၏ကြီးကျယ်ခမ်းနားသော ဘဝမှာ မှေးမှိန်စပြုလာခဲ့သည်ဟု ကြေကွဲခဲ့ရသည်မဟုတ်ပါ လော။ ပျိုခဲ့ ငယ်ခဲ့စဉ်က အရှိန်တက်လာသော ကျော်စောခြင်း အရောင်အဝါသည် လဆုတ် ဘက်သို့ ချဉ်းလာပြီတကားဟု အိပ်မပျော်သောညတိုင်း ဝိစိကိစ္ဆာပွားခဲ့ရသည်။ လပြည့် စန်းခေတ်က ငွေလရောင်ကို တမ်းတတနှင့် တ,သတည်း သ,ကာ နေခဲ့သလောက် လဆုတ် ရက်များတွင်ကား သြဘာသံများ မကြားရတော့ပြီ။

မြသိင်္ဂီသည် မှန်ထဲမှ မျက်လုံးများကို ကြည့်မိသည်။ အသက်အရွယ် အိုမင်းရင့်ရော် လာခြင်း၏ လက္ခဏာမှာ မျက်လုံးအိမ်တွင် ဖုံးကွယ်၍ မရတော့ပြီ။ 'သမင်မမျက်လုံး လှတနွန်းပမာ' ဟူသော တေးသွားကား လွင့်စဉ်လေတော့ပြီ။ မျက်လုံးအိမ်မှ နက်မှောင်ခြင်း များသည် လျော့ပါးကာ အရောင်တောက်ပခြင်းသည် ဆုတ်ယုတ်လျက် ခပ်ဖျော့ဖျော့

mgyoe.com SAMPLE BOOK

ခပ်ပြာပြာဖြစ်နေလေသည်။ အနက်ပိုင်းမှာ အဖြူကြောင်းများ သန်းယှက်လာပေပြီ။ အဖြူတွင်ကား သွေးကြောင်းများ ထူထပ်လာသည်ဟု မှတ်ရသည်။ မှန်ကိုကြည့်ရသည်မှာပင် အမြွေးအမျှင်များကြားမှ မြင်ရသလို ထင်နေသည်။ ပျိုစဉ်ကမူ မျက်လုံးမှာ ကြယ်တာရာလို ဖိတ်ဖိတ်တောက်နေခဲ့သည်။ အလှပြင်မည်ဟု မှန်ထဲကြည့်လိုက်တိုင်း သမင်မကလေး၏ အကြည့်သည် ဝင်းခနဲ ပြက်လိုက်သည်။ ကောင်းကင်မှ ကြယ်တာရာသည် ရွှန်းရွှန်းမြမြ ထွန်းပနေခဲ့သည်။

ပရိသတ်ကြီးမှာ လှိုင်းတံပိုးတွေဟု ထင်ရလောက်အောင် သောသောညံကာ သြဘာသံဇာတိဖြင့် ပွဲတင်ထပ်နေခဲ့သည်။ စင်မြင့်မှ ဆင်းလာလျှင် ကြိတ်ကြိတ်တိုး၍ ချီးကျူးထောမနာပြုကြသော မိတ်ဆွေနှင့် ပရိသတ်များကြားထဲမှ နစ်မြုပ်နေခဲ့ရသည်။ အားလုံးကို ကျေနပ်အောင် ပြုံး၍ နှုတ်ဆက်ခဲ့ရသည်မှာလည်း အခါပေါင်းမရေတွက်နိုင်သဖြင့် ပါးပြင်ကြောတို့မှာ ညောင်းညာသည့် ဝေဒနာတစ်မျိုးပင် ရခဲ့ပါ၏။ သီချင်းဆိုနေစဉ် သူ့အောက်ရှိ ပရိသတ်ကြီးမှာ အသက်မရှူဘဲ နားထောင်နေကြသည်။ တကယ်ပင် သီချင်းအချ သံထောက်အကျ၊ တျောတျောအသတ်တွင် အသက်မရှူဝံ့ကြ၊ ရှူလည်း မရှူနိုင်ခဲ့ကြ။ သူကိုယ်တိုင်ပင် သံမှန်ကအဆင်း လေးပေါက် အောက်ပြန်ဆီသို့ ဝဲကာဝဲကာ မျှသန်း၍ အသွားတွင် အသက်လည်း မရှူနိုင်ပေ။ စောင်းကွက်ကလည်း မြသိင်္ဂီ၏ အသံဆွဲရာသို့ မှီအမီလိုက်ကာ အရေးဆုံးပိုးကြိုးသို့ လက်သန်းနှင့် လှမ်းသပ်လိုက်ရလေသည်။ သည်တော့မှ သူလည်း အသက်ရှူရတော့သည်။ ပရိသတ်ကြီးလည်း မောမေ့သွားရာမှ အရှေ့ဆုံးရှိ သူငယ်ကလေးက အားရပါးရ ကြည်နူးလှသဖြင့် ကမျောသောပါးနှင့် လက်ခုပ်တီးလိုက်တော့မှ လက်ခုပ်တီးရမည်ကို သတိရပြီး တစ်ရုံးလုံး သြဘာသံဖြင့် ဟိန်းသွားတော့သည်။ ဇာနှယင်သော ကလေးကိုပင် အပြစ်တင်ရမလားဟု မဝေခွဲတတ်။ သြဘာသံများကား အရှိန်နှင့် ပြေးရိုက်လာသော လှိုင်းတံပိုးကဲ့သို့ စဲပဲမစဲနိုင်။ ဂျူဗလီဟော အပေါ်ထပ်မှာ ပွဲတင်သံဖြင့် ကွာကျလာလေမလားဟုပင် ထိတ်လန့်မိသည်။ ဟိုတုန်းက ထိတ်ဖိုရသည်မှာ မဆန်း။ ပွဲတိုင်းပွဲတိုင်း ပရိသတ်၏သြဘာသံမှာ ကြောက်ဖွယ်လိလိ ကောင်းခဲ့သည်။ ထိတ်ရဖိုရသည်။ ယခုကား မဖိုရတော့ပြီ။ ကြယ်ပွင့်မှာ ကြွေကျခဲ့ပေပြီ။

မျက်လုံးမှာ နက်ရှိုင်းတောက်ပခြင်းများ လျော့ပါးကာ မှိန်ညှိုညှိုဖြစ်လာသည်မှာကား ဇရာကြောင့်လည်း မှန်ပါ၏။ အတည်မမြဲ ဖောက်ပြန်တတ်သော ရုပ်တို့၏လက္ခဏာလည်း ဖြစ်ပါ၏။ မဟာဂီတတွင် မပါသော ပေစာများကို ရှာဖွေကြည့်ရသည့်အခါ မျက်မှန်ကို တပ်ကြည့်ရခြင်းဖြင့် မျက်စိအကြည်ဓာတ် မှုန်လာသည်မှာ ဟုတ်ပါ၏။ သို့သော် မှေးရေးသော မျက်လုံးအကြည့်သည်ကား သူ့ဘဝ၊ သူ့အနုပညာဘဝ၏ ဒဏ်ရာဒဏ်ချက်ဟုလည်း ခေါ်နိုင်ပါ၏။ အဘယ့်ကြောင့်ဆိုသော် အနုပညာသည်ဆိုသည်မှာ နှစ်ဘဝနေသူဖြစ်သော ကြောင့်တည်း။ လူတွေနှင့် ရောနှောဆက်ဆံသော အညတရဘဝက တစ်ဘဝ၊ ဓာတ်ခုံပေါ်

mgyoe.com

mgyoe.com SAMPLE BOOK


တက်လိုက်၍ စည်းတစ်ချက်ခတ်ကာ စောင်းသံက အကွက်ဆန်းများ စမ်းသည်ကို ကြားလိုက်သည်နှင့် တစ်ဘဝသို့ တစ်ဖြစ်လဲသွားသည်ချည်းဖြစ်၏။ ထိုဘဝကား အဆန်းတကြယ် ကြည်နူးဖွယ်သော ရသဘဝ၊ သုခမဘဝ၊ စိတ်ကူးလောကပေတည်း။

ထိုစိတ်ကူးလောကသို့ ဝင်ရောက်သွားသည်နှင့် တစ်ပြိုင်နက် မျက်လုံးများ ပြာမှုန်လာကာ ဘာမျှမမြင်ရတော့။ ဓာတ်ခုံကြီးကိုလည်း မမြင်တော့။ အပြင်လောက လူ့ဗာဟီရတို့မှ ကင်းလွတ်ကာ သစ်ပင်၊ တောတောင်၊ ထုံးအိုင်၊ သီတာ၊ စုံမြိုင်၊ ကန္တာသို့ လှည့်လည်နေတော့သည်။ 'အောင်မြေသာစံ' ကို ဆိုလိုက်လျှင် ရေညှိညို့ ဒိုးယိုစီးကာ ကမ်းသောင်သဲတွင် ပုလဲများ ခင်းထားသည့် လှပသော ခရီးလမ်း ကမ်းခြေသို့ ရောက်သွားလေတော့သည်။ စိမ်းရွှေ ဖြူပြာလျက် ညိုမှောင်မှောင်ဝယ် အဝါသွေးပြေးကာ တိမ်စွယ်ရိပ်မှေးနေသည့် အောင်မြေသာစံတွင် ကျေးငှက်ပမာ မြူးထူးနေတော့သည်။ ထိုအခါများတွင် မျက်စိမှာ မှေးသည်ထက် မှေးကာ မှိုင်းမှိုင်းမှုန်မှုန် ခံစားရသည်။ ကြက်သွေးရောင် ကတ္တီပါကား အလယ်မှ က, ဒေါင်းရုပ်ကိုလည်း မမြင်။ 'ရွှေပြည်တော် မျှော်တိုင်းဝေး...' ဒုတိယကပ္ပိ အကျော့တွင် စည်းကိုမျှဉ်းမျှဉ်းချလျက် 'မျှော်တိုင်း... ဝေး' တွင် အသံမှာ တိမ်ရာက ပြန်တက်ကာ နောက်တစ်ပိုဒ်တွင် စောင်းသံမဝင်ခင် အသံက ဝင်နှင့်နေတော့သည်။ 'တစ်မိုးသောက်လျှင်၊ တစ်နေဝင်၊ တစ်ပင်မြိုင်ကြီး၊ ဂနိုင်ဆီး...' သည့် အခန်းများတွင်ကား အသံမှာ ပန်းပန်းလျှလျှပင် လေးလာလျက် မျက်စိမှာလည်း မှေးလာတော့သည်။ ဤသီချင်းတွင်သာမဟုတ်။ ဘယ်သီချင်းဆိုဆို၊ အပြင် လူ့လောကကိုမေ့ကာ တကယ့်ဂီတ၏ စိတ်ကူးမှန်ကူကွက်ထဲသို့သာ တလှိုက်လှိုက် ဝင်နေသည်ချည်းသာ ဖြစ်၍လည်း 'အဆိုတော် မြသိင်္ဂီ' ဟူ၍ တစ်နိုင်ငံလုံး ကျော်ကြားခဲ့သည်။

မြသိင်္ဂီ ဆိုမည့်ပွဲဆိုလျှင် ရုံမန်နေဂျာမှာ ရှုံးချင်လာတော့သည်။ မန္တလေးမှ လက်မှတ်ကို ကြေးနန်းဖြင့် ဝယ်သူကမရှား၊ ကော့သောင်မှ လာကြည့်သူပင်ရှိသည်။ သတင်းစာများတွင် ဓာတ်ပုံကို အလုအယက် ထည့်ကြ၍ နန်းခင်မှာ ဓာတ်ပုံထုတ်ပေးရသည့် အလုပ်နှင့် မအားတော့။ မြသိင်္ဂီမှာ ဘယ်ပွဲဖြစ်ဖြစ် ခိုကပ်သည်မရှိ။ ညာလုံး အဖျားဆိုး ကျရမည်ဆိုလျှင် မောမှာစိုး၍ အသက်သာခိုကာ ဘယ်တော့မှ ဘယ်သံသို့မဟဲလိုက်။ အသံကဏ္ဍတွင် ဌာန်ကုန်အောင်ချည်း ဆိုခဲ့သည်။ သို့မှလည်း အသံအနုဆုံးအထိ စိတ်ဖြာကာ အလှတွင် အမျှင်ဆုံးအထိ ဖော်နိုင်စွမ်းရှိရပေသည်။ ပွဲတစ်ပွဲအပြီးတွင် အိမ်အပြန် ကားထဲ၌ ပန်းစည်းတွေ၊ လက်ဆောင်ပစ္စည်းတွေနှင့် မွန်းနေအောင် ရှိခဲ့သည်။ မြသိင်္ဂီသည် မျက်စိကိုမှေးထားရာမှ မှန်ဝန်းထဲ၌ မိလ္လာရောင် ထင်လာလေသည်။

"တွေ့ခဲ့တယ် မမ... သေတ္တာအောက်ဆုံးထပ် ရောက်နေတယ်"

"အေး... အေး... အမယ်... စန္ဒကူးနံ့ သင်းလို့ပါလားဟေ့။ ဒီအနံ့လေးရတော့ မိုးမိတ်ကို တယ်... လွမ်းသကွယ်"

mgyoe.com

 mgyee.com SAMPLE BOOK

မြသိင်္ဂီသည် စန္ဒကူးနံ့ဖြင့် သင်းပျံ့သော စောင်ကို တစ်ချက်နမ်းကြည့်ကာ ကိုယ်ပေါ်၌ ရုံကြည့်လေသည်။ မိုးမိတ်စော်ဘွားက 'ဇေယျာရွှေမြေ' အပြီး အမှတ်တရပေးသော လက်ဆောင်ဖြစ်သည်။ မိုးမိတ်စော်ဘွားကြီးမှာ မြန်မာမှုကို လိုက်စားသူဖြစ်လေရာ နွေဂီမာန် ဆိုလျှင် မိုးမိတ်ဟော်နန်းသို့ ဖိတ်ကာ ကိုယ်တိုင် မြန်မာဂီတကို သင်ကြားလေ့ရှိသည်။ ဝါသနာထုံသော်လည်း ပညာက မထုံသဖြင့် ဘာမျှမည်မည်ရရ မတတ်လိုက်သော်လည်း မြသိင်္ဂီ ဆိုသံကို နားထောင်ရမှ သူ့ဘဝတွင် သေပျော်သည်ဟူသော တရားကိုကား ဖွဲ့ဖွဲ့ လမ်းလမ်း ရလိုက်လေသည်။ ထို့ကြောင့်ပင်လျှင် 'ပဥ္စသိခ' ဇာတ်ကြောင်း ထုလုပ်ထားသော ရုပ်တုများကရံကာ အဖုံးတွင် သူရဿတီ နတ်သမီးရုပ်ပါသည့် စန္ဒကူးသား သေတ္တာကို ပန်းပုကျော်များနှင့် စီစဉ်ကာ မြတ်မြတ်နိုးနိုး လက်ဆောင်ပေးခြင်းဖြစ်လေသည်။ စန္ဒကူး သေတ္တာထဲတွင် ထည့်ထားသော စောင်ကလေးမှာ ဟောင်းအိုပြီဖြစ်သော်လည်း ကြိုင်သင်း သေးသည့် အတိတ်ရနံ့၏ သတ္တိကို ဖော်လိုက်သဖြင့် မြသိင်္ဂီမှာ ရွှင်လန်းလာလေသည်။

"ကြည့်စမ်းဟေ့... ငါပြန်နုမသွားဘူးလား"

မှန်ဝန်းထဲတွင် မြသိင်္ဂီသည် ပြုံးလျက် မြသိင်္ဂီကို ပြန်၍ စိုက်ကြည့်နေသည်။ နန်းခင်က ငေးကာ ပြန်ပြုံးနေသည်။ ခေါင်းလည်း မခါ၊ အင်းအဲလည်း မလိုက်။

"ဘယ့်နှယ်လဲ ကောင်မလေး၊ ငါတော့ နုသွားသလိုပဲ"

မြသိင်္ဂီသည် နောက်တစ်ခါ ထပ်ပြောသည်၌လည်း အဖြေမပေးဘဲ သူ့ကိုသာ ကြည့်လျက်ရှိသည်။ နန်းခင်မှာ မြသိင်္ဂီ၏ ထင်ပေါ် အကျော်ကြားဆုံးသော ခေတ်ကို အမီလိုက်ဆုံး၊ အနီးကပ်ဆုံး တပည့်မကလေးဖြစ်၍ အိုသွားသည်၊ နုသွားသည်ကို မမြင် တတ်၊ မကြည့်တတ်။ ရုပ်အသွင် ပြောင်းလဲသည်ကို မသိ။ မြသိင်္ဂီ၏ အသံကိုသာ စုံမက်သူ ဖြစ်သည်။

နန်းခင်က ပြုံးရယ်ကာ "နုလည်း မနုပါဘူး၊ ရင့်လည်း မရင့်ပါဘူး။ မမ အရင်တုန်း ကလိုပါပဲ" ဟု ပြောကာ "မမ ထမင်းစားသွားဦးမလား" ဟု မေးသည်။

"မစားပါဘူးအေ...၊ အရင်တုန်းကလည်း ဆိုစရာရှိရင် အဝမစားပါဘူး။ ရင်ပြည့် နေရင် အဆိုမောတယ်၊ ချင်းဖျော်ရည်ပဲ သောက်မယ်။ နင်တော့ စားခဲ့"

နန်းခင်လည်း ထွက်သွားလေသည်။

နန်းခင်ကို သွားလေရာ ခေါ်သွားသည်။ ဘယ်ပွဲကိုသွားသွား နန်းခင် မပါသည်မရှိ။ စည်းနှင့် ဂျပ်ထည့်ထားသော ငွေတောင်လွယ်အိတ်ကလေးကို ကိုင်ကာ အပါးမှ အမြဲမကွာ ရှိလာသည်မှာ အနှစ် ၂၀ ပင် ကျော်ပြီထင်သည်။ နန်းခင်မှာ ဘယ်ခေတ်ကမဆို သူ့ကို မဝေဖန်တတ်။ သူ့ဘာလုပ်လုပ် ကောင်းသည်၊ လှသည်ချည်း ထင်သူဖြစ်သည်။ ယခုကျသွား တော့လည်း သူကကျသည်ဟု မတွက်။ မြသိင်္ဂီတို့ ခေတ်စားစဉ်ကကဲ့သို့ပင် သဘောထား သည်။ မြသိင်္ဂီ မေ့နေသော အပုဒ်ကိုဆိုကြည့်လျှင် အဝေးမှ စိုက်ကာ နားထောင်နေတတ်

mgyee.com

mgyoe.com SAMPLE BOOK
သည်။ တစ်ခါက ကာလပေါ်သီချင်းရေးဆရာ 'ဖတ်ဆစ်ကလပ်' က 'အဘွားကြီးအသံက ပျက်နေပါပြီကွာ။ ခုခေတ်မှာ မတိုးတော့ပါဘူး" ဟု နန်းခင် နောက်ကွယ်တွင် ရှိမှန်းမသိ၍ ပြောမိသည်ကို ကက်ကက်လန် ရန်တွေ့ဖူးသည်။ ဤမျှ သူ့အပေါ် ယုံကြည်လျက်ရှိသေးသည့် နန်းခင်...။

ယခုကား ဘာပွဲလမ်းမှ မလိုက်ရသည်မှာ ကြာပါပြီကော။ ရှေး လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့သည့် နေ့များကား အရိပ်မျှပင် မထင်စားတော့ပြီ။ လူငယ်ပိုင်းက "အဘွားကြီး ကျသွားပြီ" ဟု ဝေဖန်သည်မှာကား ဆယ်နှစ်ပင်ရှိပေပြီ။ မေမြို့ကအပြန် အအေးမိကာ လဲပြီး နာလန်အထကတည်းက အသံမှာ အက်လာသည်ကို သတိထားမိပါ၏။ အားရပါးရ အသံကိုတင်ကာ ဆွဲလိုက်သည့်အခါ မောတက်လာကာ ချက်ချင်း ဘယ်သို့ပြောင်းခဲ့သည်မှာ အကြိမ်ကြိမ်ပင်။ သို့သော် အင်မတန် တိုင်းကျော်ပြည်ကျော် ထင်ရှားခဲ့သော အနုပညာသည်၏ မာနအတိုင်း မိမိ၏ဆိုဟန်နိဿယကိုသာ အားကိုးကာ အသံပျက်ခြင်းကို ဂရုမထားမိခဲ့။ တချို့ မိတ်ဆွေများက "ဒေါ်မြသိဂီ၊ အသံနဲ့ပတ်သက်တဲ့ ဆေးဝါးများ မှီဝဲကြည့်ပါလား" ဟူသော အကြံပေးချက်များကို 'နာလန်ထခါစ လူက အားနည်းနေလို့ပါ' ဟု ပြန်ပြောခဲ့၏။ ဆရာဝန်တစ်ဦး၏ 'အနောက်နိုင်ငံက အဆိုတော်တွေကတော့ အသံနဲ့ပတ်သက်တဲ့ လျှာခင်စတဲ့ ခန္ဓာကိုယ် အစိတ်အပိုင်းကို အားရှိစေတဲ့ ဓာတ်စာတွေ စားတယ်လို့ ကြားရတယ်' ဟူသော အကြံပေးချက်ကိုပင် "တို့မြန်မာရိုးရာပဲ ကောင်းပါတယ်ကွယ်" ဟူ၍ အေးအေးဆေးဆေးပင် နေခဲ့လေသည်။ အသံကား တစ်နှစ်ထက်တစ်နှစ် ပျက်လာလေတော့သည်။

သို့သော် သည်ကြားထဲတွင် အဆိုလာသင်သော တပည့်မများကား တိုးပွား၍သာ လာတော့သည်။ ယခင် ခေတ်ကောင်းစဉ်ကကဲ့သို့ တခမ်းတနား နေနိုင်ရန်ကား ဝင်ငွေ မရှိတော့။ မြန်မာမှုကို လေးစားသော ကဗျာဆရာကြီး 'ဦးပေဗာ' မတည်ပေးသော 'မြန်မာ ဂီတ အနုပညာကျောင်း' ၌ အဆိုသင် အတီးသင် တပည့်များ၏ လခဖြင့်သာလျှင် ယခုကဲ့သို့ တစ်ဝမ်းတစ်ခါး မပူပင်ရရုံ နေနိုင်ခြင်းဖြစ်ပေ၏။ ဂရိတာဆိုသော တပည့်မ အငြိမ်းစား ဝန်ထောက်သမီးမှာ မြသိဂီထံတွင် သီတာ–သာယာ–ဝေဘာလောက် တက်ပြီး အဆွဲ အငင် အရှိက်အငင်၌ ခက်သည်ဆို၍ ကျောင်းမှထွက်ကာ အပျော်တမ်း ကာလပေါ်တီးဝိုင်း တစ်ခု၌ ယခုအခါ အဆိုကျော်ဖြစ်နေလေပြီ။ ပထမတော့ မြသိဂီမှာ တပည့်မအတွက် ဝမ်းသာမိလေသည်။ ယခုခေတ် ကာလပေါ်သီချင်းမှာ ဟိုကတစ်စ၊ ဒီကတစ်စ ပေါင်းစပ်ကာ ရောထားပြီး အသံကျအတိုင်း ဆိုရသည့် ဂီတမျှသာ ဖြစ်လေရာ ဂရိတာမှာ အသံထွက် ရုံနှင့် ဂီတဖြစ်နေသည်။ မြသိဂီ နားထောင်ကြည့်သောအခါမှ အရှိက်အငင်မရှိ၊ အနုပညာ မပါသော ဂီတဖြစ်မှန်း သိသဖြင့် 'သင်ရိုးကုန်အောင် လာတက်လှည့်ဦး' ဟု မှာလေသည်။ သို့သော် ဂရိတာက မလာတော့ပေ။ 'သည်းပွတ်အူခွေထဲကမောင်' ဟူသော သီချင်းတစ်ပုဒ်ဖြင့် အညကြောင်းသော ကာလသားကြိုက် အဆိုတော်အဖြစ် ထင်ရှားသွားပြီဖြစ်ရကား

mgyoe.com

mgyoe.com SAMPLE BOOK

မလာရုံတွင်မက နောက်ကွယ်တွင် "အဘွားကြီးက ကျသွားပါပြီ။ ဂီတနယ်မှာ မဆန်းသစ်တော့ပါဘူး။ နောက်ပြီး အသံက သိပ်အက်နေပြီ။ ဂရီတာတို့တော့ သူ့ဆီမှာ ဆက်သင်ရင် အသံအက်တာသာ ရမှာပါ" ဟု ပြောသည်ဟု ကြားရ၍ ဒေါသပင် ထွက်ရသေးသည်။ မြသိင်္ဂီအဖို့မှာ "အဘွားကြီး ကျသွားပြီ" ဟူသော ဝိသေသကို ကြားရဖန်များ၍ ရိုးနေပြီ။ ငယ်စဉ်က ကြီးကျယ်ခမ်းနားစွာ တက်ခဲ့သော ကျော်စောခြင်းကသာလျှင် ဤကျစကားကို တိုက်နိုင်ပေသည်။ သို့မဟုတ်လျှင်ကား စိတ်ဓာတ်ပျက်၍ လဲသေဖို့သာ ရှိတော့သည်။

မြသိင်္ဂီသည် မှန်တင်ခုံမှထကာ မိလ္လာရောင်စောင်ကိုခြုံလျက်သားနှင့် ပြတင်းဝသို့ သွားရပ်မိသည်။ ရပ်ရင်း 'မိုးတိတ်ပါစေတော်' ဟုလည်း စိတ်ထဲက ဆုတောင်းမိသည်။ မအေးမှလည်း အသံမာ၍ ထွက်မည်ဟု သိထားသည်။ တစ်ဝက်ဟထားသော တရုတ်ကတ်တံခါးကို တွန်း၍ပစ်လိုက်ကာ အပြင်ဘက် မိုးရေထဲသို့ လှမ်းကြည့်လိုက်လေသည်။

အေးတံတားကို လှမ်းမြင်နေရသည်။ မိုးရေထဲတွင် ဈေးကွက်နှင့် တံတားပေါ်မှ ခနိမိုးကာ ရောင်းနေသော လမ်းဘေးဈေးဆိုင်များကို တွေ့ရသည်။ အေးတံတားအောက်ရှိ ပုဇွန်တောင်ချောင်းရေကား ရွှံ့ပုပ်ရေတို့ဖြင့် အရောင်အဆင်းမရှိ၊ အသွေးမရှိ။ ညစ်ညစ်မည်းမည်းပြာနေသည်။ ဒေါပုံအထိပေါက်သော ရပ်ကွက်မှာ ဆင်းရဲသားရပ်ကွက်ဖြစ်သည့်အတိုင်း ခနိတဲများဖြင့် ပုပုကုပ်ကုပ် ပြည့်ညပ်နေတော့သည်။ အဝေးမှ စက်ခေါင်းတိုင်များကို ခပ်ဝါးဝါးမြင်နိုင်သေးသည်။ ပုဇွန်တောင်ချောင်းလက်တက်ကလေး၌ ငါးတင်လာသော သမ္ဗန်လှေများ ဆိုက်ကပ်ထားသည်။ မြသိင်္ဂီသည် အေးတံတားဘက်သို့ကြည့်ရင်း ငေးနေမိပြန်သည်။ လွန်ခဲ့သော အနှစ် ၂၀ က မှန်စီရွှေချ ပော်နန်းတော်၊ နွေရာသီစခန်းမှ စောင်းတီးရင်း တေးစပ်ရင်း ယခုကဲ့သို့ ကျပ်ကျပ်ကျဉ်းကျဉ်း ပုဇွန်တောင်ရပ်ကွက်ရှိ ပျဉ်ထောင်အိမ်ကလေးနှင့် ညှိုးညှိုးငယ်ငယ် ဆင်းဆင်းရဲရဲ နေရမည်ဟု ဘယ်တုန်းကမှ မထင်ခဲ့ပေ။

မြသိင်္ဂီသည် သက်ပြင်းတစ်ချက်ချကာ "ဒီညပွဲမှာ ဆိုမှ ဆိုနိုင်ပါ့မလား" ဟု အားငယ်လာပြီး စောင်ကို အအေးမမိအောင် ရောယောင်၍ ခြုံလိုက်ပြီးလျှင် မှန်ခုံရှေ့သို့ သွားရပ်သည်။

## ၂

မိုးသည် လေသက်ကလေးပင် ပါလာကာ တရုတ်ကတ် တံခါးမှ ဝင်လာပေသည်။

မြသိင်္ဂီသည် ကန်စွန်းနွယ်တစ်ခက် အိုင့်ကျနေသော ဇာစကို ပင့်တင်လိုက်ပြီး မှန်ခုံပေါ်မှ ပတ္တမြားလက်စွပ်ကို လှမ်းယူကာ ဝဲဘက် လက်သူကြွယ်တွင် ဝတ်လိုက်သည်။ ထိုပတ္တမြားလက်စွပ်မှာ မော်လမြိုင်တွင် နေခဲ့ဖူးသော ဒုတိယသမီးတော်၏ ဆုလက်စွပ်ဖြစ်ပေ၏။ ဖလားစုံ ကွမ်းအစ်နှင့် ပတ္တမြား လက်ဝတ်တော်ကို ဆုအဖြစ် ပေးဖူးသည်။ သီပေါမင်းဆက် နန်းမှကျကတည်းက ဒုတိယသမီးတော်မှာ မော်လမြိုင်တွင် နေလေရာ

mgyoe.com SAMPLE BOOK

ရှေးမူနန်းရာမပျက် နေချင်သည့်အလျောက် မဟာဂီတ သီချင်းများကို ကြားလိုသဖြင့် မြသီဂီအား တကူးတက မှာခေါ်ကာ နားထောင်ခဲ့စဉ်က ဖြစ်ပေ၏။ ဒုတိယသမီးတော်မှာ နန်းသုံး အမူအရာကို နှစ်သက်သည့်အတိုင်း ထောင်ရောင်နေ၊ ဇမ္ဗူကျွန်းလုံး၊ ရဝေနန်း စသည့် ဘုန်းတော်ဖွဲ့ သီချင်းခံများကို မှန်စီယွင်းပျက်ကာ ရွှေရောင်ဖျော့နေသော သလွန်ထက်မှ နားထောင်ခဲ့သည်။ မြသီဂီ၏ တေးသံမှတစ်ပါး ဘယ်အဆိုတော်ကိုမျှ နားထောင်၍ မရခဲ့ပေ။ ပတ္တမြားလက်စွပ် ဆုရခဲ့သည်မှာ လွန်ခဲ့သော အနှစ် ၃၀ ခန့်က ဖြစ်ပေသည်။

မြသီဂီသည် ပတ္တမြားလက်စွပ်ကိုစွပ်ရင်း ခုံစွန်းမှ သနပ်ခါးတုံး ဖိထားသော စာရွက်ဖြူကို သွားမြင်သည်။ "ဘယ်အချိန်လာခေါ်မလဲ မသိဘူး။ စာဖတ်ကြည့်ဦးမှပဲ" ဟု စိတ်ထဲက ရေရွတ်ကာ စာခေါက်ကို ဖြန့်ဖတ်လိုက်သည်။

> ဒေါ်ဒေါ်မြခင်ဗျား...
>
> ယနေ့ည အမျိုးသားယဉ်ကျေးမှု အသင်းချုပ်မှ မြန်မာမှု ဂီတအစီအစဉ် လုပ်ဖြစ်ပါသည်။ ၇ နာရီမှ စမည်ဖြစ်ပါ၍ ၆ နာရီသာသာလောက်တွင် လာခေါ်ပါမည်၊ စောင့်နေပါ။ နောက်ထပ်တစ်ပုဒ်လည်း စဉ်းစားထား ပါဦး။ ကျွန်တော်ကတော့ ဒေါ်ဒေါ်မြ ရှမ်းပြည်တုန်းက စပ်ခဲ့သော 'နှင်းယွန်းဟေမန်' ဟူသော ပတ်ပျိုးသီချင်းကိုတီးလျှင် ကောင်းမလားဟု တွေးထားပါသည်။
>
> သက်ဟန်

'မောင်သက်ဟန် စာထဲမှာက ၆ နာရီသာသာဆိုတော့ လာခါနီးရောပေါ့' ဟု တွေးကာ "နန်းခင်ရေ..." ဟု လှမ်းခေါ်လိုက်သည်။

"ဘာလဲ မမ" ဟု နန်းခင် တံခါးဝမှ ပေါ်လာသည်။

"ဘယ်နှနာရီရှိပြီလဲ၊ ကြည့်စမ်းပါဦး။ ထမင်းကော စားပြီးပလား။ လာခေါ်ရင် အဆင်သင့် ထ,လိုက်နိုင်အောင် ပြင်ထားနော်..."

"ကျွန်မ စားပြီးပါပြီ။ မမသောက်ဖို့ ချင်းဖျော်ရည်လည်း ပြင်ထားတယ်။ သကြား ချိုချိုနော်..."

မြသီဂီက ခေါင်းညိတ်လိုက်မှ ထွက်သွားသည်။ နန်းခင်မှာ ပန်းရောင် အချိတ်ထဘီကို ဝတ်ထားသည်။

မောင်သက်ဟန်နှင့်ကား ပြောသာ ပြောရသော်လည်း သိပ်မကျွမ်းလှ။ အမျိုးသား ယဉ်ကျေးမှုအဖွဲ့ချုပ်ကိစ္စနှင့်ပတ်သက်၍ သုံးလေးခါ လာဖူးရုံပဲရှိသည်။ တွေ့စက ဂီတရာဇဝင်

mgyoe.com

mgyde.com SAMPLE BOOK
နှင့်ပတ်သက်၍ လာရောက်ဆွေးနွေးစဉ်က ပညာလိုက်စားသော သုတေသီတစ်ဦးဟုသာ အမှတ်တမဲ့ ထင်လိုက်သည်။ နောက် ဂီတနှင့်ပတ်သက်၍ ကတ်ကတ်သတ်သတ် မေးတတ် မြန်းတတ်၍ 'တော်တော်စူးရှတဲ့ သူငယ်ပဲ' ဟု လေးစားကာ ဆရာစား ချန်၍ထားသော အချက်အလက် အငုတ်ကလေးများကိုပင် လှည့်ကာပတ်ကာ နှိုက်ထုတ်တတ်ခြင်းကြောင့် သူနှင့် ဆွေးနွေးနိုးနှောရသည်မှာလည်း စိတ်ဝင်စားဖွယ် ကောင်းလာလေတော့သည်။ မြန်မာ ဂီတနှင့်ပတ်သက်၍ အခြေခံဖြစ်သော အသံစပ် ၇ ပါးကို ဂဃနဏ မေးမြန်းရာ အတော် ဖြေယူရသည်။ မြသီဂီက စောင်းကြိုးကို ညှိရပြန်သည်။ မောင်သက်ဟန်က နားစွင့်နေပြီး "စန္ဒရားမှာရှိတဲ့ အသံတွေနဲ့ တူတာတွေ ရှိတာပဲ။ သံရိုးဆိုပုံဆိုရင် စီမေဂျာဆိုတဲ့ အသံနဲ့ ထပ်တူပဲ။ နေပါဦး ဒေါ်ဒေါ်၊ ကြိုးညှိကြတဲ့အခါမှာ အသံစဉ်ဟာ ညှိတိုင်း တူနေပါ့မလား။ မဆိုစလောက် တစ်စိတ်တစ်ခြမ်းတော့ ကွာမနေပေဘူးလားဟူသော အမေးကို အပြန်အလှန် ထပ်ကာမေး၍ မနည်းဖြေခဲ့ရသည်။ နောက်ဆုံး မောင်သက်ဟန်က အတိအကျ မှတ်သား ထားတဲ့ ရူပဗေဒသဘော၊ အတွက်အချက် သဘောမရှိတော့ နားသာသလို ညှိယူသွားကြမှာ ပဲ။ ညှိပုံမှာ တစ်ပြေးတည်း မတူနိုင်ဘူး။ ပုံစံမှာသာ တူမှာပဲ" ဟု မှတ်ချက်ချ၍ အတိအကျ လိုက်စားသူဟု အံ့သြရလေသည်။ "ကျွန်တော်တို့တော့ ပတ်ပျိုးတီးလည်း စီသံမှာပဲ အနက် ခလုတ်အဝဲလေးတစ်လုံး ထည့်ပြီး တီးတာပဲ" ဟု ဆိုမှ စန္ဒရားတီးတတ်သူဟု နားလည်ရ တော့သည်။

ယခုညပွဲတွင် မောင်သက်ဟန် စန္ဒရားနှင့် ဆိုရပေတော့မည်။ မောင်သက်ဟန်၏ အတီးပညာ မည်မျှရင့်သည်ကို သူ မသိ။ သို့သော် အတီးကောင်းတစ်ယောက်အဖြစ်ကား ကြားရဖူးသည်။ ပွဲကြီးများတွင် မဆိုသည်မှာ ကြာပေပြီ။ ဆိုရသည့်အခါလည်း ဩဘာသံ မရှိ။ ပွဲပြီးလျှင်လည်း 'မြသီဂီ ကျသွားပြီ' ဟူသော တီးတိုးသံသာ အဖတ်တင်ခံရရုံထက် ပို၍ မလွှမ်းလာတော့။ ယနေ့ညပွဲမှာ ပွဲကြီးဖြစ်သည်။ နိုင်ငံခြားမှ သံတမန် ဧည့်သည်တော် များလည်း အတော်စုံလင်မည်ဟု သိရသည်။

မောင်သက်ဟန်၏စာကို ဖတ်ပြီး ပြန်ချစဉ် နန်းခင်ပေါ်လာကာ "ငါးနာရီခွဲပြီ မမ၊ ချင်းရည်သောက်တော့မလား" ဟု မေးသည်။

"သောက်တာပေါ့ကွယ်... ငါအပြင်လာခဲ့မယ်"

မြသီဂီသည် ရင်ခုန်၍လာကာ အပြင်သို့ ခပ်သုတ်သုတ် ထွက်လာသည်။

အပြင်ခန်းကား အနည်းငယ်မှောင်နေသည်။ နေ့တာရှည်သော မိုးတွင်းလ တစ်လ ဖြစ်၍ နေ့အလင်းရောင်မှာ ရှိနေသေးသည်။ အိမ်မှာ ရေနံသုတ်ထားသော ပျဉ်ထောင်အိမ် ဖြစ်၍ ခပ်မည်းမည်းမှိုင်းမှိုင်းရှိနေသည်။ ခေါင်းရင်းဘက် ဘုရားစင်ဘေးရှိ မှန်ဗီရိုပုပုထက် တွင် မှန်စီရွှေချ စောင်းကောက်ကြီး တင်ထားသည်မှာ ကျက်သရေရှိလှသည်။ စစ်စေးအနက် ထဲမှ ကျောက်ရောင်များမှာ မှိန်ဖျော့ဖျော့ လက်နေကြကုန်သည်။ စောင်းကောက်ဘေးတွင်
mgyde.com

mgyoe.com SAMPLE BOOK


နတ်ရုပ်နှင့် နရည်းကြီးရှိသည်။ နရည်းမှာ ယခုခေတ်တွင် ရှားပါးသော ရှေးဟောင်းပစ္စည်းဖြစ်၍ ပြတိုက်၌သာ ထားသင့်သောအရာဖြစ်သော်လည်း မိုးမိတ်စော်ဘွား၏တူတစ်ယောက်က မနှစ်ကယူလာ၍ ညေ့်သည်လာတိုင်း 'ဟော်နန်းမှာ ရေခင်းလှည့်လာတိုင်း သုံးတာပေါ့။ မန္တလေးကယူပြီး စော်ဘွားက သိမ်းထားတာ' ဟု ပြောပြလေ့ရှိသည်။ မြသိင်္ဂီသည် ပတ္တလားဘေးရှိ ကြိမ်ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။ တစ်ချက်တစ်ချက် လမ်းမဘက်သို့ လှမ်းကြည့်သည်။

မိုးကား စဲပဲမစဲနိုင်။ အအေးဓာတ်ကြောင့် လက်ဖျားကလေးများပင် စိမ့်လာသည်ဟု ထင်သည်။ မြသိင်္ဂီသည် လက်ဖျားကို ဆုပ်စမ်းကြည့်သည်။ ရင်ကလည်း ကျပ်လာသလိုလို အောက်မေ့မိ၍ အသက်ကို ရှူကြည့်ရသည်။ ရင်က တဒိတ်ဒိတ်ခုန်လာသဖြင့် 'ဒီညအသံတော့ ပျက်မှာပဲ' ဟု အားလျော့လာသည်။ လွန်ခဲ့သော ဆယ်နှစ်ခန့်ကလည်း ရင်ထဲမှ ကျပ်လာပြီးနောက် အသံပျက်စေသော လည်ချောင်းဝေဒနာရခဲ့သည်ကို သတိရပြန်၍ ရင်ထဲတွင် လေးလာသည်။

မြသိင်္ဂီသည် တုန်ယင်သောအသံနှင့် "နန်းခင်ရေ... ချင်းဖျော်ရည် ယူခဲ့ပါဟေ့" ဟု ပြောလိုက်သည်။

ချင်းဖျော်ရည် ဖန်ခွက်ကို လာချသောအခါ "နန်းခင် မအေးဘူးလား" ဟု အဖော်ညှိရုံအောင် သက်သာရာကိုရှာသည်။ နန်းခင်က လေးလေးနက်နက်မဟုတ်သော်လည်း အဖြေဖြစ်ရုံ "အေးသားပဲ မမ၊ မိုးက တစ်နေ့လုံး ရွာနေတာကို" ဟု ဆိုမှ ပေါ့၍ လာသလိုဖြစ်မိသည်။ အေးသောဥတုကြောင့် လက်ဖျားတွေ အေးတာလားဟုပင် မြသိင်္ဂီသည် ဝေခွဲချင်လာသည်။

ပွဲကြီးလမ်းကြီးကြုံတိုင်း တုန်လှုပ်သည်ဖြစ်ပါ၏။ ဇာတ်ခုံပေါ် တက်လိုက်လျှင် ရင်ထဲက တလှပ်လှပ်ဖြစ်လာတတ်ပါ၏။ သို့သော် ဤသို့ဖိုခြင်းမဟုတ်။ ခါတိုင်းထက် အသံမှာပျက်ကာ ပရိသတ်၏ ရှုတ်ချမှာကို စိုးရိမ်ကြောင့်ကြသဖြင့် ဖိုခြင်း၊ ထိတ်ခြင်းပါ ကလားဟု သိလာလေ ဖိုလာလေ ဖြစ်လာသည်။

'မောင်သက်ဟန်မှာ အတီး၌ ကျွမ်းကျင်ရဲ့လား၊ သူ တစ်ယောက်တည်း စိုင်းနေမှဖြင့် အဆိုမှာ ထိခိုက်ချည်ရဲ့' ဟု ပူပန်လာပြန်သည်။ ယခု ဘုန်းတော်ကြီးဝတ်သွားပြီဖြစ်သော မိမိဆရာ မန္တလေး စိန္တာမယက "အဆိုက ရဲပစေ့နော်။ ကိုယ်က ဝင်သာ ဝင်လိုက်၊ စောင်းက ကိုယ့်နောက် ကပ်ပါလိမ့်မယ်။ အတီးကို စောင့်လိုက်ရင် အတီးက ကိုယ့်ကို ခေါင်းဆောင်သွားလိမ့်မယ်။ နောက် အဆိုကို ဂရုမထားတော့ဘဲ စိုင်းတတ်တယ် သတိထား။ အထူးသဖြင့် အတီးကောင်း လက်ကျကောင်းဆိုရင် ကိုယ်က သူ့ပညာကို အကဲခတ်ပြီး ကိုယ်က ရှေ့ဆောင်နိုင်ပစေ" ဟု သင်ကြားခဲ့သည့် နိဿယအတိုင်း နှစ် ၄၀ ကျော် ဂီတနယ်ပယ်တွင် ဆရာတစ်ဆူမင်းမူလာခဲ့သည်။ ယခု တကယ့်ပွဲရောက်လာသောအခါ သက်လုံကောင်းဇေရန် ဖွေရှာ

mgyoe.com

SAMPLE BOOK

လာမိရင်း ချင်းရည်ကို တစ်ကျိုက်သောက်လိုက်သည်။ ရင်အခုန်မှာ နည်းနည်းမှန်သွားကာ နောက် ပြန်ခုန်လာသည်။ လိုသလောက် အသံရှိက်၍ မရမှာ၊ ဝင်၍မရမှာကိုသာ ပူသည်။ တေးသွားကို အဘယ် ဝိုက်ဝေ့၍ ခေါ်ရမည်၊ ကြိုရမည်၊ ဝဲလိုက်ရမည်၊ လှည့်လိုက်ရမည်ကိုကား စိုးစဉ်းမျှ မပူ။

ချင်းဖျော်ရည် တစ်ဖန်ခွက် ကုန်သွားသောအခါ လည်ချောင်းတွင် ပူလာကာ နွေးလာသလိုလို မှတ်ထင်ရသည်။ မျက်လုံးမှာလည်း ရီဝေ၍လာကာ နားထဲတွင် ကျေးငှက်သံလိုလို ကြားရသည်။ နားအူသည်ဟု သိကာ လက်နှင့် နားကို ကျပ်ပြီး "နန်းခင်ရေ… စည်းနဲ့ ဂျပ်ထည့်တဲ့ လွယ်အိတ်ပါတယ်နော်" ဟု လှမ်းမေးသည်။

"ပါပါတယ် မမ၊ အခုထက်ထိ မလာကြသေးပါလား။ ခြောက်နာရီတောင် ခွဲပြီးပြီ"

စကားမဆုံးခင်ပင် အိမ်ရှေ့မှ ကားရပ်သံ ကြားရသည်။ နှစ်ယောက်စလုံး ပေတစ်ရာလမ်းမသို့ စိုက်ကြည့်နေကြသည်။ ကားနက်မှ လူရွယ်ရွယ်တစ်ယောက် ဆင်းလာသည်။ မောင်သက်ဟန်သည် ပြုံး၍ နှုတ်ဆက်ကာ "စောင့်နေကြတယ်မှတ်တယ်" ဟု ဆိုလိုက်သည်။

မြသိင်္ဂီသည် ကုလားထိုင်မှထကာ ရပ်လိုက်လေသည်။

"အဆင်သင့်ဖြစ်ပြီလား… ဒေါ်ဒေါ်"

"တို့ အမယ်ကြီးပဲကွယ်… နှုတ်ခမ်းဆေးဆိုးနေရတာမှမဟုတ်ဘဲ။ ဘာ အဆင်သင့် မဖြစ်ရမှာလဲ။ ကဲ… လာ"

မြသိင်္ဂီသည် အပျိုအရွယ်ကလေးကဲ့သို့ပင် ဖျတ်ဖျတ်လတ်လတ် မောင်သက်ဟန်ရှေ့မှထွက်ကာ အိမ်ရှေ့ ကပြင်သို့ထွက်သည်။ တောက်ပသော အသိကို ခံစားလိုက်ရ၍ ရင်ထဲတွင် လန်းလာသည်။ မိုးတိမ်ရောင် အောက်ဝယ် မြရည်များ စို့နေသကဲ့သို့ စိမ်းလန်းစိုစွတ်သည့် သစ်ပင်များကို မော့ကြည့်ကာ မောင်သက်ဟန် ဖွင့်ပေးသော ကားတံခါးကို အသာကိုင်၍ ဝင်လိုက်သည်။ နန်းခင်က နောက်မှကပ်၍ ပါလာသည်။

"ဒေါ်ဒေါ်မြ နေကောင်းရဲ့လား" ဟု ကားတံခါးကို ပိတ်ရင်း မောင်သက်ဟန်က မေးသည်။

"ကောင်းပါတယ်" ဟု မြသိင်္ဂီက မဆိုင်းမတွ အမြန်ဆုံးပြောသည်။ ကားစက်နှိုးသည်နှင့်အတူ သူမ၏ရင်သည် ခုန်လာသည်။ အမှန်အားဖြင့် ဇရာဘက် ချဉ်းလာမှ "နေကောင်းရဲ့လား" ဟူသော အမေးကို မခံချင်လှ။ အိုမင်းခြင်း၏ လက္ခဏာကို သတိပေးခြင်းနှင့် တူသည်။ မောင်သက်ဟန်ကလည်း လူကြီးနှင့်လူငယ် ပြောအပ်သော လောကွတ်စကားမျှ ပြောဟန်တူသည်။

"ဝန်ကြီးချုပ်ရုံးကို တယ်လီဖုန်းဆက်နေရလို့ နည်းနည်းနောက်ကျသွားတာ ဒေါ်ဒေါ်၊ ဝန်ကြီးချုပ် တစ်အိမ်သားလုံး လာကြလို့ နေရာပို လုပ်ပေးနေရတယ်။ ကဲ… မြို့တော်ခန်းမ

.com

mgyoe.com SAMPLE BOOK

သာ မောင်းပေတော့"

မြသိဂီကား မိလ္လာရောင်စြောင်ကို ပြန်ရုံကာ ကားနောက်၌ ကျန်ရစ်ခဲ့သော လမ်းသွားလမ်းလာများကို မှိုင်းမှိုင်းမှုန်မှုန် ငေးရင်း လိုက်ပါလာလေသည်။ မြို့တော်ခန်းမ ဆင်ဝင်အောက်သို့ ဝင်လိုက်သောအခါ လှိုင်းတံပိုးကဲ့သို့သော ပရိသတ်၏အသံကို ကြားလိုက်ရ၍ မြသိဂီသည် ရင်ကို ဖိထားမိလေသည်။

(၃)

လှေကားထိပ် အုတ်လက်ရန်းမှနေ၍ အမျိုးသားယဉ်ကျေးမှုအဖွဲ့ချုပ် ဥက္ကဋ္ဌ ကဗျာဆရာဦးသီဟက လာ၍ကြိုလျက် "ပရိသတ်ကတော့ သိပ်များတာပဲ။ ဝန်ကြီးချုပ်လည်း ခုပဲရောက်တယ်" ဟု ပြောကာ ခေတ္တနားနေရန်အတွက် ရှေ့ဆုံးတန်း ကုလားထိုင်လွတ်တွင် နေရာပေးလေသည်။ ဝန်ကြီးချုပ်က မြသိဂီကို မြင်၍ "နေကောင်းရဲ့နော်" ဟု လှမ်းနှုတ်ဆက်လိုက်သည်။ ခန်းမကြီးမှာ ပရိသတ်တို့ဖြင့် လျှံထွက်နေသည်။

ပရိသတ်ကို မြင်ရလေ၊ ဘာကြောင့်မှန်းမသိ ရင်ထဲမှာ ဖိုလာလေ။ ဒုတိယတန်း၌ သတင်းထောက်၊ အယ်ဒီတာ စသော သတင်းစာပိုင်းမှ ပုဂ္ဂိုလ်များကို တွေ့ရသည်။ ထိုသတင်းစာဆရာထဲ၌ သူ့အား ဝေဖန်သော 'ရေဒီယို သောတရှင်' မဂ္ဂဇင်း အယ်ဒီတာကိုလည်း တွေ့လိုက်သည်။ ထိုအယ်ဒီတာက သူ့အား အဆိုတော်သည် သာယာချိုအေးသော အသံမှ ပျက်ယွင်းသည်နှင့် အဆိုတော်အဖြစ်မှ လျှောကျခြင်းမည်ပေသည်။ တစ်ခါက ထင်ရှားခဲ့သော မြသိဂီသည် ယခု ကျလေပြီ' ဟု ဝေဖန်ဖူးသည်ကို သတိရလာသည်။ ထိုအခါကပင် သူက 'ဝေဖန်သူက အသံလေး ညောင်နာနာနဲ့ အစ်တစ်တစ်ဆိုတဲ့ လူကုံထံပိုင်းက ကာလပေါ် အဆိုတွေသာ အသားပေးပြီး မြန်မာမှုအစစ်ကို နားမလည်သေးပါဘူး' ဟု ထင်မြင်ချက် ပေးခဲ့ဖူးသည်။ ခပ်လှမ်းလှမ်းမှ နိုင်ငံခြားသားများ အတော်များများကို တွေ့လိုက်ရသည်။ တစ်ခါမျှ နိုင်ငံခြားသားများ သည်လောက် များပြားသည်ကို မကြုံရဘူး။ သူ့နောက်တန်းတွင် ပညာသည်တစ်သိုက် ရယ်ကာမောကာ စကားပြောနေကြသည်။ လူကြီးပိုင်းမှ ပညာရှိကြီး များစွာ မြင်လိုက်ရ၍ ကျေနပ်သွားမိသည်။ မြသိဂီမှာ ဤကဲ့သို့ ခမ်းနားသော ပွဲကြီးများကို မတက်သည်မှာ ကြာပေပြီ။

မကြာမီ ကတ္တီပါကားကြီး လိပ်တင်ကာ ပွဲစလေပြီ။ စင်မြင့်အလယ်တွင်ကား သုံးချောင်းထောက် စန္ဒရားကြီး။ ဓာတ်ခွက်တိုင် ထောင့်တစ်နေရာရှိ ဥက္ကဋ္ဌစားပွဲမှ သဘာပတိ မိန့်ခွန်းကို မြွက်ကြားလေသည်။ ကဗျာဆရာ ဦးသီဟက ရှေးဟောင်း မဟာဂီတ၏ သမိုင်းကို စတင်ကာ နိဒါန်းချီလျက် အမျိုးသားယဉ်ကျေးမှု အစဉ်အလာ၏ အရေးကြီးသောအခန်းကို အကျယ်တဝင့် အနုစိတ်၍ ပြောပြလေသည်။

နိဂုံးချုပ်တွင် 'အခုအခါမယ် ခေတ်ဆန်တယ်၊ ကမ္ဘာက သုံးတယ်ဆိုတဲ့ မျက်နှာဖုံး

mgyoe.com

mdyoe.com SAMPLE BOOK
တပ်ပြီး နယ်ချဲ့ယဉ်ကျေးမှုဟာ ကျွန်တော်တို့ မြန်မာမှုနယ်ကို ကျူးကျော်နေပါပြီ။ ဒါကို ကာကွယ်ဖို့ကတော့ ပထမအဆင့်မှာ ကျွန်တော်တို့ဟာ အမျိုးသား အစဉ်အလာ စွမ်းသန်မှုကို ထုတ်ဖော်ရမယ်။ ဒုတိယအဆင့်ကတော့ ကျွန်တော်တို့ မြန်မာမှုက လူထုနဲ့ နီးစပ်တဲ့ စာပေတွေ၊ ဂီတတွေ စတဲ့ လူထုယဉ်ကျေးမှု အနုပညာကို ပြန်လည်ဖော်ထုတ်ဖို့ပါပဲ။ ယခု ဒီညမှာဖြင့် အင်မတန်တောက်ပတဲ့ မြန်မာမှု အနုပညာ အမွေအနှစ်ကို ဆက်ခံထိန်းသိမ်းတဲ့ သဘောနဲ့ အမျိုးသားဂီတမှာ ပြယုဂ်ဖြစ်တဲ့ ဒေါ်မြသီဂီရဲ့ ရှေးဂီတဟန်ကို နားဆင်ရပါမယ်' ဟု ပြောလေသည်။ ထို့နောက် မြသီဂီ ဆိုမည့် သီချင်းအဓိပ္ပာယတ္ထနှင့် ရာဇဝင်ကို ရှင်းလင်းပြောပြကာ စတင်လေသည်။

မြသီဂီ ဇာတ်ခုံပေါ်သို့ တက်သောအခါ ပရိသတ်ကြီးက ဆူညံစွာ သြဘာပေးကြလေသည်။ သြဘာသံများကို ကြားရသောအခါ လွန်ခဲ့သော နှစ်ပေါင်း ၄၀ အတွင်း ကာလများက ခံစားခဲ့ရသော ဝေဒနာသည် ပြန်ပေါ်လာလေသည်။ မြသီဂီ ကျသွားပြီဆိုကတည်းက ဤသြဘာသံများနှင့် မနေခဲ့ရ။ ယခုကား ဤပရိသတ်နှင့် ထိတွေ့ရပြန်ပေပြီ။ ဤပရိသတ်ဆိုသော်လည်း ပရိသတ်သစ်ဖြစ်ပေမည်။ မောင်သက်ဟန် ထိုင်နေသော စန္ဒရားဘေးရှိ ကုလားထိုင်၌ ဝင်ထိုင်လိုက်သောအခါ မီးများ ငြိမ်းသွားကာ စန္ဒရားနှင့် သူထိုင်နေရာကိုသာ ကွက်၍ အပေါ်မှ မီးဝန်းဖြင့် စုထိုးထားလိုက်သည်။

မြသီဂီသည် စန္ဒရား၏ သပြေညိုရောင်ထနေသော သီချင်းစာအုပ်တင်သည့် ပန်းခက်ပန်းနွယ်ကိုကျော်ကာ ပရိသတ်ကို အသာမျက်စိမွေး၍ ကြည့်လိုက်သည်။ ပရိသတ်ကား သိပ်မငြိမ်လှ။ အမှောင်ထဲ၌ တီးတိုးသံများဖြင့် ညံစီစီရှိနေသေးသည်။ ဤပရိသတ်၏ အာရုံကို ဆွဲဆောင်နိုင်မှ –

မောင်သက်ဟန်က စန္ဒရားခလုတ်များကို ထိတို့လိုက်သည်။ အလယ်ပေါက်မှ အသံစကာ ဘယ်ဘက်ဒုံးကြိုးအထိ ပေါက်ကာ ခွင်းကာ ကျော်နင်းပြေးလွှားပြီး ညာဘက် အဖျားလုံးဆီသို့ ဖော့ဖော့ရွရွ ညက်ညက် ဆဆကလေး အသားကျဆင်းလာလေသည်။

ပရိသတ်ကြီးမှာ ရေနှင့်မီးကို သတ်လိုက်သကဲ့သို့ ငြိမ်သွားလေပြီ။

မြသီဂီမှာ သည်တော့မှ ရင်အခုန်ရပ်သွားလေသည်။ သာယာစည်ကား၍ မြိုင်ဆိုင်ပီရိသော စန္ဒရားသံကို သည်တစ်ခါပဲ ကြားရဖူးသည်။ လူငယ်၍ ပညာသည်လောက်မရင့်၊ အဆိုနှင့်မှ အံကျပါ့မလားဟူသော ညနေစောင်းက သံသယများသည် လွင့်စဉ်သွားလေပြီ။ မြသီဂီမှာ တူရိယာသံ၌ပင် စွဲငြိသွား၍ သူ့ကို စောင့်ဘိအလား လက်ဖျားသံကလေးများကို မပြည့်တပြည့် တို့နေမှ စည်းကို ခတ်ရမှန်း သိလေသည်။ စည်းတစ်ချက် ခတ်လိုက်သည်နှင့် တစ်ပြိုင်နက် စန္ဒရားခလုတ်များသည် ညှင်းလုံးသံ စောင်းကွက် အဆင်သို့ ရက်ဖောက်သီတန်းလာလေသည်။ စာစာက အသံစုံ၊ အတွဲစုံ၊ အနက်သံ တစ်ဝက်များပါ မြိုင်ဆိုင်သော အဆင်မှ စောင်းကွက်သို့ ကူးပြောင်းရောက်လာကာ ညှင်းလုံးအသွေးများ ပေါ်လာ၍ မြသီဂီ
mdyoe.com

mgyoe.com SAMPLE BOOK


မှာ မောင်သက်ဟန်ကို ကျေးဇူးတင်ရသည်။

မြသိင်္ဂီ၏ ရင်တွင်း၌ လှိုင်းထလာလေပြီ။ ဇာတ်ခုံအောက်ရှိ ပရိသတ်ကြီးကား အမှောင်၌ ကျန်ရစ်နေသည်။ စောစောက သံသယများ၊ ထိတ်လန့်ခြင်းများ၊ စိုးရွံ့ခြင်းများသည် သာယာသော ဂီတသံ၌ လွင့်ပြေးကုန်ကြလေပြီ။ ပရိသတ်ရှိရာ အမှောင်ဘက်ဆီ၌ မြူများ ဝေလာလေသည်။ အမှောင်ဘက်ဆီမှသာ မဟုတ်၊ မီးဝန်းရောင်အောက်၌လည်း မြူများ ရစ်သမ်းသိုဖွဲ့လာသည်။ မြူမင်းလွင်ထဲ၌ စန္ဒရားခလုတ်တို့သည် တရွရွနှင့် ခုန်ကြွ မြူးထူးနေသည်။ မြသိင်္ဂီ၏ ရင်တွင်း၌ မှိုင်းမှိုင်းမှုန်မှုန် ဖြစ်လာကာ အရင်က လည်ပတ်ရောက်ဖူးသော ဒေသဟောင်းသို့ တရွေ့ရွေ့ဖြင့် မျောပါလျက် လေပေါ်သို့ ကြွတက်လာသလို ပေါ့ပေါ့ပါးပါးဖြစ်လာသည်။ ထို့နောက်ကား,စုံသာမြိုင်လယ်သို့ ရောက်သွားလေတော့သည်။

ရော်မြန်းရွက်ကျင်
ညိုလွင်တည့် မောင်းပြေပြေ
သာယာလေညင်းဆော်လို့
မြူးလာယှက်သန်း
ကျုံကျုံရွှေငုံ
ပန်းမှုန်နံ့ကြိုင်လန်း–လန်း–

ရော်ကျ၍ ကြွေနေပြီဖြစ်သော သစ်ရွက်ဟောင်းတို့မှာ တချို့ နီမြန်းကုန်လျက်၊ တချို့ကမူ စိမ်းညို့ညို့၊ ဝါကြန့်ကြန့်ဖြစ်ကာ ဖူးသစ်သည့် အပင်တို့ကား အငုံဝါဝါတို့ဖြင့် ရွှေ ရောင်ယှက်နေကြသည်။ လေက ဝှေ့လိုက်သည့်အခါ တောရနံ့ မြိုင်ရနံ့ကလေး ပျံ့လာလေသည်။

မြသိင်္ဂီသည် သုခမဘာဝဟောင်းသို့ ပြန်ရောက်နေလေပြီ။ အရှိက်အင်္ငင်တိုင်း ကဗျာ၏ ရသကိုပေါ်အောင် ဖော်ကျူးသည်။ 'ကွဲကြေကြွေ ဆွေးလုလုဘွယ်' ကို အသံကိုမျှဉ်းကာ ဆွေးသံနှင့် ဖော်သည်။ 'ပန်းလွှာရည်ရေး–နီလာသွေး' ရှိသည့် ကျေးငှက်ကလေးများ ပျံ့ဝဲသည့်နေရာတွင် သူကိုယ်တိုင် သာရကာဖြစ်ကာ ပျံသန်းလေသည်။ စောင်းကွက်များကို တီးသူက ဖော်ပေးလေ၊ မြသိင်္ဂီမှာ ရင်ထဲမှ လှုပ်ရှားလာကာ အရှိက်သစ်ကိုရလေ ဖြစ်လာသည်။ သံထောက်အချဉ်း၌ မြသိင်္ဂီမှာ ဆွဲ၍ အားမရနိုင်ဘဲ အမျှင်မျှင် မျှင်နိုင်သမျှ မျှင်အောင် စိပ်ကာသီလေရာ စန္ဒရားမှာလည်း မျှင်သလောက် ရက်ဖောက်နိုင်၍ အဆုံး၌ရောက်သော အခါ အသံအဖျားဆုံးအထိ ရောက်လာသဖြင့် မောင်သက်ဟန်က အံ့သြစွာပင် လေးပေါက် အလုံးလေးကို လက်သန်းနှင့် အသာလှမ်း၍ ထောက်လိုက်ရလေတော့သည်။

သြဘာသံတို့ကား တော်တော်နှင့် မစဲတော့။

မြသိင်္ဂီမှာ နောက်တစ်ပုဒ်တွင် ပို၍ ဆန်းသစ်စွာ ဖော်နိုင်စွမ်း ရှိလာပြန်သည်။

mgyoe.com

 SAMPLE BOOK

သူ့အဖို့ကား စိတ်ကူးလောကကြီးသည် ကျယ်ဝန်းပါဘိသည်။ ဗတ်ပျိုးတွင် ပို၍ ရသပေါ်အောင် ဖွဲ့ဝိုင်းပြနိုင်သည်။ သူကိုယ်တိုင်စပ်သော ပတ်ပျိုးတွင်ကား ယခင်က မလုပ်ဖူးသော အငင်အဆွဲကိုပင် ယူနိုင်နေသည်ကို တွေ့ရသည်။ လေးထွေ သံကပ်၊ မြင်းခင်း စသည်ဖြင့် တောက်လျှောက်ပင် တစ်တောဝင် တစ်တောထွက် သယ်လာကာ နတ်ချင်းကဏ္ဍသို့ ရောက်သောအခါမှ မူးယစ်လာတော့သည်။

မြသိင်္ဂီမှာ ဆန်းကြယ်သော ဝေဒနာကို ခံစားနေရသည်။

မောင်သက်ဟန်ကလည်း စန္ဒရားခလုတ်ပေါ်၌ ပြေးလွှားကစားနေတော့သည်။ အကျော့ပိုင်းတိုင်း မတူအောင် အဆင်ကွဲ အကွက်ကွဲများဖြင့် ခွဲပေးသဖြင့် မိမိကလည်း ခွဲခြားကာ အသံသစ်များကို ပေးလိုက်လေသည်။ တီးကွက်ကလည်း ကွန့်မြူးလာလေပြန်သည်။ သို့နှင့် အရှိက်နှင့်အတော့ အဆိုနှင့်အတီးတို့သည် ကျော့ယုံ ပွတ်ယူဖြင့် အပြေးအလိုက် လုပစ္စာ မြူးထူးနေကြရာ မြသိင်္ဂီမှာ အစီအစဉ်ကုန်ဆုံး၍ စည်းကိုလွှတ်လိုက်တော့မှ လူ့ဘဝဇာတ်ခုံသို့ ပြန်ရောက်လာတော့သည်။ ရင်ထဲတွင် ဒီတ်ခနဲလာဆောင့်မှ သတိရသည်။

ထို့နောက် လှိုင်းတံပိုးတို့ဖြင့် ဆူညံမြည်ဟည်းကာ ထစ်ချုန်းနေလေသည်။

(၄)

ဇာတ်ခုံမှ ဆင်းလာသောအခါ လှေကား၌ ချီးကျူးကြသောပရိသတ်တို့ဖြင့် ပြည့်နေတော့သည်။ နိုင်ငံခြားသတင်းထောက်များက တဖျပ်ဖျပ်ဓာတ်ပုံရိုက်ကြသဖြင့် မျက်စိမှာ ပြာဝေနေသည်။ သူ့ကို ထောမနာစကား ပြောကြားလာသူများကိုပင် ဘယ်သူ ဘယ်ဝါဟု မမြင်။ အသံကို ကြား၍ ယခင်ကျော်ကြားစဉ်က အပြုံးမျိုးဖြင့် ပြန်ပြုံးလိုက်ရသည်။ ပထမတော့ အပြုံးမှာ မသွက်လက်၊ နောက် ယခင်ကအတိုင်း ပြန်ဖြစ်သွားသည်။

စာရေးဆရာလည်းဖြစ်သော သံအမတ်ကြီးက "သိပ်အံ့ဩဖွယ်ကောင်းတဲ့ မြန်မာဂီတပညာပဲ။ ဒီဂီတမှုကို ဖော်ကျူးစွမ်းရှိတဲ့ ဒေါ်မြသိင်္ဂီရဲ့ အနုပညာဟာလည်း အံ့ဩဖွယ်ရာပါပဲ" ဟု လက်ဆွဲကာ ရီဝေနေသော မျက်လုံးဖြင့် ချီးကျူးသည်။ ကမ္ဘာလှည့်လာသော သတင်းထောက်တစ်ဦးက "ကျွန်တော် ကမ္ဘာလှည့်ရာမှာ ဒီည အလွန်တရာလှပတဲ့ သုခုမစွမ်းရည်တစ်ရပ်ကို ရှာဖွေ တွေ့ရှိရတာဖြင့် ကျွန်တော့်ဘဝမှာ အဖိုးအံ့ထိုက်တန်ဆုံးပါပဲ" ဟု ပြောကာ မြသိင်္ဂီအား သူ၏ စာအုပ်ပြာထဲ၌ လက်မှတ်ထိုးဖို့ တောင်းပန်လေသည်။ သူ့ကို ဝေဖန်သော 'ရေဒီယိုသောတရှင်' မဂ္ဂဇင်းအယ်ဒီတာမှာ လူကြားထဲမှ တိုးဝှေ့လာကာ "ဒေါ်မြသိင်္ဂီ အသံဟာ ဒီညလောက် သာယာတာ တစ်ခါမှမကြားဖူးဘူး" ဟု လာပြောသည်။ လူငယ်စာရေးဆရာတစ်ဦးက "ကျွန်တော်တို့ ကိုယ့်အမျိုးသားမှုအတွက် ဂုဏ်ယူစရာ မကောင်းဘူးလား" ဟု သူ့ဘေးရှိ မိတ်ဆွေအား လှည့်ပြောနေသည်။

မြသိင်္ဂီမှာ သူ့အား ချီးကျူးကြသော နိုင်ငံခြား သံတမန်များ၊ ပညာရှိများ၊ စာရေး

mgyoe.com SAMPLE BOOK

ဆရာ သတင်းစာဆရာများအလယ်၌ မွန်းကာ လက်ဖျားခြေဖျားများပင် အေးလာ၍ ပရိသတ် အလယ်မှ မနည်းတိုးထွက်ခဲ့ရသည်။ ထိုညအဖို့၌ မြသိင်္ဂီမှာ အိပ်မက်ထဲ၌ အိပ်မက်သလို ဖြစ်နေသည်။

အိမ်သို့အပြန် ကားပေါ်သို့ ထိုင်သောအခါ နန်းခင်က "မမ... စောင်ကို ခြုံထားလေ... နည်းနည်းအေးတယ်" ဟု သတိပေးသည်ကို အံ့သြရသေးသည်။ မိမိမှာမူ အအေးဓာတ်ကို မရ။ ညဥ့်နက်ပြီဖြစ်၍ လမ်းတို့မှာ တိတ်ဆိတ်နေကာ ရေကွက်များကို ဖြတ်မောင်းသည့် ရှဲခနဲ ရှဲခနဲ အသံသာ ကြားရသည်။

ပုဇွန်တောင်ရပ်ကွက်ရှိ သစ်ပင်ရိပ်အောက်၌ ကားသည် ထိုးရပ်လိုက်လေသည်။

"ကဲ... ဒေါ်ဒေါ် ရောက်ပြီ၊ ကျေးဇူးအများကြီးတင်ပါတယ်"

မောင်သက်ဟန်က ကားတံခါးဖွင့်ပေး၍ နှစ်ယောက်သား မြေကြီးပေါ်သို့ နင်းမိသော အခါ ကားလည်း ထွက်ခွာသွားလေသည်။ မိုးရိပ်ရှိသဖြင့် ညမှာ မှောင်ပိန်းလျက်ရှိသည်။ မြသိင်္ဂီသည် ပေါ့ပါးသော ခြေလှမ်းတို့ဖြင့် ဖိနပ်ချွတ်ကို နင်းတက်လိုက်သည်။

အိပ်ခန်းထဲသို့အဝင် "ရော့... သိမ်းလိုက် ပတ္တမြားလက်စွပ်" ဟု လက်စွပ်ချွတ်ကာ နန်းခင်သို့ ပြုံး၍ ကမ်းပေးလိုက်သည်။ နန်းခင်မှာ ပတ္တမြားလက်စွပ်ကို လှမ်းယူ၍ ဒီညအဖို့ ခြေကို ကြမ်းကြမ်းနင်းလျက် မောက်ဝင့်စွာ ထွက်သွားလေသည်။

ရှုမဝမဂ္ဂဇင်း၊ စက်တင်ဘာ၊ ၁၉၅၂။

mgyoe.com

mgyoe.com SAMPLE BOOK

# လှဥမ္မာ

(၁)

လှဥမ္မာ လက်ထပ်တော့မည်လေ။

(၂)

စံပယ်ကိုတော့ အကြိုက်ဆုံးပင်။ ခွေလိပ်ထားသော ဆံပင်တောရိုင်းထဲ၌ စံပယ်ပွင့်ကလေး သည် ကော့ရော့ တင့်နေ၏။ အပေါ်သို့ပင့်တင်ကာ ထုံးထားသဖြင့် ဆံယဉ်များမှာ အနား သတ်ညီကာ တင်းရင်းနေသော်လည်း သူ၏ ကောက်လှသော ဆံပင် ဖွာရရာကလေးတို့မှာ ခပ်ပါးပါး ထွက်နေသေး၏။ နားထင် ဆံယဉ်စများမှာ လှဥမ္မာ၏ ဆံပင်ဟန် ဖြစ်ပေသည်။

ထို့ကြောင့်ပင် အမျိုးသားစာကြည့်တိုက် လက်ထောက်ညွှန်ကြားရေးမှူး ကိုစန်းအောင် က "မလှဥမ္မာရဲ့ နားထင်က ဆံပင်လေးတွေ ကျနေတာ သိပ်ကြည့်လို့ ကောင်းတာပဲဗျာ။ သွယ်ကျနေပုံကိုက တစ်မျိုးပဲ" ဟု ပြောလိုက်သည်။

လှဥမ္မာ၏ ဝါဝင်းသော ပါးချိုင့်ပေါ်မှာ နှင်းဆီရောင်ကလေးသည် တွန့်ယှက်သွား သည်။

"တကယ်ပဲလားရှင်၊ မာတော့ မသိပေါင်..."

အားတက်၍လာသော ကိုစန်းအောင်က "ကျွန်တော် အင်္ဂလန်မှာ နှစ်နှစ်ကြာတဲ့ အချိန်အတွင်းမှာ မလှဥမ္မာလောက် လှတာ မတွေ့ခဲ့ပါဘူး"

"အမယ်လေးရှင်၊ တစ်ဆိတ်တော့ ပိုသွားပြီထင်တယ်။ ကဲ... ပြောစမ်း ဘာစားမလဲ"

လှဥမ္မာ၏ ရင်ထဲ၌ကား ကြည်နူး၍နေပေသည်။

သူသည် ငယ်စဉ်ကတည်းက အလှအပကို မက်မောခဲ့သည်။ ထို့ကြောင့်ပင် ဖခင် လုပ်သူက 'လှဥမ္မာ' ဟု ပေးခဲ့သည်။ အမှန်အားဖြင့် လှဥမ္မာသည် အချောအလှကား မဟုတ်ပေ။ သာမန်မိန်းမရုပ်ရည်ပင်ဖြစ်သည်။ သို့သော် အလှအပကို ခုံမင့်တပ်မက်သည့် ဉာဉ်ကလေးရှိထားသည်။ သူ့ကို မလှသည့်ဘက်ကပြောလျှင် နည်းနည်းမျှ မကြိုက်နိုင်၊

mgyoe.com SAMPLE BOOK
မနှစ်သက်နိုင်။ အဒေါ်လုပ်သူက "ဟဲ့ လှဥမ္မာ၊ နင့်နှာခေါင်းက ပြားလိုက်တာ..." ပြောမိရာ တစ်နေ့လုံး အခန်းထဲမှမထွက်ဘဲ ငိုနေတော့သည်။ ထိုအခါက ရှစ်နှစ်ခန့်သာ ရှိသေးသည့် အရွယ်ကဖြစ်သည်။ လှဥမ္မာသည် မနက်တိုင်း နှာခေါင်းကို ဆွဲဆွဲပေးရသည်။ အပျိုပေါက်ကလေး ဖြစ်လာသောအခါ နှာခေါင်းမှာ အတော်ကြည့်ကောင်းကာ နှာတံ မပေါ့တပေါ့ ဖြစ်လာလေ၏။ ငယ်ငယ်ကတည်းက အသွေးအဆင်ကို ရွေးဘှာတတ်လေသည်။ အလှကို စူးစမ်းရှာဖွေသည်။

အလှအပကို ခုံမင်တပ်မက်ခြင်းစိတ်သည် ပြင်းထန်ဖွံ့ဖြိုး၍လာရာ အိမ်သူ အိမ်သား များကလည်း လှဥမ္မာ၏ အလှကွက်၊ အချောကွက်များကိုသာ ပြောသည့်အကျင့်ပါလာ တော့သည်။ လှဥမ္မာသည် အပျိုပေါက်ကလေး ဖြစ်လာသောအခါ မှန်ရှေ့၌သာ နေတတ် သည်။ 'အကျည်းတန် မှန်ကြိုက်' ဟူသောစကားကို ကြားဖူးလျက် သူသည် မေ့ပစ်ကာ ကိုယ်လုံးပေါ်မှန်ရှေ့၌ ကြည့်ရခြင်းကို အားရနေ၏။ လှဥမ္မာမှာ အဆင်အပြင်တတ်သည်။ ပါးဆိုးဆေး၊ နှုတ်ခမ်းဆိုးဆေး၊ လက်သည်းဆိုးဆေးတို့မှာ မှန်တင်ခုံပေါ်၌ စီရီနေလေ့ ရှိတတ်သည်။ ရုပ်မလှသော်လည်း အပြင်အဆင် အရောင်အသွေး ရွေးချယ်တတ်ခြင်းကြောင့် လှဥမ္မာသည် ထင်ရှားလာသည်။

ကျောင်းနေစဉ်က ကျောင်းသားများသည် လှဥမ္မာကို 'ယဉ်သည်' ဟု ပြောစမှတ်ပြု ကြသည်။ ကျောင်းကပွဲတစ်ခုတွင် 'ဥမ္မာ' ဟူသော ဥမ္မာဒန္တီအလှဖွဲ့ သီချင်းတစ်ပုဒ်ကို ဆိုရာမှ 'လှဥမ္မာ' ဟူသော အမည်သည် ကျော်ကြားလာခဲ့၏။ သူ၏ သီချင်းဆိုသံကို ချီးမွမ်းကြသောအခါ လှဥမ္မာသည် ပါးချိုင့်ကလေး ပို၍ခွက်လာအောင် ပြုံးနေတတ်ပါ၏။ သူ၏အပြုံးမှာ ကြည်နူးနှစ်သိမ့်သော နှလုံးသားမှ ရိုက်ခတ်လာသော ပီတိလှိုင်းဖြစ်ပေသည်။ လှဥမ္မာသည် မိမိအား ချီးမွမ်းခြင်းကို ကြည်နူးတတ်သည် မဟုတ်ပေလော။

လှဥမ္မာ တက္ကသိုလ်သို့ ရောက်သောအခါ ထင်ရှားလေသည်။ သူသည် ပညာ၌လည်း တော်လေသည်။ သူ၏ အင်္ဂလိပ်ကဗျာကလေးများမှာ ဆန်းသစ်သည်။ သူသည် များများ စားစား ရေးသူလည်းမဟုတ်ပေ။ တစ်နှစ်တစ်ကြိမ် ထုတ်ဝေသော နှစ်ပတ်လည် မဂ္ဂဇင်းတွင် ရေးလေ့ရှိသည်။ ဘီအေတွင် အင်္ဂလိပ်စာ ဂုဏ်ထူးတန်း တက်ရင်း သံချိုကို စပ်စပြုသည့် 'ဘဝရေဘောင်ဘင်' ဟူသော ကဗျာမှာ လူကြိုက်အတော်များသည်။

နက်ရှိုင်းသည် ကန်ရေပြင်က
လှိုင်းဘောင်ဘင် ခုန်မထပါဘဲ
ကမ်းစမှာ ကြာနီရွက်ကယ်တို့
ငြိမ်သက်စွာမှန်ကြေးမုံ။

မလှုပ်ရှားဘဲ ငြိမ်သက်၍နေသော ရေသည် နက်ရှိုင်းသည်ဟူသော သဘောကိုယူ လျက် စိတ်ဓာတ်ရင့်သန်ကြီးမားသော သူတစ်ဦး၏ ဘဝဒုက္ခများ ကြုံကြုံခိုင်ခိုင် ခံသွားပုံ
mgyoe.com

mgyoe.com SAMPLE BOOK
ကို သရုပ်ဖော်ထားလေသည်။

ဘီအေအောင်ပြီး၍ ဆရာဖြစ်သင်ကောလိပ်သို့ ဆက်တက်သောနှစ်တွင် ဤကဗျာကို အသံသွင်းကာ တေးအဖြစ် ပြောင်းလဲလိုက်သည်။ တေးကို လှဥမ္မာ ကိုယ်တိုင်ဆို၍ အသံလွှင့်ခဲ့လေသည်။ နောက်တစ်နေ့ ညနေတွင် ဧည့်ခန်းဆောင်သည် လှဥမ္မာ ဧည့်သည်များ၏ ချီးကျူးသံဖြင့် ပွဲတင်ထပ်နေလေ၏။ လှဥမ္မာသည် ကြည်နူး၍နေသည်။

လှဥမ္မာသည် မနောကောင်းသူလည်းဖြစ်သည်။ မိမိအား နှစ်သက်သူ အားလုံးအား တုံ့ပြန်သည်။ 'ကန်သာ' ဟိုတယ်၌ သူ၏ပရိသတ်အား ထမင်းစားပွဲဖြင့် တည်ခင်း ကျွေးမွေးလေသည်။ လှဥမ္မာသည် မိမိအလှအား နားလည်နှစ်သက်သူ၊ မိမိ၏ ဆိုသံအား နားလည်နှစ်ခြိုက်သူများအား မိမိကပြန်၍ ချစ်ခင်တတ်သည်။ အထူးသဖြင့် ယောကျ်ားကလေးများမှာ လှဥမ္မာ၏ အလှကို နှစ်သက်သဘောကျကြသည်။ ထို့ကြောင့်လည်း ယောကျ်ားမိတ်ဆွေများကို ခင်မင်သည်။ ထိုအထဲတွင် သူ့အား အကပ်ဆုံးမှာ ကိုကျော့ဝင်းဖြစ်သည်။

(၃)

"ကျေးဇူးတင်လိုက်တာ ကိုကျော့ဝင်းရယ်"

လှဥမ္မာသည် မြို့ထဲမှအပြန် ဝယ်ယူ၍လာသော ခေါက်ဆွဲကြော်ထုပ်ကို လှမ်းယူရင်း ပြုံး၍ ပြောလိုက်သည်။ ကိုကျော့ဝင်းက လွယ်ထားသော ကင်မရာလေးကို လက်နှင့် ကစားရင်း

"ဘာရယ်မဟုတ်ပါဘူး၊ သတိရတာနဲ့ ဝယ်လာတာပါ။ ကျွန်တော် ဝယ်စားရင်း စားကောင်းတာနဲ့..." ဟု ပြောသည်။

"အတော်ပဲ ကိုကျော့ဝင်း၊ မာ ထမင်းစား ပျက်နေတာနဲ့၊ တကယ့်ကို သိပ်ကို ကျေးဇူးတင်တာပဲ"

ကြည်နူးနှစ်သက်နေသော လှဥမ္မာ၏မျက်နှာမှာ ချောပြေနေသည်။

"ဟောဒီလို အနေအထားလေး ကျွန်တော် ရိုက်လိုက်စမ်းပါရစေ..."

ကိုကျော့ဝင်းသည် လွယ်ထားသော ကင်မရာကို ထုတ်လိုက်သည်။

လှဥမ္မာအား နေရောင်ထိုးထားသည်။ နံရံ၌ တွယ်ကပ်နေကြသော နွယ်ပင်များမှာ ရေညှိနှင့်ရောကာ စိမ်းဝါဝါ မှိုင်းညို့ညို့ ဖြစ်နေကြသည်။ ခရမ်းနွယ်တို့သည် တွန့်လိမ်ယှက်ငိုက်ကာ တံစက်မြိတ်မှ ကျဆင်းလာသည်။ ထိုးရိုက်နေသော ညနေခင်း နေရောင်၌ အရွက်အနွယ်တို့မှာ အရိပ်ထင်ကျနေသည်။ အလင်းနှင့် အမှောင်သည် ကျကျနနကြီး ကွဲပြားနေကြသည်။ လှဥမ္မာ ရပ်နေသော မုခ်တံခါးမှ စွယ်တော်ပန်း ခန်းဆီး အပြာနုနှင့် အဖြူမှာလည်း လှဥမ္မာ၏ ပန်းရောင်လက်တို၊ အနီရင့်ပေါ်တွင် အဖြူများများပါသော ပန်းပွင့်ထဘီ၊ ဖိနပ်အဖြူတို့နှင့် လိုက်နေသည်။

"ဒီအတိုင်းနေနော်...၊ ကိုယ်ကို မရွေ့လိုက်နဲ့၊ မျက်နှာတစ်ခြမ်းသာ လင်းနေတာ၊
mgyoe.com

mgyoe.com SAMPLE BOOK


သာပြီးကောင်းတယ်”

ကိုကျော့ဝင်းသည် ကင်မရာကိုချိန်ရင်း တတွတ်တွတ် ပြောနေ၏။ လှဥမ္မာသည် ဓာတ်ပုံရိုက် အင်မတန် ဝါသနာပါသည်။ ကိုကျော့ဝင်း ရိုက်ပေးသော ဓာတ်ပုံများမှာပင် မနည်းလှ။ ကိုကျော့ဝင်းသည် လှဥမ္မာ၏စိတ်ကို သိပြီးဖြစ်၏။ လှဥမ္မာ၏ဓာတ်ပုံကို စုတ်တံနှင့် လှလာအောင် တို့ပြီးမှ ပေးလေ့ရှိသည်။

“မျက်နှာတစ်ခြမ်း မည်းမသွားဘူးလား ကိုကျော့ဝင်းရဲ့၊ ဟုတ်မှလည်း လုပ်ပါ”

လှဥမ္မာသည် ပြုံးရယ်လိုက်သည်။ ပြုံးရယ်လိုက်သောအခါ ပါးချိုင့်ကလေးသည် ပေါ်လာကာ နှင်းဆီပါးအို့မှာ လှုပ်ရှား၍သွားသည်။

ကိုကျော့ဝင်းက ဖျတ်ခနဲ ရိုက်လိုက်သည်။

“ဟင်... ကိုကျော့ဝင်းကလည်း” ဟု လှဥမ္မာက မျက်စောင်းထိုးသည်။ ဖျတ်ခနဲ တစ်ပုံ ရိုက်လိုက်ပြန်သည်။

ကိုကျော့ဝင်းသည် ရယ်မောနေလေသည်။

“ဓာတ်ပုံဆိုတာ ဒီလိုရိုက်ရတယ်။ အမှတ်တမဲ့ရိုက်မှ သဘာဝကျတာ။ ခုပြုံးနေတာ ဆိုရင် မလှဥမ္မာရဲ့ ချစ်စရာကောင်းတဲ့ ပါးချိုင့်ကလေးရော၊ မျက်စောင်းထိုးလိုက်တဲ့ ဒေါသ အမူအရာလေးရော”

“ကိုကျော့ဝင်းက သိပ်မုန်းစရာကောင်းတာပဲ”

ကိုကျော့ဝင်းမှာ ဘာမျှပြန်မပြောဘဲ ကျေနပ်အားရသော အမူအရာနှင့် ကင်မရာကို သာ ဟိုလှည့် ဒီလှည့် လှည့်ပြီး ပြန်လွယ်လိုက်သည်။

“ကဲပါ... မတ်တတ်ကြီး၊ ဧည့်ခန်းထဲဝင်ပါဦးလေ” ဟု လှဥမ္မာက ဖိတ်ခေါ်သည်။

သူတို့သည် ဧည့်ခန်းဆောင်သို့ သွားကြသည်။ မန္တလေးမှ တင်တင်စိန်က စန္ဒရား တွင် ထိုင်တီးကာ ဘေးမှ ဥပဒေတန်း တက်ရင်း မြန်မာစာ နည်းပြဆရာလုပ်နေသော ဆရာ ကိုဆွေဦးက စည်းလိုက်ပေးနေသည်။ မခင်တီ၊ ခင်သန်းမေ၊ နုနုတို့လည်း ပါသည်။ လှဥမ္မာတို့ ဝင်လာသောအခါ သည်ဆောင်းဟေမာန်ဘွဲ့ အလယ်ပိုဒ် ‘ရှမ်းပြည် တောင်ငူ၊ ကြည်ဖြူဆက်မြဲ’ ရောက်နေသည်။ တင်တင်စိန်က သူတို့ကိုမမြင်၊ တီးကွက်ကိုသာ ဂရုထား နေရသည်။ ခင်သန်းမေနှင့် နုနုက ပြုံးကာ လှဥမ္မာကို နှုတ်ဆက်သည်။

“ဒီတစ်ခါ မလှဥမ္မာပုံ သိပ်ကောင်းမယ်။ ရောင်စုံဆိုတော့ အဆင်အသွေး အရောင် အနုအရင့်ပါ အသေးစိတ် ပါသွားမှာ” ဟု ကုလားထိုင်တွင်ထိုင်ရင်း ကိုကျော့ဝင်းက ပြော လိုက်သည်။

“ဟင်... ရောင်စုံလား၊ ဟာ... မာ မသိပေါင်၊ နို့မို့ရင် ရှင်... ဒီထက်ကောင်းတာ ဝတ်မထားရလား၊ ကိုကျော့ဝင်းက ပြောမှ မပြောဘဲ”

မလှဥမ္မာက မျက်စောင်းနှင့် အပြုံးကို တစ်ပြိုင်တည်း လုပ်လိုက်သည်။

mgyoe.com

 SAMPLE BOOK

"အခု အငှရောင်တွဲကလေးက သိပ်ကြည့်ကောင်းတာ၊ မလှဉမ္မာနဲ့ သိပ်လိုက်တယ်"

မလှဉမ္မာမှာ ကြည်နူး၍နေသည်။

"ထဘီကလည်း အသွေးတော်တော်ကျတယ်။ ကျောက်နီရောင်မှာ အဖြူပြောက် ပန်းပွင့်ကလေးတွေနဲ့ဆိုတော့ ချစ်စရာဗျ။ နောက်က ခံထားတာက စိမ်းစိမ်းညိုညို ရေညိုနဲ့ ပန်းနွယ်တွေ"

လှဉမ္မာကား ကိုကျော့ဝင်းပြောသည်ကို ငေးနားထောင်ကာ မျက်တောင်များ စင်းကျ နေသည်။ ဘယ်တော့များ ငါ့ပုံဆေးပြီးကူးပြီးပါ့မလဲဟု စိတ်စောကာ သူ့ပုံဟန်ကို သူမှန်း ကြည့်နေသည်။

ကိုကျော့ဝင်းမှာ လှဉမ္မာ၏ အကြိုက်ကို သိလွန်းနေသည်။

"ဘယ်တော့ ကူးပြီးမလဲရှင့်"

"မနက်ဖြန်ရအောင် လုပ်ပေးမယ်"

မလှမ်းမကမ်းရှိ ကုလားထိုင်စုတွင် လီလီနှင့် တင်မကြီး၊ ကြူကြူတို့မှာ ဆက်ရက် တစ်အုပ်ကျသလို ဆူညံစွာ ငြင်းခုံနေကြသည်။ တင်တင်စိန်သည် 'ဘွဲ့ဆုံးသွား၍ နှုန်းနန်း ထောက်စာ' ကြိုးဆက်နေလေပြီ။ ကြိုးကို နုနုက အသံခပ်အုပ်အုပ်ဖြင့် လိုက်ဆိုနေသည်။

ကိုကျော့ဝင်းသည် ခေါက်ဆွဲထုပ်ကို ကြည့်ကာ "ကဲ... မလှဉမ္မာ ခေါက်ဆွဲ စားချေ လေ၊ အေးကုန်ရင် မကောင်းဘူး၊ ကျွန်တော်တော့ မြို့ထဲက ညစာ စားပြီးခဲ့ပြီ"

လှဉမ္မာက ဘာမှပြန်မပြောဘဲ နေသည်။

ကိုကျော့ဝင်းက "ဟုတ်တယ်... စားချေပါ။ ပူပူနွေးနွေးမှ အရသာရှိတာ" ဟု ပျာပျာ သလဲ ပြောနေသည်။ ကိုကျော့ဝင်းမှာ လှဉမ္မာအား အင်မတန် ဂရုစိုက် ယုယကြင်နာသည့် အသံဖြင့် ပြောသည်။ လှဉမ္မာမှာ မိမိအား ခင်မင်ကြင်နာသူတို့အား တုံ့ပြန်တတ်သည်။ လှဉမ္မာမှာ သဘောကောင်းသည်။

"အားနာစရာကြီးရှင်၊ မာ တစ်ယောက်တည်း စားရမှာ"

"ကျွန်တော် ပြီးခဲ့ပြီ။ သွားပါ အပေါ်တက်စားချေပါ"

လှဉမ္မာက ဆိုးထားသော လက်သည်းနီနီရှင့်ရှင့်များကိုပွတ်ရင်း "ဒီလိုလုပ် မာ တက် စားချေမယ်၊ မကြာပါဘူး ခုပြီးမယ်။ မာ ညစာမစားတော့ဘူး။ နောက် လမ်းလျှောက်ထွက် ကြတာပေါ့။ နီနီခင်လည်း လိုက်မလားမပြောတတ်ဘူး" ဟုဆိုကာ ထိုင်ရာမှထလိုက်သည်။

"ဖြည်းဖြည်းပဲ စားပါဗျာ။ ကောင်းကောင်းစားစေချင်လို့ ဝယ်လာတာပါ"

"ပျင်းမနေနဲ့နော်..." ဟုဆိုကာ လှဉမ္မာသည် ထွက်သွားလေသည်။ ဆရာဖြစ်သင် ကောလိပ်ကျောင်း မိန်းကလေးဆောင် ဧည့်ခန်းကား စန္ဒရားသံ၊ ဂီတသံ၊ ရယ်သံမောသံ အသံဗလံတို့ဖြင့် အသက်ဝင်လျက် ရှိပေသည်။

အတန်ကြာလျှင် လှဉမ္မာ ရောက်လာသည်။ နှုတ်ခမ်းမှာ ပို၍ ရဲလာသည်။ ချယ်ရီ

mgyoe.com SAMPLE BOOK
သွေးဖြစ်၍ ပေါ်ရှနေသည်။

"ခေါက်ဆွဲက သိပ်ကောင်းတာပဲရှင်။ ကိုကျော့ဝင်းကို သိပ်ကို ကျေးဇူးတင်တာပဲ" ဟု ပြောပြီး ထိုင်လိုက်သည်။

သူတို့သည် ဓာတ်ပုံရိုက်ကူးခြင်းအကြောင်း ပြောနေကြသည်။ ကိုကျော့ဝင်း ရိုက်ပေးသော ပုံများစွာ လှဥမ္မာထံတွင် ရှိသည်။ အကြီးချဲ့ထားသော ပုံတွေက များသည်။ အင်းလျားကန်တွင် လှေလှော်နေပုံ၊ ဘောင်းဘီတိုကလေးနှင့် ကြက်တောင်ရိုက်နေပုံ၊ ရှမ်းခမောက်ကလေးနှင့် မရန်းပင်ကို မှီနေပုံ၊ မင်္ဂလာဒုံတွင် ဂေါက်သီးရိုက်နေပုံ၊ ပဲခူးသို့ ဝါဆိုပန်းခူးထွက်စဉ်က တစ်ခေါင်းလုံး ပန်းသရဖူဆောင်းကာ ပန်းတဝေဝေနေပုံ၊ သန်လျင် ကျိုက်ခေါက်စေတီ၌ ကျောင်းသူတစ်သိုက်နှင့်အတူ ရာဇဝင်အသင်းဗဟုသုတ ခရီးထွက်စဉ်က ပိုးလည်စည်း ခေါင်းမှာ သိုင်းပတ်ထားပုံ စသည်ဖြင့် ပုံပေါင်းများစွာ ပါသည်။ လှဥမ္မာ၏ အနေအထားအမျိုးမျိုး၊ အဝတ်အစားအမျိုးမျိုးနှင့် ဟန်ပန်များဖြစ်ကြသည်။

အရိပ်များသည် ရှည်လျားစပြုကာ နေရောင်မှာ မှိန်ဖျော့လာသည်။

"နီနီခင် မလိုက်နိုင်ဘူးတဲ့။ ဦးလေးက အညာက လာမှာမို့ စောင့်တွေ့ရမယ်တဲ့" ဟု လှဥမ္မာက ပြောသဖြင့် နှစ်ယောက်သား ထလိုက်ကြသည်။

"ဝင်ဒါမီယာကပတ်ပြီး အင်းလျားလမ်းကနေ ကန်ကိုသွားရင် မကောင်းဘူးလား" ဟု လမ်းမပေါ်သို့ ရောက်သောအခါ လှဥမ္မာက ဆိုသည်။ ကိုကျော့ဝင်းက "ကောင်းသားပဲ" ဟု ထောက်ခံလိုက်သည်။

သူတို့သည် စကားတပြောပြောနှင့် လမ်းလျှောက်လာကြသည်။ အင်းလျားကန်ပေါင်ရိုးသို့ ရောက်သောအခါ ဆည်းဆာရောင် သန်းနေပေပြီ။ ထမင်းစားချိန် ကပ်နေပြီဖြစ်၍ ကျောင်းသူကျောင်းသားများသည် ပြန်စပြုကြသည်။ နေလုံးကို လုံးဝမမြင်ရတော့သော်လည်း လပြည့်ရက်ဖြစ်သဖြင့် အနောက်ဘက်အာကာမှ ပန်းရောင်မပျက်ခင်ပင် အရှေ့ဘက်မှ စိမ်းနုနု ပြာလဲ့လဲ့ လရောင်ရိပ်သည် တွား၍ ပေါ်လာလေသည်။ ပင်လယ်ရွက်လှေများမှာ အလယ်ကျွန်းဆီမှ တရွေ့ရွေ့ လာနေကြသည်။

"စာမေးပွဲနီးတော့ရှင်၊ ကျက်ရတာပဲ" ဟု လှဥမ္မာက မြက်ခင်းပေါ်တွင် လက်တစ်ဖက်ထောက်ကာ တစ်ဖက်က ခဲလုံးလေးနှင့် ရေထဲသို့ လှမ်းပေါက်လိုက်ရင်း ပြောသည်။ ခဲလုံးကျသောနေရာတွင် ရေများသည် အဝိုင်းအဝိုင်းဖြစ်ကာ ကျဲ၍ကျဲ၍ သွားပြီးနောက် ငြိမ်သက်ပျောက်ကွယ်၍သွားလေသည်။ လှဥမ္မာသည် ရေပြင်ကို စိုက်ကြည့်နေပေသည်။

"ကျွန်တော်တို့ကတော့ ပထမနှစ်ဆိုတော့ မလှဥမ္မာတို့လောက်တော့ မကျက်ရဘူး"

လှဥမ္မာသည် ဘာမျှပြန်မပြောဘဲ ငေးနေသည်။

"တနင်္ဂနွေနေ့ ကျောက်တန်းဘက် သွားလည်ရအောင်။ နေရာကလေးက သိပ်ဓာတ်ပုံရိုက်ဖို့ကောင်းတယ်။ ကျွန်တော် ရောင်စုံဖလင်တွေ အတော်ဝယ်ထားတာရှိတယ်။ ဘယ့်နှယ်

mgyoe.com

mgyoe.com SAMPLE BOOK
လဲ..." ဟု ကိုကျော့ဝင်းက ဖြတ်မေးလိုက်သည်။

"စိတ်ပြေလက်ပျောက် သဘောမျိုးပေါ့။ စာကျက်ရတာဟာလည်း ငြီးငွေ့စရာ ကောင်းတာပဲ။ စိမ်းစိမ်းစိုစိုနဲ့ ရေနား မြစ်နား ပျော်ပွဲစား သဘောမျိုးပေါ့၊ မကောင်းဘူးလား။ ကိုသန်းခင်တို့၊ ကိုဘရင်တို့လည်း လိုက်မယ်"

လှဥမ္မာသည် ယောကျ်ား မိတ်ဆွေများနှင့် သွားလာတတ်သည်ကို ကိုကျော့ဝင်းက သိသည်။ လှဥမ္မာမှာ မိမိအား ယုယကြင်နာကာ အံ့ချော်အလှဂုဏ်ကို ပြောတတ်သူများကို တုံ့ပြန်တတ်လေသည်။ ယောကျ်ားများမှာ မိန်းမများထက် လှဥမ္မာ၏ အလှနှင့် အရောင် အသွေးကို ချီးမွမ်းတတ်ကြ၍ လှဥမ္မာကလည်း ခင်မင်စွာ ပေါင်းသင်းဆက်ဆံသည်။

"မာ ရာဇဝင်နဲ့ပတ်သက်ပြီး ရေးစရာတွေ အများကြီး ကျန်နေတယ်။ အဲဒါတွေကို လာမယ့် တနင်္လာနေ့မှာ ပါမောက္ခကို ပြစရာရှိတယ်။ ခုထက်ထိ မစရသေးဘူး၊ သိပ်စိတ် ညစ်တာပဲ"

အတန်ကြာ ငြိမ်သက်နေကြသည်။ လေသည် ပြင်း၍ လာလေသည်။ ကမ်းစပ်သို့ လှိုင်းများသည် ပုတ်ကြသဖြင့် တဖျပ်ဖျပ် မြည်နေသောအသံသည် ကလေးချော့သံနှင့် တူနေပေသည်။

"ကျွန်တော် ရေးပေးမယ်လေ၊ ကျွန်တော် အားနေပါတယ်"

"မဟုတ်တာရှင်၊ အားနာစရာကြီး"

"ကျွန်တော် ရေးပေးပါ့မယ်၊ ကိစ္စမရှိပါဘူး။ တနင်္ဂနွေနေ့သာ ကျောက်တန်းဘက် သွားလည်ရအောင်ပါ"

နောက်ဆုံး၌ လှဥမ္မာက သဘောတူလိုက်လေသည်။ ရေးရမည့် အကြောင်းအရာ၊ အချက်အလက်များကို ဆွေးနွေးကြရင်း သူတို့သည် ရင်းနှီးခင်မင်သော အသိကို ခံစားလာကြ ရသည်။

"မလှဥမ္မာက စာရေးကောင်းတစ်ယောက်ပဲ။ ကျွန်တော် တစ်ခါက ဖတ်ဖူးတယ်။ ဟို ကျောင်းဖွင့်စက တစ်ခါ မလှဥမ္မာ ပြဖူးတယ်။ ဂရိတ်ပညာရေးအကြောင်း ရေးထားတာ လေ".

မလှဥမ္မာက ပြုံးကာ "မာဖြင့် မေ့တောင်နေတယ်" ဟု ဆိုသည်။ သူသည် ကိုကျော့ဝင်း ၏ ဂရုစိုက်မှုများအတွက် ကြည်နူးနေသည်။

"လှဥမ္မာရေးတဲ့ ဘဝရေဘောင်ဘင် ဆိုတဲ့ ကဗျာလည်း ဖတ်ဖူးပါတယ်။ သီချင်း ကျတော့ ပိုပြီးတောင် ကောင်းတယ် ထင်တယ်။ မလှဥမ္မာ ဆိုပုံကိုကလည်း ဆန်းသစ်တဲ့ ဟန်ရှိတယ်" .

မလှဥမ္မာသည် သူမ၏ စွမ်းဆောင်ချက်များကို စီကာပတ်ကုံး ပြောပြသည်ကို ငေး၍ နားထောင်နေသည်။ လှဥမ္မာ၏ ရင်ထဲတွင်ကား သာယာလှပနေသည်။
mgyoe.com

mgyoe.com SAMPLE BOOK


ထို့နောက် မိန်းမများ၏ ဝတ်စားဆင်ယင်မှုအကြောင်း ရောက်သွားသည်။ ကိုကျော့ဝင်းက မလှဉမ္မာ ရွေးချယ်သော အရောင်အသွေးများ၏ ချစ်စရာကောင်းပုံများကို ပြောနေသည်။ သူတို့သည် ပန်းလိပ်ပြာတို့၏ အရောင်တွဲစပ်မှုအထိ ရောက်သွားကြပေသည်။

"ကိုကျော့ဝင်းရဲ့ဇနီး မြင့်မြင့်လည်း လှတယ်လို့ ပြောကြတယ်၊ လှတယ်နော်" ဟု လှဉမ္မာက မေးသည်။

ကိုကျော့ဝင်းက ဘာမျှပြန်မပြောချေ။ ထို့နောက် သူ၏အိမ်ထောင်ရေးနှင့်ပတ်သက်၍ သူ့ဇနီးသည် မြင့်မြင့်၏ ပညာကင်းမဲ့ပုံကို ပြောနေလေသည်။ မြင့်မြင့်မှာ မနှစ်က ကလေးမွေးရင်း ကွယ်လွန်ခဲ့ပေသည်။

"မာကတော့ မြင့်မြင့်အကြောင်း သိပ်မသိပါဘူးရှင်။ ဖျာပုံဘက်က ဆိုတာလောက်ပဲ သိတာပါပဲ"

(၄)

ကျောက်တန်းမှပြန်လာကြသောညဉ့် လှဉမ္မာသည် နေ့စဉ်မှတ်တမ်း စာအုပ်ကလေး၌ 'ကြင်နာသောမေတ္တာ' ဟူ၍ ခေါင်းတပ်ကာ ကိုကျော့ဝင်း သူ့အပေါ် ဂရုစိုက်လှပုံကို တို့မှတ်ထားလိုက်လေသည်။

လှဉမ္မာသည် ရိုးသားသည်၊ သဘောကောင်းသည်၊ ကြင်နာခြင်းကို တုံ့ပြန်တတ်သည်။ မိမိအား ဂရုစိုက်သူဆိုလျှင် ပြန်၍ ခင်မင်ယုံစားတတ်သည်။ သူ့အချောအလှကို နှစ်သက်လိုလားသူဆိုလျှင် သူကလည်း ခင်မင်မိရင်း ကိုကျော့ဝင်းနှင့် ရည်ငံမိကြလေတော့သည်။

လှဉမ္မာသည် ဂုဏ်ပကာသနနှင့် လူ့ကျင့်ဝတ်ကို အရေးမထားချေ။ ဤကိစ္စ၌ လွတ်လပ်စွာ တွေးခေါ်သည်။ သူ့အား ယုယကြင်နာသူ၊ မြတ်နိုးစာသသူ ကိုကျော့ဝင်းအား ချစ်ခင်မိသည်၊ အလိုလိုက်မိသည်။ မုဆိုးဖို၊ ကလေးများနှင့်ဟူသော လူမှုပြဿနာကို ရှေ့တန်း၌တင်၍ မစဉ်းစားချေ။ တစ်ညနေ သူနှင့် ကိုကျော့ဝင်းတို့ ဧည့်ခန်းဆောင်၌ စကားပြောနေစဉ် သူ၏နှမဝမ်းကွဲ ရီရီမေ ဆိုသူ ရောက်လာလေသည်။

ထိုအချိန်က စာမေးပွဲပြီးစီး၍ ကျောင်းများ ပိတ်ထားပြီဖြစ်သော်လည်း ကိုကျော့ဝင်းမှာ အိမ်သို့မပြန်ဘဲ ဆက်လက်နေသဖြင့် သူနှင့် စေ့စပ်ကြောင်းလမ်းထားသော နှမဝမ်းကွဲ ရီရီမေ ရောက်လာခြင်းဖြစ်သည်။ လှဉမ္မာမှာ ဘီအီးဒီဘွဲ့ရလျှင်လည်း ဤဆရာဖြစ်သင်ကောလိပ်တွင်ပင် အလုပ်လုပ်မည်ဖြစ်၍ မိန်းကလေးကျောင်းဆောင်တွင်ပင် နေထိုင်လျက်ရှိသည်။

ကိုကျော့ဝင်းက ရီရီမေနှင့် လှဉမ္မာကို အသိဖွဲ့ပေးလေသည်။ ရီရီမေက လှဉမ္မာကို

mgyoe.com

myoe.com SAMPLE BOOK

စိန်းစိန်းကြည့်နေသည်။

"စကားပြောရစ်ကြပါ။ မာ ရေးစရာတစ်ခုရှိလို့ပါ" ဟု ဆိုကာ လှဥမ္မာသည် မိမိအခန်းသို့ တက်သွားလေသည်။ အိပ်ရာပေါ်တွင် ပစ်လှဲလိုက်ပြီး ရှိုက်နေသည်။

သူ အစက ထင်သည်မှာ ကိုကျော့ဝင်းသည် ရီရီမေနှင့် စေ့စပ်ခြင်းဖျက်ကာ သူနှင့် လက်ထပ်မည်ဟု နားလည်မိသည်။ ကိုကျော့ဝင်း၏ မိမိအပေါ် ကြင်နာယုယခြင်းကို ပုံ၍ ယုံစားခဲ့သည်။ ကိုကျော့ဝင်း မိမိအပေါ် ကြင်နာမြတ်နိုးမှု အစုစုသည် ပြဿနာအားလုံးအား ဖြေရှင်းပေးလိမ့်မည်ဟု ထင်နေသည်။

နီနီခင်သည် ဧည့်ခန်းဆောင်မှ ပြန်လာကာ လှဥမ္မာ အခန်းသို့ဝင်လာပြီး "ကိုကျော့ဝင်းကို သူ့မိန်းမလောင်း ရီရီမေက ဆူနေတယ်။ ကိုယ်လည်း ယူ့ကို ပြောမလို့ဘဲကွယ်" ဟု လေးလေးပင်ပင်ဖြင့် ပြောလိုက်သည်။ လှဥမ္မာကား ဘာမျှပြန်မပြောဘဲ ငြိမ်သက်လျက် ရှိလေသည်။

လှဥမ္မာသည် မန္တလေးသို့ နောက်တစ်နေ့ ထွက်သွားလေသည်။ မန္တလေးတွင် အမျိုးသားစာကြည့်တိုက် လက်ထောက်ညွှန်ကြားရေးမှူး ကိုစန်းအောင်နှင့် တွေ့သည်။ ကိုစန်းအောင်မှာ သူ၏အလှနှင့် ကဗျာ တေးဂီတကို နှစ်သက်နေသူဖြစ်သည်။

လှဥမ္မာမှာ ကြည်နူးနှစ်သိမ့်နေမိပြန်လေသည်။

(၅)

လှဥမ္မာ လက်ထပ်တော့မည်လေ။

ပညာတတ် လောကတွင် အားလုံးက လှဥမ္မာကို မည်သူနှင့် လက်ထပ်တော့မည် ဆိုသည်ကို စိတ်ဝင်စားကြသည်။ လှဥမ္မာ၏ ဝတ်ပုံစားပုံ အရောင်အသွေးဆင်ပုံကိုက အနုပညာမှုတစ်ရပ်ဟု ထင်စားသူ အလှသုတေသီတွေ။ 'ဘဝရေဘောင်ဘင်' ကဗျာဟာ လောက လူ့ဘုံကြီးကို တည်တည်ငြိမ်ငြိမ်နဲ့ ကြည့်မြင်တတ်ပြီး အတွေးအခေါ်ကို ကြည်ကြည်လင်လင် ဖော်ပြတတ်တဲ့ ကဗျာရှင် ပျို့စာဆိုဟု ထင်မှတ်သူ ကဗျာချစ်သူတွေ၊ လှဥမ္မာရဲ့ ဆိုဟန်ဟာ ဌာန်ကရိုဏ်းအောင်ကို အနိမ့်အမြင့်နဲ့ လှိုင်းထအောင် ဆွဲငင်တတ်တဲ့ အပြင် သူစပ်တဲ့ တေးသွားဟာလည်း သံစဉ်အပြောင်းအလဲတွေနဲ့ ဆန်းသစ်လှသည်ဟု ကြည်ညိုသူတွေ အားလုံး လှဥမ္မာ၏ ပရိသတ်တစ်ရပ်လုံးက လှဥမ္မာနှင့် လက်ထပ်မည့်သူကို သိချင် စူးစမ်းကြသည်။

လှဥမ္မာနှင့် တွဲနေသော ကိုစန်းအောင်၊ နောက် ပျိုလွင်သော ဓနဗေဒဌာနမှူး ကိုသင်၊ နောက်ဆုံး ခင်မင်သော ကဗျာဆရာ မင်းသုဝဏ္ဏ စသူထဲမှ တစ်ယောက်ယောက်ဟု ပထမ ထင်မှန်းကြသည်။

လှဥမ္မာသည် ပညာအရာ၌ တော်သူမို့ ပညာတတ်ထဲက တစ်ယောက်ယောက်ကို

mgyoe.com SAMPLE BOOK

ရွေးချယ်လိမ့်မည်ဟု ယူဆကြသည်။ ကဗျာခန်း ဂီတပညာခန်း၌ ထူးချွန်သူမို့ ယဉ်ကျေးမှုဆရာတစ်ယောက်ယောက်နဲ့ဟု အောက်မေ့ကြသည်။ လှဥမ္မာ၏ ပရိသတ်က လှဥမ္မာကို အထင်ကြီးသည်။ လှဥမ္မာတစ်ယောက်ဖြင့် ကျော်ကြားသူ ပညာတတ်တစ်ဦးနှင့် လက်ထပ်မည်ဟု တွက်ထားကြသည်။ လှဥမ္မာကိုယ်တိုင်ကပင်လျှင် ကျော်ကြားထင်ရှားသူတစ်ယောက် မဟုတ်ပေလော။

လှဥမ္မာနှင့် လက်ထပ်မည့်သူမှာ ကျောင်းထွက်စ ရုံးတစ်ရုံးမှ သာမန် အောက်တန်းစာရေးတစ်ဦးဟု သိရသောအခါ မယုံနိုင်အောင် ဖြစ်ကြရသည်။ သူ့ထက် အသက်ငယ်၍ အသားညိုညို၊ မွဲခြောက်ခြောက်၊ မျက်နှာပွရောင်းရောင်း၊ ပညာအရာ ယဉ်ကျေးမှုအရာနှင့် ဆက်စပ်၍မရသော ရုပ်ရည်ရူပကာနှင့် အညတရ လူတစ်ယောက်ဖြစ်သည်။ လှဥမ္မာ၏ ပရိသတ်မှာ လှဥမ္မာနှင့် လက်ထပ်မည့်သူကို စိတ်ဝင်စားနေကြသည်။ တစ်ည လှဥမ္မာ ပွဲတစ်ပွဲ၌ ရုပ်ရှင်လာကြည့်ရာ လှဥမ္မာ၏ ယောကျ်ားလောင်းကို ခိုး၍ကြည့်ကြသည်။

ထိုအထဲတွင် ကျွန်တော်လည်း ပါသည်။ လှဥမ္မာ၏ ယောကျ်ားလောင်းနှင့် သိသူတစ်ဦး ပါလာသည်။ ထိုသူက "ဒါ စံရင်ပဲ၊ အံ့ပါရဲ့ဗျာ။ လှဥမ္မာက ဒီလူနဲ့ ယူရပလေ။ ကျွန်တော် ဒီလူကို ကောင်းကောင်းသိပါတယ်။ လူလေ လူလွင့်တစ်ယောက်ပဲ။ ကစားတယ်၊ အရက်သောက်တယ်၊ မိန်းမလည်း အင်မတန် လိုက်စားတယ်။ ကျွတ်... ကျွတ် လှဥမ္မာနဲ့မှ တွေ့တတ်ပလေဗျာ" ဟု အင်မတန် နှမြောတသစွာ ညည်းတမ်းလိုက်သည်။

လှဥမ္မာသည် ထိုသူနှင့်လက်တွဲကာ ကားတစ်စီးပေါ်သို့ တက်သွားသည်ကို လှမ်းမြင်လိုက်ကြရသည်။ အားလုံး တွေနေကြသည်။ လှဥမ္မာသည် အင်မတန် ကျေနပ်သော မျက်နှာဖြင့် ကားထဲတွင် ယှဉ်တွဲလိုက်ပါသွားသည်ကို တွေ့လိုက်ရသည်။

လှဥမ္မာတစ်ယောက် ယောကျ်ားရပြီးနောက် တစ်လခန့် အကြာတွင် အမျိုးသား ယဉ်ကျေးမှုအသင်းကြီးကိစ္စနှင့်ပတ်သက်၍ ကော်မတီလူကြီးများနှင့် လှဥမ္မာအိမ်သို့ တစ်ခေါက်ရောက်သွားသည်။ လှဥမ္မာ၏အိမ်မှာ ပန်းပင်များဖြင့် ဖုံးအုပ် ကာရံလျက်ရှိရာ အိမ်ရှေ့မျက်နှာစာမှာပင် ပန်းနွယ်ပန်းခက်များဖြင့် ယှက်သန်းလျက်ရှိသည်။ ကျွန်တော်တို့ ဝင်လာသည်ကို အတွင်းမှ မမြင်နိုင်။ တံခါးဝရောက်မှပင် မြင်သည်။

လှဥမ္မာသည် ကုလားထိုင်ပေါ်တွင် ထိုင်ကာ သူ၏ယောကျ်ားက ကြမ်းပြင်၌ ဒူးတစ်ဖက်ထောက်လျက် လှပသော ဖိနပ်အဖြူကလေးကို ကိုယ်တိုင်ကြိုးကြယ်စေ့တပ်ပေးနေသည်။ သူ့ယောကျ်ားမှာ ကျွန်တော်တို့ကို ကျောပေးနေ၍ မြင်ပုံမရ။ ဖိနပ်ဝတ်ပေးပြီးနောက် နောက်သို့ အနည်းငယ်တုံ့ကာ ပုံလှမလှ အကဲဖြတ်သောဟန်ဖြင့် ကြည့်လျက်ရှိသည်။

ထိုအခိုက်တွင် ကျွန်တော်တို့ ရောက်သွား၍ အခန်းတွင်းသို့ ဝင်မိလေပြီ။ လှဥမ္မာက ပျာပျာသလဲ "သြော်... ဦးသက်ဟန်တို့လား။ ကြွပါ ကြွပါ" ဟု ဖိတ်မန္တကပြုကာ နေရာ

 SAMPLE BOOK

ထိုင်ခင်းများပေးသည်။ လှဥမ္မာ၏ ယောက်ျားလည်း အခန်းထဲသို့ ဝင်သွားလေသည်။

"မာလည်း အပြင်ထွက်တော့မလို့"

လှဥမ္မာမှာ တိုး၍ပင် လှပတင့်ဆန်းနေပေသည်။ ဆံပင်မှာ ယဉ်ယဉ်ဆန်းဆန်း ထုံးထားသည်။ မရန်းစေ့နုရောင်အင်္ကျီ၊ မရန်းစေ့ အရင့် ရွှေနှယ် ရွှေခက်များဖြင့် တွန့်ယှက်လိမ်ချိတ်သော ထဘီနှင့် ချစ်စရာကောင်းနေသည်။

ကိစ္စတစ်ခုအတွက် လှဥမ္မာ တစ်ပါတည်းလိုက်ရန် ဥက္ကဋ္ဌ ဦးသက်ဟန်က တောင်းပန်နေသည်။ လှဥမ္မာမှာ အားနာတတ်သူဖြစ်ရာ လိုက်ပါမည်ဟု ကတိပေးလေသည်။

မလှဥမ္မာသည် အခန်းတွင်းသို့ ဝင်ကာ လက်ပွေ့အိတ်ကို ယူသည်။ အတွင်းမှ "မာက သိပ်လှတာပဲဗျာ။ တစ်မျိုးပြီးတစ်မျိုးလှနေတာပဲ" ဟူသော ယောက်ျားသံကို တိုးတိုးကြားလိုက်ရသည်။

လှဥမ္မာသည် ကျွန်တော်တို့ ကားနှင့်အတူ တက္ကသိုလ်ရိပ်သာဘက်သို့ ပါလာသည်။ လှဥမ္မာ၏ ရယ်မောသံကလေးမှာ သာယာပျံ့လွင့်ထွက်နေသည်။

ကျွန်တော်ကား လှဥမ္မာ၏ မိမိအလှအား တပ်မက်သော စိတ်ရမ္မက်အာသာကို တွေးတော၍ နေမိလေသည်။

သွေးသောက်မဂ္ဂဇင်း၊ ဧပြီ၊ ၁၉၅၄။

mgyoe.com

mgyoe.com SAMPLE BOOK

# တာရွေ

(၁)

ဂရိတာစံဘော်သည် ဒေါသဖြစ်တိုင်း လက်သည်းကိုသာ တွင်တွင်ကိုက်နေလေ၏။

သူ့ဘေးတွင် ကပ်ထိုင်နေသော အသွဲ့မှာ ဆရာပြောသမျှ စကားရပ်များကို ကုန်း၍သာ မှတ်နေသည်။ အသွဲ့မှာ ရေမွှေးကြိုက်သော ကျောင်းသူကလေးဖြစ်ရာ သူမ၏ရေမွှေးနံ့မှာ ဂရိတာ၏ နှာခေါင်းဝသို့ သင်းပျံ့၍လာသည်။ သို့သော် ဂရိတာမှာ ရနံ့ကို မမွှေးမိ။ အသွဲ့နောက်တန်းမှ ကပ်၍နေသော တရုတ်ကပြား အသားနီနီနှင့် ယုဆိုင်ဆိုသော ကျောင်းသားမှာ ကိုယ်ကို ရှေ့သို့ ညွတ်နိုင်သမျှ ညွှတ်ပြီး မျက်နှာမှာ ကထိက စားပွဲသို့ မူထားသော်လည်း မျက်လုံးက တစ်ခြမ်းမြင်ရသော အသွဲ့မျက်နှာကို ငေးစွေလျက် ရေမွှေးနှင့် ချွေးနံ့ရောနေသည့် မိန်းမရနံ့ကို ခံစားကာ ရင်ထဲ၌ ဖိုလှိုက်နေဟန်ရှိလေသည်။

ဆေးဘက်ဆိုင်ရာ ကထိက ဒေါက်တာ ဆင်တိုးက ဗက်တီးရီးယား ပိုးမွှားပညာရပ်ကို ဟောပြောလျက်ရှိသည်။

"နောက်ကျတော့ အဲဒီပိုးမွှားကောင်လေးဟာ သက်မဲ့ နိုက်ထရိုဂျင် အစုအဝေးအဖြစ်ပြောင်းလဲသွားကြတာလည်း ရှိတယ်"

ဂရိတာကား ဆရာ၏ ဟောပြောသံများကို မကြား။ သူ့နားထဲ၌ ကြားနေသည်ကား "ကိုယ် စမတ်အင် မူကာဒမ်မှာ စောင့်နေမယ်၊ ဆက်ဆက်လာနော်။ ကိုယ့်ကိုတော့ အကြောင်မရိုက်နဲ့" ဟူသော ကိုမြင့်ထွန်း၏ အသံပင်တည်း။

ကိုမြင့်ထွန်းက ဂရိတာကို အမြဲ ရုပ်ရှင်ခေါ်လေ့ရှိသည်။ ရုပ်ရှင်ကြည့်ရန် ချိန်းတိုင်း ကိုမြင့်ထွန်းက အမြဲလက်မှတ်ဝယ်ပြီးသားဖြစ်နေသည်။ ကိုမြင့်ထွန်းမှာ ဓာတုဗေဒဆိုင်ရာ သုတေသနဌာန၌ အထူးအရာရှိ တစ်ကိုယ်တည်းနေသူဖြစ်လေရာ ငွေအမြဲ ပိုနေတတ်သည်။ ကိုမြင့်ထွန်းက ဆေးကျောင်းသူ ဂရိတာ၏ ဖျတ်လတ်သွက်လက်မှု၊ ဆေးသိပ္ပံ၌ စိတ်အားထက်သန်မှုနှင့် သစ်လွင်ပျိုနုသော အလှတို့ကို စွဲမက်နှစ်သက်သူဖြစ်လေသည်။

ဂရိတာသည် စစ်ပြီးခေတ်၌ ဆန်း၍လာသော 'ကြယ်ပွင့်' ကလေးဖြစ်သည်။ အထူး

mgyoe.com SAMPLE BOOK

သဖြင့် လွတ်လပ်ရေးရပြီးမှ တက္ကသိုလ်သို့ ရောက်သူဖြစ်သည်။ ဂရိတာဟူသော အမည်ပင် လျှင် လွတ်လပ်ရေးခေတ်၌ အင်္ဂလိပ်သဘောတရားတွေကို လွတ်လွတ်လပ်လပ်ကြီး ပြန်လည်ဆန်းသစ်သော ခေတ်ဆန်းချိန် ရောက်၍လာသည့်အတိုင်း မှည့်ခေါ်လိုက်ခြင်းပင် ဖြစ်ပေသည်။ တစ်ခါက အရာရှိကလပ်များကို လမ်းမမှမျှော်ကြည့်ကာ နယ်ချဲ့တွေရဲ့ ဖြေဖျော်မှု အပျော်အပါးတွေပါဟု ကဲ့ရဲ့ခဲ့သော်ငြားလည်း ယခု ပြည်ထောင်စုကလပ်ဟူ၍ ယဉ်ကျေးစွာ သမုတ်အပ်သော ပျော်ရိပ်သာ၌ ရေခဲစိမ်ဘီယာနှင့် အာလူးကြော်ကို တကျွတ် ကျွတ်မြည်းကာ လွတ်လပ်ရေးအရသာကို ခံစားနိုင်ကြပေပြီ။ ဤသည်မှာလည်း အခြေအနေ အရ ဖြစ်ပေသည်။ ဟိုအခါက ခုံဖိနပ်နှင့် ပင်နီဝတ်ကာ သခင်နီရဲအဖြစ် 'အရေးတော်ပုံ အောင်ပါစေ' ဟု အသံဝင်အောင် ကြွေးကြော်ခဲ့၍ ယခုကား 'ဦးနီရဲ' အဖြစ် ထွက်ကုန် ဝင်ကုန် လိုင်စင်ရကာ စတူဒီဗေကာကို ကိုယ်တိုင်မောင်းလျက် ပြည်တော်သာ ဆိုရှယ်လစ် ဗိမာန်ကြီး တည်ဆောက်နေသော ခေတ်သမယကြီး ဖြစ်နေသည်မဟုတ်ပေလော။

ဂရိတာသည်လည်း ယင်းခေတ်ဝယ် 'ဂရိတာ စံဘော်' ဟူသော နာမဖြင့် ဆေးကောလိပ်၌ ကျော်ကြားနေသူကလေး ဖြစ်ပေသည်။

သူမသည် လက်သည်းကို ကိုက်ကာ ပါလာသော လက်သည်းခွံများကို လက်နှင့် ယူ၍ပစ်ချကာ အလုပ်များနေသည်ကို ဘေးမှ အသွဲ့က "ယူ ဘာလုပ်နေတာလဲ၊ လက်ချာ မမှတ်ဘူးလား" ဟု သတိပေးလိုက်သည်။

သို့သော် ဂရိတာမှာ ဒေါသထွက်နေသူမို့ ဘာမျှပြန်မပြောဘဲ လက်သည်း အကိုက် ရပ်ကာ သတိကို မူလိုက်သည်။

"ဒီပွဲတော့ ဂရိတာက ပြပါ့မယ်" ဟု ဂရိတာက ကိုမြင့်ထွန်းအား ပြုံးကာ ပြောခဲ့ သည်။

"ဘာပြုလို့လဲ"

"ဟင့်အင်း... ဂရိတာ ကိုမြင့်ထွန်းကိုပြမယ်။ ဒါပဲနော်၊ လက်မှတ် အရင်ဝယ်မထား နဲ့" ဟု မျက်စောင်းတစ်ချက်ထိုးကာ ပြောသည်။ ကိုမြင့်ထွန်းမှာ ဤအနွဲ့ကလေးများကို စွဲနေသူဖြစ်သည်။ ကိုမြင့်ထွန်းက အနားသို့တိုးကပ်လာကာ "ဘာဖြစ်လို့လဲ ဂရိတာ၊ ကိုယ့်ကို အားနာလို့လား။ ဂရိတာကို ရုပ်ရှင်ပြရတာနဲ့ ကိုယ် မွဲမသွားနိုင်ပါဘူး။ ကိုယ့်ကို အထင် သေးလိုက်တာ" ဟု အသံကိုနှိမ့်ကာ ပြောလေ၏။ အသံကိုနှိမ့်၍ ပြောသည်မှာ ရင်းနှီးသော လေသံ့ပါပြီး ပို၍ ခင်မင်လာသည်ဟု မှတ်ထင်ဖွယ်ရှိလေ၏။

ဂရိတာကလည်း လေသံနှိမ့်ကာ "ကိုမြင့်ထွန်းကို ဂရိတာ အားမနာပါဘူး၊ ဘာဖြစ် လို့ အားနာရမှာလဲ။ ဒီလောက် ခင်နေတာနော်"

ကိုမြင့်ထွန်းမှာ "ဒီလောက်ခင်နေတာ" ဟူသော စကားရပ်များအတွက် ရင်ထဲ၌ ဖိုလှိုက်နေသည်။ ဂရိတာမှာလည်း ကြည်နူးနေ၏။

mgyoe.com

mgyoe.com SAMPLE BOOK

"ဂရိတာက ပြချင်လို့ပါ။ ဂရိတာက ကိုမြင့်ထွန်းကို မပြရတော့ဘူးလားရှင့်"

ကိုမြင့်ထွန်းမှာ ပြုံး၍နေသည်။ ဂရိတာ၏ ဒေါသမှာ ချစ်စဖွယ်ကောင်းနေသည်။

"မနက်ဖြန် မနက်ဘက်မှာ ဂရိတာ နှစ်ချိန်ပဲရှိတယ်။ စမတ်အင် မူကာဒမ် စာအုပ်ဆိုင်မှာ စောင့်နေ၊ ဂရိတာ လာခဲ့မယ်။ ဂရိတာ့ဘာသာ လက်မှတ်ဝယ်မယ်၊ ကိုမြင့်ထွန်း ဝယ်မထားနဲ့" ဟု ဂရိတာက ပြောခဲ့သည်။

ဂရိတာသည် မိခင်ထံ ငွေနှင့် ကား လာပို့ရန် ညနေက စာရေးတောင်းထားသည်။ သို့သော် ခါတိုင်း ဘယ်အခါကမှ မပျက်ကွက်ဘူး။ ယခု ငွေနှင့် ကား ပေါ်မလာ၊ ရုပ်ရှင်ချိန် လွန်ခဲ့ပေပြီ။ ကတိပျက်သည့်အတွက် စိတ်မကောင်း။ အချိန်လွန်၍ သွားပြောရန် စမတ်အင် မူကာဒမ် စာအုပ်ဆိုင်ကို ရောက်သောအခါ ကိုမြင့်ထွန်းကို မတွေ့ရတော့၊ လွဲရလေပြီ။

ဂရိတာမှာ ကျောင်းဆောင်တွင်နေလေရာ သံယံန်းကျွန်း၌နေသော မိဘများထံ ယခုလို မော်တော်ကားနှင့် ငွေကို မှာလေ့ရှိသည်။ ဂရိတာ၏ဖခင် ဦးစံဘော်မှာ မြန်မာ ပညာရှိ ကျမ်းတတ်ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။ 'သုတေသန' ဂျာနယ်၌ အယ်ဒီတာချုပ် လုပ်ခဲ့ သည်။

အတန်းလွတ်သည့် ခေါင်းလောင်းသံ တဒင်ဒင် မြည်လာသည်။ ဂရိတာသည် စာအုပ်ကိုသိမ်းကာ အသွဲ့ဘက်သို့ လှည့်၍ "ကိုယ် ကျောင်းဆောင်မပြန်ဘူး၊ အိမ်သွားဦး မယ်" ဟု ပြောလိုက်လေသည်။

## (၂)

"ဟဲ့ ဂရိတာ၊ ကျောင်းပိတ်လိုက်သလား"

ဂရိတာ၏မိခင် ဒေါ်ပန်းရုံက လှမ်းမေးလိုက်သည်။

ဂရိတာသည် ဘာမှပြန်မဖြေ၊ လှည့်မကြည့်ဘဲ အိပ်ခန်းထဲသို့ တိုက်ရိုက်ဝင်သွားကာ စားပွဲပေါ်သို့ စာအုပ်များကို ပစ်ချလိုက်သည်။

ဒေါ်ပန်းရုံသည် အံ့အားသင့်နေရာမှ တော်တော်ကြာ အခန်းထဲမှ ထွက်မလာသဖြင့် လိုက်သွားရာ ဂရိတာသည် ခေါင်းအုံးကို ဖက်ကာ ရှိုက်နေသည်ကို တွေ့ရလေသည်။

"ဂရိတာ ဘာဖြစ်လို့လဲ ဟင်"

ဂရိတာသည် ဘာမျှပြန်မဖြေ၊ ရှိုက်၍သာ နေလေသည်။

ဒေါ်ပန်းရုံသည် ခုတင်ပေါ်တွင် တင်ပါးလွှဲထိုင်ကာ ဂရိတာ၏ပခုံးကိုပွေ့ပြီး ထူလိုက် လေသည်။

"မေမေ့ ပြောစမ်းပါဦး၊ ဘာဖြစ်လို့လဲ၊ နေမကောင်းဘူးလား" ဟုဆိုကာ နဖူးကို စမ်းလိုက်မှ ဂရိတာသည် အရှိုက်ရပ်လိုက်သည်။

"ဝမ်းနည်းလို့ပါ မေမေရယ်"

mgyoe.com

mgyoe.com SAMPLE BOOK

ဒေါ်ပန်းရုံမှာ ပို၍ ကြင်နာသောအသံဖြင့် "မေမေ့ပြောစမ်းပါဦး သမီးကလေးရဲ့။ မေမေတို့ ဘာမှမသိရဘူး"

အတန်ကြာ တိတ်၍နေသည်။

"သမီးပြောမှ သိရမှာပေါ့ သမီးလေးရဲ့၊ မေမေ့ကို ပြောပါဦး"

ဂရိတာသည် မျက်ရည်ကို လက်ကိုင်ပဝါနှင့် သုတ်လိုက်ကာ "သမီး အရှက်ကွဲတာပေါ့။ ငွေနဲ့ ကားဖိုးပို့မှာတာ ဘာဖြစ်လို့ မပို့တာလဲ"

သည်တော့မှ ဒေါ်ပန်းရုံမှာ စိုးရိမ်ခြင်းများပျောက်ကာ ပြုံးလာလေသည်။

"အဲဒါ သမီးဖေဖေပေါ့။ စာကို မေမေမရဘူး၊ မေမေ ဈေးသွားနေတုန်း ရတာ။ ကိုစံဘော်က တစ်ခါတစ်ခါ ဒီလိုပဲ"

ဂရိတာမှာ နားမလည်နိုင်ဘဲ အမေလုပ်သူအား ငေးကြည့်နေသည်။

"လာ... ထ သမီး၊ ကိုစံဘော်ဆီ သွားရအောင်၊ စာကြည့်ခန်းထဲမှာ"

ဦးစံဘော်၏ စာကြည့်ခန်းတွင် စာအုပ်ဗီရိုများဖြင့် ပြည့်ညပ် ရှုပ်ထွေးနေသည်။ ဗီရိုမဆံ့၍ ကြမ်းပေါ်တွင် ပုံလျက်သားကား မနည်း။ ထောင့်တစ်နေရာတွင် ပေရွက်များ၊ ပုရပိုက်များလည်း ရှိသည်။ ရွှေရောင်တို့မှာ ယွင်းပျက်နေ၍ ဝါရင့်ရင့် ဖြစ်နေကြသည်။ စာအုပ်များကား နှစ်ကြာပြီဖြစ်၍ ဟောင်းနွမ်းနေကြပေပြီ။ မကြာခဏ ကိုင်တွယ်ခြင်းခံရသဖြင့် စာရွက်တို့မှာ တွန့်ကြေလျက်ရှိကုန်၏။ ထောင့်တစ်ဖက်ရှိ ပေရွက်ထုပ်များ၊ ပင့်ကူအိမ်များပင် ယှက်သန်းကာ မှုန်မွားသော အတိတ်နှင့် သရုပ်တူလှပေသည်။

သုတေသနဆရာကြီး ဦးစံဘော်မှာ ပြောင်လက်သော ကြမ်းပြင်ပေါ်၌ ထိုင်ကာ ဟောင်းဝါကြွပ်ဆတ်၍ နံဘေးသားများ ဖွာနေသော ဝါးစိမ်းညှပ်ထားသည့် စာအုပ်ရှည်ရှည်တစ်အုပ်နှင့် ပေချပ်တစ်ချပ်ရှေ့တွင် ချကာ ထူထဲသော မျက်မှန်ကြီးနှင့် ငုံ့ကြည့်လျက်ရှိသည်။ ဦးစံဘော်မှာ သူ၏လုပ်ငန်း၌ စိတ်ဝင်စားနေသည်ဖြစ်၍ ဇနီးနှင့် သမီးဖြစ်သူတို့၏ ခြေသံကို မကြား။

"တော့်သမီး လာနေတယ်ရှင့်..." ဟု ဒေါ်ပန်းရုံက အသံပြုလိုက်မှ ဦးစံဘော်သည် မျက်မှန်ပေါ်မှ မျက်လုံးကို လှန်၍ ကြည့်လိုက်ကာ "လာ..." ဟု ဆိုလိုက်သည်။

ဂရိတာမှာ သူ့ဖခင်အား ငေးစိုက်ကြည့်နေသည်။

ဦးစံဘော်၏ စာရေးစားပွဲရှိ သင်္ကလတ်အစိမ်း အခင်းပေါ်၌ အဝါနုရောင် စက္ကူခေါက်ကလေး ကြေးမြင်းရုပ်နှင့် ဖိထားသည်ကို ဂရိတာက မြင်လေသည်။ သူ ငွေတောင်းသည့်စာဟု အတပ်သိသည်။ သူသုံးနေကျ အဝါနုရောင် စာရေးစက္ကူပင်။

"တော့်သမီးလေးက ငွေမပို့လို့ ဝမ်းနည်းနေတယ်။ စာအုပ်ဖိုး ပေးမယ်လို့ ချိန်းထားတာ ကတိပျက်တာပေါ့" ဟု ဒေါ်ပန်းရုံက ဆက်၍ပြောသည်။

ဂရိတာက သူ့မိခင်အား ငွေမပို့သည့်အတွက် စာအုပ်ဖိုးငွေများပေးရန် ချိန်းထားသော

mgyoe.com

mgyoe.com SAMPLE BOOK
ကတိပျက်ကွက်၍ မျက်နှာပူစရာကောင်းနေကြောင်း လိမ်ထားပြီဖြစ်သည်။

ဦးစံဘော်က "လာ" ဟုဆိုကာ ဝါးစိမ်းညှပ်ထားသော စာအုပ်ရှည်ရှည်ကို လက်နှင့်ညှပ်ကာ ပေးလိုက်သည်။ နှုတ်မှလည်း "ဒီပျို့က လွန်ခဲ့တဲ့ အနှစ် ၉၀ လောက်က မော်လမြိုင် သစ္စာဝတီ ပုံနှိပ်တိုက်က ရိုက်တာ။ ဒါကို အမှန်ဆုံးဆိုပြီး ကိုးကားကြတာ။ ဟော... တစ်လလုံး ရှာလိုက်တာ ဘုန်းကြီးဦးရေဝတ စုထားတဲ့ ပေမူကို တွေ့ရတယ်။ 'ရောင်ဝှန်းဖြိုးကဲ၊ တရဲရဲတည့်' ချီ အပိုဒ်မှာ သွားတွေ့တယ်" ဟု ပြောပြီး ဂရိတာကို ကြည့်၍ "သမီးက တယ်... ပေါ့တာကိုကွယ်" ဟု ညည်းလိုက်လေသည်။

ထို့နောက် ဦးစံဘော်သည် စားပွဲပေါ်မှ စာရွက်အဝါကလေးကို ဂရိတာအား ပေးကာ 'သမီးစာ ဖတ်ကြည့်ဦး" ဟု ပြောသည်။

ဂရိတာသည် သူပို့လိုက်သော စာကိုပင် ပြန်ဖတ်ရသည်။ သူ့ဖခင် ဘာကိုဆိုလိုသည်ကို မသိ။

> မေမေ
>
> သမီး အရေးတကြီး သုံးစရာရှိပါ၍ ငွေ ၃၀ နှင့် ကားကို မနက် ၁၀ နာရီအရောက် လွှတ်ပို့ပေးပါ။ ဒရိုင်ဘာ ခင်မောင်ကို လွှတ်ပါ။ အရေးကြီးပါ၍ အချိန်မီ ခပ်သုပ်သုပ် ပို့ပေးပါ။
>
> ဂရိတာ

**'သုပ်သုပ်'** ဟူသော စကားလုံးများတွင် မင်နီဖြင့် မျဉ်းသားထားသည်။

ဂရိတာသည် နားမလည်ဘဲ ဖခင် ဦးစံဘော်ကိုသာ ကြောင်၍ ကြည့်နေသည်။ ဒေါ်ပန်းရုံက ပြုံးနေသည်။

"ဖေဖေ့ သမီးဆိုပြီး ဒီလောက်မှ သတ်ပုံအစပ်အဟပ်ကို နားမလည်ဘူးလား။ ဖေဖေတို့ ဂျာနယ်မှာ စာပေစစ်ထိုးနေတာများ မသိဘူးလား။ သုတ်ကို တသတ်ရတယ်ဆိုတာများ မသိတာ အံ့ပါရဲ့ သမီးရယ်။ ဖေဖေရဲ့ သုတေသနလုပ်ငန်းတွေ အခု ဖေဖေရေးနေတဲ့ သတ်ပုံသရဖူ အဆူဆူဆိုတဲ့ ကျမ်းခိုင်ကြီးများ အားနာပါဦး"

ဦးစံဘော်၏အသံမှာ မာကျောနေသည်။ ယခုနှစ်တွင် စာနယ်ဇင်းများ၌ ဦးစံဘော်၏ သတ်ပုံဆောင်းပါးများကို ဖတ်နိုင်သည်။ သူသည် ဆရာတော် ဦးရေဝတကျောင်းမှ ရလိုက်သော ပေထုပ်ကြီးကို အားကိုး၍ တက္ကသိုလ်မှ ပါမောက္ခများနှင့် တစ်ဖက် အကြီးအကျယ် စစ်ခင်းလျက် ရှိနေသည်။ နှစ်ဖက်စလုံး အကိုးအကားများ သဲသဲမဲမဲ အကြိတ်အနယ် နွှဲနေကြသည်။

ဖေဖေက သတ်ပုံမှားတာကို နည်းနည်းမှ သည်းမခံနိုင်ဘူး။ အခု ဖေဖေ့သမီးက
mgyoe.com

mgyoe.com SAMPLE BOOK
ဒီအမှားကြီးနဲ့ ရေးတယ်ဆိုတော့ ဒီစာကို ဖေဖေ အသိအမှတ်မပြုနိုင်ဘူး။ သမီးစာကို ကျောင်းက ပါမောက္ခတွေ ဖတ်ရရင် ဘယ်လောက်ကဲ့ရဲ့ကြမလဲ။ ဂျာနယ်တွေထဲမှာ ဦးစံဘော်သမီး၏ သတ်ပုံလို့ သရော်ကြမှာပေါ့"

ဦးစံဘော်မှာ မျက်မှန်တဝင်းဝင်းနှင့် ဒေါသထွက်နေသည်။

"ကဲပါ၊ ကိုစံဘော်ကလည်း တော်ပါတော့။ သမီးလေး နောက်ထပ် စိတ်မကောင်းအောင်။ လာ ဂရိတာ၊ နောက်လည်း သမီးက သတ်ပုံမှန်အောင် ရေးကွယ်။ ကိုစံဘော်ကလည်း သတ်ပုံမှားတာနဲ့ ငွေမပို့ဘူးဆိုတာ မဟုတ်သေးဘူး။ အခု မေမေ မသိလို့ပါ၊ လာ" ဟု ဆိုကာ ဂရိတာကို ဖက်၍ စာကြည့်ခန်းထဲမှ ထွက်လာသည်။

အခန်းဝရောက်လျှင် "ထမင်းဆာတယ်ကွာ၊ ခူးခိုင်းပါ။ ကန်စွန်းရွက် တို့စရာလည်း ပါပစေဟေ့" ဟု မှာကြားနေသည်။

အတန်ကြာလျှင် သားအမိ သားအဖသုံးယောက် ထမင်းစားပွဲတွင် ဆုံကြလေသည်။ ဦးစံဘော်ကား ဒေါသပြေနေလေပြီ။

"ဂရိတာ ရေငတ်တယ် မေမေ" ဟု ဂရိတာက မိခင်အားပြောပြီး နေရာမှ ထလိုက်သည်။

"နေဦး ရေကုန်နေတယ်။ စောမြရေ... သောက်ရေတစ်ခွက် ဘုံပိုင်က စစ်ယူခဲ့စမ်း" ဟု နောက်ဖေးသို့ လှမ်းပြောလိုက်သည်။

ဂရိတာက "နေပစေ မေမေ၊ ဂရိတာ မေ့သွားတယ်" ဟု လက်ပြတားလိုက်သည်။ ဂရိတာမှာ ရေကိုချက်ပြီးမှ သောက်လေ့ရှိသည်။ သို့မဟုတ်ကလည်း ပိုးသတ်ဆေး ထည့်ပြီးမှ သောက်သည်။ ရေစိမ်းကို သောက်လေ့မရှိပေ။ ဆေးကျောင်းရောက်မှ သူ့အိပ်ခန်းတွင် သီးသန့်ရေအိုးထားရှိသည်။ တို့စရာကို ရေနွေးဖျောပြီးမှ စားသည်။

"ဒါပဲသောက်ပါ သမီးရယ်၊ ဖေဖေတို့ သောက်နေတာပဲ" ဟု ဦးစံဘော်က ပြောသည်။

"မဟုတ်ဘူး ဖေဖေရဲ့၊ ရေထဲမှာ ရောဂါပိုးတွေ ရှိတတ်တယ်။ ဂရိတာတို့ မမြင်ရလို့သာ။ လေထဲမှာလည်း ပိုးတွေဟာ ရှိတာပဲ။ မှန်ဘီလူးနဲ့ကြည့်ရင် မြင်ရတာပေါ့"

အတန်ကြာမှ ဦးစံဘော်က "ဖေဖေတို့ မြန်မာဆေးပညာနဲ့ အသက်ရှင်လာတာ နှစ်ပေါင်း ၁၀၀၀ ကျော်၊ ၂၀၀၀ ရှိပါပြီကွယ်။ ခုကာလလောက်လည်း ရောဂါမထူပါဘူး"

ဂရိတာက ကြားဖြတ်၍ "ဖေဖေကလည်း ဂရိတာတို့ ပိုးတွေကို နေ့တိုင်း မှန်ဘီလူးနဲ့ကြည့် လေ့လာနေရတာ ဖေဖေရဲ့၊ ရောဂါပိုးတွေဟာ လေထဲမှာ ပြန့်နေကြတာ။ လူထဲဝင်ရင် ရောဂါဖြစ်ပါလေရော"

ဖန်ခွက်နှင့် ရေလာချသည်။ ဂရိတာသည် လက်နှင့်ယူကာ ဘေးသို့ချလိုက်သည်။

"ဒီလိုဆိုရင် ဖေဖေတို့ မြန်မာလူမျိုးတွေ အကုန်သေကုန်ရောပေါ့။ ရှေးက လူတွေက

mgyoe.com SAMPLE BOOK
ခုခေတ်လူတွေထက်တောင် ကျန်းလည်း ကျန်းမာ၊ တောင့်လည်း တောင့်၊ ရောဂါလည်း ဒီလောက် မများပါဘူး" ဟု ပြောပြီး ဦးစံဘော်က ရယ်နေလေသည်။

"ရှေးက လူကြီးတွေဟာ အင်မတန် သန်စွမ်းကြတယ်ကွဲ့။ သမီးတို့ လက်ထက်ကျမှပဲ အူအတက်ပေါက်ရတာနဲ့၊ အသည်းတစ်ခြမ်း ကြီးရတာနဲ့" ဟု ဆက်လက်ပြောနေသည်။

"ကဲပါ၊ တော်ကြပါတော့။ ထမင်းသာ စားကြစမ်းပါရှင်။ ကဲ–သမီးလည်း စား၊ ကျွန်မတော့ ရှင်တို့သားအဖကို တစ္ဆေခြောက်နေကြပြီလို့ ပြောချင်တယ်" ဟု ဒေါ်ပန်းရုံက ဆိုလိုက်သည်။

"ဘာကွ" ဟု ဦးစံဘော်က ဟင်းချိုခွက်ကို မြှောက်ရင်း မေးလိုက်သည်။

"ရှင့်မှာလည်း ဒီသတ်ပုံနဲ့ မစားနိုင်၊ မသောက်နိုင် ဖြစ်နေတယ်။ ပသတ်သတ် တသတ်သတ်... မထူးပါဘူးတော်၊ အခိပ္ပာယ် နားလည်တာသာ လိုရင်းပါ။ ဟောဒီ သမီးကလည်း ရောဂါပိုးတွေပဲ လန့်နေတာပဲ၊ အတူတူပဲ" ဟု ဒေါ်ပန်းရုံက လေအေးအေးနှင့် မှတ်ချက်ချလေသည်။

သုတေသနပညာကျော် ဦးစံဘော်သည် ဒေါ်ပန်းရုံအား ကြည့်လိုက်သလို၊ ဆေးသိပ္ပံကျောင်းသူ ဆရာဝန်လောင်း ဂရိတာသည် ဒေါ်ပန်းရုံအား ကြည့်လိုက်သည်။

**ရှုမဝမဂ္ဂဇင်း၊ မေ၊ ၁၉၅၄။**

mgyoe.com

mgyoe.com SAMPLE BOOK

# မြမြလန်းစင်

ညွန့်သစ်ရွှေရွှေ၊ ရွက်လဲကြွေမှု
ပင်ခြေမွှမ်းမျှ ရော်ရွက်ကျလျက်
မြမြလန်းစင် ပန်းသစ်ပင်တည့်။

ဂါထာခြောက်ဆယ်ပျို့

(၁)

အိမ်ရှေ့မှ အိုးစည်ဗုံမောင်းသံ တညံညံဖြင့် ကခုန်ကာ သင်္ကြန်ကြိုကြသည်။ လမ်းမပေါ်တွင် ရေဖြင့် ရွှဲစိုနေ၏။ နှစ်သစ်ကူးခြင်းကို ရေပက်ကစားခြင်းဖြင့် ဖော်ပြသည်မှာ အဓိပ္ပာယ်ပါ၍ ပျော်စရာကောင်းလှပေသည်။ နှစ်ဟောင်း၏ အညစ်အကြေးများကို ရေဖြင့် ဆေးကြောကာ နှစ်သစ်ကို ငုံလင့်၍ အဟောင်းမှ အသစ်သို့ ပြောင်းလဲခြင်းကို ထိတွေ့ ခံစားရပေသည်။ ကျွန်တော်တို့သည် ပြောင်းလဲခြင်းကို အသိအမှတ်မပြု၍ မဖြစ်၊ အဟောင်းချုပ်ငြိမ်း၍ အသစ်ဆန်းကာ လှုပ်ရှား၍ နေကြပေသည်။

မနေ့တစ်နေ့က လမ်းထဲ၌ ရှင်ပြုပွဲတစ်ခုဖြစ်သေး၏။ လမ်းကို ကန့်လန့်ဖြတ်ကာ မဏ္ဍပ်ထိုးပြီး လာသမျှ ထမင်းကျွေးကာ ဧည့်ခံသည်။ တောမှ ပြောင်းလာသူများဖြစ်၍ တောဓလေ့အတိုင်း အလှူလုပ်ခြင်းဖြစ်ပေသည်။ တစ်ညလုံး အသံချဲ့စက်ဖြင့် သီချင်းများ ဖွင့်၍ ကောင်းကောင်းပင် အိပ်မရ။ တရားနာသည့်နေ့တွင်ကား ဓာတ်ပြားမဖွင့်တော့။ ဆိုင်းငှား၍ ဗြောတီးသည်။

အလှူ့ရှင်မှာ ချမ်းသာသူမဟုတ်။ အမွေကလေး နည်းနည်းပါးပါးရသဖြင့် ငွေရလာလျှင် လှူချင်တန်းချင်သော မြန်မာ့ဝါသနာအတိုင်း အမွေကိုလည်း သုံးစားမပစ်ချင်သဖြင့် လှူခြင်းဖြစ်ပေမည်။

ရှင်လောင်းလှည့်ပွဲကား စည်ကားသိုက်မြိုက်သည်။ လာကူကြသော ဆိုက်ကားတန်းကြီးသည် ရှည်လျားလှ၏။ သနပ်ခါး ပန်းမန် လိမ်းခြယ်ဆင်သထားသော မိန်းမတန်းကြီး

mgyoe.com

mgyoe.com SAMPLE BOOK

လက်ထဲ၌ သက်န်း၊ ပန်းများ တဝေဝေနှင့် ပါသွား၏။ ရှေ့ဆုံး၌ ကွမ်းတောင်ကိုင်လည်း ပါသည်။

သို့သော် ကွမ်းတောင်ကိုင်မှာ ကွမ်းတောင်မကိုင်ဘဲ ရွှေဟင်္သာအုပ်ကို ကိုင်ထားလေသည်။ ကိုင်သူမှာ တောမှာကဲ့သို့ အလှ အချော်မဟုတ်ဘဲ ပေါင်ဒါဖိုထားသော ပြာနှမ်းနှမ်း ချွေးလက်လက်နှင့် ရွက်ကြမ်းရေကျိုထဲက ဖြစ်နေ၍ မေးကြည့်ရလေသည်။

"ဖဆပလ အရပ်လူကြီးသမီး ဆိုလားပဲ။ သူက အလှူအတန်းတွေမှာ ကွမ်းတောင်ကိုင်ရမှ လိုက်သတဲ့"

"ဩော်... ဩော်"

တောတွင်ကား အချောဆုံး၊ အလှဆုံး အပျိုမကလေးများကို ကွမ်းတောင်ကိုင်စေသည်။ သည်တစ်ချက်သာလျှင် တောဓလေ့မှ ယွန်းသွေလာခြင်းဖြစ်သည်။

ရှင်လောင်းလှည့်သောအခါ ဂျစ်ကားတွင် ရောင်ပြားစက္ကူနှင့် ပန်းရထားလိုလို အတောင်တပ်ခြင်းများမဟုတ်ဘဲ တောမှာကဲ့သို့ မြင်းနှင့်လှည့်သည်။ ရွှေထီးမိုးကာ မြင်းရှေ့က ဒိုးပတ်ဝိုင်းမှာ ကွေးနေအောင် ကသည်။ "ရှင်လောင်းအမေ နို့သီးရှည်' ဟူသော တိုင်သံနှင့် ရွှဲလိုက်သံများ၊ ဒိုးပတ်သံများ၊ ပလွေသံ၊ မြင်းခွာသံများနှင့် ဆူညံစည်ကားစွာ လှည့်သွားသည်။

တောလူထုယဉ်ကျေးမှုသည် မြို့သို့ ဩဇာရိပ်ပြန့်စပြုပေပြီ။ စစ်မဖြစ်မီခေတ်က ရန်ကုန်တွင် သည်လိုတောဓလေ့ ရှင်လောင်းလှည့်ပွဲမျိုးကို မတွေ့ရပေ။ ဤသည်တို့ကား ခေတ်ပြောင်းလဲခြင်း သွင်ပြင်တစ်ရပ်ပေလော။

ရေဒီယို၏ လေလှိုင်းပေါ်၌ပင်လျှင် ခြောက်လုံးပတ်ကလေးများ ညှပ်ကာ တောသံ၊ တောဟန်များကို ကြားလာရသည်။ ဖွေးဒုတ်၊ ဖိုးသာအောင်၊ ရွှေမိ စသော တောအမည်ကို သုံးလာကြသည်။ ဖက်ရှင်သဘောမျိုး တောသံများ ခေတ်စားလာသည် မှန်သော်လည်း အနောက်တော့ကျော့များကလည်း ရှိနေသေးသည်။ နောင်တွင်ကား တောကျေးလက် အမျိုးသားမှု လူထုအနုပညာများသည် ပေါ်ထွန်းလာဖွယ်ရှိသည်။ ဤသို့ အပေါ်ယံ မျက်နှာပြင်တွင် ပြောင်းလဲမှု ဖြစ်ပေါ်နေသည်ကို ဝေဖန် သုံးသပ်မိလေသည်။

အိမ်ရှေ့၌ ရွက်ပေါင်းများ ကြွေလျောကာ ရွက်သစ်ဖူးသစ်များ ဆင်နေသော အခြင်းအရာကို တွေ့ရသည်။ ရွက်သစ်လဲသည့် နွေပုရစ်ပေတကား။

ပြောင်းလဲခြင်းကို စဉ်းစားမိသောအခါတွင် မိတ်ဆွေ ကိုလှကြွေ၏ ဝတ္ထုကြောင်းကလေးကို ပြောချင်စမ်းပါဘိ။

(၂)

ကျောင်းရောက်သည့်နှစ်ကပင် ကိုလှကြွေနှင့် ခင်မင်ခဲ့ပေသည်။

ကိုလှကြွေမှာ ကဗျာလင်္ကာနှင့် အတီးအမှုတ် ဝါသနာပါ၍ ကျွန်တော်နှင့် ပိုနီးစပ်ခြင်းဖြစ်သည်။ သူသည် ပြေပြစ်ချောမောသော သံချိုများကို စပ်လေ့ရှိသည်။ တယောထိုးပြား

mgyoe.com

mgyoe.com SAMPLE BOOK
ဖြင့် ပတ်ပျိုးကို ထိုးလေ့ရှိသည်။ သူသည် ပဲခူးကျောင်းဆောင် အောက်ထပ်ခန်းကလေးတွင်နေ၍ သထုံဆောင်တွင်နေသော ကျွန်တော်နှင့် မကြာခဏဆိုသလို တွေ့ဆုံကြသည်။

သူသည် လူချောတစ်ယောက်ဖြစ်၍ ရိုးသားစွာ ဝတ်ဆင်သည်။ သူ၏မျက်လုံးများမှာ ကြည်လင်၍ စကားပြောလျှင် နူးညံ့သိမ်မွေ့စွာ ပြောသည်။ တစ်ဖက်သားကို အားနာတတ်ပြီး ဆန့်ကျင်ကာ တိုက်တိုက်ခိုက်ခိုက် ငြင်းခုံလေ့မရှိ။ မနှစ်သက်လျှင် ဆိတ်ဆိတ်ပင် နေတတ်သည်။ အသင်းအဖွဲ့များတွင် ဟိုစပ်စပ် ဒီစပ်စပ် ပါလေ့မရှိဘဲ အေးအေးဆေးဆေးပင်နေသည်။ သူ့ကို ပေါးလားဝါးလားနှင့် မတွေ့ရ။ အခန်းထဲတွင် တစ်ခါတစ်ရံ အင်းလျားကန်စပ်တွင် တယောထိုးကာ နေ၏။ တယောထိုးရာ၌လည်း ခေတ်ကာလ တေးဆန်းများမဟုတ်ဘဲ ရှေးသီချင်းကြီးများသာဖြစ်သည်။ တယောကွက်၌ အကွန့်များမပါဘဲ ရိုးရိုးပင်ညက်ညောစွာထိုးသည်။ နရီမှန်သည်။

အဝတ်အစားမှာ ဟန်ဖျားပင်နီအပေါ်ဖုံး၊ မန္တလေး ပိုးညှန့်ကို ဝတ်သည်။ သည့်ထက်ပို၍ တောက်တောက်ပပ ဝတ်သည်ကို မတွေ့ရ။ ဆံပင်ကိုလည်း ခပ်တိုတိုထားကာ အပန်းတကြီး ဖြီးသင်သည်ကို တွေ့ရခဲသည်။ အနေအထိုင် ရိုးသလိုပင် သူ၏ ကဗျာလင်္ကာသည်ရိုးသည်။ စင်းစင်းအေးအေး ရှိလှပေသည်။

ထိုခေတ်က နယ်ချဲ့ဆန့်ကျင်ရေး ကျောင်းသားလှုပ်ရှားမှုများသည် ထကြွလျက်ရှိရာ ထိုအခါများတွင် ကိုလှကြွေနှင့် မတွေ့ရချေ။ အံ့ထွေထွေသပိတ်ကြီးဖြစ်စဉ်က ကိုလှကြွေသည် တောသို့ ပြန်နေလျက် သပိတ်လှန်ပြီး နေသားတကျရှိမှ ပြန်လာလေသည်။

ထိုအခါတွင် ကျွန်တော်နှင့် တွေ့ကြပြန်သည်။ အင်းလျားကန်သို့ အတူလမ်းလျှောက်ကြသည်။ ဘူးသီးကြော်ဆိုင်တွင် အတူစားကြသည်။ သူ၏ တယောသံကလေးကို ကြားရပြန်လေသည်။

ဘီအေအောင်သည့်နှစ်က ကိုလှကြွေသည် မိန်းမရလေသည်။ ကိုလှကြွေမှာ ဘီအေစာမေးပွဲဖြေပြီးနောက် နွေကျောင်းပိတ်ရက်ကာလတွင် သူ့ဇနီးနှင့်သူ ရန်ကုန်သို့ ဆင်းလာလေသည်။ ကျွန်တော့်မှာ နေရပ်သို့မပြန်ဘဲ သမဂ္ဂအသင်းတိုက်၌ပင် နေထိုင်လျက်ရှိစဉ် တစ်ညနေ ဂလုပ်ရုံရှေ့တွင် ကိုလှကြွေတို့ လင်မယားကို အမှတ်မထင် သွားတွေ့ရလေသည်။

ကိုလှကြွေ၏ ဇနီးမှာ အရပ်မြင့်မြင့် ခပ်ပိန်ပိန်ဖြစ်လေသည်။ သူ့ထက် အသက်အနည်းငယ်ကြီးပုံရ၍ ရိုးရိုးပင် ဝတ်ဆင်ထားသည်။ သူမသည် ဆံပင်နောက်တွဲကလေးလျော့ရိလျော့ရဲနှင့် ခပ်ပြီပြီ ထုံးထားသည်။ ပဒုမ္မာအဖြူအင်္ကျီ အပြာရင့်ထက်တွင် ပန်းပွင့်များဖြင့် ဣန္ဒြေရသော ထဘီနှင့်။ ကိုလှကြွေမှာ သူ့ဟန်ပန်အတိုင်း ရိုးရိုးပင်။ အပေါ်အင်္ကျီပင်မပါဘဲ ဟန်ဖျားလက်တိုကလေး ဝတ်ထားသည်။ သူသည် စင်စစ် လူချောတစ်ယောက်ဖြစ်သော်လည်း ရိုးရိုးဝတ်ထားသဖြင့် လူထုကြားတွင်ရောကာ သာမန်ရုပ်ရည်ဟန်ပန်မျိုးဟုမှတ်ထင်ရပေသည်။
mgyoe.com

mgyoe.com SAMPLE BOOK

ကိုလှကြွေက ကြည်လင်ပြုံးရွှင်သော မျက်လုံးဖြင့် လှမ်းကြည့်ကာ သူ့ဇနီးဘက်သို့ လှည့်၍ ကျွန်တော်နှင့် အသိဖွဲ့ပေးသည်။

"ဒါ ကျွန်တော့်ဇနီးပဲဗျ၊ မသင်းကြည်ဆိုတာ–"

ထို့နောက် သူက ကျွန်တော်၏ ဝတ္ထုရေးသည့်နာမည်ကိုပါ ပြောပြလေသည်။

မသင်းကြည် ခပ်မို့မို့ ခပ်မြမြကလေး ပြုံးဝင့်ကာ နှုတ်ဆက်လေသည်။ မသင်းကြည်သည်လည်း သူကဲ့သို့ပင် ရိုးသည့်အသွင် ပေါက်၏။ မသင်းကြည်မှာ ကိုလှကြွေထက် စကားပြောရာ၌ အသက်ပါသည်။ မသင်းကြည်မှာ ကျွန်တော် ရေးခဲ့သော ဝတ္ထုများအကြောင်းကို စိတ်ပါဝင်စားစွာ ပြောဆိုမေးမြန်းလေသည်။

"မသင်းကြည်က စာသိပ်ဖတ်တယ်ဗျ" ဟု ကိုလှကြွေက ပြုံးကာ ဝင်၍ ပြောလိုက်သည်။

ကျွန်တော် ခပ်ငယ်ငယ်က ရေးသားသော ကဗျာများကိုပင် မသင်းကြည်က မှတ်မိလေသည်။

"ကိုရေ... ထမင်းစား ဖိတ်ရအောင်နော်" ဟု ဆိုကာ ကိုလှကြွေဘက် လှည့်ပြီးနောက် "တနင်္ဂနွေနေ့ ကျွန်မတို့အိမ် ထမင်းလာစားပါရှင်" ဟု ဖိတ်လိုက်သည်။

ထို့နောက် သူတို့လင်မယားသည် ရုပ်ရှင်ရုံထဲသို့ ဝင်သွားကြလေသည်။

ကိုလှကြွေတို့နေရာမှာ ရေကျော် ဇီဇဝါလမ်းရှိ သစ်ပင်ဝါးပင်များဖြင့် စိမ်းစိမ်းစိုစို သေသပ်ကျနသော တလိုင်းအိမ်ကလေးဖြစ်ပေသည်။ လင်မယား နှစ်ကိုယ်စာအတွက် အလောတော် အခန်းကလေးဖြစ်သည်။ အဖြူနှားကွပ် အပြာရင့်ခန်းဆီးများ တပ်ဆင်ထားလျက် ကြမ်းပြင်မှာ ဖယောင်းပွတ်ထားသဖြင့် ချောပြောင်နက်မှောင်နေ၏။ အသစ်စက်စက် ကုလားထိုင်တစ်စုံ၏ အလယ်စားပွဲ ပန်းစိုက်အိုးမှ သစ္စာပန်းများမှာ ကြည်လန်းလျက်ရှိ၏။ အပြင်အဆင် သေသပ်လှပခြင်းမှာ အိမ်ရှင်မ၏ လက်ရာကို ဖော်ကြွားနေပေသည်။ အိမ်ရှေ့ဝရန်တာသို့ ငိုက်ယွန်းကျနေသော ပန်းရုံများမှာလည်း စိတ်ကြည်နူးစရာ ကောင်းလှပေသည်။

အိမ်ကလေး၏ အကြည်ရိပ်က ကျွန်တော်၏စိတ်ကို လာဟပ်၍ "အိမ်ကလေးက လှတယ်ဗျာ။ စိတ်ကြည်လင်စရာ" ဟု ဆိုကျူးလိုက်မိသည်။

ကိုလှကြွေက မသင်းကြည်ဘက် လှည့်ကာ "အိမ်ရှင်မ စိတ်ကူးပဲဗျ" ဟု ကျေနပ်သောလေသံဖြင့် ပြောလေသည်။ မသင်းကြည်မှာ ရှက်သွေးဖြင့် ပြုံးလှဲ့လှဲ့ လုပ်နေလေသည်။

"ဟောဒီ ကုလားထိုင်ဆိုရင် မသင်းကြည် ဝယ်တာဗျ"

နောက်ဆက်၍ "လက်ကောက်တစ်ဖက် ရောင်းဝယ်လိုက်တာ၊ ကျွန်တော်က တစ်ပြားမှ ပါတာမဟုတ်ဘူး။ ကြွားတာတော့ မဟုတ်ဘူးနော်"

ကိုလှကြွေသည် ရယ်မောနေလေသည်။

mgyoe.com

 SAMPLE BOOK

မသင်းကြည်က "အို… ကိုကလည်း ဘယ့်နှယ်တွေ လျှောက်ပြောနေတာလဲ" ဟု မျက်စောင်းတစ်ချက် ချစ်စဖွယ်ထိုးကာ ပြောသည်။ ကိုလှကြွေမှာ ရိုးရိုးသားသားပင် ပြောတတ်သူဖြစ်သည်။ မသင်းကြည်မှာ မော်လမြိုင်ဘက်မှ ရော်ဘာခြံပိုင်ရှင်၏ သမီးဖြစ်၍ လက်ဝတ်လက်စားများ ပါလာဟန် တူပေသည်။

မသင်းကြည် တည်ခင်းကျွေးမွေးသော ညစာကား ဖွယ်ဖွယ်ရာရာ ရှိလှပေသည်။ နဂိုက မော်လမြိုင်သူဖြစ်၍ ထမင်းဟင်း အချက်ကောင်းလှသည့်ပြင် ဖွယ်ဖွယ်ရာရာ စီမံလိုက်သောအခါ အထူးမြိုင်၍ နေပေတော့သည်။ ကျွန်တော့်စိတ်ထဲတွင်ကား အိမ်ရှင်မကောင်းတစ်ဦးဟု မှတ်ထားလိုက်သည်။ ဝက်သား၊ ကြက်သား စသည်ဖြင့် အအီအဆိမ့်ချည်း အလှူအိမ်လို ဟင်းလျာမျိုးမဟုတ်ဘဲ အစပ်အဟပ်တည့်ကာ စားချင်စဖွယ် အရသာကို အဓိကထားသော ဖွယ်ရာခြင်းမျိုးဖြစ်၏။ ဥပမာ–ငါးရံ့ခြောက်ကို ထောင်းကြော်ထားခြင်း၊ ပုစွန်ခြောက်၊ ကြက်သွန်နီနိုင်နိုင်နှင့် သရက်သီးသုပ် စသည့် ခံတွင်းတွေ့လှသော ဟင်းလျာမျိုးဖြစ်ပေသည်

"တနင်္ဂနွေနေ့တိုင်း လာစားပါရှင်။ ကျွန်မ ဖိတ်လိုက်ပါတယ်။ ရှင်တို့ကျောင်းမှာက ဖွယ်ဖွယ်ရာရာ ရှိချင်မှရှိမှာ။ ကျွန်မတို့လည်း ပျင်းတယ်ရှင့်" ဟု မသင်းကြည်က ဘာလချောင်ကြော် ပန်းကန်ကို ကျွန်တော့်ဘက် တိုးပေးရင်း ပြောလေသည်။

ကျွန်တော့်မှာ မသင်းကြည်တို့နှင့် ခင်မင်ရင်းနှီးသော အံ့သိကို ခံစားလာမိသည်။ နှစ်ယောက်စလုံး ဟန်ဆောင်ကြွားဝါမှု ကင်းကြသည်။

"အလုပ်အကိုင်ကလည်း မရှိဘူးဗျာ၊ သိပ်ခွကျတာပဲ" ဟု ကိုလှကြွေက ထမင်းစားအပြီး လက်ဖက်သုပ်၊ ထန်းလျက်၊ မုန့်ဩဇာ စသော အမြည်းများနှင့် လက်ဖက်ရည်ကြမ်းသောက်နေကြစဉ် ညည်းလိုက်သည်။ မသင်းကြည်သည် ကျွန်တော်တို့နှင့်အတူ အချိုပွဲတွင် လာထိုင်လျက်ရှိနေသည်။

လက်ဖက်ရည်ကြမ်းဝိုင်းမှာ အိမ်ခေါင်းရင်းဘက် ဝရန်တာဆောင်ရှိ ကွပ်ပျစ်ကလေးပေါ်တွင် ဖြစ်လေသည်။ လေက သုတ်ဖြူးလျက်ရှိရာ အေးမြသာယာသည်။ လရောင်ရိပ်မှာလည်း ဝိုးတိုးဝါးတား ပေါ်စဖြစ်ပေသည်။

"တစ်နေ့ကတောင်ဗျာ အကောက်ရုံးဘက် သွားရင်း ကိုဘစန်း တွေ့တာနဲ့ လျှောက်ခဲ့ဆိုလို့ လျှောက်လွှာ တင်ခဲ့သေးတယ်" ဟု ကိုလှကြွေက ဆက်လက်ပြောလေသည်။ ကိုဘစန်းမှာ ကျွန်တော်တို့ ကျောင်းဆောင်ကဖြစ်၍ ဘောကန်ကောင်းသူ အထက်တန်းစာရေးဖြစ်၏။

"ဘယ်နေရာမှာလဲ"

"အောက်တန်းစာရေး တစ်နေရာ လစ်လပ်တယ် ဆိုလို့ဗျာ"

ထိုခေတ်က အလုပ်ရဖို့မှာ အကပ်မရှိဘဲ မလွယ်ကူသည်ဖြစ်သော်လည်း အောက်

mgyoe.com

mgyoe.com SAMPLE BOOK


တန်းစာရေးနေရာမျိုးကား လုပ်လိမ့်မည်မဟုတ်ဟု ကျွန်တော်က တွက်ထား၍ အံ့ဩသွားသည်။ မသင်းကြည်မှာ သူ၏ယောကျ်ား အောက်တန်းစာရေး လုပ်မည်ကို မည်သို့မျှ သဘောထားဟန်မရှိဘဲ "ဟုတ်တယ်၊ ကိုလှကြွေလည်း အလုပ်ရှာထွက်ရတာ အမောပဲ" ဟု ဝင်ထောက်လိုက်သည်။

မသင်းကြည်မှာ ရော်ဘာခြံပိုင်သူများဖြစ်၍ ကျကျနန နေနိုင်သူဟု နားလည်နေ၏။ အဘယ်ကြောင့် သူ၏ ယောကျ်ားအား စာရေးကလေးဖြစ်စေခြင်းကို ကျေနပ်နေသနည်းဟု တွေးနေ၏။ ယခုခေတ် မိန်းမများမှာ ဂုဏ်ပကာသနတို့၌ ပလွှားသည်ဟု နားလည်ထားရာ မသင်းကြည်၏ သဘောထားမှာ စဉ်းစားစရာဖြစ်နေပေသည်။

အတန်ကြာမှ ကျွန်တော်က "မြို့အုပ်စာမေးပွဲ ဝင်ပါလားဗျ" ဟု အကြံဉာဏ်ပေး၏။ ကိုလှကြွေက ဘာမျှပြန်မပြောဘဲ ပြုံးနေ၏။

မသင်းကြည်ကမူ ငြိမ်သက်မနေဘဲ "မလုပ်ပါနဲ့ရှင်၊ ကျွန်မယောကျ်ား တစ်ရွာတစ်ကျေး လွင့်သွားတာ မြင်ချင်လို့လား" ဟု အရွှန်းကလေးနှင့် ကန့်ကွက်သည်။ ကျွန်တော်၏ သဘောက ကိုလှကြွေ၏ ပညာနှင့် ထိုက်ထိုက်တန်တန် ဂုဏ်လည်းရှိသော အလုပ်မျိုးကို လုပ်စေချင်၍ဖြစ်ပေသည်။

"ကျွန်မတော့ အေးအေးဆေးဆေးနဲ့ ချောင်ချောင်လည်လည် မပူရ မပင်ရရင် တော်ပါပြီ"

ဤစကားမျိုးကို နောက်၌လည်း မသင်းကြည်ထံမှ ကြားရလေ့ရှိပေသည်။ မသင်းကြည်သည် ဂုဏ်ပကာသနထက် တစ်ဝမ်းတစ်ခါး မပူမပင်ရ၊ အေးချမ်းစွာ နေထိုင်ခြင်းကို လိုလားသည်။ မသင်းကြည်၏ လောကမှာ သူ့လင်နှင့် သူ့အိမ်ကလေးပင်ဖြစ်သည်။ သူ့ဘဝတွင် ရိုးရိုးအေးအေး နေလိုသည်ဟု ကျွန်တော် ထင်မိလေသည်။

ကိုလှကြွေ၏ နဂိုအေးအေး ရိုးသားစွာ နေထိုင်လိုသောစိတ်ကို မယားဖြစ်သူ မသင်းကြည်က ခိုင်မာလေးနက်အောင် လုပ်ပေးလေသည်။

ကျွန်တော် ဘာဝတ္ထုများ ရေးနေသနည်းဟု မသင်းကြည်က မေးလေသည်။

"တစ်လောက ရေးထားတဲ့ မေဝတ္ထုပါပဲ။ အဲဒါကို ပုံနှိပ်ဖို့စီစဉ်နေတယ်" ဟု ကျွန်တော်က ဖြေကြားလိုက်လေသည်။

"ဘယ်တိုက်က ပုံနှိပ်မှာလဲ"

မသင်းကြည်မှာ စာပေမွေ့သူတစ်ဦးဖြစ်၍ စိတ်ဝင်စားခြင်း ရှိပေသည်။

"နဂါးနီ စာအုပ်တိုက်မှာ ပုံနှိပ်ဖို့ ပြောထားတယ်"

"ဝတ္ထုဇာတ်လမ်းက ဘယ်လိုလဲရှင်"

ကိုလှကြွေက ဝင်၍ "မသင်းကြည်ကလည်း ဇာတ်လမ်းသိနေရင် ဘယ်ဖတ်လို့ကောင်းတော့မလဲ။ ထွက်လာမှ ဖတ်ကြည့်ပေါ့" ဟု ရယ်မောကာ ဝင်ပြောလိုက်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

ကိုလှကြွေမှာ ပင်ကိုအားဖြင့် ဟာသရှိသူမဟုတ်ပေ။ သို့သော် တစ်ခါတစ်ရံ ရယ်စရာများ ပြောတတ်သည်။ ပြောခြင်းထက် မိမိက ရယ်မောရခြင်းကို ပို၍နှစ်သက်သူ ဖြစ်လေသည်။

'မေ' ဝတ္ထုက ဆက်စပ်၍ ခေတ်ပေါ်စာပေအကြောင်း ရောက်သွားသည်။ မသင်းကြည်မှာ ကိုလှကြွေထက်ပင် ဝတ္ထုများအကြောင်း ထင်မြင်ချက်များစွာနှင့် ပြောသည်ကို တွေ့ရသည်။ စေ့စေ့စပ်စပ်နှင့် အရသာခံကာဖတ်သော စာဖတ်ပရိသတ်တစ်ဦးဖြစ်နေသည်။ ကဗျာလင်္ကာအကြောင်း ရောက်သွားရင်းက ကိုလှကြွေ၏ ကဗျာများသို့ ဆိုက်သည်။

"ကိုလှကြွေရဲ့ ဝက်ပါဆိုတဲ့ကဗျာ ဖတ်ရတယ် ဟုတ်လား"

ကျွန်တော်က ပြုံးရယ်၍ မသင်းကြည်အား လှမ်းကြည့်ကာ မေးလိုက်လေသည်။ ဝက်ပါ ကဗျာမှာ ချစ်သူနှင့် နှစ်ယောက်တည်း လက်တွဲကာ ဝက်ပါထဲ၌ တဝဲလည်လည် နေဦးတော့ဟု ဖော်ပြထားပြီး နောက်ဆုံးအပိုဒ်၌ ကြည်ဆိုသော စကားလုံး ထည့်သွင်းထားလေသည်။

"ကျွန်မတော့ သူ့ကဗျာတွေ မဖတ်ပေါင်ရှင်"

မသင်းကြည်က ရှက်သောအမူအရာနှင့် ငြင်းကွယ်နေပေသည်။

"အလကားပြောတာဗျ၊ သူ့ဆီ ဒီကဗျာပေးပြီးမှ သူ့ခွင့်နဲ့ ကျွန်တော် ဂန္ထလောကကို ပို့လိုက်တာ"

"ဟော... ပေါ်ပြီ... ပေါ်ပြီ"

သည်တော့မှ မသင်းကြည်သည် ရယ်မောနေလေသည်။

ကျွန်တော်ကား မသင်းကြည်သည် ကိုလှကြွေအား ဘယ်အရာ၌ စွဲမက်ချစ်ကြိုက်သည် ဆိုသည်ကို စဉ်းစားနေပေသည်။ မသင်းကြည်သည် ကိုလှကြွေအား ကဗျာဆရာအဖြစ် ချစ်မြတ်နိုးပုံရသည်။ "သူ့ကဗျာတွေကို မဖတ်ပေါင်ရှင်" ဆိုသော စကားကို ဣန္ဒြေဇာဝတ်ရုံကို ဖယ်လှပ်၍ "ကျွန်မ သူ့ကဗျာတွေ သိပ်ကြိုက်တာ" ဟု အနက်ပြန်လျက်ရှိနေ၏။

သည်နောက် တစ်လလောက်သာ ကိုလှကြွေတို့အိမ်ရောက်ပြီး မတွေ့ရတော့ချေ။ ကိုလှကြွေ စာရေးအလုပ်ရသည်ကိုကား သိလိုက်သည်။ ကျွန်တော့်မှာလည်း တောပြန်နေ၍ အဆက်ပြတ်သွားလေသည်။ ထိုအတွင်း ဂျပန်များ ဝင်လာလေသည်။

(၃)

ဂျပန်ခေတ် အစလောက်က ဗဟန်းရေတာရှည် လမ်းထိပ်၌ ကိုလှကြွေတို့ လင်မယားနှင့် မမျှော်လင့်ဘဲ သွားတွေ့လေသည်။

ကိုလှကြွေက အဝေးကြီးမှ ကျွန်တော့်နာမည်ကို လှမ်းအော်ခေါ်လေသည်။ ကျွန်တော်သည် လူကြားထဲမှ သူတို့ဆီသို့ သွားရသည်။ ထိုအခါက ဗဟန်းမှာ ပွဲဈေးတန်းကြီးကဲ့သို့ စည်ကားနေသောအခါဖြစ်သည်။ ကိုလှကြွေမှာ သူ့ဟန်အတိုင်းပင် ဟန်ဇားပင်နီအကျီ

mgyoe.com SAMPLE BOOK


-လက်တိုကလေးနှင့်၊ မန္တလေးလုံချည်နှင့်။ မသင်းကြည်မှာလည်း အဖြူခံပေါ်တွင် အပွင့်ရိုက် ထဘီနှင့် ရိုးရိုးသန့်သန့်ကလေးပင် ဆင်ယင်ထားပေသည်။ နှစ်ယောက်စလုံး ကျွန်တော့် တွေ့၍ ဝမ်းမြောက်ကြပုံရသည်။ ဂျပန်ခေတ်က မိတ်ဆွေဟောင်းများ တွေ့လိုက်ရလျှင် လှိုက်လှိုက်လှဲလှဲ ခံစားမိသည်။ တစ်ပြည်ရပ်ခြားတွင် ဘွားခနဲ တွေ့လိုက်ရသလို၊ မြင့်မား သော တံတိုင်းအရံအတားကြီးတစ်ဖက်မှာ တွေ့လိုက်ရသလို ထင်မိပေသည်။

မသင်းကြည်မှာ ဈေးခြင်းကိုဆွဲလျက်။ ကိုလှကြွေမှာ ကြက်သွန်၊ ဆန်၊ အာလူး၊ ငါးခြောက် စသော လေးသည့် အထုပ်များကို လက်တွင်ပွေ့လျက်။ မသင်းကြည်၏ ဈေးခြင်း ထဲတွင်ကား ဟင်းလျာများဖြစ်သည်။ နှစ်ယောက်သား ဈေးဝယ်လာကြရင်း မသင်းကြည် သက်သာလေအောင် လေးလံသည့် အထုပ်များကို ကိုလှကြွေက ကူဆွဲလာခြင်း ဖြစ်လေ သည်။ ကျွန်တော်မှာ သူတို့၏ ကြင်နာယုယခြင်း၌ ကြည်နူးမိလေသည်။

"ကျန်းကျန်းမာမာ တွေ့ရတာ သိပ်ဝမ်းသာတာပဲရှင်" ဟု မသင်းကြည်က ဝမ်းသာ အယ်လဲ ပြောလေသည်။ ကိုလှကြွေမှာ ပြုံး၍ပင်နေသည်။

မသင်းကြည်၏ ပြောင်းလဲချက်ကို အနည်းငယ် သတိထားမိသည်။ မသင်းကြည် သည် အတန်ငယ် ပိန်လျနေ၏။

"မသင်းကြည် နည်းနည်းပိန်သွားသလားလို့" ဟု ကျွန်တော်က ဂရုတစိုက်မေးလိုက် သည်။

"ဟုတ်တယ်ရှင်... ဂျပန်တွေ ဝင်လာတုန်းကပေါ့... မမာလိုက်တာ..."

ကိုလှကြွေကဝင်၍ "ကလေးပျက်ကျတာ" ဟု အင်္ဂလိပ်လို ဝင်ပြောလိုက်သည်။ ကိုလှကြွေမှာ ဘာဝကိစ္စနှင့်ပတ်သက်၍ ရှက်တတ်သူဖြစ်သည်။ ကျောင်းတွင်နေစဉ်က တည်းက မိန်းမအကြောင်းများကို ပြောလေ့ပြောထမရှိ။ ယခုလည်း မြန်မာလိုထက် အင်္ဂလိပ် လိုက နားဝင် ဣန္ဒြေရှိခြင်းကြောင့် အင်္ဂလိပ်လို ပြောခြင်းဖြစ်လေသည်။

မသင်းကြည်က သူတို့ပုန်းခိုနေသော ရော်ဘာခြံအနီး၌ တိုက်ပွဲဖြစ်သည့်အကြောင်း ပြောပြနေသည်။ ဘီအိုင်အေ တက်လာသောအခါ လုံ့စွပ်နှင့် ထိုးသတ်သည့် ကိစ္စများလည်း ပါသည်။ မသင်းကြည်မှာ မင့်ပြောင်းမင်းလွဲ အရေးအခင်းများကို စိတ်ရှုပ်ပုံရလေသည်။

"ဘီအိုင်အေ အုပ်ချုပ်ရေးလုပ်တော့ ဗိုလ်ခြသေ့်ဆိုတာ ကိုလှကြွေတို့နဲ့ အသိတဲ့။ သူက ပြန်ကြားရေးမှူးဆိုလား လုပ်ဖို့ လာပြောသေးတယ်"

ကိုလှကြွေက ဝင်၍ "ကိုစိန်တင်လေဗျာ...၊ ပုဂံကျောင်းဆောင်က"

"သြော်... သိတယ်၊ စောအောင်ဘတို့၊ ကိုစိုးမောင်တို့နဲ့ တွဲနေတာ..."

"အဲဒါကို ကျွန်မကတော့ မလုပ်နဲ့လို့ အတင်းတားတာပဲ။ ကျွန်မတို့ ဒီလို ရှုပ်ရှုပ် ယှက်ယှက်တွေကို မကြိုက်ပေါင်။ ယခုခေတ် အစိုးရဘက် လုပ်ရတာများ မအေးရပေါင်။ ကျွန်မတော့ အေးအေးဆေးဆေး ဘေးကင်း ရန်ကင်းပဲ နေချင်တယ်လေ"

mgyoe.com

mgiyoe.com SAMPLE BOOK

ကိုလှကြွေကမူ ဘာမျှဝင်မပြောဘဲ ငြိမ်သက်စွာ နားထောင်နေပေသည်။

"ရန်ကုန်မှာတော့ ဆေးကင်းရန်ကင်း မဟုတ်လှပေဘူးဗျ။ ရန်သူ့လေယာဉ်ပျံ တစ်ခါ တစ်ခါ လာတတ်တယ်" ဟု ကျွန်တော်က ရယ်စရာ ပြောလိုက်လေသည်။

"ဒါကြောင့်မို့လည်း ရန်ကုန်ထဲ မနေဝံ့ပါဘူးရှင်..."

"ဒါထက် ဘယ်မှာနေကြသလဲ" ဟု ကျွန်တော်က ခုမှပင် မေးမိလေသည်။

"ကုက္ကိုင်းမှာ... ကိုရေ... နေရာပြောလိုက်ပါ။ ကျွန်မတော့ ဂဃနဏမပြောတတ်ဘူး" ဟု မသင်းကြည်က ဆို၍ ကိုလှကြွေက – "ဟုတ်တယ်။ စီစီစဉ်စဉ်ပြောမှ ခင်ဗျား ဆိုက်ဆိုက် မြိုက်မြိုက်ရောက်မှာ"

"ဘယ်လောက်ဝေးဝေး လာနိုင်ပါတယ်ဗျာ၊ ကားနဲ့လာမှာပေါ့" ဟု ကျွန်တော်က ငှက်ပျောသီးဆိုင်ဘေးတွင် ဆိုက်ထားသော ကားနက်တစ်စီးကို ညွှန်ပြ၍ ပြောလိုက်သည်။ ထိုကားနက်ကလေးမှာ သခင် ခင်အောင်က ကိုဘဟိန်းအား ပေးသော ကားဖြစ်၏။ ကိုဘဟိန်းမှာ ကျွန်တော်ပါမှ သွားဖြစ်၏။ အဘယ်ကြောင့်ဆိုသော် မတွန်းဘဲ ဘယ်တော့မှ စက်မနိုးသောကြောင့်ဖြစ်ပေသည်။

ကိုလှကြွေက ရယ်မောလျက် "ကားနဲ့လာလို့တော့ မရောက်ဘူးဗျ။ ကုက္ကိုင်းလမ်းမ ဦးကနေ လမ်းမြောင် မြေနီလမ်းကြားကလေးက ဝင်မှရတာ။ လမ်းပေါ်က ဝါးပင်တွေက ကိုင်းလို့။ ဝါးရွက်တွေ လက်နဲ့ဖယ်ပြီး ငုံ့ဝင်ရတယ်..." ဟု အစချီကာ သူတို့အိမ်နေရာကို သိုက်စာညွှန်းသဖွယ် ကျကျနန စီကာစဉ်ကာ ပြောပြလေသည်။

"ကျွန်တော်တည်းနေတာနဲ့ ဘယ်ဝေးလို့လဲ။ ကျွန်တော် ရွှေတောင်ကြားထဲမှာ သခင် တင်ဦးနဲ့ အတူနေတယ်။ အမြောက်ကြီးနဲ့ အိမ်ဟာလေ"

တစ်ပတ်လောက်ကြာသောအခါ ကျွန်တော်သည် ကိုလှကြွေတို့အိမ်သို့ ရောက်သွားလေသည်။ သိုက်စာညွှန်းအတိုင်း လိုက်ရှာသောအခါ ညို့ညို့မှိုင်းမှိုင်းနှင့် လျှိုကြီးတစ်ခု ဘေး၊ ခြံတစ်ခြံ၏ အစွန်းသို့ ရောက်လေသည်။ နေပြောက်မထိုးအောင်ပင် သစ်ပင်များက အုပ်ဆိုင်း ယှက်မိုးလျက် ချိုင့်ကမ်းပါးကြီးတစ်ခုမှာ လှိုဏ်ကြီးကဲ့သို့ မှတ်ထင်ရလေ၏။ မိုးတွင်း အခါ ရေဝပ်အိုင်နေလျက် မခြောက်ခန်းတော့ဘဲ စိုစိုစွတ်စွတ်နှင့် ရေညှိ မြက်ပင်များ ဖုံးကာ စိမ်းနေသည်။ ခပ်လှမ်းလှမ်းတွင် ကြာပင်များဖြင့် ရေပြင်ကို ဖုံးလွှမ်းထားသော ရေကန် တစ်ကန်ရှိလေသည်။ ထိုလျှိုကြီး၏ ကမ်းထိပ် ဝါးရုံများဘေးတွင် ကိုလှကြွေတို့၏ တဲရှိလေ သည်။ ခြံထောင့်တွင် ရေတွင်းတစ်တွင်း ရှိလေသည်။

"အမယ်... တွေ့အောင်လာတတ်သကို..." ဟု ကိုလှကြွေက လှမ်းနှုတ်ဆက်လိုက် သည်။ မီးဖိုချောင်ဘက်မှ မသင်းကြည်လည်း ထွက်လာကာ "သိုက်စာအညွှန်းအတိုင်းကို ရှင့်" ဟု ပြောပြီး ရယ်နေလေ၏။

ဇလီသတ် တဲကလေးဖြစ်၍ သေသပ်လှပသည်။ ကျူထရံကွက် တံခါးများမှာ

mgyoe.com SAMPLE BOOK


ဆေးခြယ်ထား၍ ယဉ်၏။ ခါးပန်းနှင့် ပန်းဆွဲကို ဆေးအဖြူ သုတ်ထား၏။ ပြတင်းတံခါးများတွင် ယခင် ရေကျော်အိမ်တုန်းက တွေ့ခဲ့သော အဖြူအရစ်နှင့် ခန်းဆီးအပြာများပင် တပ်ထားပေသည်။ ကုလားထိုင်တစ်စုံမှာလည်း ယခင်အတိုင်းပင်။

"မသင်းကြည်တို့အိမ်ကတော့ တယ် သာယာတာပဲဗျာ..."

ကျွန်တော့်မှာ အေးမြသော အရိပ်အာဝါသနှင့် သပ်ရပ် လှပသော အိမ်အနေအထား အပြင်အဆင်ကို မဆိုကျူးဘဲ မနေနိုင်။ ပူပြင်းသော နွေလဖြစ်သော်ငြားလည်း အေးအေး လူလူ စိုစိုလန်းလန်းရှိပေသည်။ ကောင်းကင်မှ ကြည့်လျှင် စိမ်းအုပ်သော သစ်ပင်များကို သာ မြင်ရမည်ဖြစ်၍ လေကြောင်းရန်မှလည်း ကင်းလွတ်ဖွယ်ရှိသည်။ ပတ်ဝန်းကျင် ရှုမြင် ကွင်းကပင်လျှင် တောထဲ တောင်ထဲ ရောက်နေဘိသကဲ့သို့ စိတ်လုံလှပေသည်။

"မသင်းကြည်တို့ ဦးလေးတစ်ယောက်ရဲ့ ခြံမြေပဲ။ အဲဒါ မြို့ထဲနေရမှာလည်း ကြောက်တယ်ဆိုလို့ ဒီမှာ တဲကလေးဆောက်နေတာ" ဟု ကိုလှကြွေကဆိုကာ မီးဖိုဘက်သို့ "မသင်းကြည်ရေ... ရေနွေးထည့်ပါဦး"

လက်ဖက်ရည် အကြမ်းအိုး၊ ငါးခြောက်ဖုတ်၊ ငါးမုန့်ကြော်များဖြင့် မသင်းကြည် ရောက်လာလေသည်။ မသင်းကြည်မှာ ကျွေးချင် မွေးချင်သောစိတ် ပြင်းထန်သူဖြစ်သည်။ ရှိသလောက်ကို ဖွယ်ရာအောင်လုပ်တတ်သည်။ ငါးရံ့ခြောက်မှာ ဆီရွှဲနေ၍ စားချင့်စဖွယ်ပင်။

"ကျွန်မတော့ မြို့ထဲနေရမှာ စိတ်မရဲဘူးရှင်။ ခဏခဏလည်း ပြောင်းဟယ်ရွှေ့ဟယ် လုပ်မနေချင်ဘူး။ ဒါနဲ့ ဒီနေရာလေးမှာပဲ တဲဆောက်ဖို့ ကိုလှကြွေ ပြောရတာပဲ။ ကိုယ့်နေရာလေးနဲ့ကိုယ်ဆိုတော့ စိတ်တိုင်းကျလည်း ဖြစ်တာပေါ့လေ"

မသင်းကြည်၏ စိတ်ကူးစိတ်သန်းမှာ မရိုင်းပေ။ တောရိပ်၊ တောင်ရိပ်၊ သစ်ရိပ်၊ ဝါးရိပ်နှင့် သာယာအေးချမ်းရုံတင်မက ဘေးလည်းကင်း၊ မျက်စိလည်း ရှင်းပေသည်။ သူ့နေရာနှင့်သူ လောက်ရုံ၊ တော်ရုံ။ ကျွန်တော်သည် ပြတင်းပေါက်မှ လှမ်းကြည့်လိုက်ရာ ဟင်းနုနယ်ပင်များနှင့် ချဉ်ပေါင်ခင်းကို တွေ့ရလေသည်။

"မသင်းကြည် စိုက်ထားတဲ့ ဉယျာဉ်လေဗျာ" ဟု ကိုလှကြွေက ရယ်ကာ ပြောလိုက် သည်။

ကျွန်တော်ကမူ အိမ်ထောင်ရှင်၏ စိတ်ကူးနှင့် လက်တွေ့ဘဝကို တွေးတောနေပေ သည်။ အညှော်နံ့ကလေးသည် ဝေ့ပါလာသည်။

"ထမင်းစားပြီးမှ ပြန်နော်၊ ကြက်ဥကြော်ထားတယ်။ သရက်သီးလည်း ထပ်သုပ်မယ်" ဟု မသင်းကြည်က လှမ်းပြောလေသည်။ ကျွန်တော်တို့ ထိုင်နေသော နေရာမှ မသင်းကြည် ချက်ပြုတ်ကြော်လှော်နေသည်ကို လှမ်းမြင်ရလေသည်။

"နေပါစေ" ဟု ပြောပြီး ကျွန်တော်က ရယ်နေ၏။

"အို... ဘာနေရမှာလဲ"

mgyoe.com

mgyoe.com SAMPLE BOOK

အညှော်နံ့ ဝေ့လာကတည်းက ကျွန်တော့်မှာ စားချင်စိတ်ထကြွနေပြီဖြစ်၏။ ဖွယ်ဖွယ်ရာရာဖြစ်၍ မြိန်ဦးတော့မှာပဲဟု တထစ်ချ တွက်ထားပြီးဖြစ်၏။

မသင်းကြည်မှာ သာယာသောအိမ်ကို ဖန်တီးပျိုးထောင်သူ ဗိသုကာဖြစ်လေသည်။ 'ချိုမြသောအိမ်' ဟူသော ကဗျာစကားရှိ၏။ ယင်းကဗျာစကား၏အနက်သည် မသင်းကြည်၏ အိမ်တွင် လေးနက်စွာ ထင်ပေသည်။ ကိုလှကြွေမှာ မသင်းကြည် ဖန်တီးသော အိမ်ကို နှစ်သက်သည်။ မသင်းကြည်၏ စိတ်ကူးမှာ သူ့စိတ်ကူးဖြစ်လာသည်။

ထုံးစံအတိုင်းပင် စား၍ ကောင်းလှပေသည်။ လတ်လတ်ဆတ်ဆတ် ဟင်းနုနယ်ကြော်ပင် တိုးလာသေးသည်။ ထမင်းစားပြီးကြသောအခါ စားပွဲမသိမ်းဘဲ အချိုပွဲ ရောက်လာလေသည်။ စကားတပြောပြောနှင့် လက်ဖက်သုပ် စားလိုက်၊ ကြံသကာနှင့် ပဲလှော်ဝါးလိုက်နှင့်။ လေကလည်း တဖြူးဖြူး။ မသင်းကြည်က ဒဂုန်မဂ္ဂဇင်း အဟောင်းများ ပြန်ဖတ်နေရကြောင်း ပြောကာ ဂျပန်ခေတ်တွင် မဂ္ဂဇင်း၊ ဂျာနယ်များ မထွက်သည်ကို ဝမ်းနည်းနေပုံရလေသည်။ တစ်ခါတစ်ရံ ကိုလှကြွေ၏ ကဗျာများအကြောင်း ရောက်သွားရာ မသင်းကြည်က "သူ့ကဗျာများတော့ မဖတ်ပေါင်" ဟု ငြင်းကွယ်လျက် ရှိနေလေသည်။

ကျွန်တော်က ရယ်မောရ၍ နေမိသည်။

စကားပြောရင်း အစာကလည်း ယစ်လာသဖြင့် ငိုက်မှိန်းလာရာ မသင်းကြည်က ခေါင်းအုံးများ ယူထုတ်လာပြီး "ကဲ... လှဲကြဦး" ဟု ဆိုလျက် သူ့ရင်ခွင်တွင် လာ၍ဝှေ့သော ကြောင်ကလေးတစ်ကောင်ကို ပွေ့ယူလိုက်လေသည်။

"လာ... လာ၊ ကြောင်ပုလဲလေး" ဟု မသင်းကြည်က ခေါ်သည်။ ကြောင်၏ အမွေးမှာ ကရုကမာကွက်ကဲ့သို့ ဆန်းကြယ်၍ ကြောင်ပုလဲဟု မှည့်ကြောင်းလည်း ပြောပြနေသည်။ ဂျပန်တစ်ခေတ်လုံး သူ့ကို ကြောင်ကလေးများ တပွေ့ပွေ့ တပိုက်ပိုက်နှင့် နေသည်ကို တွေ့ရသည်။ မသင်းကြည်မှာ ကလေးလည်း မရပေရာ ကြောင်များကို ကလေးငယ်ပမာ ယုယချစ်ခင်နေလေသည်။

ဂျပန်ခေတ်က ကျွန်တော့်မှာ တောမှာချည်း မနေနိုင်ဘဲ ရန်ကုန်နှင့် ကူးချည်သန်းချည် နေတတ်ရာ ရွှေတောင်ကြား ရောက်တိုင်း သူတို့လင်မယားထံ ရောက်သည်။ ကိုလှကြွေမှာ သတင်းကိုယ်စားလှယ်ရုံးတွင် အလုပ်ရလျက် ရှိသည်။ ရုံးမှာ ကုက္ကိုင်းတွင်ပင်ဖြစ်၍ မသင်းကြည်က သဘောတူခြင်းဖြစ်ပေသည်။

မသင်းကြည်၏အိမ်တွင် တစ်နှစ်ထက်တစ်နှစ် သာယာ၍သာ နေသည်။ ဟင်းသီးဟင်းရွက်ခင်းမှာလည်း အတော် မြိုင်ဆိုင်ဝေဆာလာသည်။ အိမ်ပတ်လည်မှ ပန်းပင်တို့သည်လည်း မွေးရနံ့ဖြင့် ထုံပျံ့လာသည်။ ဝါးပင်အရိပ်ကား အေးမြလျက်ရှိ၏။ တော်လှန်ရေးလုပ်သည့်နှစ်က ရွှေတောင်ကြားတွင် ရေပိုက်များ မကြာခဏ ပျက်ရာ ကိုလှကြွေအိမ်မှ ရေတွင်းသို့သွားကာ ရေချိုးရသည်။ ထိုအခါက ကျွန်တော့်မှာ ဗိုလ်ဖေယျတို့နှင့်အတူ နေထိုင်

mgyoe.com SAMPLE BOOK


လျက်ရှိပေသည်။

မသင်းကြည်မှာ နည်းနည်းပိန်ကာ ခပ်ဖျော့ဖျော့ဖြစ်နေ၏။ ဂျပန်ခေတ်မှာ ဆေးဝါးကလည်း ရှားပေရာ လိုသောဆေးကို ရဟန်မတူ။ မတ်လ တော်လှန်ရေးတွင် သူတို့လင်မယားလည်း ဤအိမ်ကလေးတွင်ပင် ရှိခဲ့ကြသည်။ ကျွန်တော်ကား တောရောက်နေပြီး ၁၉၄၅ ခုနှစ်ကုန်လောက်မှ ရန်ကုန်ပြန်လာလေသည်။

(၄)

ထိုအခါတွင် ကိုလှကြွေမှာ ဝတ္ထုတစ်ပုဒ်ရေး၍ ကိုယ်တိုင်ထုတ်ဝေလျက် ရှိလေသည်။ ယခင်ကုက္ကိုင်းခြံထဲမှာပင် နေထိုင်သည်။ ထိုအခါက ဝတ္ထုစာအုပ် တစ်အုပ်လျှင် ငါးကျပ်ခန့် ရောင်းရရာ အတော်ရောင်းကောင်းသည်ဟု သိရသည်။ 'ခင်သင်းကြည် ထုတ်ဝေသည်' ဟု စာအုပ်မျက်နှာစာ၌ ဖော်ပြပါရှိလေသည်။

ကျွန်တော် ရောက်သွားသောအခါ ဝတ္ထု ဒုတိယနှိပ်ခြင်း စီစဉ်လျက်ရှိနေသည်။ ကျွန်တော်က 'ခင်သင်းကြည် ထုတ်ဝေသည်' ဟူသော စာလုံးများကို ထောက်ပြကာ 'ထုတ်ဝေသူ မသင်းကြည်ပါလား' ဟု ရယ်စရာ ပြောလိုက်သည်။

"ကိုပေါ့… ကျွန်မနာမည် မထည့်ပါနဲ့ ဆိုတာ ပြောတာမရဘူး။ ရှုပ်ရှုပ်ယှက်ယှက်ရှင်…"

မသင်းကြည်က 'ရှုပ်ရှုပ်ယှက်ယှက်' ကို သုံးတတ်သည်။ မသင်းကြည် ဂုဏ်ပကာသနကို မလိုလားသည်ကို သိထား၍ သူမ၏နာမည် မတပ်လိုသည်ကို သံသယဖြစ်စရာမရှိ။ ကြောင်ပုလဲလေး အပြင် ကြောင်မ နက်ပြာတစ်ကောင်လည်း တိုးလာသည်ကို တွေ့ရသည်။ မသင်းကြည်မှာ ကလေးမရ၍ ကြောင်ကလေးများအပေါ် တိုး၍ ချစ်ခင်နေဟန်တူလေသည်။ စကားပြောလျှင် သူ၏ ကြောင်ကလေးများအကြောင်း မပါလျှင် မပြီး။ ကိုလှကြွေမှာ ထုံးစံအတိုင်း အေးအေးဆေးဆေးပင်။ သူသည် မသင်းကြည် ဝယ်လာသော ပလေကတ်အဆင်များကို သဘောကျသည်။ မသင်းကြည် ပြုပြင် ဆင်ယင်ထားသော အိမ်ကလေးတွင် ရိုးရိုးကလေးနေသည်။

မနက်စောစော ကျွန်တော် ရောက်သွားသည့်အခါ "အေးအေးဆေးဆေးပေါ့၊ ညနေစောင်းမှပြန်" ဟု ဆိုကာ နှစ်ယောက်သား ဗဟန်းဈေးသို့ ထွက်သွားကြသည်။ ရှိတာနှင့် စားမည်ဟု ဘယ်လိုပြောပြော မရ။ လင်မယားနှစ်ယောက်မှာ လိုက်လည်း လိုက်သည်။ အတန်ကြာလျှင် တစ်ယောက်တစ်ဖက် ဟင်းလျာများ ကိုင်ဆွဲကာ ပြန်လာကြသည်။ တစ်နေ့လုံးပင် ပါးစပ်က အစားမပြတ်ရအောင် မသင်းကြည်က ဧည့်ခံ၍ စကားစမြည် ပြော၍ကောင်းလှသည်။ ဂျပန်ခေတ် သုံးမိုး သုံးရာသီ ဝတ္ထုသစ်များ၊ ရွှေတောင်ကြား၊ ရှေးကသိင်္ဂုတ္တရကုန်းနှင့် ဆက်စပ်နေသော တောကြီး၊ ကျိုက္ကမီကမ်းစပ် သဲသောင်၊ မြေ၊ လေထီးပိုးစ၊

mgyoe.com

mgyoe.com SAMPLE BOOK

ဖဆပလညီလာခံ။ ကျွန်တော်က ကွန်မြူနစ်ပါတီ တပ်သားများ မြို့သိမ်းပုံကို ဇာတ်ကြောင်း သဖွယ် ပြောပြလေသည်။

ကိုလှကြွေမှာ အပျော်အပါးဆို၍ အင်္ဂလိပ်ရုပ်ရှင်ကြည့်ခြင်းသာ ရှိသည်။ မသင်းကြည်မှာ မူးဝေတတ်၍ လိုက်ကြည့်သည်မရှိ။ ကျွန်တော် လာလည်၍ မြို့ထဲပြန်သည့်အခါ ကိုလှကြွေလည်း လိုက်ကာ ကြည့်တတ်သည်။ အခြားအချိန်များ၌ကား မသင်းကြည်နှင့် မခွဲမခွာ နေထိုင်လေသည်။

ကျွန်တော်မှာ သူတို့နှင့်ရင်းနှီးလာ၍ သူတို့လင်မယားဘဝကို သုံးသပ်ကြည့်မိလေသည်။

လင်မယားဘဝဆိုရာ၌လည်း အိမ်ကိုဖန်တီးသူ ဗိသုကာ မသင်းကြည်၏ စိတ်ကူး စိတ်သန်းကို လေ့လာရပေမည်။ မသင်းကြည်သည် လူ့ကုံထံလောက၌ ဝင့်ဝါလိုသော သဘောမရှိပေ။ အပေါ်ယံ ခမ်းနားထည်ဝါခြင်းထက် အနှစ်သာရအားဖြင့် စိတ်ချမ်းမြေ့ သာယာခြင်းကို လိုလားသည်။ မသင်းကြည် နှစ်သက်သော တဲကလေးမှာ သစ်ရိပ်၊ ဝါးရိပ် နှင့် လန်းဆန်း၏။ ကိုယ့်အိမ် ကိုယ်အိုးနှင့် လုံခြုံသော နေရာဖြစ်၍ မသင်းကြည် စိတ်ပျော် ပိုက်လေ၏။

မသင်းကြည်၌ မာနရှိ၏။ ထိုမာနကား အခြားမဟုတ်။ သူတစ်ပါးအားလည်း မှီခို အားထားရန် အလိုမရှိ။ မိမိဝင်ငွေနှင့်မိမိ လုံလုံလောက်လောက် နေချင်၏။ သူများထံ ချေးလား ငှားလား လုပ်လိုသော အစားမဟုတ်။ တဲနှင့်နေစေကာမူ သန့်သန့်ပြန့်ပြန့်နှင့် ထီးထီးမတ်မတ် နေလိုပေသည်။ အငှားနေရသော တိုက်တာထက် ကိုယ်ပိုင်တဲကို ကြိုက်သူ ဖြစ်၏။ ထို့ကြောင့်ပင် ရံဖန်ရံခါ 'ရှုပ်ရှုပ်ယှက်ယှက်' ဟု မသင်းကြည်က ဆိုညည်းတတ်ပေ သည်။

ကိုလှကြွေ 'သုနာပရန္တ' သတင်းစာ၌ လက်ထောက်အယ်ဒီတာ လုပ်သောအခါလည်း ယခင်ကကဲ့သို့ပင် ရိုးရိုးနေသည်။ မသင်းကြည် ဝယ်ပေးသော အနီရောင် ကွက်စိပ် ပလေ ကတ်လုံချည်နှင့် ဖြူဖွေးသော ရှပ်လက်တို ဝတ်ကာ အလုပ်တက်သည်။ အခြား အယ်ဒီတာ များလို ကြက်မြည်းပါတီ အရက်ပွဲများသို့ သွားလေ့သွားထမရှိ။ နေမကောင်းတတ်သော မသင်းကြည်အပါးတွင်ပင် နေကာ ကြောင်မနက်ပြာတို့နှင့် ကျီစယ်ကစား၍ နေရစ်လေ သည်။

'သုနာပရန္တ' သတင်းစာ အယ်ဒီတာချုပ် နေမကောင်း၍ ခွင့်ယူသောအခါ ကိုလှကြွေ အား ခေတ္တ အယ်ဒီတာချုပ် လုပ်လေရာ မသင်းကြည်က သဘောမတူချေ။

"ကျွန်မတော့ သဘောမတူပေါင်ရှင်။ တာဝန်က ကြီးပါဘိသနဲ့။ လူများကဲ့ရဲ့တာ လည်း မခံချင်ဘူး။ ချီးမွမ်းတာလည်း မခံချင်ပါဘူး။ လူများမုန်းခံရတာမျိုးလည်း မလုပ် ပါနဲ့" ဟု မသင်းကြည်က ကျွန်တော့်ဘက်လှည့်ကာ ပြောနေလေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ကိုလှကြွေကား ဘာမျှပြန်မပြော။ ဆေးပေါ့လိပ်ကိုသာ တွင်တွင်ဖွာလျက်ရှိသည်။ ကျွန်တော့်စိတ်ထဲကမူ ကိုလှကြွေနှင့် ထိုက်တန်သောအလုပ်ဟု မှတ်ယူထား၏။

မသင်းကြည်သည် ကျွန်တော်တို့ဘေးရှိ ဖျာပေါ်တွင်လှဲကာ 'မူးရိပ် မူးရိပ်နှင့်' ဟု ဆိုသည်။ ကိုလှကြွေက တစ်ချက်လှမ်းကြည့်ပြီး "ငါးကြီးဆီကော မနက်က သောက်သေးလား" ဟု ယုယသံနှင့် မေးမြန်းနေသည်။ ကြောင်မ နက်ပြာသည် မသင်းကြည်၏ ရင်ခွင်သို့လာ၍ တိုးဝှေ့နေသည်ကို လက်များဖြင့် ပွေ့ထားလိုက်လေသည်။

လေသည် တသွင်သွင် တိုက်လာသည်။ ဝါးရွက်ချင်း ပွတ်သံတို့မှာ တေးသံပေးသကဲ့သို့ မှတ်ထင်ရသည်။ အိမ်ရှေ့မှ စံပယ်နံ့သည် ပျံ့ဆွတ်လာ၏။ အဖြူရစ်ခန်းဆီးပြာမှာ ကျူထရံကွက် ပြတင်း၌ တဖျပ်ဖျပ် လွင့်ရိုက်လျက်ရှိ၏။

(၅)

ကျွန်တော် ပြောပြစမ်းချင်သော ဝတ္ထုဇာတ်ကြောင်းကား မသင်းကြည် ဆုံးပြီးနောက် ရွက်သစ်လဲသော ခေတ်ကိုဖြစ်ပေသည်။

မသင်းကြည် ဆုံးသောအခါ၌ ကျွန်တော့်မှာ ပီကင်းသို့ ရောက်နေ၍ မသင်းကြည်၏ အသုဘ လိုက်မပို့ရချေ။ သို့သော် ရန်ကုန်ရောက်ရောက်ချင်းဆိုသလို ကိုလှကြွေတို့အိမ်သို့ သွားကာ သတင်းမေးသည်။ အခန်းထိပ် စာရေးစားပွဲပေါ်၌ ချိတ်ထားသော အကြီးချဲ့ရောင်စုံခြယ်ထားသည့် မသင်းကြည်၏ ဓာတ်ပုံမှာ စိတ်ကိုထိခိုက်စေသည်။ ကိုလှကြွေက "ခင်ဗျားတို့ မိတ်ဆွေကြီးပုံလေ" ဟု ပြောလိုက်သည်။ ဒါပဲပြောပြီး နှစ်ယောက်သား ငြိမ်သက်တိတ်ဆိတ်နေကြလေသည်။

သည့်နောက်၌ ကျွန်တော်နှင့် ကိုလှကြွေတို့မှာ သိပ်မဆုံဖြစ်ကြတော့။ သူ့အလုပ် ကိုယ့်အလုပ်ဖြင့်လည်း ရှုပ်နေကြ၏။ တစ်ကြောင်းမှာလည်း မသင်းကြည် မရှိတော့၍ အထူးတလည် ဖိတ်ကြားကျွေးမွေးခြင်းများလည်း မရှိတော့၍လား မသိပေ။ ထိုအတွင်း စာအုပ်ဆိုင်တစ်ဆိုင်၌ တွေ့ရာ ကိုလှကြွေက "လာဗျာ... တရုတ်တန်း သွားရအောင်။ မသင်းကြည် မရှိကတည်းက စားလို့သောက်လို့လည်း မကောင်းဘူး၊ အစားပျက်နေတာ အတော်ကြာပြီ" ဟု ညည်းလေသည်။

"ဒါဖြင့် မိန်းမယူလိုက်ပေါ့ဗျ" ဟု ကျွန်တော်က နောက်လိုက်သေးသည်။

နောက်လိုက်သည်မှာ အခြားကြောင့်မဟုတ်။ မိန်းမရှိသောသူများ မိန်းမ,မရှိလျှင် မနေတတ် မထိုင်တတ်ဖြစ်သည်ဟု ကြားဖူးသောကြောင့် ဖြစ်ပေသည်။ သည်ကြားထဲ တစ်ခါနှစ်ခါဆိုသလို လျှပ်ခနဲ တွေ့ရသည်။ သူ့ကြည့်ရသည်မှာ ခပ်ညှိုးညှိုး ခပ်ဖျော့ဖျော့နှင့် မသင်းကြည်အား အောက်မေ့တမ်းတသောကြောင့်ဟု ထင်ထားလိုက်သည်။

တစ်နှစ်ခန့်ကြာသောအခါ ကိုလှကြွေထံမှ လက်ထပ်ပွဲဖိတ်စာ ရလေသည်။

mgyoe.com

mgyoe.com SAMPLE BOOK
သတို့သမီးမှာ စစ်ကဲကြီးတစ်ဦး၏ သမီးဖြစ်၍ ကျွန်တော်တို့နှင့် တစ်နှစ်တည်း ကျောင်းရောက်သူ ခင်စောတင့်ဖြစ်သည်။ တစ်ခါမှတော့ မမြင်ဖူး၊ နာမည်သာ ကြားဖူးသည်။ နာမည်ကြီး ဟိုတယ်တစ်ခုတွင်ဖြစ်၍ လူကုံထံ လက်ထပ်ပွဲဟု နားလည်လိုက်လေသည်။ ဖိတ်စာမှာ အစောကြီးပို့ထားရာ ထိုနေ့ကျသောအခါ မေ့နေ၍ မသွားဖြစ်။ တယ်လီဖုန်းမှနေ၍ တောင်းပန်စကား ပြောလိုက်ရ၏။ အိမ်လာလည်ပါဦးဟု သတ္တုကြိုးပေါ်မှ ကိုလှကြွေ၏ ဖိတ်မန္တကပြုသံ ထွက်လာလေသည်။

"ဟုတ်... ဟုတ်ကဲ့... ကုက္ကိုင်းမှာပဲ မဟုတ်လား"

"ဒါပေါ့ဗျ"

သို့သော်လည်း မရောက်ဖြစ်။

စာပေပြပွဲတစ်ခုတွင် ကိုလှကြွေနှင့် သွားတိုးမိကြသည်။ ကိုလှကြွေမှာ လူကြားထဲတွင် ပေါ်နေ၏။ ယခင်ကလို ဟန်ဖားရှပ်လက်တို၊ မသင်းကြည် ရွေးပေးသော အနီကွက်စိပ် ပလေကတ် အဆင်မျိုးဖြင့်မဟုတ်။ မီးခိုးရောင် ခပ်နုနု သက္ကလတ်အင်္ကျီ ခရမ်းရင့်၊ ဘန်ကောက်လုံချည်၊ ဆံပင်မှာလည်း ရှည်ကာ ကျနစွာ ဖြီးသင်ထား၏။ အရင်ကမူ သည်လိုပွဲလမ်းမျိုးကို မသွားတတ်။ "အကြောင်းမထူးပါဘူးဗျာ" ဟု ဆိုကာ မသင်းကြည်နှင့် နေရစ်ပေလိမ့်မည်။

ကျွန်တော်က "ကိုယ့်လူ တယ်ချောနေပါကလား" ဟု ဆိုလိုက်လေသည်။

အမှန်အားဖြင့် ကိုလှကြွေမှာ နဂိုချောဖြစ်ပေသည်။ ထူး၍ ချောနေသည်ကားမဟုတ်ပေ။ အဝတ်အစား အဆင်အပြင်ကြောင့် သားနားကာ ပေါ်လွင်နေခြင်းဖြစ်သည်။ လူကလည်း ကျန်းမာကာ စိုဝင်းနေသည်။ မကြာမီ နိုင်ငံခြား သံတမန်များ ရောက်လာ၍ ကိုလှကြွေက နှုတ်ဆက်ပြောဆိုနေသည်။ ကျွန်တော်လည်း မလှမ်းမကမ်း တစ်နေရာတွင် သံတမန်တစ်ဦးနှင့် စကားလက်ဆုံကျနေမိ၏။ ကိုလှကြွေ၏ ပြောဟန်ဆိုဟန်ကို တစေ့တစောင်း မြင်ကြားနေရ၏။ ယခင်ကလို စကားသိပ်မနည်း။ ရယ်စရာမောစရာများညှပ်ကာ ခပ်ရွှန်းရွှန်း ပြောလျက်နေသည်ကို တွေ့ရ၏။

မိတ်ဆွေ အယ်ဒီတာများနှင့် တစ်ခါ သွားတွေ့ဆုံကြရင်း ဟိုစကားရောက် သည်စကားရောက်နှင့် "ဦးလှကြွေ" အကြောင်း တစ်ယောက်က ပြောသည်။ အစိုးရသတင်းစာဌာနတွင် ဒုတိယညွှန်ကြားရေးဝန်နေရာ ကမ်းလှမ်းကြောင်း ကြားလိုက်လေသည်။

"ဒီလူ လုပ်မှာမဟုတ်ပါဘူး။ ရှုပ်ရှုပ်ယှက်ယှက် ဒါမျိုးမလုပ်ပါဘူး" ဟု ကျွန်တော်က ဆိုလိုက်လေသည်။

ပြောနေသောသူက ကျွန်တော်၏စကားကို နားမလည်ဟန်ဖြင့် အံ့အားသင့်ကာ ကြည့်နေ၏။ ရှုပ်ရှုပ်ယှက်ယှက်ကို မသင်းကြည်က မကြိုက်၍ သူကလည်း လုပ်ချင်သူ မဟုတ်ဟု တွက်ထား၍ ရုတ်တရက် မသင်းကြည်၏ လေသံမျိုးဖြင့် ပြောမိလိုက်ခြင်း
mgyoe.com

mgyoe.com SAMPLE BOOK 

ဖြစ်လေသည်။

တစ်ယောက်တစ်ပေါက် ဝိုင်းကာ သူဘာကြောင့် မလုပ်ချင်သည်ကို ရှင်းပါရန် ကျွန်တော့်အား မေးကြ၏။ ကျွန်တော်လည်း အ,ထစ်သွား၏။ ဘာမျှ မည်မည်ရရ ပြန် မပြောနိုင်။ တစ်ယောက်က "ဘာလို့ မလုပ်ရမှာလဲဗျ၊ နေရာကောင်းတစ်ခုပဲ။ အမေရိကား သွားပြီးတောင် ဆင်ဆာဖြတ်တောက်ရေးစနစ်ကို လေ့လာရမယ်လို့ ကြားသေးတယ်" ဟု ဆက်လိုက်သည်။

ပြောင်းလဲချက်တစ်ခုကို တွေ့ရသေး၏။ အစက ကိုလှကြွေသည် လိင်ကိစ္စနှင့် ပတ်သက်၍ ပြောလေ့မရှိ။ ပြောရမှာလည်း ရှက်တတ်၏။ ယခုကား မိတ်ဆွေ အယ်ဒီတာ တစ်ဦး ပြောကြားချက်အရ လိင်စာအုပ်များကို ဖတ်နေသည်ဟု သိရ၏။

မကြာမီပင် အစိုးရပြန်တမ်း၌ ဦးလှကြွေအား သတင်းစာဌာန ဒုတိယညွှန်ကြားရေးဝန် ခန့်အပ်ကြောင်း ဖတ်လိုက်ရလေသည်။

ကိုလှကြွေ ဤနေရာများနှင့် မထိုက်တန်ဟု ဘယ်တုန်းကမျှ မထင်။ သူ့မှာ အရည် အသွေးရှိသည်ကို ကျွန်တော်သိသည်။ သို့သော် ရိုးရိုးကုပ်ကုပ်နှင့် အေးအေးဆေးဆေး နေထိုင်လိုသူဟု တွက်ထား၍ ဖြစ်၏။ သူသည် ခပ်မှိန်မှိန် အဆင်များကို မဝတ်တော့၊ တောက်ပ၍လာ၏။ နောက်တန်း၌ လျှို၍ မနေဘဲ ရှေ့သို့ရောက်လာ၏၊ ပေါ်လာ၏။

သူ၏ဇနီး ခင်စောတင့်နှင့် မိတ်ဖွဲ့ပေးသောနေရာကား အောက်တိုဘာ တော်လှန်ရေး နေ့ တည်ခင်းကျွေးမွေးသော အထိမ်းအမှတ်ပွဲ စထရင်းဟိုတယ်တွင် ဖြစ်လေသည်။ လူကြား ထဲတွင် သူတို့နှစ်ယောက်မှာ ပေါ်နေသည်။ ကိုလှကြွေမှာ ပန်းနုရောင် ခေါင်းပေါင်း၊ သက္ကလတ်အနက်၊ ဘန်ကောက်လုံချည် ကြေးနီရောင်နှင့်။

ကိုလှကြွေက သူ့ဘေးရှိ အပြာနုရောင်ဖြင့် ဆင်ထားသော မိန်းမပျိုဘက် လှည့်ကာ "ဒါ ကျွန်တော့်ချစ်ဇနီး မခင်စောတင့်၊ တင့်ရေ... ဒါ ကိုယ့်သူငယ်ချင်း" ဟု ယဉ်ကျေးစွာ မိတ်ဖွဲ့ပေး၏။ ခင်စောတင့်ကား ရွှေပြောက်များ ခတ်ထားသော နိုင်လွန် အပြာနုလက်တို၊ အနက်ခံတွင် ရွှေစင်း ပတ္တမြားစင်းများဖြင့် ဖော်ထားသော ရွှေနှယ်စင်းထဘီနှင့်၊ နှုတ်ခမ်း နှင့် ပါးတို့မှာ နီမြန်းနေကြသည်။

လှပသော ခင်စောတင့်က ပြုံးကာ "တွေ့ရတာ ဝမ်းသာပါတယ်ရှင်၊ ကိုကိုကလည်း ခဏခဏ ပြောပါတယ်။ အိမ်ကို တစ်ခါလောက် ထမင်းစားကြွပါရှင်" ဟု ယဉ်ကျေးစွာ နှုတ်ဆက်လေသည်။

"ဟုတ်ကဲ့၊ လာခဲ့ပါ့မယ်"

"အရင်အိမ် မဟုတ်ဘူးဗျ" ဟု ကိုလှကြွေက ဝင်ပြောပြီး "ကျွန်တော်တို့ အခု သော်မဆင်ရိပ်သာမှာ"

စကားစမြည် ပြောနေကြရင်းက လူများလည်း တသောသော ဝင်လာကြရင်း "ကိုကို

mgyoe.com

mgyoe.com SAMPLE BOOK

ရေ ဟိုမှာ အုန်ကယ်လာနေတယ်၊ သွားနှုတ်ဆက်လိုက်ပါဦး" ဟု တရားဝန်ကြီး ဦးအုန်းမြင့်ဘက်သို့ ညွှန်ကာ ပြောလိုက်သည်။

(၆)

ပြောင်းလဲခြင်းကို မသိမြင်၍ မဖြစ်၊ အသိအမှတ် မပြု၍ မဖြစ်၊ သိမြင်ရပေမည်။ ကျွန်တော်မှာ ရိုးလှသော ပြောင်းလဲခြင်းကိုပင် လှမ်းကာမမြင်ဘဲ ဖြစ်ချင်ဖြစ်တတ်လေသည်။ ကိုယ့်ကိုယ်လည်း ဝေဖန်ရပေမည်။

ကျွန်တော်သည် ကိုလှကြွေ၏ ရှက်သစ်လဲသော ဇာတ်ကြောင်းတွင် ဘယ်အချက်များက စေ့ဆော်သည်ဆိုချက်ကို တွေးနေမိလေသည်။

**သွေးသောက်မဂ္ဂဇင်း၊ ဇွန်၊ ၁၉၅၄။**

mgyoe.com

mgyoe.com SAMPLE BOOK

# ဆည်းဆာ

(၁)

မိုးသက်လေသည် တဝေါဝေါ အော်မြည်ထစ်ချုန်း မြည်ဟည်းနေလေ၏။

အမေကြီး မစံပယ်သည် သူ၏ မျက်နှာပေါ်သို့ ရေစက်များ လာကျသဖြင့် နေ့လယ် အိပ်မက် မက်နေရာမှ လန့်နိုးလေသည်။

မစံပယ် အိပ်ရာထဲ ဝင်လှဲလိုက်စဉ်က ကောင်းကင်သည် ဝင်းပလျက် မြေသည် လင်းမြကာ နေသည်။ မနက်ထမင်းစားပြီး နေ့လယ် တစ်ရေးအိပ်သည်မှာ အသက် ၄၀ ကျော်ကတည်းမှ ယခု အသက် ၇၃ နှစ်ထိဆိုလျှင် နှစ်ပေါင်း ၄၀ နီးပါး ကျင့်သားရနေသော အလေ့ဖြစ်သည်။

သည်ကနေ့ နေ့လယ်ကား အိပ်၍ အကောင်းဆုံးပင်။ အိပ်၍ ကောင်းသည်မှာ အခြားကြောင့်မဟုတ်။ မုန့်သေတ္တာဘူးအခွံ လွတ်ကျသောအသံ၊ အိုးစည်ကို တဘုတ်ဘုတ် တီးသော အသံ၊ တိုင်သံ၊ တောသံ စသော မြေးကလေးများ၏ အသံဗလံများ ဆိတ်သုဉ်းနေသောကြောင့်ဖြစ်ပေသည်။ မနက်စောစောကတည်းက သား၊ ချွေးမနှင့် ကလေးများ တစ်ပြုံလုံး အိမ်လည်သွားကြခြင်းကြောင့် အိမ်မှာ တိတ်ဆိတ်နေလေသည်။ ထမင်းချူးနေစဉ်ကပင် ဧည့်သည်တစ်ယောက်လာ၍ "ကိုဆွေတင့်ကော အမေကြီး" ဟု လာမေးသေးသည်။

"အမေကြီး ကျွန်တော့်မမှတ်မိဘူးလား၊ ကိုဆွေတင့် သူငယ်ချင်းလေ။ တစ်ရုံးသားချင်းပဲ" ဟု ဧည့်သည်ကဆိုမှ မည်သူမည်ဝါမှန်းမသိဘဲ ငေးကြောင်၍နေသော အမေကြီး မစံပယ်က "အေး... အေး... အမေကြီးက မျက်စိကမှုန်တော့ မမှတ်မိဘူးကွယ်"

ဧည့်သည်မှာ ပြုံး၍ မစံပယ်အား ကြင်နာစွာ ကြည့်နေသည်။

"ဟို... ကုက္ကိုင်းက မစိန်ရင်တို့ဆီ မနက်ကတည်းက သွားကြတယ်။ မစိန်ရင်ဆိုတာ နုနုရဲ့အဒေါ် ဘာဝန်ကတော်ဆိုလား... မထိုင်ဘူးလားကွဲ့"

"မထိုင်သေးဘူး အမေကြီး။ လာရင်သာ ကျော်မောင်ဆိုတာ လာတယ်လို့ ပြောလိုက်ပါ။ ကျွန်တော်တို့ရုံးက ကထိန်ခင်းဖို့ကိစ္စ လာတိုင်ပင်တာပါ"

mgyoe.com